
www.burmeseclassic.com

# ဆုမြတ်မွန်မွန်

သက်တံ နိုင်ငံသူ



BURMESE CLASSIC .com

NYI NYI

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

*သက်တံနိုင်ငံသူ*


စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၆၁၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၉၅၀၃၀၉

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅. ၈၃
ဆုမြတ်မွန်မွန်
သက်တံနိုင်ငံသူ/ဆုမြတ်မွန်မွန်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) သက်တံနိုင်ငံသူ


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com







# အမြတ်မွန်မွန်

## သက်တံနိုင်ငံသူ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







တိုးရှေးယခင်အခါက ကမ္ဘာကြီးပေါ်တွင် အင်မတန်ထူးခြားသော တိုင်းပြည်ကြီး တစ်ပြည် ရှိခဲ့လေသည်။ ထိုတိုင်းပြည်ကြီးသည် ရောက်ဖူးသူတိုင်း အံ့သြငေးမောရလေအောင် ထူးခြားဆန်းကြယ်မှုများဖြင့် ပြည့်နှက်နေလေ့ရှိသည်။ တိုင်းပြည်ကြီးသည် တန်ခိုးရှင်တစ်ယောက်က အတိအကျ ဖန်ဆင်းပေးထားသလို ကမ္ဘာ့အလှဆုံး အမွှေးဆုံး သစ်ပင်ပန်းမန်များဖြင့် ထာဝစဉ် လှပ ခမ်းနားမွှေးကြိုင်နေလေ့ရှိသည်။ ရာသီဥတုမှာလည်း ဆယ့်နှစ်လရာသီ နှစ်ဆယ့်လေးနာရီပတ်လုံး အေးချမ်းသာယာသော လေပြည်များ တိုက်ခတ်နေသည့် ခပ်စိမ့်စိမ့် ရာသီဥတုများ ဖြစ်လေသည်။ ထိုရာသီဥတုမျိုးမှာ လုံးဝမပြောင်းလဲတတ်ချေ။

တိုင်းပြည်ကြီး၏ မှခ်ဦးတွင် အင်မတန်လှပသော သစ်ပင်ကြီးတစ်ခုသည် ဆယ့်နှစ်လရာသီလုံး ထွန်းလင်း

www.burmeseclassic.com



ဝေါဝေါက်နေလေ့ရှိသည်။ ထို့ကြောင့် ထိုနိုင်ငံကို သက်တံတိုင်းနိုင်ငံဟု ခေါ်ဆိုကြလေသည်။ ထိုသက်တံနိုင်ငံကို အုပ်စိုးသူမှာ ငယ်ရွယ်နုပျိုသော ဘုရင်လေးတစ်ပါး ဖြစ်သည်။ ဘုရင်လေးမှာ ကိုယ်ကျင့်တရား ကောင်းမွန်၍ သိလနှင့်ပြည့်စုံသောကြောင့် သက်တံနိုင်ငံသည် ဆုတက်ထမ်းပိုးသာယာစိုပြည် စည်ပင်ခဲ့လေသည်။

ဤသို့နေထိုင်တာ ကြာလာ၍နှစ်များစွာ လွန်လာခဲ့သောအခါ သက်တံနိုင်ငံ၏ ရာသီဥတုမှာ တဖြည်းဖြည်း ဖောက်ပြန်လာ၍ လာလေသည်။ မိုးတစ်ခါမှ မရွာဘူးသော နေရာမှာ မိုးရွာလာသည်။ နေပူပြင်းလာသည်။ လေပြင်းတွေ တိုက်ခတ်လာသည်။ လေကြီး မိုးကြီး ကျလာတတ်သည်။ တစ်ခါတစ်ရံ မုန်တိုင်းတွေပါ ဝင်ရောက်တိုက်ခတ်တတ်လာသည်။ တစ်ခါတလေကျတော့လည်း မိုးခေါင်ရေရှားတတ်သည်။ လူတွေလည်း စားဝတ်နေရေး အဆင်မပြေတော့။ တိုင်းပြည်၏ သာယာလှပမှုများ တဖြည်းဖြည်း ဆုတ်ယုတ်လာသည်။

အဆိုးဝါးဆုံးမှာ တိုင်းပြည်၏ မုခ်ဦးတွင် တစ်သက်လုံး ထွန်းလင်းတောက်ပခဲ့သော သက်တံကြီး ကွယ်ပျောက်သွားခြင်းပဲ ဖြစ်လေသည်။





ဘုရင်လေးသည် ထိုအခြင်းအရာများကို ကြည့်ကာ များစွာ စိတ်မချမ်းမသာ ဖြစ်ရလေသည်။ ပညာရှိအမတ်များနှင့် တိုင်ပင်ကာ အဖြေရှာသော်လည်း မရ။ ထို့ကြောင့် ဤပြဿနာကို ဖြေရှင်းပေးနိုင်မည့် သူကို မောင်းခတ်ကာ ကြော်ငြာလေသည်။ တစ်ပတ်မျှကြာလျှင် ကျေးတောသူလေး တစ်ယောက်သည် ဤပြဿနာကို ဖြေရှင်းပေးနိုင်ပါသည်ဟု မှူးမတ်ကြီးများမှတစ်ဆင့် လျှောက်တင်ကာ ရှင်ဘုရင်လေးထံသို့ အခစား ဝင်လေသည်။

"ကဲ ... ကျေးတောသူလေး၊ သင်က ဤပြဿနာကို ဖြေရှင်းပေးနိုင်တယ်ပေါ့ ... ဟုတ်လား"

"မှန်လှပါ အရှင်ဘုရား။ ပြဿနာတစ်ရပ်ကို ဖြေရှင်းဖို့ရာ ပြဿနာရဲ့ ဇာစ်မြစ်ကို အရင်သိရပါတယ်။ ပြဿနာရဲ့ ဇာစ်မြစ်ကိုသိရင် ဖြေရှင်းဖို့နည်းလမ်းဆိုတာ အလိုလို ရှိစမြဲပါ"

"အင်း ... တယ်ဆိုသားပဲ။ ကဲ ... ပြဿနာရဲ့ ဇာစ်မြစ်က ဘာဝါလိမ့်။ လျှောက်စမ်းပါဦး"

"မှန်လှပါ။ ပြဿနာရဲ့ ဇာစ်မြစ်ကတော့ တိုင်းပြည်တွင်းက ချစ်သူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အချစ်စစ် အချစ်မှန်နဲ့ မချစ်ကြလို့ပါ။

ပြီးတော့ ကိုယ့်ချစ်သူအပေါ်မှာ သစ္စာမရှိကြလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အရင်က သစ္စာတရား မေတ္တာတရားတွေနဲ့ ပြည့်နှက်နေတဲ့ သက်တံနိုင်ငံကြီးဟာ မသာယာမလှပနိုင်တော့တာပါ"

ကျေးတော်သူ၏ အပြောကြောင့် ဘုရင်လေးသည် အကြီးအကျယ် အံ့သြသွားလေသည်။

"ဟင် ... ဒါတကယ်ပဲလား၊ ဒီလိုကိစ္စမျိုး တကယ်ရှိသလား"

"မှန်လှပါ ... ရှိကြောင်းပါ။ တိုင်းပြည်က ချစ်သူတွေ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိချစ်မြတ်နိုးကြမှ အရင်လိုပဲ တိုင်းပြည်ကြီး သာယာစည်ပင်ပါမယ်။ သစ္စာရှိရှိ ချစ်တဲ့ ချစ်သူတို့ရဲ့ အိမ်ရှေ့မှာ သက်တံလေးတစ်ခုစီ ဖြစ်လာပါလိမ့်မယ်။

ဒီလိုဖြစ်ဖို့အတွက် အဲဒီချစ်သူတွေဟာ သက်တံရောင်စဉ်လို ခုနစ်လီ ခုနစ်မျိုးသော အချက်များနဲ့ ချစ်ပြနိုင်ရပါမယ်"

"အိမ်း ... ဟုတ်ပြီ။ အဲဒီ သက်တံရောင်စဉ် ခုနစ်ချစ် ... အဲလေ ... ခုနစ်ချက်ကို နေရာအနှံ့မှာ ကြော်ငြာပြီး လက်ကမ်းစာစောင်များလည်း ဝေစေ။ ချစ်သူရှိပြီး အိမ်ရှေ့မှာ သက်တံငယ် မပေါ်ထွန်းတဲ့ သူကို ပြည်နှင်ဒဏ်ပေးမယ်။ ကြားလား ... အမတ်ကြီးများ"





"အမိန့်တော်မြတ်အတိုင်းပါပဲ ဘုရား"

သို့နှင့် ရှင်ဘုရင်လေးသည် ကျေးတော်သူလေး တင်လျှောက်သော စကားအတိုင်း စမ်းသပ်ဆောင်ရွက်လေရာ ရာသီဥတု၏ အခြေအနေတွေမှာ တဖြည်းဖြည်း မှန်ကန်လာလျက် ပြောင်းလဲတိုးတက်လိုလာလေသည်။ ချစ်သူရှိ၍ သစ္စာရှိစွာ၊ မှန်ကန်စွာ ချစ်တတ်ေ ရောင်စဉ်ခုနစ်သွယ် သက်တံချစ်ခြင်းလို အချစ်မျိုးဖြင့် ချစ်တတ်သော သူတိုင်း၏ အိမ်ရှေ့တွင် သက်တံငယ်လေးတစ်ခု အဟုတ်ကိုပင် ထွန်းလင်းလာလေသည်။

ဤသို့ဖြင့် ကြာလာသောအခါ တိုင်းပြည်တစ်ပြည်လုံး သက်တံများ ထွန်းလင်းတောက်ပလျက် ရာသီဥတုမှာလည်း အရင်လို အခြေအနေမျိုး ပြန်ဖြစ်လို လာလေသည်။ ထို့ကြောင့် တိုင်းပြည်၏အဝင်ဝမုခ်ဦးကြီး၌ လောကကို သာယာလှပစေသော သက်တံရောင်စဉ် ချစ်ခြင်းခုနစ်သွယ်ကို ကမ္ပည်းရေးထိုးထားလေသည်။

ထိုစစ်မှန်သော ချစ်ခြင်းဂုဏ်အင်များကို နောင်လာနောက်သားတို့ သိနိုင်ဖို့ရာ လက်ဆင့်ကမ်းလာရာဝယ် အောက်ပါအတိုင်းသာ ဖြစ်လေသည်။

(၁) ချစ်သူကို ပေးဆပ်မှု အရင်းတည်သော ဖြူစင်သည့် နှလုံးသားဖြင့် ချစ်တတ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



(၂) ချစ်သူအပေါ်တွင် အတိုင်းထက်အလွန် သစ္စာစောင့်သိတတ်ခြင်း။

(၃) ချစ်သူ၏ အဆိုးအကောင်း မှန်သမျှ မျှဝေခံစားပေးတတ်ခြင်း။

(၄) ချစ်သူ၏ ကောင်းကျိုးကိုသာ ဆောင်ရွက်ပေးကာခြင်း။

(၅) ချစ်သူ စိတ်ချမ်းသာ ပျော်ရွှင်အောင် အမြဲဖန်တီးပေးတတ်ခြင်း။

(၆) ချစ်သူအပေါ်တွင် အစစအရာရာ နားလည်ခွင့်လွှတ်သည်းခံကာ မြင့်မြတ်သော နှလုံးသားကို ပေးအပ်ထားခြင်း။

(၇) လိုအပ်သော အချိန်တိုင်း၌ အသင့် ရှိနေတတ်ကာ ချစ်သူဘက်၌ ထာဝစဉ် ရပ်တည်ပေးတတ်ခြင်း။

♥ ♥





ကျွန်မသည် ကြယ်စု အငယ်ဘ်ွင် သက်တံရောင်စဉ်လို လေးနက်သော ချစ်ခြင်းခုနစ်ရပ်ဖြင့် ရိုးဖြောင့်စွာ ချစ်မြတ်နိုးခဲ့ပါသည်။

ဤမှန်ကန်သော သစ္စာတရားကြောင့် တစ်နေ့နေ့ တစ်ချိန်ချိန်၌ ကြယ်စုသည် ကျွန်မ၏ မြင့်မြတ်သော ချစ်ခြင်းများကို အသိအမှတ် ပြုလာပါစေသား ...။

ပန်းဆိုးသက်တံ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ၁

“ဟယ် ... ဒီ သက်တံ တစ်ယောက်ကတော့လေ နေ့လယ် ခင်းကြီး အိပ်ပျော်နေပြန်ပြီ။ သင်တန်းသွားရဦးမယ် မဟုတ်လား။ ‘ထစမ်း ... ထစမ်း,”

သက်တံသည် မိုးအေးအေးမှာ အေးအေးဆေးဆေး ကွေးရှင်း ဇိမ်နဲ့နှပ်နေရာမှ မေမေ့ရဲ့တွန်းထိုးပုတ်နှိုးမှုကြောင့် နိုး လာသည်။ နိုးလာတယ် ဆိုသော်လည်း မျက်လုံးက မပွင့်သေး ချေ။ ရာသီဥတုက ကိုယ်ခက်ကို ပါနေသော တစိမ့်စိမ့်ရွာနေသော မိုးဖွဲလေးများနှင့် အိပ်ရာထဲမှာပဲ နှပ်ချင်စရာ ကောင်းနေလေရာ သက်တံသည် သင်တန်းသွားဖို့ ပျင်းနေသည်။ ပြီးတော့ သက်တံ ရဲ့ပါတနာ လမင်းကလည်း ခေတ်မီအောင် တုပ်ကွေး ကွေးနေ လေရာ ဒီနေ့အဖို့ သင်တန်းကို လာမှာမဟုတ်။ သက်တံ တစ် ယောက်တည်း ပျင်းလှသည်။





အင်း ... အခုနက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား တုန်း သက်တံ တစ်ယောက် အိပ်မက်တွေ ဘာတွေ မက်ခဲ့သေး သည်။ သက်တံတွေ အများကြီးရှိသော နိုင်ငံလေးတစ်ခုသို့ အလည်ရောက်သွားသည်ဆိုလား။ အိပ်မက်လေးက တော်တော်လှ သည်။ သက်တံလေးတွေ မြူခိုးလေးတွေဖြင့် လင်းလင်းပြာပြာကို လေးရှိကာ ပန်းတွေကလည်း အလှပဆုံး အနေအထားဖြင့် သွား ပွင့်နေကြသည်။ အင်း ... အဖိုးတန်လိုက်လိုက်တဲ့ အိပ်မက်ကောယ်

“ဟဲ့ ... ပြောနေတာ မကြားဘူးလား။ ဒီကောင်မလေးအားပြီး ရိုက်တော့မယ်နော်”

မေမေကဟန့်လျှင် သက်တံသည် အီးခနဲ ပျင်းဝင်ရပါ ဆွဲကာ ... ဝိုင်

“ပျင်းတယ် မေမေရာ။ weather ကိုလည်း ကြည့်ဦး။ ဒီနေ့ လမင်းလည်း သင်တန်းတက်မှာ မဟုတ်ဘူး သက်တံ တစ်ယောက်တည်း ငေါင်နေမှာ ...

ဒီနေ့တော့ မတက်တော့ဘူးလားလို့။ အိမ်မှာပဲ ပုံ ရေးမယ်လေ ... ဟဲ ... ဟဲ”

“အမယ်လေး ... မရေးရပါဘူး။ တစ်ပတ်မှာ နှစ်ရက်တည်း တက်ရတဲ့ သင်တန်းလေးကိုများ သူက ပျင်းနေတာ။ ဟိုက တကယ်နေမကောင်းလို့ မလာတဲ့ဟာကို”



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... သမီးလည်း အပြင်သွားလို့ မိုးမိရင် ဘယ့်နှယ်လုပ်မလဲ။ တုပ်ကွေး ကွေးရင် ဘယ်လိုလုပ်မှာလဲ"

"ကွေးရင် ငါကိုယ်တိုင် ဆေးထိုးပေးမယ်ဟ။ နင့်အမေ ဆရာဝန်မတစ်ယောက်လုံး အိမ်မှာ အဆင်သင့်စောင့်နေတယ်။ ကဲ ... ထနော် သက်တံ။ ငါ့ကို စိတ်တိုအောင် မလုပ်နဲ့။ မိန်းကလေးဖြစ်ပြီး သိပ်အပျင်းကြီးတာပဲ ...

ဒီသင်တန်းလေး တစ်နာရီလောက် သွားတက်ရမှာကို ပျင်းပြနေတာ။ အရည်မရ အဖတ်မရှိ ဖုန်းတွေပြောဖို့ဆိုရင်တော့ နှစ်နာရီ သုံးနာရီလည်း ထိုင်ပြောနိုင်တယ်။ ကဲ ... ထစမ်းပါ"

သက်တံသည် မေမေ့ကို ဘယ်လိုမှ ပြောဍမရနိုင်တော့ ဆိုတာ သိသဖြင့် စောင်ခြုံထဲမှ လွှားခနဲ ခုန်ထွက်လာရသည်။ ခေါင်းတွေကို တဖြင်းဖြင်းကုတ်ကာ မှန်ပြတင်းမှတစ်ဆင့် မြင်ရသော ပြင်ပရာသီဥတုကို ကြည့်လျက် စိတ်ပျက်စွာဖြင့် နှာခေါင်းတစ်ချက် ရှုံ့မိသည်။ ဟင်း ... ရစ်ခွင်တိုင်း မှုန်မှိုင်းတဲ့ ပတ်လည် ဆိုတာမျိုးပဲ။ ပင်လယ်ပြင်မှာ မုန်တိုင်းရှိနေသည်ထင်သည်။ မိုးဖွဲဖွဲလေးတွေက ခပ်စိပ်စိပ် ကျနေသည်။

"အဝတ်အစားလဲပြီး ဆင်းခဲ့တော့နော်။ မေမေ ကော်ဖီဖျော်ထားတယ်၊ ကြားလား"





ကော်ဖီသံကြားလျှင် သက်တံမှာ နည်းနည်း စိတ်ချမ်းသာသွားပြီး ခေါင်းညိတ်ပြလိုက်ရသည်။ သက်တံသည် အိမ်နေရင်း ဝတ်ထားသည့် ချည်သားဘောင်းဘီနှင့် အကျီဝမ်းဆက်ကိုချွတ်ကာ တီရှပ်နက်ပြာလေးနှင့် ဒူးအတိ ဂျင်း(န်)ပင်(န်)ကို ပြောင်းလဲ ဝတ်ဆင်လိုက်သည်။ ပခုံးထိရှိ အိမိုဆံပင်ကောက်ကိုတော့ ဘီးနှင့် တစ်ချက် နှစ်ချက် သပ်လိုက်ရုံနှင့် လုံလောက်သွားပြီဖြစ်သည်။ မျက်နှာအပိုင်းကိုတော့ လှည့်ကိုမကြည့်ပါ။ တကယ်လည်း ပြင်စရာ မလိုတော့အောင် မေမေက အမွေပေးထားပြီးသား ဖြစ်သည်။

သက်တံရဲ့မျက်နှာလေးသည် ဘာမှ မပြင်ဆင်ရပါဘဲနဲ့တောင် ဖူးနုကာ ဝင်းမွတ်နေသည်။ မျက်လုံးတွေက ဝိုင်းစက်နေကာ မျက်တောင်ထူထူကြီးတွေနှင့်မို့ အင်မတန်လှပသော မျက်ဝန်းဧရိယာကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။ ဖြောင့်စင်းကာ အဖျားမှာလုံးသွားသော နှာတံလေးနှင့် နှုတ်ခမ်းထူထူရဲရဲလေးများသည် ဘာအလှမှ ထပ်ပြင်စရာ မလိုတော့အောင် ပြီးပြည့်စုံမှုကို ပေးစွမ်းနိုင်လေသည်။ သက်တံရဲ့သူငယ်ချင်း လမင်းကတော့ သက်တံရဲ့အလှနှင့် ပတ်သက်ပြီး ဤသို့ မှတ်ချက်ချပေးဖူးသည်။

"နင့်မျက်နှာက ဘာမှမပြင်ဘဲနဲ့ကို အရမ်းလှတဲ့၊ အရမ်းပြင်ထားတဲ့ မျက်နှာမျိုး ဖြစ်နေတယ်ဟ။ အဲဒါကိုမှ မိတ်



www.burmeseclassic.com

www.burmeseclassic.com



ကပ်တွေ့ ထပ်မြင်လိုက်ရင် ပြူးပြူးပြဲပြဲကြီးဖြစ်ပြီး ရုပ်ဆိုးသွားလိမ့်မယ်။ တကယ်တော့ ဘာမှမမြင်ဘဲ နေတာကိုက အလှဆုံးမြင်ပြီး နေထားတာပဲ"

သက်တံသည် လမင်း၏စကားကို ကြားယောင်ကာ စ်ယောက်တည်းပြုံးရင်း ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ ချာပိုးအိတ်ကို ကောက်လွယ်လျက် အောက်ထပ်သို့ ခပ်သွက်သွက် ပြေးဆင်းလာခဲ့လေသည်။ ထမင်းစားခန်းထဲတွင် မေမေက က်တံကို ခပ်နွေးနွေး အနေအထားရှိသော ကော်ဖီခွက်ကို ာမ်းပေးရင်း ...

"ထီးရော မိုးကာရော ယူသွားနော် သမီး"

"ရက်စ် ... ဒုန့်ဂွါရီ မေမေ"

သက်တံသည် ကော်ဖီနွေးနွေးကို သုံးလေးကျိုက်မော့ပြီးသောအခါ နည်းနည်း လန်းဆန်းသွားသည်။ ကော်ဖီကုန်သွားလျှင် မေမေ့ကို တာ့တာပြကာ ခြံဝင်းတံခါးလေးကို တွန်းဖွင့်လျက် လမ်းလျှောက်ထွက်လာခဲ့လေသည်။ သက်တံတို့က အဆင့်မြင့်ဥယျာဉ်အိမ်ရာ တစ်ခုထဲက လုံးချင်းတိုက်လေးမှာ နေထိုင်တာဖြစ်ပြီး အိမ်ရာထဲမှထွက်၍ မလှမ်းမကမ်းမှာရှိသော တိုက်တန်းတစ်ခု၌ ဖွင့်ထားသည့် အင်္ဂလိပ်စာသင်တန်းသို့ သွားတက်မှာဖြစ်သည်။





သင်တန်းနဲ့အိမ်မှာ လမ်းလျှောက်ရတာ သိပ်မဝေးပါ။ ဆယ့်ငါးမိနစ်လောက် လျှောက်လိုက်လျှင် ရောက်သွားပြီဖြစ်သည်။ မိုးဖွဲဖွဲလေးတွေ ကျနေသဖြင့် ထီးကိုပဲဆောင်းကာ မိုးကာကိုတော့ မဝတ်သေးချေ။ သက်တံသည် လူတစ်ကိုယ်စာ ကောင်းကောင်းလုံသော ချာလီထီးကြီးကို ဆောင်းကာ ခုတော့လည်း ပေါ့ပါးသော ခြေလှမ်းများဖြင့် ခပ်သွက်သွက် လှမ်းလာခဲ့သည်။ မိုးဖွဲဖွဲ ကျနေသောကြောင့် အပြင်မှာ ခါတိုင်းလောက်တော့ လူသွားလူလာ မများချေ။ အခုမှ မိုးဦးရာသီဖြစ်သော်လည်း ဘာကြောင့်မှန်းမသိ မိုးက ကောင်းနေသည်။ တချို့က မိုးရာသီကို စိတ်ပျက်သော်လည်း သက်တံကတော့ စိတ်မပျက်ချေ။ မိုးရာသီကို ချစ်သောသူဖြစ်သည်။

မိုးရာသီ၌ အိမ်ထဲမှာ ကော်ဖီပူပူတစ်ခွက်နှင့် စာအုပ်တစ်အုပ်ဖတ်ကာ နောက်ဆုံး ငိုက်မျဉ်းသွားပြီး အိပ်ပျော်သွားတာလောက် ခံစားဖို့ကောင်းသော စည်းစိမ်မရှိဟု ထင်သည်။ တစ်ခါတလေတော့လည်း မိုးဖွဲဖွဲလေးများကို ငေးရတာကိုက အရသာတစ်ခု။ အဲ ... မိုးရွာပြီးလို့ သက်တံကြီးများ ထွက်လာလို့ကတော့ အဲဒီ မြင်ကွင်းကို တရှိုက်မက်မက် ထိုင်ငေးနေလေ့ရှိတော့လေသည်။

"ဟယ် ... ဟင် ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးနဲ့ကိုယ် လျှောက်လာသော သက်တံသည် ခပ်ဖွဲဖွဲရွာနေရာမှ ရုတ်တရက် သဲသဲမဲမဲ ကျလာသော မိုးစက်ကြီးများကြောင့် လန့်တောင် လန့်သွားရလေသည်။ ကောင်းကင်ပေါ်မှနေ၍ မျော်ရှင်မြူးတူးစွာ ခုန်ပေါက်ပြေးဆင်းလာသော မိုးစက်များသည် သက်တံရဲ့ကိုယ်ကိုတောင် အရှိန်အဟုန်နှင့် လာမှန်သည်။

မိုးစက်တစ်ပွင့်သည် သက်တံ၏အကျီအသားထဲသို့ ဖောက်ခနဲ နစ်ဝင်သွားသည်။ သက်တံသည် ရယ်ဟဟဖြင့် ခြေလှမ်းကိုသွက်ကာ လျှောက်လိုက်သည်။ အရှိန်ဟုန်ပြင်းသော မိုးစက်များသည် သက်တံရဲ့ခြေသလုံးသားများကို ပိတ်မှန်ကြသည်။

အဲဒီအချိန်မှာပဲ သက်တံ့ကို လူတစ်ယောက်က ပခုံးစွန်သို့ အင့်ခနဲမြည်အောင် ဝင်တိုက်သွားသည်။ သူ့ပုံစံက မိုးရွာတာကို လွတ်အောင်ပြေးရှောင်ရင်း ကသောကမြော ဝင်တိုက်သွားသောပုံစံ ဖြစ်သည်။ သက်တံ့ကို ဝင်တိုက်သွားသောသူမှာ သက်တံတို့အရွယ် ကောင်လေးတစ်ယောက်ဖြစ်ကာ သက်တံထက် ခေါင်းတစ်လုံး ပိုမြင့်သောသူဖြစ်သည်။ သူက သက်တံ့ကို တစ်ချက်လှည့်ကြည့်ကာ "ဆောရီး" ဟု ဝတ္တရားကျေပြောလျက် ရှေ့သို့ ဆက်ပြေးသွားသည်။





ထိုကောင်လေးသည် ထီးလည်းမပါ။ မိုးကာလည်းမပါချေ။ ကျောပိုးအိတ်တစ်လုံးကိုလွယ်လျက် မိုးရေထဲတွင် အတင်းပြေးနေသည်။ သက်တံသည် အရူးအားဖားယား သူ့ပုံစံကို နောက်ပိုင်းမှ ပြုံးကြည့်ကာ ကိုယ်တိုင်လည်း ခပ်သွက်သွက်လှမ်းခဲ့သည်။ ရှေ့ကတစ်ယောက်ကတော့ ဘယ်လိုပဲ ပြေးနေ ပြေးနေ မိုးရေတွေကတော့ စိုနေပြီဖြစ်သည်။ သူသည် လမ်းချိုးတစ်ခုထဲသို့ ချိုးကွေ့ဝင်ရောက်သွားလျှင် သက်တံတို့ သင်တန်းတို့ ရှိသောလမ်းဆိုတာ သတိပြုမိသည်။

တကယ်လည်း သင်တန်းသို့ ရောက်သောအခါ သူ့ကို တွေ့ရလေသည်။ သူသည် နောက်ဆုံးနားကခုံမှာ ထိုင်လျက် ခေါင်းမှာစိုနေသော မိုးရေတွေကို လက်နှင့်ခါနေသည်။ ဒီလိုခါနေလို့ ဘယ်လိုလုပ် ရမှာတဲ့လဲ။ မွေးပွလက်ကိုင်မဝါလေး တစ်ထည်တောင် မပါဘူးလား မသိချေ။ သက်တံသည် ကိုယ့်ခုံမှာထိုင်ရင်း သူ့ကိုငေးနေမိသည်။ သူသည် ရန်ကုန်မြို့ပေါ်မှာ တွေ့နေကြ ကောင်လေးတွေလို အသားဖြူဖြူ၊ ဒီဇိုင်းမိုက်မိုက် ပုံစံမျိုး မဟုတ်ပါ။ သူ့အသားက ညိုသည်။ သို့သော် ယောကျ်ားတစ်ယောက်အတွက် ကြည့်အကောင်းဆုံးနှင့် အဆင်ပြေဆုံး အသားအရေမျိုး ဖြစ်သည်။

www.burmeseclassic.com



အသားညိုညိုနှင့် အရပ်ရှည်ရှည် ကောင်လေးသည် ဘာမှထူးခြားတာလဲ မပတ်ပါဘဲနှင့် သက်တံ၏ မျက်ဝန်းထဲတွင် စွဲထင်နေသည်။ အကြည့်တို့ကို မသိမ်းနိုင်သေးချေ။ သူ့ဟာသူ မိုးမိပြီး မိုးရေတွေ စိုနေတာကို ကြားထဲက ဘာမဆိုင် ညာမဆိုင် သနားနေမိလေသည်။ ဟိုကဖြင့် သိတောင် သိပုံမပေါ်ပါ။ သူ့ ကြည့်ရတာ ဒီနေ့မှ သင်တန်းစတက်သူဟု သက်တံ ထင်သည်။ အရင်နေ့တွေက သူ့ကို မတွေ့ဖူးပါ။

အဲဒီအချိန်မှာပဲ ဆရာ ဝင်လာကာ ဆရာနှင့် သင်တန်းသားတွေက အပြန်အလှန် နှုတ်ဆက်ကြသည်။ ဆရာသည် ရာသီဥတုက ကိုယ့်ဘက်ပါနေသဖြင့် လူနည်းနေသော ကျောင်းသားကျောင်းသူများကို ဟာသအရွှန်းဖောက်ပြီးနောက် Lesson အသစ်မ,စပါ။ လေ့ကျင့်ခန်းတွေသာပေးလျက် လေ့ကျင့်ခိုင်းထားသည်။ သက်တံသည် ညိုရှည်လေးကို တစ်ချက်ခိုးကြည့်မိပြန်သည်။ အလို ... တယ်ဟုတ်တဲ့ ငါပါလား။ သူ့ကို နာမည်တွေ ဘာတွေတောင် ပေးမိလို့။

ဟုတ်တယ်။ သူ့အတွက် nick name ကို ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာတောင် မလိုချေ။ အသားညိုညိုမှာ အရပ်မြင့်မြင့် ကောင်လေးအတွက် ညိုရှည်လေးဟူသော နာမည်ကသာ အသင့်တော်ဆုံး ဖြစ်တော့သည်။ ညိုရှည်လေးသည် အံ့ဩဖို့ကောင်း





စွာပင် သင်တန်းထဲ၌ လုံးဝမျက်လုံးမကစားတတ်ချေ။ သက်တံကိုတောင် သူ တိုက်ပစ်ခဲ့သော ကောင်မလေးအဖြစ် သိပုံမပေါ်။ သူ့ဟာသူ သင်ခန်းစာထဲ၌ စိတ်ဝင်စားနေကာ နားမလည်တာရှိလျှင် ဆရာ့ကို သွားမေးလိုက်၊ ပြန်ထိုင်လုပ်လိုက်ဖြင့် တစ်လောကလုံးမှာ သူတစ်ယောက်တည်းရှိသည့် ပုံစံမျိုးဖြင့် အလုပ်ရှုပ်နေသည်။

သင်တန်းချိန်တွင်းမှာ မိုးက သဲသဲမဲမဲ ရွာချပြီးနောက် မိုးစဲသွားချိန်တွင် အလျှိုလျှို ပြန်သွားသည်အထိ ညိုရှည်လေးက မပြန်သေးချေ။ အပြင်ဘက် မိုးကောင်းကင်ကိုကြည့်ကာ တစ်စုံတစ်ခုကို ဆုံးဖြတ်နေဟန်တူသည်။ သူက ဘယ်ထိထောင် ပြန်ရမှာပါလိမ့်။

သက်တံအတွက်ကတော့ ဒီမိုးဖွဲလောက်ကို ချာလီထီးတစ်ချောင်းနဲ့ ခုခံလည်း လုံလောက်သည်။ လမ်းမလျှောက်ချင်သည်း Taxi ငှားသွားရုံပင်။ သူကတော့ ဘယ်လိုအိမ်ပြန်ရပါ့ဟူသော နည်းလမ်းအား စဉ်းစားတွက်ချက်နေပုံရသည်။

သက်တံသည် သူ နာတစ်ချက်ချေလိုက်စဉ်မှာတော့ သိပ်ရှည်ရှည်ဝေးဝေး စဉ်စားမနေတော့ဘဲ သူ့အနားသို့ ရောက်ရှိသွားတော့သည်။

"ဟိတ် ... ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



သက်တံရဲ့ခေါ်သံကြောင့် သူက နောက်သို့ လှည့်ကြည့်သည်။ အနီးကပ်ကြည့်တော့မှ သူ့မျက်လုံးတွေဟာလည်း အညိုရောင်ဆိုတာကို သတိပြုမိရသည်။ ညိုရှည်လေးရဲ့မျက်နှာသည် လေးထောင့်ကျကျဖြစ်ကာ ယောကျ်ားပီသမှုတော့ရှိသည်။ အထူးသဖြင့် ထူထဲသော မျက်ခုံးတန်းများနှင့် အညိုရောင်လဲ့နေသော မျက်ဝန်းများကိုသာ စေ့စေ့စီးစီး ကြည့်ခွင့်ရမယ်ဆိုရင် ဦးချာဟူ နာမည်ပေးမိမည် ထင်သည်။

အင်း ... ညိုရှည် ဆိုတာလေးလည်း လှပါတယ်။

"ဘာလဲ မသိဘူး"

ခေါ်ပြီး စကားမပြောသော သက်တံကို သူက ပြန်မေးသည်။ ဒီတော့မှပင် သက်တံသည် မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် ...

"သြော် ... ထီး မပါဘူး ထင်တယ်"

တကယ့် တကယ်တမ်း သက်တံရဲ့ပါးစပ်က ထွက်သွားတာကလည်း တော်တော်ကြောင်သောစကား ဖြစ်သည်။ သူနဲ့လည်း မသိဘဲနဲ့ အာလာပသလ္လာပစကား ဆိုသလို လာဆိုနေသော သက်တံကို သူက နားမလည်သလို ကြည့်နေသည်။ သက်တံသည် ဒီနေရာမှာ စကားကို အမြန်ထပ်ထည့်ရတော့မည်ဆိုတာကို သဘောပေါက်သဖြင့် ...





"ဟိုဟာလေ ... မိုးရွာနေလို့ ထီးမပါတော့ အခက်အခဲဖြစ်နေတယ်နဲ့ တူတယ်၊ တို့မှာ မိုးကာတစ်ထည် အပိုပါတယ်။ ယူသွားပါလား ...

မနက်ဖြန်မှပြန်ပေးပေါ့။ ဒီနေ့မှ စတက်တဲ့ အသစ်နဲ့တူတယ်"

"ဟုတ်တယ် ... နေပါစေ၊ မယူတော့ပါဘူး"

အံမယ် ... ညိုရှည်လေးက ငြင်းတယ်တော့။ ဒါမျိုးဆို သက်တံတို့က ပိုတောင် ကြိုက်သေးတာပေါ့။ သက်တံသည် ခွဲမလျှော့သေးဘဲ သူ့ကို ရင်းရင်းနှီးနှီး ပြုံးပြလိုက်ကာ ...

"အားမနာပါနဲ့၊ သင်တန်းသား အချင်းချင်းပဲဟာ။ မဟုတ်ရင် သူ ဖျားနေလိမ့်မယ်"

သက်တံရဲ့စေတနာတွေ ပိုနေသော စကားကို သူက အံ့သြသလို တစ်ချက်ကြည့်ကာ ယူရမှာ ပိုတောင်လက်တွန့်သွားဟန်တူသည်။ ခေါင်းကို ခပ်သွက်သွက်ယမ်းလျက် ...

"ရပါတယ်၊ ကိစ္စမရှိဘူး"

"သြော် ... အားနာနေတာနဲ့ တူပါတယ်၊ ဒုက္ခပါပဲ"

သက်တံက ကိုယ့်ဟာကိုယ် ပြောသလိုနှင့် ညည်းညူလိုက်လျှင် သူက မျက်လုံးတစ်ချက်ပဲ လှန်ကြည့်ကာ ဘာမှဆက်မပြောတော့ချေ။ အပြင်ဘက်သို့ တစ်ချက် လှည့်ကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တုံ့ရက် ထထွက်သွားတော့သည်။ မြန်းစားကြီး ထွက်သွားသော သူ့ကျောပြင်ကိုကြည့်ကာ သက်တံသည် မျက်လုံးဝိုင်းပြီး ပါးစပ် အဟောင်းသားဖြင့် ကျန်ရစ်ခဲ့သည်။ သူကတော့ မိုးဖွဲတွေထဲမှာ ပြေးလွှားသွားဆဲ။ သက်တံသည် မိုးရေတွေ စိုနေသော သူ့ကျော ပြင်ကိုကြည့်ကာ သဘောတကျနှင့် ပြုံးမိသည်။ အဲဒီနောက် ပါးစပ်ကနေ၍ ဘယ်ကနေ ဘယ်လို သတိရမိမှန်း မသိသော သီချင်းတစ်ပိုင်းတစ်စက ထွက်ကျလို့လာသည်။

"မိုးရေတွေ စိုနေတဲ့ မင်းလေးကို ... ငါ စွဲလမ်းမိ ... မင်း အကြည့်နဲ့ ... မင်း အသံလေးကြောင့် ... ခဏလေးအတွင်း မှာ ငါ ချစ်မိခဲ့"

သက်တံသည် ကိုယ့်အဖြစ်ကိုယ် သဘောကျမိကာ ပခုံးတစ်ချက်တွန့်လျက် မိုးရေထဲမှာ လမ်းလျှောက်ထွက်ခဲ့ပါသည်။

♥ ❧ ♥





၄

နောက်တစ်နေ့၏ ရာသီဥတုမှာ မိုးမရွာသော်လည်း မှိုင်းညို့၍ အုံ့ဆိုင်းနေသော ရာသီဥတုမို့ တစ်မျိုး နေလို့ထိုင်လို့ ကောင်းပါသည်။ သက်တံသည် သင်တန်းသွားဖို့ အဝတ်အစား လဲရင်းမှနေ၍ ညိုရှည်လေးကို ထူးထူးခြားခြားသွားသတိရမိသေး လေသည်။ သူ သင်တန်းမှ လာနိုင်ပါ့မလား။ ဖျားများ ဖျားနေ လားဟု မဆီမဆိုင် တွေးမိလျှင် ကိုယ့်ကိုယ်ကိုယ် ပြုံးမိသွားရ သည်။ သူဟာ ဘယ်လိုကောင်လေးမှန်းလဲ မသိပါ။ မာနကြီးကြီး ယောကျ်ားမျိုးလားတော့လည်း မသိ။

မာနကြီးပြီး မိန်းကလေးတွေကို မခေါ်ချင် မပြော ချင် ဖြစ်ရအောင်လည်း သူ့ရုပ်က ဘယ်ကိုရီးယားမင်းသားနဲ့မှလဲ မတူပါ။ ထို့အတူ ကိုရီးယားနဲ့တောင် မတူ။ အသားအရေကစပြီး မတူတာဖြစ်သည်။ သို့သော် သူ့ပုံစံလေးက အေးအေးဆေးဆေး ရှိကာ သပ်သပ်ရပ်ရပ်လည်း ဖြစ်သည်။ ခေတ်စားနေသော အိမို



www.burmeseclassic.com

www.burmeseclassic.com



ကေ၊ အော်တာကေ၊ အလန်ကေ စသဖြင့် ဘာဆံပင်ပုံစံမျိုးမှ မရှိဘဲ နဖူးပေါ် အနည်းငယ် ဝဲကျနေသည့် သာမန်ဆံပင်ပုံစံလေးသာဖြစ်သည်။ ဝတ်စားပုံကလည်း ရိုးရိုးတီရှပ်နှင့် ဂျင်း(န်)ဘောင်းဘီမျှသာ။ တခြားယောကျ်ားလေးတွေနားက ဖြတ်လျှောက်သွားလျှင် ရတတ်သလို တိမ်းမူးဖွယ်ကောင်းသော မွှေးရနံ့မျိုးလည်း သူ့ထံမှ မရ။ အို ... သူဟာ တကိုယ့်ကို ရိုးရိုးသာမန်ကောင်လေးတစ်ယောက်ပါပဲ။

ဒါပေမဲ့ သူဟာ သက်တံရဲ့မျက်လုံးထဲသို့ ဘာကြောင့် တန်းတန်းမတ်မတ် ဝင်လာလဲတော့ မပြောတတ်ချေ။

"သက်တံရေ ပြီးပြီလား။ အောက်မှာ ဖုန်းလာနေတယ်"

မေမေက အခန်းရှေ့မှဖြတ်ပြီး အော်သွားလျှင် သက်တံသည် ကျောပိုးအိတ်ကို ကောက်လွယ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဖုန်းခွက်ကို နားမှာကပ်လိုက်လျှင် ...

"သက်တံလား၊ ငါပါ"

"အေး ... ပြော ဒေါ်လမင်း၊ အခြေအနေ"

"အခြေအနေကတော့ သက်တော့ သက်သာသွားပါပြီ၊ ဒါပေမဲ့ ဆရာဝန်က အိမ်မှာပဲ နားခိုင်းထားသေးတယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ မလာခဲ့နဲ့၊ ငါပါ ကူးသွားလိမ့်မယ်"





"ဟွန်း ... မိန်းမစုတ်။ ဘယ်လိုလဲ၊ ငါ မရှိတော့ ငေါင်နေပြီလား။ မနေ့က သွားလား"

"သွားတာပေါ့။ မေမေက ဇွတ်နှိုးပြီး လွှတ်နေတဲ့ဟာကို"

"ဩော် ... ငါက အိမ်မှာများ နှပ်နေတာလားလို့။ အခုရော သွားတော့မှာလား"

"သွားတော့မလို့၊ ညကျမှပဲ ဖုန်းပြန်ဆက်လိုက်မယ်"

"အေးပါ ... အေးပါ။ ဒါပဲနော်"

"အိုခေ ... ဆီးယူ"

သက်တံသည် ဖုန်းချလိုက်ပြီးနောက် သင်တန်းသွားဖို့ရာအတွက် အပြင်သို့ ထွက်လာခဲ့သည်။ မိုးမရွာသဖြင့် ထီးထုတ်ဆောင်းစရာ မလိုပါ။ ကောင်းကင်မှာ မိုးရိပ်တချို့ ရှိနေပြီး တစ်ချက် တစ်ချက်မှာ မိုးရနံ့ပါသော လေအေးလေးက စိမ့်ခနဲတိုက်ခတ်သွားတာကို ကြည်နူးမိသည်။ ခါးတိုတီရှပ်အဖြူအကျႌ မြောက်မြောက်လေးကို ကာကီရောင် ဒူးအထက်ဘောင်းဘီအတိုကားကားလေးနှင့် တွဲဖက်ဝတ်ဆင်ကာ လွတ်လပ်ပေါ့ပါးသော စတိုင်လ်ဖြင့် လမ်းလျှောက်လာသော သက်တံကို ကောင်လေးတွေက အရောင်လက်သော မျက်လုံးတွေဖြင့် လှမ်းကြည့်ကြသည်။

သက်တံသည် ကျောပိုးအိတ်ကြိုးကို တစ်ချက်ပြင်တင်လိုက်ပြီး ဆံပင်တွေကို သပ်တဲ့အခိုက်တွင် အရိပ်လေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို သွားမြင်သည်။ ညိုရှည်လေးပါလား။ သူက တစ်ဖက်လမ်းပလက်ဖောင်းကနေ၍ ဒီဘက်သို့ ကူးလာမည်ဖြစ်ပြီး ကားအရှင်းကို စောင့်ဆိုင်းနေသည်။ ဟိုဘက် ဒီဘက်လာသော ကားများကို အာရုံထားနေသောကြောင့် သက်တံကို မမြင်ပါ။ သူ သင်တန်းကို လာတယ်ပေါ့။ သူ နေကောင်းတယ်ဆိုတာ သိရသောကြောင့် သက်တံ ပျော်သွားပါသည်။ ညိုရှည်လေးသည် ချော့ကလက်ရောင် ဆွယ်တာပါးပါးလေးကို ဂျင်း(န်)အနက်ဖြင့် တွဲဖက်ဝတ်ဆင်ထားသောကြောင့် မနေ့ကထက်ကြည့်ကောင်းနေသည်။ အင်း ... တကယ်ပါပဲ။ သူ အသားဖြူရင်တောင် ဒီလောက်ကြည့်ကောင်းမည် မထင်ချေ။ အသားညိုညို အရပ်ရှည်ရှည်လေးနှင့် ပေါ့ပေါ့ပါးပါး သူ့ပုံစံလေးက တခြား ပဲများများ ကောင်လေးတွေနှင့် တူကိုမတူပါ။

သက်တံသည် သူ့ကို စောင့်သလို လျှောက်လာသောကြောင့် သူ လမ်းကူးလာသောအခါ တည့်တည့်ဆုံသွားသည်။ သူကလည်း သက်တံကို မြင်သွားပါသည်။ အကြည့်နှစ်ခုတို့ ဖျတ်ခနဲဆုံလျှင် သက်တံသည် သူ့ကို ပြုံးပြဖို့ ကြိုးစားလိုက်သည်။ သို့သော် သက်တံရဲ့ကြိုးစားမှုမှာ အထမမြောက်ချေ။ အဘယ်ကြောင့်ဆိုသော် သူက မြင်မြင်ချင်းပဲ အကြည့်လွှဲသွားသောကြောင့် ဖြစ်လေသည်။ သက်တံသည် သူ့အပြုအမူကြောင့် အံ့သြသွားလေသည်။ ဘယ်လိုမျိုးကြီးပါလိမ့်။





ဒီခေတ်ကြီးထဲမှာ လူငယ်တွေဟာ ပေါင်းသင်းဆက်ဆံရေးရဲ့ အရေးပါပုံကို နားလည်သိမြင်ကြသည့်အလျှောက် စိတ်ထဲကမပါတောင် တစ်ဖက်သားရဲ့ အခြေအနေကို အရိပ်အခြည်ကြည့်ပြီး ကောင်းကောင်းမွန်မွန် တုံ့ပြန်တတ်ကြတာဖြစ်သည်။ သူ့ကျမှပဲ ပြုံးပြသော မိန်းကလေးတစ်ယောက်ကို မသိချင်ဟန်ဆောင် မျက်နှာလွှဲသွားတယ်တဲ့။ သက်တံသည် ကိုယ့်ကိုဒီလို လုပ်သွားသော လူတစ်ယောက်ကို စိတ်ဆိုးရမည့်အစား ပိုတောင် စိတ်ဝင်စားသွားခဲ့သည်။

သက်တံသည် အတွေးအခေါ် အယူအဆကအစ သူများနဲ့မတူသော ခပ်ဆန်းဆန်း စိတ်ကူးများကို ပိုင်ဆိုင်ထားသူတစ်ယောက် ဖြစ်ပါသည်။ သင်တန်းခန်းထဲသို့ ဝင်လိုက်လျှင် သူ့ကို အရင်ရောက်ပြီး နောက်ဆုံးနားကခုံမှာ ထိုင်နေတာကို တွေ့လိုက်ရသည်။ စာအုပ်တစ်အုပ်ကို ထုတ်ကာ ကြည့်နေသော သူ့ရဲ့ဆောင်းတစောင်းပုံစံကိုမြင်လျှင် သက်တံရဲ့စိတ်ကူးမှာ တစ်မျိုးတစ်မည် ပြောင်းလဲသွားသည်။ ကိုယ် ရယ်ပြတာကို မြင်ရဲ့သားနဲ့ မျက်နှာလွှဲသွားသူကို လွယ်လွယ်နှင့်တော့ အရှုံးမပေးလိုပါ။

သက်တံသည် သူ့ရဲ့ရှေ့မှာ သွားရပ်လိုက်ကာ ...

"ဒီမှာ ... ခဏလောက်"



www.burmeseclassic.com

www.burmeseclassic.com



သူက သက်တံကို မော့ကြည့်သည်။ အဲဒီအခိုက် အတန့်မှာပဲ သက်တံသည် သူ့မျက်ဝန်းတွေကို ဖတ်လိုက်မိပါသည်။ သူ့မျက်လုံးတွေသည် သက်တံကို မှတ်မိသိရှိသော အရိပ်ယောင်တွေ ပြည့်နှက်လို့နေသည်။ သို့သော် သူက ဒါကို အလျှင်အမြန် ဖုံးကွယ်လိုက်သည်။ ဒါပေမဲ့ နောက်ကျသွားခဲ့ပြီ ဖြစ်ပါသည်။

"ယူ ... တို့ကို သိလား"

သူက မျက်မှောင်တစ်ချက်ကြုတ်သည်။ ပြီးတော့ မျက်လုံးတွေကို စားပွဲပေါ်မှ သူ့စာအုပ်ထဲသို့ ပြန်ပို့ကာ ...

"ဘယ်လိုလုပ် သိမှာလဲ"

ကြည့်စမ်း။ သက်တံ ထင်တာ မမှားချေ။ သူဟာ ဆက်ဆံရေးကို မကောင်းသော ကောင်လေးတစ်ယောက်ဖြစ်သည်။ သူ အဲဒီလိုဖြစ်လေ သက်တံက သူ့ကို ပိုစိတ်ဝင်စားသွားလေပဲ ဖြစ်တော့သည်။

"မဟုတ်ပါဘူး၊ ယူ တို့ကို သိပါတယ်။ လူကို သိပါတယ်။ နာမည်ကိုသာ မသိချင် မသိမှာ။ မနေ့က ယူ့ကို ထီးငှား မလားလို့ လာမေးခဲ့တာလေ၊ မှတ်မိလား"

သက်တံရဲ့စကားကြောင့် သူ့မျက်နှာပေါ်တွင် စိတ်ရှုပ်ထွေးသည့် အရိပ်သဏ္ဌာန်တစ်ခု ဖြစ်ပေါ်သွားသည်။





"အင်း ... အဲဒီတော့ ..."

သူက ဝန်မခံချင်သည့်သဘောဖြင့် စကားကိုထောက်သည်။ သူ လည်တယ်(သို့မဟုတ်)စကားပြောကျွမ်းတယ် ဆိုတာတော့ သက်တံတို့ အိပ်နေသလောက်ပဲ ရှိလေသည်။ သက်တံသည် လှစ်ခနဲ ပြုံးလိုက်ကာ ပခုံးကို တစ်ချက်တွန့်လိုက်ရင်း ...

"ဪ ... မသိပါဘူး၊ ယူ့မျက်လုံးတွေ သိပ်မကောင်းဘူး ထင်လို့ပါ၊ ဒါမှမဟုတ်လည်း မန်မိုရီကပဲ ပါဝါမပြည့်တာ လားလို့"

သက်တံရဲ့စကားက သူ့ကို အပ်နဲ့ထိုးလိုက်သလို ဖြစ်သွားဟန်တူသည်။ သူသည် ဆတ်ခနဲဖြစ်သွားကာ သက်တံကို စူးရှစွာ မော့ကြည့်သည်။ ပြီးတော့ သူကလည်း ဒီအတိုင်း အညံ့မခံချင်သောပုံစံဖြင့် မျက်နှာက သရော်မော်ကားပုံစံသို့ ချက်ချင်းပြောင်းလဲသွားသည်။

"မျက်လုံးလည်း ကောင်းတယ်၊ ပါဝါလည်း ပြည့်တယ်၊ ဒါပေမဲ့ ပတ်ဝန်းကျင်ကို သိပ်စိတ်မဝင်စားတတ်ဘူး"

အဲဒီစကားသံသည် သက်တံရဲ့နားထဲတွင် အမြှောက်ပစ်လိုက်သလို ဒိန်းခနဲမြည်ဟည်းသွားသည်။ ဒီနေရာတွင် တခြားမိန်းကလေးတစ်ယောက်သာ ဆိုပါက သူ့မျက်နှာကို ကုတ်ဖဲ့မည် ထင်သည်။ ဒါမှမဟုတ်လည်း ကက်ကက်လန်အောင် ရန်



www.burmeseclassic.com

www.burmeseclassic.com



တွေ့မှာလားတော့ မသိ။ သို့သော် သက်တံကတော့ အဲဒါမျိုးမတွေးချေ။ သူ့နဲ့စကားပြောကြည့်လေလေ သူဟာ စိတ်ဝင်စားဖို့ကောင်းလေဆိုတာ သတိပြုမိလာရပြီဖြစ်သည်။ သူ့မျက်နှာကို အနီးကပ်ကြည့်ကာ သူ ပြောပုံဆိုပုံတွေကို လေ့လာကြည့်တော့မှ သူဟာ အများသူငှာ လူငယ်တွေနဲ့ သိပ်မတူတာကို တွေ့ရသည်။

သူ့ထံတွင် လူငယ်တွေဆီမှာ တွေ့ရသော တစ်စုံတစ်ရာက ပျောက်ဆုံးလို့နေသည်။

"ဟုတ်လား ... တကယ်တော့ လူပတ်ဝန်းကျင်ကြီးထဲမှာနေပြီး ပတ်ဝန်းကျင်ကို စိတ်မဝင်စားဘူး ဆိုတာကလည်း မန်မိုရီ ပါဝါမပြည့်တဲ့ သဘောပါပဲ"

"မင်း ဘာတွေ လာပြောနေတာလဲ"

"မြန်မာလို ပြောနေတာပါပဲ။ ဘာလဲ အင်္ဂလိပ်လို ပြောရမှာလား"

"ကျွတ်"

သူက စိတ်မရှည်သလို ပုံစံဖြင့် ကျွတ်ခနဲ စုတ်သပ်သည်။ သက်တံသည် ညိုရှည်လေးရဲ့ ခေါင်းတစ်ချက်ယမ်း ကျွတ်ခနဲ စုတ်သပ်ပုံကို ပြုံးယောင်သမ်း နှုတ်ခမ်းများဖြင့် ငေးနေမိသည်။ သူ့ကိုစရတာ ကလေးတစ်ယောက်ကို စရသလိုပဲ ပျော်ဖို့ကောင်းလာသည်။





"ယူ့နာမည် ဘယ်လိုခေါ်သလဲ"

သက်တံရဲ့အမေးကို သူက မျက်လုံးပြူးဖြင့် မော့ကြည့်သည်။ ပြီးတော့ ဘာမှမဖြေဘဲ မှုန်တင်းတင်း မျက်နှာထားဖြင့် ခေါင်းကိုငုံ့ကာ စာအုပ်ကိုသာ စိုက်ကြည့်နေတော့သည်။ သက်တံကို လုံးဝဂရုမစိုက်တော့ဘူးဆိုသည့် သဘော။ စိတ်ကုန်တယ်ဆိုသောပုံစံမျိုး ချိုးပြထားသော သူ့ကို သက်တံက သဘောကျစွာဖြင့် ရယ်ကာ ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းမိသည်။

"နာမည်မပြောဘူးနော်။ အေး ... အဲဒီတော့ တို့ဘာသာပဲ နာမည်ပေးရတော့မှာပေါ့၊ အဲဒီကျမှ စိတ်မဆိုးနဲ့"

သက်တံရဲ့စကားသည် ဘယ်လောက်တာသွားသလဲတော့ မပြောတတ်ချေ။ ခေါင်းငုံ့နေသော သူသည် ဆတ်ခနဲ ခေါင်းမော့ကာ သက်တံကို ကြည့်လာသည်။ သို့သော် သက်တံသည် သူ့ကို စကားဆက်မပြောတော့ပါ။ လျှောင်ပြုံးတစ်ချက် ပြုံးပြခဲ့ပြီးနောက် အနိုင်နဲ့ပိုင်းကာ ချာခနဲ လှည့်ထွက်လာခဲ့လေသည်။

အပြင်ဘက်မှာ ရာသီဥတုက မှိုင်းညို့နေခဲ့ပေမယ့် သက်တံ ရင်ထဲမှာတော့ တောက်ပနေခဲ့ပါသည်။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com

တစ်လောကလုံးမှာ ပန်းတွေပွင့်
ဘယ်သူ့ကြောင့်ကြွေကြွေ အပြစ်မရှိပါဘူး။
နှလုံးသားထဲမှာ အချစ်တွေဖြစ်
ဘာကြောင့်ချစ်ချစ် အပြစ်မရှိပါဘူး ...။



## ၂

"သက်တံရေ ... Are you ready ? "

သက်တံသည် အသံစာစာလေးကို ကြားလိုက်ရလျှင် လမင်း ရောက်လာပြီဆိုတာ သိလိုက်ရသည်။ လမင်းနှင့် သက်တံမှာ အိမ်ချင်းလည်း မဝေးကြချေ။ လမင်းတို့ မိသားစုသည်လည်း ဒီအိမ်ရာထဲရှိ Short house တစ်ခုမှာပဲ နေထိုင်ကြတာဖြစ်သည်။ သင်တန်းသွားတိုင်း လမင်းက သက်တံကို ဝင်ခေါ်တတ်ပြီး နှစ်ယောက်သား အတူတူ လမ်းလျှောက်သွားကြသည်။

အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာလျှင် လမင်းကို ဧည့်ခန်းထဲမှာ အဆင်သင့် စောင့်နေတာကို တွေ့ရသည်။ ဘုပ်ကွေးဒဏ်ကြောင့် လမင်းရဲ့မျက်နှာလေးမှာ ချောင်ကျနေသည်။ မျက်ကွင်းလေးတွေ ကျနေသော လမင်းကို သက်တံက နောက်ချင်စိတ်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မယ်လမင်း ... နင့် မျက်လုံးလေးတွေက ဟောက်ပက် ဖြစ်နေပါလား။ ငါ လက်သီးနဲ့ ထိုးပေးရမလား။ ဖောင်းဖောင်းလေးတွေ ဖြစ်လာအောင်လေ ... ဟိ ဟိ"

လမင်းက သက်တံကိုမျက်စောင်းတစ်ချက်ထိုးသည်။

"နင့်ရည်းစားရမှပဲ အဲလိုလုပ်ခိုင်း"

သက်တံသည် လမင်းစကားကို ဟက်ခနဲ တစ်ချက် ရယ်မိပြီး ဘာရယ်မဟုတ်ဘဲ ညိုရှည်လေးကို သတိရသွားသည်။ အရင်တစ်ပတ်က သူ့ကို သက်တံ တစ်ယောက် အနိုင်နဲ့ပိုင်းလှောင်ပြီး ပြုံးပြခဲ့ပြီးနောက် သင်တန်းက ရက်ပြည့်သွားပြီမို့ ထပ်မတွေ့ရတော့ချေ။ သို့သော် အဲဒီ ညိုရှည်ဂျစ်တူးလေးကို မတွေ့ရသည့်ရက်တွေတိုင်းလိုလို သတိရနေခဲ့သည် ဆိုတာကိုတော့ ဝန်ခံရမည်ဖြစ်သည်။ မှုန်ကုပ်ကုပ်နှင့် လောကကြီးကို အလိုမကျဖြစ်နေသည့် ညိုရှည်လေးသည် သက်တံအတွက်တော့ တစ်မျိုးတစ်ဘာသာ စိတ်ဝင်စားဖို့ ကောင်းနေသည်။ အင်း ... သူလေးနဲ့ ဒီနေ့ ပြန်ဆုံရပေလိမ့်ဦးမယ်။

သက်တံနှင့် လမင်းသည် အိမ်ခြံဝင်းတံခါးကို တွန်းဖွင့်ကာ ဖြည်းဖြည်းချင်း လမ်းလျှောက်လာခဲ့ကြသည်။ ဒီနေ့လည်း မိုးတော့ မရွာသေး။ သို့သော် ကောင်းကင်မှာ မိုးရိပ်မိုးခြေတွေ ရှိလို့နေသည်။





"ကျောင်းက ရှေ့လဆို စတက်ရတော့မယ်နော် သက်တံ၊ ဘယ်လိုသွားမှာလဲ"

"တိုးတက်ရေးအတွက် ဘတ်စ်ကားပဲ စီးရတော့မှာပေါ့"

"ဟင်း ... နင့်အဖေက ကားဝယ်ပေးမှာဆို"

"ဩော် ... အဲဒါက နည်းနည်းတော့ စောင့်ရဦးမှာပေါ့။ ပြီးတော့ လိုင်စင်လည်း မရသေးဘူးလေ။ ဒါပေမဲ့ ငါက ကျောင်းကို ပြီးအောင် တက်နိုင်ပါ့မလားတောင် မသိပါဘူးဟာ"

"ဘာလဲ ... နင်က ချက်ချင်းထွက်တော့မှာလား"

"အင်း ... ချက်ချင်းတော့ မထွက်သေးပါဘူး။ တို့အသက်က ငယ်ငယ်လေးပဲ ရှိသေးတဲ့ဟာ။ ဒီမှာ ကျောင်းသူဘဝနဲ့တော့ လွတ်လွတ်လပ်လပ် ကဲချင်သေးတာပေါ့။ မေမေကလည်း ငါ့ကို ငယ်သေးတော့ သိပ်မသွားစေချင်သေးဘူး။ ဒီမှာပဲ ကျောင်းပြီးအောင်တက်၊ ဘွဲ့ရအောင်လုပ်၊ ပြီးတော့မှသွား ...

ဖေဖေကလည်း အဲဒီတစ်သဘောတည်းပဲလေ"

"အေးပါဟယ် ... နင်ကလည်း။ ကျောင်းပြီးအောင်တော့ တက်သွားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနံ့မ ...။ နင် ငါမရှိရင် ပေါင်နေမှာမို့လို့ မဟုတ်လား။ မပေါင်ချင်ရင် အလွယ်လေး ရည်းစားတစ်ယောက်လောက် ကောက်ထားလိုက်ပေါ့ဟာ"

"ဟင်း ... ထားပါဘူး။ အသေခံသွားလိုက်မယ်။ နင်နော် ငါ့ကို ရည်းစားထားဖို့ တိုက်တွန်းနေတာ သိပ်တော့မရှိဘူး။ ဘာလဲ နင် စိုင်းလင်းကို အဖြေပြန်ပေးတော့မလို့လား"

"ထွတ် ... ရင်မခုန်လိုက်တာ"

"ဒါဖြင့်ရင် သော်တာမင်းလွင်ကိုလား"

"စိတ်ကူးထဲတောင် မထည့်ဖူးဘူး"

"အင်း ... မောင်မောင်၊ ဆေးကျောင်းသားလေး"

"မျက်မှန်လေး မပါရင်တော့ ကြိုက်မိမလားဘဲ"

"ကျော်စွာမျိုးမြင့်ဟာ ..."

"သူ့အလုပြင်စရိုက် မတတ်နိုင်ဘူး"

"ဟို ... အစ်ကိုကြီး ညိုလင်းခိုင်ရော"

"ကလေးမုန့်ပေးကြိုက်ချင်နေတာကိုများ"

"ဟား ... ဒါဖြင့်ရင် အောင်မိုး"

"ကဲ ... တော်ပါပြီဟာ။ ဘယ်သူ့ကိုမှ မကြိုက်ဘူး။ ဘယ်သူ့ကိုမှ ဟုတ်ထိမထိဘူး။ ဟုတ်ပြီနော်"





"ဟုတ်ပါပြီ။ 'ကလေးစာရေးဆရာမရယ်"

သက်တံသည် လမင်းတစ်ယောက် ကိုယ့်ကို အဲဒီလိုခေါ်တိုင်း သဘောကျစွာ ပြုံးရလေသည်။ သက်တံ၏ ဝါသနာမှာ တခြားသူတွေနဲ့ သိပ်မတူဘဲ နည်းနည်းတော့ ထူးခြားသည်ဟု ပြောရလေမည်။

သက်တံသည် စာဖတ်တာကို ဝါသနာထုံသလို စာရေးတာကိုလည်း ဝါသနာထုံသည်။ သို့သော် သက်တံ ရေးချင်သောစာမျိုးမှာ ဘဝသရုပ်ဖော်ဝတ္ထု၊ ရသမြောက်သော အချစ်ဖွဲ့ဝတ္ထုမျိုးတွေ မဟုတ်ဘဲ ကလေးပုံပြင်တွေ ရေးရတာကို ဝါသနာပါခြင်းဖြစ်သည်။

တက္ကသိုလ်တက်တော့မည့် ကျောင်းသူတစ်ဦး ဖြစ်သော်လည်း အခုချိန်ထိ ကလေးစာစောင်တွေ၊ ပုံပြင်စာအုပ်တွေ ဖတ်တုန်း၊ ကိုယ်တိုင်လည်း ကလေးပုံပြင်တွေ ရေးနေသူဖြစ်သည်။ စာရေးဆရာမ တစ်ယောက်ဖြစ်ဖို့ ဝါသနာထုံသော်လည်း သက်တံရဲ့ဝါသနာသည် ကလေးတွေအတွက် အသိလိမ္မာတွေ တိုးစေသော ပုံပြင်ကောင်းကောင်းလေးများကို ရေးသားချင်သောသူ ဖြစ်လေသည်။ ပြီးတော့ ဝါသနာက အဲဒီမှာတင် ရပ်နေတာ မဟုတ်ချေ။ အောင်မြင်သော ကလေးမှုကြိုကျောင်းကိုလည်း တည်ထောင်ဖို့ သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက Child Academy ဆိုပြီး အောင်မြင်တဲ့ ကလေးကျောင်းကြီးကို တည်ထောင်ချင်တာဟ။ ကလေးတွေကို ဘာဝါသနာပါလဲ၊ ဝါသနာပါတဲ့ အရာကို အဲဒီအရွယ် ငယ်ငယ်လေးတည်းက သင်ပေးရင် အဲဒီကလေးဟာ သူ ဝါသနာပါတဲ့နေရာမှာ ကြီးလာတဲ့အခါ International ဖြစ်သွားနိုင်တယ် ...

ဝန်းချီဆိုရင် ပန်းချီ၊ ရေကူးဆိုရင် ရေကူးပေါ့၊ ဂူရှူးဆိုလည်း ဂူရှူးပေါ့။ အဲလိုမျိုး ဒီကျောင်းတစ်ကျောင်းတည်းမှာ ကလေးတစ်ယောက်အတွက် ပြီးပြည့်စုံတဲ့ အနေအထားကို ဖန်တီးပေးချင်တာ။ ပြီးတော့ သာမန်လူတန်းစားတွေ ထားနိုင်တဲ့ လစဉ်ကြေးနဲ့ပဲ ဖွင့်ချင်တာ။ တချို့ကျောင်းတွေက ဈေးကြီးတော့ သာမန်လူတန်းစားတွေက မတတ်နိုင်ကြဘူးလေ ...

တကယ်တော့ ကလေးတွေဆိုတာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူကြီးနေရာ ရောက်လာမယ့်သူတွေပဲလေ။ မြေတောင်မြှောက်ပေးရင် ပေးသလောက် တိုးတက်အောင်မြင်မယ့် သူတွေချည်းပဲ။ ဒီခေတ်ကြီးထဲမှာ စားဝတ်နေရေးကကျပ်တည်းကြတော့ အဖေရော အမေရောပါ စီးပွားထွက်ရှာကြမှ အလျဉ်မီနိုင်တာ မဟုတ်လား။ ဒါကြောင့်





ကလေးသုံးလလောက်တည်းက စ,လက်ခံချင်တယ်။ ဒီလိုဆို ကလေးအမေတွေလည်း စိတ်ဖြောင့် လက်ဖြောင့် အလုပ် လုပ်နိုင်တာပေါ့"

လမင်းသည် သက်တံကို ကြီးကျယ်လှချည်လားဟူသော ပုံစံဖြင့် မျက်ခုံးပင့်ကြည့်မိသည်။ အမှတ်ကိုပဲ သက်တံရဲ့စိတ်ကူးထဲတွင်တော့ သက်တံ တည်ထောင်သည့် Child Academy (ချိုင်းအကယ်ဒမီ)ကျောင်းကြီးသည် ခမ်းနားကြီးကျယ်၍နေသည်။ အစပိုင်းတွင်တော့ သိပ်နာမည်မကြီးသေး။ ရှေ့မှာ နာမည်ကြီး အောင်မြင်ထားသော ကျောင်းတွေကို တိုး၍မရသေးချေ။ နောက်ပိုင်းမှာတော့ တဖြည်းဖြည်း အောင်မြင်လာသည်။ စေတနာကို အရင်းတည်ကာ ကျွမ်းကျင်သော ဝန်ထမ်းများကို ရွေးချယ်ခန့်ထားလျက် ကိုယ်ဖိရင်ဖိ စောင့်ရှောက်ကြီးစားသောကြောင့် Child Academy သည် မီခင်တို့၏ပါးစပ်များတွင် ရေပန်းစားလာသည်။

ကလေးတွေကလည်း ဒီမှာ မူကြိုတက်ရတာကို အလွန်ပျော်ကြသည်။ Child Academy မှ ထွက်သော ကလေးများသည် အမိကအားဖြင့် လူကြီးမိဘကို သိတတ်ယဉ်ကျေးကြကာ အားကစားနှင့် အနုပညာ တစ်ခုခု၌ ထူးချွန်သောကလေးတွေဖြစ်လာကြသည်။ လသားကလေးငယ်လေးများကိုပါ လက်ခံမျက်



www.burmeseclassic.com

www.burmeseclassic.com



သေချာပြုစုမျိုးထောင်ပေးသောကြောင့် တချို့မိခင်များမှာ မွေးပြီးဆယ်ရက်လောက်တည်းက လာပို့ထားပါရစေတွေ ဘာတွေ ဖြစ်လာသည်။ တချို့ဆို မွေးတောင်မမွေးရသေး ဗိုက်ထဲက ကလေးအတွက် ကြိုတင် Booking လုပ်လာကြတာတွေတောင် ရှိသည်။

ကလေးမိဘတွေက မူကြိုအပြင် အတန်းကျောင်းကိုပါ တွဲဖက်ဖွင့်လှစ်ဖို့ အပူတပြင်း တောင်းဆိုလာကြသည်။ တချို့ဆိုလျှင် Child Academy မှာ နာမည်ကြီးလွန်းသောကြောင့် နယ်က ကလေးတွေတောင် ဘော်ဒါလာထားပါမည် ဖြစ်ကုန်ကြသည်။ မူကြိုကိုတောင် ဘော်ဒါဖွင့်ရတော့မည့်ကိန်း ဆိုက်နေသဖြင့် Child Academy ၏ CEO ဒေါ်ပန်းမိုးသက်တံသည် တော်တော်ဦးနှောက်ခြောက်၍ လာလေသည်။ တစ်ဖက်မှာလည်း ဒေါ်ပန်းမိုးသက်တံ ရေးသော ကလေးပုံပြင်စာအုပ်တွေနှင့် ကလေးစာစောင်တိုမှာ လက်ရှိ Best Seller စာရေးဆရာများ၏ စောင်ရေထက်တောင် ပိုများကာ အောင်မြင်နေသဖြင့် အလုပ်တွေက တကယ်ကို မနိုင်မနင်း ဖြစ်လာသည်။

ကလေးပုံပြင်စာအုပ်တွေမှာ နိုင်ငံရပ်ခြားတိုင်းပြည်အသီးသီး၌ သက်ဆိုင်ရာဘာသာဖြင့် ဘာသာပြန် ထုတ်ဝေရတဲ့အထိလည်း အောင်မြင်သည်။ ကမ္ဘာကျော် Time မဂ္ဂဇင်းကြီးက သက်တံရဲ့ပုံကို cover တင်လျက် "ဂျေကေရိုးလင်းကို ပခုံးချင်း





ယှဉ်လာတဲ့ မြန်မာပြည်က စာရေးဆရာမလေး"ဟု ရေးသားကြသည်။ နိုင်ငံခြားသတင်းဌာနတွေက သက်တံကို အင်တာဗျူးဖို့ အပြိုင်အဆိုင် ကြိုးပမ်းလာကြသည်။ Child Academy လိုကျောင်းမျိုး နိုင်ငံတကာမှာ ဖွင့်လှစ်ဖို့ အစီအစဉ်ရှိပါသလားဟု ဝိုင်းဝန်းမေးမြန်းကြသည်။ သက်တံသည် နိုင်ငံခြားက ကလေးတွေကိုလည်း မြန်မာပြည်က ကလေးတွေလိုပင် လိမ္မာယဉ်ကျေးကာ ဘာသာတရားကိုင်းရှိုင်းသော ကလေးတွေ ဖြစ်စေချင်သည်။ ထို့ကြောင့် စင်ကာပူမှာတော့ ကျောင်းခွဲဖွင့်လှစ်ဖို့ စိတ်ကူးထားကြောင်း ဖြေလိုက်သည်။ သက်တံသာ စင်ကာပူတွင် Child Academy ကျောင်းခွဲ ဖွင့်လှစ်မည် ဆိုပါက ကမ္ဘာကျော် ရုပ်ရှင်မင်းသား မင်းသမီး စုံတွဲဖြစ်သည့် ဘရက်ပစ်နှင့် အင်ဂျလီနာဂျိုလီတို့က သူတို့၏ရင်သွေးအမြွှာများကို မူကြိုလာထားချင်သည့်အကြောင်း ဖွင့်ဟပြောဆိုထားကြသည်။

ဒီလိုနှင့် အောင်မြင်မှုတွေက ကမ္ဘာနှင့်ချီ၍ ကြီးမားလာချိန်တွင် ...

"အမယ်လေး"

"ဟား ... ကျွတ် ... ဘာဖြစ်တာလဲကွာ"

သက်တံရဲ့ စိတ်ကူးယဉ်မှုတွေမှာ ဘယ်လောက်ထိ ကြီးမားသွားလဲဆိုလျှင် ရှေ့ကလျှောက်နေသည့် သူ့ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



မမြင်တော့ဘဲ ဖိနပ်နောက်ပိုင်းကို တက်နင်းမိတဲ့အထိပဲ ဖြစ်လေသည်။ သက်တံက တက်နင်းမိသောကြောင့် ရှေ့ကလူက ဟပ်ထိုးလဲကျတော့မလို ဖြစ်သွားသည်။ သက်တံကိုလည်း တော်တော်စိတ်တိုသွားဟန် တူပါသည်။ နောက်သို့ ဒေါသတကြီးဖြင့် လှည့်ကြည့်သည်။ သက်တံသည် တောင်းပန်ဖို့ရာအတွက် မော့ကြည့်လိုက်လျှင် ...

"ဟင်"

အဲဒီ"ဟင်"သည် ပါးစပ်များမှ တိုးတိုးလေး ထွက်သွားသည့် ဟင် ဖြစ်သော်လည်း သက်တံရဲ့မျက်လုံးတွေကတော့ အံ့သြစိတ်ကြောင့် ပြူးကျယ်သွားကြသည်။ ဘုရားသခင် ... သက်တံနောက်ကနေ တက်နင်းလိုက်တဲ့သူဟာ ညိုရှည်လေး ဖြစ်နေပါရော့လား။ သူကလည်း သက်တံမှန်း သိသွားသောအခါ ပို၍ဒေါသထွက် စိတ်တိုသွားဟန် တူပါသည်။ (အဲဒီလောက်ကို မေတ္တာရှိတာ)။

"ဆော ... ဆောရီးပါနော်၊ မမြင်လို့ပါ"

သက်တံရဲ့စကားကြောင့် သူ့မျက်လုံးတွေက ပိုပြီးစူးရဲသွားကြသည်။ ဟင့်အင်း ... အဲဒီလို မကြည့်ပါနဲ့ ညိုရှည်လေးရယ်။ သူ့မျက်လုံးတွေက သက်တံ စကားကို ယုံပုံမပေါ်ပါ။ ရှေ့တည့်တည့်က လျှောက်နေသောသူကို နောက်ကလူက မမြင်





ဘူးဆိုတာတော့ ယုတ္တိသိပ်မရှိတာ မှန်သည်။ သက်တံရဲ့စိတ်ကူးယဉ်ကမ္ဘာမှာ ကြီးကျယ်သောကြောင့် သူ့ကိုတော့ တကယ်မမြင်လိုက်ခြင်းပဲ ဖြစ်ပါသည်။

"အဓိပ္ပာယ်မရှိလိုက်တာ"

ဟမ် ... ဘာပြောသွားတာလဲ ? ။ သူက သူ့ဟာသူ ခပ်တိုးတိုး ပြောသလိုဖြင့် လှည့်ထွက်သွားလေရာ သက်တံမှာ ဒီအတိုင်း ရပ်ကျန်ရစ်ခဲ့ရသည်။

ခြေလှမ်းကျဲကြီးများဖြင့် ခပ်သွက်သွက် လျှောက်သွားသော သူ့ကျောပြင်ကို ငေးကြည့်ကာ သက်တံ တကယ်ပဲ စိတ်မကောင်းချေ။

"နင်ကလည်း ဘာတွေများ စိတ်ကူးယဉ်နေလို့ ရှေ့ကလူတစ်ယောက်လုံးတောင် မမြင်ရတာလဲ"

"ဟီး ... ငါ့စိတ်ကူးထဲမှာဟာ ငါ့ရဲ့ Child Academy ကို ဘရက်ပစ်နဲ့ ဂျူလီတို့က သူတို့ရဲ့အမြွှာတွေကိုပါ ကျောင်းလာအပ်တဲ့အထိပါ ရောက်သွားလို့ဟ"

"အမယ်လေး ... ကမ္ဘာကျော်စိတ်ကူးပါပဲလား။ ပလက်ဖောင်းပေါ် လမ်းလျှောက်လို့ စိတ်ကူးယဉ်တာ အရေးမကြီးဘူး။ ကားလမ်းကူးလို့ စိတ်ကူးယဉ်နေမှ ကားက ဖြတ်တိုက်သွားလို့ နတ်ပြည်ကို ဒါရိုက်ဟစ်နေရဦးမယ်...



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်လေးက နင့်ကို တော်တော် တင်းသွားပုံ ရတယ်။ မိန်းကလေးမို့ ပိုစိတ်တိုသွားတာနဲ့ တူတယ်။ ဒီလောက်ချောတဲ့ ငါ့သူငယ်ချင်းက တက်နင်းတာကိုများ စိတ်ဆိုးရသေးတယ်”

“သူက ငါ့ကို မုန်းနေတာကိုး”

သက်တံရဲ့ အတည်ပေါက်အပြောကို လမင်းက မျက်လုံးပြူးကာ စောင်းငဲ့ကြည့်သည်။ သိပ်တော့ ယုံပုံမပေါ်ပါ။ သက်တံက စကားထပ်ဆက်လိုက်သည်။

“အဲဒါ တို့ သင်တန်းကပဲလေ”

“ဟဲ့ ... တကယ်လား”

“အင်းပေါ့။ နင် မလာတဲ့နေ့ကမှ စတက်တာ။ new လေးလေ။ အဟဲ ဟဲ”

“ဟွန်း ... မိန်းမ။ လေသံကိုက အပိုးမသေသေးတဲ့လေသံနဲ့။ နေစမ်းပါဦး ... ခုနက နင်ပြောတာ တကယ်ပဲလား”

“အဲလို ထင်ရတာပဲ”

“ဟင် ... သူက ဘာကိစ္စ နင့်ကို မုန်းနေရတာလဲ၊ နင်က ဘာသွားလုပ်ထားလို့လဲ”

“ဟက် ... ဟက် ... ကိုယ့်သူငယ်ချင်းကို တော်တော်ယုံကြည်တာပဲ။ ဘာမှမလုပ်ရပါဘူးဟာ။ ငါ့ကို တွေ့သမျှ





လူတိုင်းက မျက်နှာမြင် ချစ်ခင်ပါတယ်ဆိုတဲ့ အယူအဆကို သူနဲ့ကျမှပဲ ရာနှုန်းပြည့် မမှန်တော့ဘူးလို့ သတ်မှတ်ရတော့မှာပဲ”

သက်တံရဲ့စကားကြောင့် လမင်းသည် အတော်ကြီး စိတ်ဝင်စားသွားဟန် ရှိလေသည်။ မျက်လုံးတွေက တဖျပ်ဖျပ် လက်လာကာ သက်တံရဲ့ လက်တစ်ဖက်ကိုတောင် ဆွဲကိုင်လိုက်သေးကာ ...

“ဟဲ့ ... ပြောစမ်းပါဦး။ ကြည့်စမ်း ... မိန်းမ။ ငါ မတက်တဲ့အတောအတွင်းမှာ ဇာတ်လမ်းတွေ ဖြစ်နေတယ်ပေါ့လေ။ ဒါတောင် ငါ့ကို မပြောဘူး၊ လျှို့ထားတယ်”

“လျှို့ထားတာ မဟုတ်ပါဘူးဟာ၊ ကြည်နူးစရာမကောင်းတဲ့ဟာကို ငါက ဘာပြန်ပြောရမှာလဲ ...

အင်း ... ဒီလိုဟ”

သက်တံသည် ညိုရှည်လေးကို စတွေ့ပုံ၊ မြင်မြင်ချင်းပဲ သူ့ရဲ့အေးတိအေးစက် ပုံစံလေးကို စိတ်ဝင်စားသွားသဖြင့် ကျီစယ်ချင်လာပုံ၊ သူက လက်မခံပုံ စသဖြင့် အားလုံးကို စီကာပတ်ကုံး ပြောပြလိုက်လေသည်။ ပြောပြလို့ ပြီးချိန်မှာပဲ သင်တန်းခန်းထဲသို့ ရောက်နေပြီဖြစ်သဖြင့် လမင်းက ညိုရှည်လေးကို သိမသာ စောင်းငဲ့ကြည့်လျက် နှာခေါင်းတစ်ချက် ရှုံ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... သူက ကြီးကျယ်နေရအောင် သူ့ရုပ်က ဘယ်လောက်များ လှနေလို့လဲ။ ဘယ်နေရာကမှ မလှဘူး။ မည်းပိန်ရှည်ကြီး"

လမင်းရဲ့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်သံကြောင့် သက်တံမှာ ဟင့်ခနဲ ရှုံ့မဲ့သွားရလေသည်။

"မမည်းပါဘူးဟာ။ အသားညိုတာပါ။ ညိုပြီးစိုနေတဲ့အသားအရေပါ။ ဝင်းတောင် ဝင်းနေသေးတယ်"

"ဝင်းမှာပေါ့ မန်ကျည်းမှည့်နဲ့ တိုက်ထားတာကိုး။ ဘာတွေများ ဘဝင်မြင့်စရာရှိလို့ သူက အဲဒီလောက်တောင် ကြီးကျယ်နေရတာလဲ။ ထီးတစ်ချောင်းတောင် ဆောင်မထားနိုင်တဲ့လူကများ၊ ကားစီးဖို့ဆိုတာကတော့ ဝေး ...၊ ဟင်း ... လူကကျတော့လည်း ပုံမလာ ပန်းမလာပါဟာ။ မာနကြီးစရာဆိုလို့ မျက်ခုံးတစ်မျိုးတည်းပဲ ထူထူထဲထဲ ရှိတယ် ...

အဲဒီ မျက်ခုံးကလည်း ဖြုတ်စားလို့မရ၊ သုပ်စားလို့မရတဲ့အရာ၊ တော်ပါဟာ ... သက်တံရယ်၊ နင်မို့များ သူ့လိုဟာမျိုးကိုဟာ။ အခု နင့်ကို လိုက်နေတဲ့သူတွေ အားလုံး အနိမ့်ဆုံးသူတောင် သူ့ထက် ငါးဆလောက်သာတဲ့လူချည်းပဲ ...

ခေါက်ထားလိုက်စမ်းပါ"





သက်တံသည် ကိုယ့်ဘက်ကနေ၍ ဆတ်ဆတ်ခါနာကာ ပြောနေသော လမင်းကိုလည်း အပြစ်မဆိုသာပါ။ သို့သော် သက်တံက လူတွေရဲ့ဆိုက်ကို့ကိုပါ စိတ်ဝင်စားသောသူဖြစ်သည်။ ဒီလို ဘယ်ဘက်ကမှ ထူးခြားမနေသည့် သာမန်လူငယ်လေးတစ်ယောက်ထံမှာ ကြီးကျယ်နေစရာ ဘာအကြောင်းမှ မရှိဘဲနဲ့ ကြီးကျယ်နေရသည်မှာ (တကယ်တော့ ကြီးကျယ်တာလည်းမဟုတ်) နောက်ကြောင်းတစ်ခုခုကတော့ ရှိလိမ့်မည်ဟု သက်တံ ထင်သည်။ သူ့ပုံစံဟာ သက်တံကိုမှ ထူးပြီးကြီးကျယ်နေတာမဟုတ်။ လောကကြီးနှင့် အဆင်မပြေသော လူငယ်လေးတစ်ယောက်ဟု မှတ်ချက်ချရမည်ဖြစ်သည်။

သက်တံသည် ကိုယ့်အတွေးနှင့်ကိုယ်ပြုံးကာ သူ့ကို တစ်ချက်ကြည့်မိသည်။ သူက သက်တံတို့ကို ကြည့်မနေပါ။ သူ့ဟာသူ စာထဲတွင် အာရုံအပြည့် ဝင်စားဟန်ဖြင့် တစ်လောကလုံးကို ရှိတယ်လို့တောင် မထင်ပါ။ အဖြူရောင်ပေါ်တွင် အပြာနုရောင်လိုင်းစင်းပါးပါးလေးများပါသော ရှပ်အင်္ကျီလက်ရှည်ကို လက်ခေါက်ဝတ်ထားကာ စာအုပ်ထဲကို စိတ်ပါဝင်စားစွာဖြင့် ငုံ့ကြည့်နေသော သူ့ပုံစံလေးမှာ ဒီလိုကျပြန်တော့လည်း ငြိမ်းချမ်းသားပဲဟု တွေးမိသွားသည်။

"ဟင်း ... သူကကိုက သွားကြည့်နေပြန်ပြီ။ ဘယ်နေရာကများ စိတ်ဝင်စားဖို့ ကောင်းနေလို့လဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နှင်ကလည်း။ လူတစ်ယောက်မှာ စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းတစ်ချက်စီကတော့ ရှိစမြဲပဲလေ။ သူ့လို ရုပ်လည်းသိပ်မရှိ၊ ပိုက်ဆံလည်း ချမ်းသာပုံမရတဲ့ ကောင်လေးတစ်ယောက်မှာ ဒီလိုဖြစ်နေတာ သူ့အကြောင်းနဲ့သူတော့ ရှိမှာပေါ့ ...

ငါက အဲဒါကို စိတ်ဝင်စားတာပါ။ ပြီးတော့ သူ့ပုံစံလေးက ငါ့မျက်စိထဲမှာ ဝင်နေတယ်။ ဒါကြောင့် ညိုရှည်လေးလို့ nick name ပေးထားတာ ... ဟဲ ဟဲ"

"ဟင် ... ပေးထားတဲ့ နာမည်နဲ့ လူနဲ့တော့ လိုက်ပါတယ်၊ နှင်လိုမိန်းကလေးမျိုးက သူ့ကို စိတ်ဝင်စားတာတော့ အံ့သြတယ်။ နှင်နဲ့ဆို နံ့သာဆီနဲ့ အီးပါ သက်တံရယ်"

"ဩော် ... ပြောကာမှ ပိုဆိုးနေပြန်ပြီ"

သက်တံသည် လမင်းက သူ့ကို အဲဒီလို ပြောသော အခါမှာ တကယ်ပဲ စိတ်မကောင်းချေ။ သူ့ပုံစံလေးဟာ ထောင့်မကျိုး၊ အချိုးမပြေဘဲ ဘုဆတ်ဆတ် ဖြစ်ပေမယ့် အဲဒါလေးကိုပဲ သဘောကျနေသည်ဟု ပြောလျှင် လူတွေက သက်တံကို အရူးဟု ပြောမလားမသိချေ။ သက်တံရဲ့စိတ်သည် သူများတွေနဲ့တော့ သိပ်မတူချေ။ အရာတစ်ခုကို သူများမတွေးသောထောင့်မှ တွေးတတ်သူ ဖြစ်သည်။ နှလုံးသားက စိတ်ခံစားမှုကလည်း သူများနှင့် မတူပါ။ သက်တံရဲ့စိတ်ထဲမှာတော့ ညိုရှည်လေးဟာ ထူးကို ထူးခြားနေသည်ဟု ထင်မိလေသည်။





အင်း ... သူ့နာမည် ဘယ်လိုများ ခေါ်ပါလိမ့်။

"သက်တံနော် ... နှင့်ကို ငါ ပြောထားမယ်။ နှင် အဲဒီကောင်ကို ဒီလောက်နဲ့ပဲ ခေါင်းထဲက ထုတ်လိုက်တော့"

"နှင်ပြောမှပဲ ခေါင်းထဲကတစ်ဆင့် ရင်ထဲကို ရောက်တော့မယ်"

"ဟား ... သက်တံနော်။ နှင် တော်တော်ကဲနေပါလား"

လမင်းက သက်တံကို တကယ်စိတ်ဆိုးလာပုံဖြင့် မျက်နှာတွေ နီရဲလာကာ အော်လျှင် သက်တံသည် သဘောကျစွာဖြင့် တဟားဟား အော်ရယ်မိကာ လမင်းရဲ့ပါးဖောင်းဖောင်းလေးကို ချစ်စနိုး ဆွဲလိမ်မိလေသည်။ အဲဒီအချိန်မှာပဲ သူကလည်း စာကြည့်နေရာမှ ညောင်းလာသလိုဖြင့် ခေါင်းမော့ကြည့်လိုက်ချိန် ငယ် ဟက်ဟက်ပက်ပက် ရယ်မောနေသော သက်တံနှင့် အကြည့်ချင်းတို့ ဆုံသွားရသည်။

ခဏလေးပါပဲ၊ တကယ့်ကို ခဏလေးပဲ ဖြစ်သည်။ သူနဲ့ သက်တံတို့ရဲ့ အကြည့်ချင်း ဆုံချိန်သည် တစ်စက္ကန့်လောက် ရှိပေမယ့် အဲဒီတစ်စက္ကန့်သည် ရင်ထဲကို နွေးခနဲ ဖြစ်သွားစေဖို့ လောက်သောစက္ကန့်ဖြစ်သည်။ ညိုရှည်လေးရဲ့မျက်ဝန်းတွေသည်



www.burmeseclassic.com

www.burmeseclassic.com



သက်တံကို မှတ်မိသော အရိပ်ယောင်များရှိလျက် သိပ်မကြည်သော အကြည့်များကို တွေ့ရလျှင် သက်တံသည် စိတ်မဆိုးမိရဘဲ ရင်ထဲမှာ သဘောကျရပါသည်။

အဲဒီအချိန်မှာပဲ ဆရာ ရောက်လာသဖြင့် အတွေးစတို့က ပြတ်တောက်သွားရသည်။ ဆရာသည် သင်ခန်းစာအနည်းငယ် သင်ကြားပေးပြီးသောအခါ အသစ်ဝင်ရောက်လာသော သင်တန်းသူ သင်တန်းသားတချို့ကို ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်စကားအား အင်္ဂလိပ်လို ပြောစေပါသည်။ သက်တံသည် အဲဒီအစီအစဉ်ကို စောင့်မျှော်နေရသည် ဖြစ်လေရာ သူ့အလှည့်ရောက်လျှင် အသက်တောင် မရှူမိဘဲ နားထောင်မိလေသည်။ မတ်တတ်ရပ်ကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသည့် အသွင်ဖြင့် သွက်သွက်လက်လက် ပြောဆိုနေသော သူ့ကို သက်တံက လည်ပြန်ငေးကြည့်နေမိသည်။

"ဟယ်လို ... အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်နာမည်က ကြယ်စု ဖြစ်ပါတယ်။ ကျွန်တော့်မှာ အမေမရှိတော့ပါဘူး။ ခင်ဗျားတို့မှာတော့ အမေရှိမယ်လို့ မျှော်လင့်ရပါတယ်။ ကျွန်တော်က (......)မြို့နယ်ထဲက သီရိလမ်းသွယ်ထဲမှာ နေပါတယ်။ ကျွန်တော့်မှာ မွေးချင်းမောင်နှမလည်း မရှိဘူး ...





ကျွန်တော် ပြီးခဲ့တဲ့နှစ်က တက္ကသိုလ်ဝင်တန်းကို အောင်မြင်ထားပါတယ်။ သိပ်မကြာခင် ဒဂုံတက္ကသိုလ်မှာ အင်္ဂလိပ်စာအထူးပြုဘာသာရပ်နဲ့ ကျောင်းတက်ရတော့မှာ ဖြစ်ပါတယ်။ ကျွန်တော့်အကြောင်းက သိပ်စိတ်ဝင်စားစရာ မရှိပါဘူး ...

ဒါကြောင့် ဒီလောက်နဲ့ပဲ အဆုံးသတ်ပါရစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်"

"အိုခေ ... ထိုင်ပါ ကြယ်စု"

ဆရာက ထိုင်ခိုင်းလိုက်ချိန်တွင် သူက နေရာမှာ ပြန်ထိုင်ရင်း အကြည့်တို့က သက်တံထံ ဝေ့ခနဲ ရောက်လာသည်။ သက်တံသည် ဒီတစ်ခါတော့ သူ့ကို ပြုံးမပြမိတော့ဘဲ ကရုဏာသက်မိသော မျက်ဝန်းများဖြင့် ငေးကြည့်နေမိသည်။ သူက အဲဒီအကြည့်တွေကို မကြိုက်သည့်အလား ခပ်တည်တည်ပဲ ရှောင်လွှဲဖယ်ခွာသွားပါသည်။ အင်း ... သက်တံ ထင်တာ မမှားဘူးပဲကိုး။ သူ့မှာ အမေမရှိတော့ဘူးတဲ့။ အဖေကိုတော့ ရှိတယ်မပြောပေမယ့် စကားထဲတော့ ထည့်မပြောသွားချေ။ မွေးချင်းမောင်နှမလည်း မရှိဘူးဆိုပဲ။ ဒါကတော့ သက်တံနဲ့ တူသည်။

သူနေသော မြို့နယ်ကလည်း သက်တံတို့မြို့နယ်ပဲဖြစ်သည်။ သူတို့အိမ်ရှိရာ လမ်းသွယ်လေးမှာလည်း သက်တံတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရာနှင့် သိပ်မဝေးလှ။ ဩော် ... သူသည် သက်တံနဲ့သိပ်မဝေးသော နေရာမှာ နေသူတစ်ယောက်ဟု သတ်မှတ်ရတော့မည်ဖြစ်သည်။ သက်တံသည် သူ့အကြောင်းတွေးလိုက်၊ စာသင်လိုက်ဖြင့် အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိချေ။ သင်တန်းဆင်းချိန်သို့ရောက်လျှင် အချိန်မှန် ရွာတတ်သော မိုးဖွဲတွေက စတင်ကျလို့လာသည်။ သင်တန်းသူ သင်တန်းသားတွေက ထီးတွေ မိုးကာတွေဖြင့် အလုပ်ရှုပ်နေကြချိန်ဝယ် သက်တံသည် သူ့ဘာစေ့တစောင်း အကဲခတ်မိသည်။

"သက်တံ သွားမယ်လေ။ ဘာလုပ်နေတာလဲ၊ မိုးသည်းလာလိမ့်မယ်"

လမင်းက သက်တံကို နှိုးဆော်သည်။ သက်တံသည် လမင်းကို ခေါင်းသာညိတ်ပြလိုက်ရသော်လည်း စိတ်အာရုံတို့ကတော့ ညိုရှည်လေးထံတွင်သာ ရောက်နေသည်။ အင်း ... သူ့နာမည်က ကြယ်စုတဲ့။ သိပ်ကိုချစ်စရာကောင်းတဲ့ နာမည်လေးပဲဖြစ်သည်။ သက်တံရဲ့မျက်လုံးထဲတွင် ရောင်စုံစက္ကူများဖြင့် ခေါက်ထားသော ကြယ်ရုပ်လေးများကို မြင်ယောင်လာသည်။ ရောင်စုံပြိုးပြက်လက်နေသော ကြယ်ပွင့်ဖောင်းဖောင်းလေးများကို ဖန်ပုလင်းထဲမှာထည့်ပြီး သူ့ကို လက်ဆောင်ပေးချင်လိုက်တာ။ သက်တံသည် ကိုယ့်အတွေးကိုယ် သဘောတကျ ပြုံးရင်းမှ သူ့ကိုငေးနေ





မိသည်။ ဘုရားရေ ... ဒီတစ်ခါလည်း ကြယ်စုဟာ ထီးပါပုံမပေါ်ပါ။ မိုးရိပ်မိုးခြေကို စောင့်ကြည့်နေပုံပေါ်သည်။ သင်တန်းခန်းထဲမှာက လူက သိပ်မကျန်တော့။ သက်တံသည် ဘာရယ်ညာရယ် စဉ်းစားမနေတော့ဘဲ သူ့အနားသို့ ရောက်သွားသည်။

"ကြယ်စု ... ယူ ထီးမပါဘူးနဲ့တူတယ်"

သူက သက်တံကို ထင်မထားသောပုံစံဖြင့် လှည့်ကြည့်သည်။ သက်တံဆီက စကားသံကို ကြားရလျှင် စိတ်ရှုပ်သွားသောပုံစံကို သူ့မျက်လုံးတွေမှာ တွေ့လိုက်ရသည်။ သူ့ထံမှ ဘာစကားမှ ထွက်မလာခင်မှာပဲ သက်တံက အချိုသာဆုံးပြုံးပြကာ ...

"တို့က ဒီသင်တန်းမှာ ယူ့ထက် စီနီယာကျတဲ့သူပါ။ လိုအပ်တဲ့ အကူအညီရှိရင်လည်း ပြောပါ ကြယ်စု။ တို့နာမည် ပန်းမိုးသက်တံပါ ...

သူငယ်ချင်းတွေကတော့ သက်တံလို့ပဲ ခေါ်တယ်။ အခုနက လမ်းမှာ ကြယ်စုကို နောက်ကတက်နင်းမိတာ ဘယ်လိုမှ မအောက်မေ့နဲ့နော်။ တောင်းပန်တယ် သိလား ...

တို့က လမ်းသွားရင် တောင်တွေး မြောက်တွေးတွေးတတ်တော့ ခဏ ခဏ ခလုတ်တိုက်တယ်၊ ဆောရီးနော် ... သိလား"



www.burmeseclassic.com

www.burmeseclassic.com



သက်တံက အပြုံးတွေနှင့် ရွှန်းရွှန်းဝေအောင် ပြောနေသဖြင့် သူက ရုတ်တရက် ဘာပြန်ပြောမှန်းမသိ ဖြစ်နေပုံရသည်။ ဘုပြန်တောလွှတ်ရအောင်အထိလည်း သူက လူမှုရေးညံ့ဖျင်းပုံတော့ မပေါ်ပါ။ ထို့ကြောင့် သက်တံကို အီလည်လည်ပုံစံနှင့် ခေါင်းညိတ်ပြသည်။ သက်တံသည် အဲဒီအပြုံအမူကြောင့် လှစ်ခနဲ ပြုံးမိကာ ...

"သက်တံကို စိတ်မဆိုးဘူး မဟုတ်လားဟင်"

"အင်း ... ထားပါတော့။ ရပါတယ်၊ ကျွန်တော့်ကိုခွင့်ပြုဦး"

သူက လှစ်ခနဲ ထွက်သွားဖို့ပြင်သည်။ သက်တံသည် ကပျာကယာပင် သူ့ရှေ့မှ ပိတ်ရပ်လိုက်ကာ ...

"ဟို ... မိုးကျနေတယ်လေ။ ကြယ်စု ထီးမပါဘူး မဟုတ်လား။ ထီးယူသွားပါလား"

သူက သက်တံကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ ...

"မယူချင်ပါဘူး။ ဘာဖြစ်လို့ ဖွတ်လိုက်ပေးနေတာလဲ"

"ဩော် ... ပေးချင်လို့ပေါ့။ ထီးမယူချင်ရင် မိုးကာယူမလား"

သက်တံရဲ့ ပြုံးစိစိအပြောကို သူက စိတ်ရှုပ်သလိုဖြင့် ခေါင်းကိုသွက်သွက်ခါယမ်းသည်။





"ဘာမှမယူဘူး။ သွားတော့မယ်"

"ဟင် ... အဲဒီလိုတော့ မလုပ်ပါနဲ့။ မိုးမိရင် ဖျားမှာပေါ့။ ဘာကိစ္စ ထီးမဆောင်းရတာလဲ။ မိုးတွင်းဆိုတော့ မိုးက အမြဲရွာနေမှာပဲလေ ...

ဖျားတော့ နာတော့ မကောင်းဘူးပေါ့ ကြယ်စုရဲ့။ ရော့ပါ ... ထီးယူသွားပါ၊ မနက်ဖြန် ပြန်ပေးရင် ရတာပဲလေ ... နော်"

ချော့မော့သလို ပြောနေသည့် သက်တံကို သူက စိတ်ရှုပ်သလို တစ်ချက်စိုက်ကြည့်သည်။ သက်တံသည် ကြယ်စုရဲ့ အညိုရောင်မျက်ဝန်းလေးများ၏ စိုက်ကြည့်ခြင်းကို ခံလိုက်ရလျှင် ရင်ထဲမှာ နွေးခနဲ လှုပ်ရှားသွားသည်။ ဘုရားရေ ... အဲဒါဟာ ဘာကြောင့်ပါလိမ့်။ သက်တံရဲ့ဘဝတစ်လျှောက်မှာ ကြယ်စုထက် ချောသော၊ ချမ်းသာသော ယောကျ်ားတွေရဲ့ ချစ်ခင်အလေးထားခြင်းကို ခံခဲ့ရတာတောင် ဘယ့်နှယ်မှ နေခဲ့တာ မဟုတ်ချေ။ အခုတော့ ဘာမဟုတ်တဲ့ ဒီအညိုရောင်မျက်ဝန်းလေးနဲ့မှ ...

ဟင့်အင်း ... ဘာမဟုတ်တာတော့ မဖြစ်နိုင်။ ဟုတ်လို့ကို သက်တံရဲ့ရင်ထဲမှာ ထူးခြားသွားတာပဲ ဖြစ်တော့သည်။

"ကဲ ... ကဲ ... ပေး"



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်မရှည်သည့် ပုံစံဖြင့် သက်တံရဲ့လက်ထဲမှထီးကို ဆောင့်ကြီးအောင့်ကြီးနှင့် ဆွဲယူသွားလျှင် သက်တံသည် သဘောတကျဖြင့်ပြုံးကာ ကျေနပ်ကျန်ရစ်ခဲ့သည်။ သက်တံရဲ့ YAMASU ထီး နက်ပြာအစင်းလေးကို ဆောင်းကာ ထွက်သွားသော သူ့ကျောပြင်လေးကို ငေးကြည့်ကာ ရင်ထဲမှာ အေးချမ်းမှုတစ်ခုက ဖြတ်သန်းစီးဆင်းလို့ လာလေသည်။

"သက်တံရယ် ... နင်ကတော့ မဟုတ်တော့ဘူးနော်"

သက်တံသည် နောက်ပါးမှ ရောက်လာရင်း ပြောလိုက်သော လမင်းကို လည်ပင်းလေးလိမ်ကြည့်ကာ ငုံ့ပြုံးပြရင်း မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ နားလည်ပေးပါဆိုသည့်သဘော။ လမင်းက သက်တံကို နှုတ်ခမ်းဆူကြည့်ကာ ...

"နင် သူ့ကို ဘယ်နားလေးကိုများ ကြွေသွားတာလဲ"

"ဩော် ... မကြွေပါဘူးဟာ"

"အေး ... ခုမကြွေတောင် နောက် ကြွေမယ့်လက္ခဏာပဲ။ ဟင်း ... အံ့ဩပါတယ်ဟာ။ ငါသာဆိုရင်တောင် လှည့်ကြည့်ဖြစ်မှာ မဟုတ်တဲ့ ရုပ်ကိုများ ...

သူ ထီးမပါလို့ ထီးပေးတာတောင် ခြေသလုံးဖက်မတတ် ခယပြီး ပေးနေရတယ် သက်တံရယ်၊ ငါတော့ နင့်ကို အံ့ဩတာပဲ"





"မအံ့ဩနဲ့ ... ဘာမှ အံ့ဩစရာမရှိဘူး။ ကဲ ... သွားကြစို့ မိုးသည်းလာလိမ့်မယ်"

"နင့်ဘိုးအေလေးကို ထီးပေးလိုက်တော့ နင်က ဘာနဲ့ဆောင်းမှာလဲ၊ ငါ့ထီးတော့ ကပ်ပြီးလာမဆောင်းနဲ့။ ငါ့ထီးက ငါ တစ်ကိုယ်စာနဲ့ အကိုက်ပဲ"

"တစ်သက်လုံး ပေါင်းသင့်တဲ့ သူငယ်ချင်းကောင်းကြီးပဲ"

"ရတယ်။ ကြိုက်သလို သတ်မှတ်နိုင်တယ်။ ကိုယ့်ဟာကိုယ် အသေခံလျှောက်၊ မိုးရေထဲမှာ"

"မိုးရေထဲမှာ အချစ်ရေ ခဏလေး တွေ့လိုက်ရုံနဲ့ ... စိတ်လှုပ်ရှားတယ် ... မင်းလေးအကြည့်များ စွဲလမ်းနေပြီ ... တို့ရင်ထဲမှာ မင်းကို ဘယ်လောက်များ ချစ်မိလို့သွား ... တို့ကိုယ်တို့တောင် မသိလိုက်ရပါလား ... တစ်နစ်က မိုးရာသီထဲ မင်းနဲ့စတွေ့ချိန်မှာ ..."

သက်တံသည် ကျောပိုးအိတ်ထဲမှာ GIORDANO မိုးကာအင်္ကျီလေးကို ဟန်ပါပါထုတ်ဝတ်ဖြင်း လမင်းကို L ဆိုင်းဇီ၏ "မိုးရာသီထဲ"သီချင်းကို ပြုံးစစဖြင့် ဆိုပြလိုက်သည်။ လမင်းက နှုတ်ခမ်းကြီးကို တမင်အရုပ်ဆိုးအောင်မဲ့ကာ ချာခနဲ လှည့်ထွက်သွားလေသည်။ သက်တံသည် လမင်းရဲ့နောက်သို့ အမီပြေးလိုက်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လမင်းရဲ့ … လောကမှာ သိအိုရီအတိုင်း တွက်လို့ မရတဲ့ကိစ္စတွေ အများကြီးပဲ။ ယောကျ်ားလေးတစ်ယောက်ကို ကြည့်ကောင်းမှ၊ ချောမှ လှမှ အသားဖြူမှ၊ ပိုက်ဆံရှိမှ၊ အဝတ်အစား အကောင်းစားတွေဝတ်၊ ဖက်ရှင်မိုက်ပြီး ကားစီးနိုင်မှ အဲဒါမျိုးတွေရှိမှ စိတ်ဝင်စားရမှာလား"

"အင်းလေ … အားလုံးမဟုတ်တောင် တစ်ခုခုမှာတော့ Attrection ရှိနေရမယ်လေ"

"အင်ဟင် … ရှိတယ်လေ"

"ဟင်း … ဘာရှိတာလဲ၊ ဂျစ်ကန်ခွစာ အထက်စီးသမား၊ ဆန်မရှိ အစားကြီးထဲက ဟာမျိုးများ"

"သြော် … အဲဒါကိုက Atterction တစ်မျိုး ရှိနေတာပဲလေ၊ ခက်တယ် လမင်းရယ်၊ နင် နားလည်အောင် ငါ ဘယ်လို ပြောပြရမှာလဲ၊ သူ့ပုံစံလေးက သူများတွေအတွက် သာမန် ဖြစ်ပေမယ့် ငါ့အတွက် ထူးခြားနေတာတော့ အမှန်ပဲဟာ … ရောင်စုံတွေကြားမှာ ဘာအရောင်မှ မရှိတဲ့ အဖြူရောင်လေးက ထူးခြားနေတဲ့ ပုံစံမျိုးပေါ့။ အဲဒီလိုပါဟာ"

"ငါကတော့ အဲလိုမမြင်ဘူး"

"ဘယ်လိုမြင်တာလဲ"





သက်တံသည် မိုးပေါက်များ ခပ်စိပ်စိပ်ကျလာတာကို လက်ဝါးနှင့်ခံကြည့်ပြီးမှ လာနေသော Taxi တစ်စီးကို ဖမ်းတားမိသည်။ မိုးက သည်းလာတော့မှာမို့ လမ်းလျှောက်လျှင် မိုးစိုတော့မှာဖြစ်သည်။ သက်တံနှင့် လမင်းသည် Taxi ပေါ်သို့ရောက်လျှင် ပြတ်သွားသောစကားကို ပြန်ဆက်ဖို့ ပြင်သည်။

"ဟဲ့ … နင်ပြောတာ ဆက်ပြောလေ။ ငါ့ကို ဘယ်လိုမြင်တယ်ဆိုတာ၊ ဟင် … ဟိုမှာ သူ … သူပါလား။ ကြည့်စမ်း သူက ဘိန်းမုန့်ကြိုက်တယ်တော့။ ဘိန်းမုန့် ဝယ်စားနေတယ် လမင်းရေ"

သက်တံသည် Taxi ပေါ်မှနေ၍ လမ်းဘေးပလက်ဖောင်းကဆိုင်မှာ ဘိန်းမုန့်ဝယ်နေသောသူ့ကို မြင်လျှင် ကလေးငယ်တစ်ယောက်လို ပျော်ရွှင်မြူးတူးသွားရသည်။ သက်တံရဲ့ထီးနက်ပြာလေးကိုဆောင်းကာ အရပ်ရှည်ရှည်ကိုင့်လျက် ဘိန်းမုန့်ဝယ်နေသော သူ့ပုံစံသည် သက်တံရဲ့မျက်လုံးထဲမှာတော့ ရေးပြီးစ ကဗျာတစ်ပုဒ်လိုပင် သစ်လွင်ခမ်းနားလို့နေသည်။ ကားက မြန်သောကြောင့် သက်တံမှာ သူ့ကို ခဏပဲတွေ့လိုက်ရသည်။ ကျန်ခဲ့သော သူ့ကို လည်ပြန်ငေးကြည့်နေသော သက်တံကို လမင်းက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘိန်းမုန့်ကြိုက်တယ်နော်၊ အံ့သြစရာကြီး"

"သူ့ဘတ်ဂျက်နဲ့ ကိုက်တာ ကြိုက်ရတာ နေမှာပေါ့"

"နင်ကလည်းဟာ အဲလိုမပြောပါနဲ့"

"ဟဲ့ ... မဟုတ်လို့လား။ ထီးတစ်ချောင်းတောင် မဝယ်နိုင်တဲ့သူကများ"

"ဟာ ... သူ့ဟာသူ ပျင်းလို့ မယူတာ နေမှာပါဟာ။ သင်တန်းတောင် လာတက်နေတာပဲ။ ထီးကတော့ ဝယ်နိုင်မှာပါ။ ယောကျ်ားလေးတွေက ထီးယူပျင်းကြတာပဲဥစ္စာ"

"အမယ်လေး ... ရန်ကုန်သားတွေကတော့ ထီးယူမပျင်းကြပါဘူးနော်။ ထီးယူပျင်းလို့ အားလုံး ရောကုန်မယ်။ ဘတ်စ်နဲ့ ကိုးခြောက်ကိုးသုံး သွားနေတဲ့လူတွေ ဘယ်ထီးယူပျင်းကြမှာလဲ။ မရှိလို့ မဆောင်းတာ အသိသာကြီး"

"နင်ဟာလေ ... သူများကိုဆို ပျစ်ပျစ်နစ်နစ် ပြောဖို့ဝန်မလေးဘူး"

"အေး ... နောင်ကို ဒီ့ထက်ပြောဦးမယ်"

"whatever I don't care "

လမင်းက သက်တံရဲ့စကားကို မကျေနပ်သလိုဖြင့် တစ်ဖက်သို့ လှည့်သွားသည်။





သက်တံသည်လည်း လမင်းကို စကားဆက်မပြောဖြစ်တော့ဘဲ ကားပြတင်းမှတစ်ဆင့် ခပ်သည်းသည်းကျလာသော မိုးဖွဲများကို ငေးနေမိသည်။ အင်း ... သက်တံရဲ့ထီးလေးကိုဆောင်းပြီး သူတစ်ယောက် အိမ်သို့ ချောချောမောမော ပြန်ရောက်ပါစေ။

အချစ်ဆိုတာ ဒီအသက်အရွယ်ထိ မခံစားတတ်၊ မကြုံခဲ့ဖူးပေမယ့် လူတစ်ယောက်ကို စေတနာတွေပို၊ ကရုဏာတွေပိုမိတာကတော့ ဘဝမှာ ဒါ ပထမဆုံးပဲ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မလှဘူးလို့ ဘယ်သူပြောလဲ
ချစ်တဲ့မျက်စိနဲ့ပဲ ကြည့်မှာလေ
ချစ်တယ် ဆိုကတည်းက
အကောင်းမြင်စိတ်က ပါလာပြီးသားပါ ချစ်သူ။



၃

သူသည် အိမ်ခြံဝင်းတံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်တာနှင့် မျက်လုံးက အဝတ်ကြိုးတန်းသို့ အကြည့်ရောက်သွားလျှင် ထင်သည့်အတိုင်း ဖြစ်သောကြောင့် ဒေါသက ထောင်းခနဲ ထွက်သွားသည်။ မနက်က နေသာသောကြောင့် သူက သူ့အဝတ်အစားတွေကို ကိုယ်တိုင်လျှော်ဖွပ်ကာ လှမ်းထားခဲ့သည်။ သို့သော် အစိုးမရသော ရန်ကုန်မိုးက သူ သင်တန်းဆင်းခါနီးမှ ကပ်ရွာသောကြောင့် တစ်မနက်ခင်းလုံး ခြောက်ထားခဲ့သော သူ့အဝတ်အစားများမှာ ပြန်လည်၍ ရွှဲရွှဲစိုသွားပြီဖြစ်သည်။ သို့သော် သူက မိုးကို အပြစ်မတင်ချေ။ အိမ်မှာ အဝတ်ရုပ်ဖို့ လူရှိပါလျက်နှင့် အဝတ်မရုပ်သော လူတွေကိုသာ အပြစ်တင်ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အဝတ်အစိုများကို လုံးထွေးကိုင်လာကာ အိမ်ပေါ်သို့ စိတ်တိုတိုဖြင့် တက်လာခဲ့သည်။ အိမ်ရှိ ဧည့်ခန်းထဲတွင် သူ့မိထွေးတော်မှာ ကိုရီးယားကားကို မျက်တောင်မခတ်တမ်း ကြည့်နေသည်မှာ သူ ဝင်လာတာကို မသိချေ။ အခုနေများ နောက်ကနေ၍ အုတ်နီခဲနှင့် ခေါင်းကိုထုလိုက်လျှင်တောင် သိမည့်ပုံမပေါ်ချေ။ သူက စိတ်တိုတိုဖြင့် ဆောင့်အောင့်ခေါ်လိုက်သည်။

"အဒေါ်"

ဆံပင်လိမ်ကောက်ကောက်နှင့် နှုတ်ခမ်းနီကို ရဲနေအောင် ဆိုးထားတတ်ပြီး၊ အကျီလက်ပြတ်များကိုသာ ဝတ်တတ်သူ သူ့ရဲ့မိထွေးတော်သည် အာရုံပျက်သွားဟန်ဖြင့် သူ့ကို မျက်မှောင်ကြုတ်ကာ လှည့်ကြည့်သည်။

"ဘာလဲ"

"ဒီမှာ မနက်တည်းက အဝတ်အစားတွေ လျှော်ပြီးလှမ်းသွားတာဗျာ၊ မိုးမရွာခင် ခြောက်နေပြီပဲ၊ ဘာလို့ ရုပ်မပေးထားတာလဲ၊ ခုတော့ အားလုံး စိုကုန်ပြီ"

"အောင်မယ် ... အလိုတော်၊ နင်က ငါ့ကို မှာခဲ့လို့လား"

"ဩော် ... မှာစရာလိုလားဗျာ။ မိုးရွာနေရင် လှမ်းထားတဲ့ အဝတ်အစားတွေ ရုပ်ရမယ်ဆိုတာ ဦးနှောက်ရှိတဲ့လူတိုင်း သိပါတယ်"





"ဘာ ... နင်က ငါ့ကို ဦးနှောက်မရှိဘူးလို့ ပြောတာပေါ့လေ ... ဟုတ်လား။ ကြည့်စမ်း ... လူပါးဝလိုက်တာ။ နင့်အကျီရုပ်ပေးထားရအောင် ငါက နင့်ကျွန်လားဟဲ့။ ငါ့မှာလည်း ငါ့အလုပ်နဲ့ငါ လက်လည်တာ မဟုတ်ဘူး ...

အားအားယားယား နင့်အဝတ်အစားကို လိုက်ရုပ်ပေးမနေနိုင်ဘူး။ စိတ်မရှည်ရင် တစ်နေကုန် ကိုယ့်ဟာကိုယ် ထိုင်စောင့်နေ။ ငါ့ကို ဘာမှသောက်ပြစ်လာပြောစရာ မလိုဘူး"

သူ့မိထွေးက သူ့ကို တစ်ခွန်းမခံ ကက်ကက်လန်အောင် ရန်တွေ့လေသည်။ သူသည် စိတ်တိုလာသောကြောင့် ထင်းလာသော နဖူးကြောတွေကို ရှုံ့ထားမိသည်။ သူ့ရဲ့မိထွေးတော်သည် တကယ့်ကိုပင် ပုံပြင်တွေထဲက မိထွေးပုံစံအတိုင်းပဲ ဖြစ်သည်။

သူ ငါးတန်းနှစ်မှာ သူ့မိခင်က ကျောက်ကပ်ရောဂါဖြင့် ဆုံးပါးသွားခဲ့ပြီးနောက် သူ့အဖေက တစ်နှစ်ခန့်အကြာတွင် ဒီမိန်းမကို ယူခဲ့ခြင်းဖြစ်သည်။ ထိုမိန်းမမှာ သူ့အဖေထက် ခုနစ်နှစ်လောက်ငယ်သည်။ ရောက်ခါစ သုံးလေးလလောက်ကတော့ ကောင်းနေသေးသည်။ နောက်တော့လည်း ကျရော မင်းသားခေါင်းကျွတ် ဆိုတော့တာပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေရှေ့ရောက်လျှင် ပတ်ချွဲနပ်ချွဲဖြင့် ပလီပလာ စကားဆိုမည်။ သူ့ကို ကြင်နာသယောင်ယောင်၊ ကရုဏာထား သယောင်ယောင် လုပ်ပြမည်။ သူ့အဖေ ကွယ်ရာရောက်လျှင်တော့ ကောင်းကောင်းကြီး ပညာပြတော့တာပဲဖြစ်သည်။ ဒါကို မခံနိုင်သောသူက သူတစ်ပြန် ကိုယ်တစ်ပြန်ပြောလျှင် အိုက်တင်တော်သော ထိုမိန်းမက အဖေ့ရှေ့တွင် မျက်ရည်လေးစမ်းစမ်းဖြင့် အသနားပိုအောင် လုပ်ပြမည်။ သူဆိုသော ကောင်ကလည်း နှုတ်ကမှ စကားပြောမတတ်လေရာ သူ့အဖေအမြင်မှာလည်း သူ့အဆိုးချည်းပဲသာဖြစ်သည်။

သူ့မိထွေးမှာ တစ်နေ့ တစ်နေ့ ဘာအလုပ်မှ ဟုတ်တိပတ်တိ လုပ်တာမဟုတ်။ တကယ့်ကို ပေါ်ကြော့မိန်းမပျင်းဖြစ်သည်။ သူ့အဖေက ကုမ္ပဏီတစ်ခုမှ စာရင်းစစ်တစ်ယောက်မို့ မနက်ကနေ ညနေအထိ အိမ်မှာမရှိတတ်။ သူနဲ့မိထွေးနဲ့သာ ကျန်ရစ်ခဲ့သည်။ သူကလည်း မိထွေးနဲ့ မနေချင်သောကြောင့် အိမ်သိမ်ကပ်လေ့မရှိချေ။ များသောအားဖြင့် သူ့သူငယ်ချင်း တွတ်တွတ်ရဲ့လက်ဖက်ရည်ဆိုင်မှာသာ အချိန်ကုန်တတ်သည်။ ဒါကို သူကပဲ အလုပ်မရှိ အကိုင်မရှိ လက်ဖက်ရည်ဆိုင်ထိုင်ကာ အချိန်ဖြုန်းသည်ဟု စွပ်စွဲသေးသည်။ ပြောရလျှင်တော့ သူ့မိထွေး ယဉ်နွဲ့သီသည် စိတ်ဓာတ်ကိုက မကောင်းသော





ဖြစ်သည်။ အဲဒီမိန်းမအလုပ်က တစ်နေ့ တစ်နေ့ မိတ်ကပ်အဖွေးသားလူးကာ အိမ်တကာလှည့် အတင်းတုတ်မည်။ အဝတ်အစားတွေ လပေးနှင့် အကြွေးယူမည်။ ပြီးတော့ ခုတလော ရောဂါတစ်မျိုးတိုးလာသည်မှာ မြန်မာစာတန်းထိုး ကိုရီးယားကားတွေ ပေါ်များအောင် ထွက်နေလေရာ အဲဒီကားတွေကို တစ်နေကုန်တစ်နေခန်း ထိုင်ကြည့်မည်။ ကိုရီးယားကားတင်မဟုတ် မြန်မာကားတွေလည်း မလွတ်စေရချေ။ တစ်နေ့ တစ်နေ့ ကိုရီးယားကားတွေကြည့်ကာ ကိုရီးယားရူး ရူးရတာလည်း အမောပဲဖြစ်သည်။

ထမင်းကို တူနဲ့စားရတာနဲ့၊ ကမ်ချီလုပ်ရတာနဲ့ အဆိုးဆုံးကတော့ သူ့အဖေကို ရောင်ပိုး ရောင်ပိုးနှင့် အရှက်မရှိ နေတာပဲ ဖြစ်တော့သည်။ သူသည် ထိုမိန်းမကြီးနှင့် နေရသည် ငရဲကျနေသလားဟုပင် ထင်ရလေသည်။ ဒီကမ္ဘာကြီးပေါ်တွင် သူ့အတွက် နိဗ္ဗာန်မှာ တစ်နေရာတည်းမှာပဲ ရှိပါသည်။ သူက အဝတ်အစားတွေကို စိတ်ပျက်လက်ပျက်ဖြင့် ဖလုံထဲပစ်ချကာ...

"ခင်ဗျားကို အပြစ်ပြောနေတာ မဟုတ်ဘူး။ ဒါပေမဲ့ နည်းနည်းလေးတော့ သိတတ်ဦးမှပေါ့ဗျာ။ ကျွန်တော်ကိုယ်တိုင် လျှော်သွားတာ ခင်ဗျားလည်း အမြင်ပဲ။ နေထွက်စာနန်း လျှော်ထားရတဲ့ဥစ္စာ ...

ခင်ဗျား ညစ်ပတ်ပြီး တမင်မရုပ်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ငါ့ကိုများ ညစ်ပတ်သလေး ဘာလေးနဲ့။ နင့်အဝတ်အစားတွေ ငါက အဆင့်သင့် ရုပ်ပေးထားရအောင် နင်က ငါ့လင်မို့လို့လားဟဲ့"

"တောက် ... ခင်ဗျား မမိုက်ရိုင်းနဲ့ဗျာ၊ စကားကို ဆင်ခြင်ပြော"

သူ့မိထွေးမှာ အကျင့်မကောင်းရသည့်အထဲတွင် စကားပြောကလည်း အင်မတန်ကို ပက်စက်ကြမ်းတမ်းကာ မိုက်ရိုင်းသောသူ ဖြစ်သည်။ အဲဒီအပြောအဆိုတွေနှင့် နေရသော သူ့မှာ တော်တော့်ကို စိတ်ဆင်းရဲရပါသည်။ ဖြစ်နိုင်လျှင် သူ အိမ်မှာ နေကိုမနေချင်တော့ပါ။

"ဘာမှ ဆင်ခြင်ပြောနေစရာ မလိုဘူး၊ ငါက ငါ့ဘာသာငါ နေတာ၊ နင်က လာပြီးအရစ်တက်နေတာ၊ အပြောမခံချင်ရင် အပြောမခံရအောင်နေ၊ ငါ့ကိုတော့ ဘာမှလာမဆွနဲ့။ ဟင်း ... တစ်နေကုန် တစ်နေခန်းတော့ လမ်းသလားနေပြီးတော့ ဘာမှမဆိုင်တဲ့လူကို လာအရစ်တက်နေတယ်_

တစ်ခါတည်း ပြောထားမယ်၊ နင်နဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ ငါ ဘာမှလုပ်မပေးနိုင်ဘူး မှတ်ထား။ ငါ့ချက်တဲ့ ထမင်းဟင်းတောင် နင် ကံကောင်းလို့ စားနေရတယ်မှတ်၊ ဖွီ ... စေတနာကို မရှိတာ"





"စေတနာမရှိလည်း သေလိုက်ပေါ့ဗျာ။ အော ... ကျုပ်လမ်းသလားနေတာ ခင်ဗျားနဲ့ တစ်အိမ်တည်းကို အတူမနေချင်လို့ ဆိုတာလည်း မှတ်ထားဦး ...

ခင်ဗျားရော အိမ်မှာနေပြီး ဘာများလုပ်နေရလို့လဲ၊ အိမ်ပေါ်မှာက သဲတရှပ်ရှပ် ဖုန်အလိမ်းလိမ်း၊ ကျုပ်အမေရှိတုန်းကဆို ကြမ်းခင်းက မှန်ကြည့်လို့တောင်ရတယ်၊ ချက်တဲ့ထမင်းက ပျော့စိုးမနပ်၊ စကားထဲ လာထည့်ပြောမနေနဲ့"

"အောင်မယ်လေး ... အောင်မယ်လေး ... သေနာကောင်၊ ငါ့ကို ယောကျ်ားတန်မယ့် ကက်ကက်လန်အောင် ရန်တွေ့နေလိုက်တာ၊ နင့်အမေဂုဏ်ကို လာဖော်ချင်ရင် ဒီမှာ လာဖော်မနေနဲ့ဟဲ့။ သင်္ချိုင်းကုန်းကို လိုက်သွား၊ ဟင်း ... တွေ့မယ်၊ နင်တော့လား"

"ခင်ဗျားဘာသာ တွေ့ချင်တွေ့ မတွေ့ချင်နေ၊ ဂရုစိုက်လို့"

သူကလည်း တစ်ခွန်းမကျန် ပြန်အော်ကာ စိတ်တိုတိုနှင့် အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။ သူ့ခြေလှမ်းများ၏ဦးတည်ရာသည် တစ်နေရာတည်းသို့သာ ဖြစ်သည်။ ဒေါသစိတ်ကြောင့် သွက်လက်သော ခြေလှမ်းများသည် သူ သွားလိုသော



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ ခဏလေးနှင့်ရောက်အောင် ချက်ချင်းပို့ဆောင်ပေးလိုက်ကြသည်။ သူသည် ကဗျာတို့အိမ်ထဲသို့ ဝင်လိုက်လျှင် အိမ်အောက်ထပ် တန်းလျားပေါ်တွင် ကြက်သွန်ဖြူ သင်နေသော ကဗျာက သူ့ကို လှမ်းမြင်သွားကာ တစ်ချက် ပြုံးပြသည်။

သူက ကဗျာရဲ့သော နေရာလွတ်မှာ အသံမြည်အောင် ပစ်ထိုင်ချလိုက်လျှင် ကဗျာက သူ ဘာဖြစ်လာတယ်ဆိုတာကို ချက်ချင်းရိပ်မိပြီဖြစ်သည်။

"ဘာလဲ ... အန်တီနွဲ့နဲ့ ရန်ဖြစ်လာပြန်ပြီပေါ့၊ ဟုတ်လား"

"ဘာအန်တီနွဲ့လဲ၊ တော်စမ်းပါဟာ၊ ကျုပ်သရေစုံးလိုက်တာ"

"သြော် ... ကြည့်၊ လူကြီးကို အဲဒီလို မပြောရဘူးလေ ကြယ်စုရယ်။ ရဲကြီးအောင်လို့။ ကဗျာ မှာထားတာတွေ မေ့နေပြီလား။ သူ ဘာပြောပြော ဘာလုပ်လုပ် အဲဒါဟာ သူ့အဆင့်အတန်းပဲ။ ကိုယ်က သူပြောလို့ အဲဒီလို လိုက်ပြောရင် သူ့အဆင့်အတန်းကို ကိုယ်ပါ ခုန်ဆင်းသွားသလို ဖြစ်နေမှာပေါ့"

"ဖြစ်လည်း မတတ်နိုင်ဘူးကွာ။ ရင်ထဲမှာရှိတဲ့ ဒေါသကို မျိုတော့ မျိုသိပ်မထားနိုင်ဘူး။ အဲလို ပြောလိုက်လို့ ပေါ့သွားရင် နည်းနည်းဖြေလို့ ရသေးတယ် ...





စဉ်းစားကြည့်ပါဦး ကဗျာရာ၊ မနက်က နေပူဝင်လို့ ငါ့အင်္ကျီတွေ ဘောင်းဘီတွေ လျှော်သွားတာ။ နေ့လယ်ဆိုရင် ခြောက်နေပြီပဲ။ အဲဒါကို မိုးရွာတာ ရုပ်မပေးထားဘူး။ သူကတော့ ကိုရီးယားကားနဲ့ငြိမ်လို့ ...

တမင်သက်သက် ယုတ်မာပြီး မလုပ်ပေးတာ။ အရမ်းသိသာတယ်။ တကယ့်ကို စိတ်ဓာတ်မကောင်းတဲ့ မိန်းမကြီးပါဟာ။ တစ်နေ့ တစ်နေ့ သူနဲ့မျက်နှာချင်းတစ်ခါဆိုင်ရင် အသက်တစ်ရက် တိုတယ်"

သူ့ရဲ့ဒေါနဲ့မောနဲ့ အပြောကို ကဗျာက အေးချမ်းသောအပြုံးလေးနှင့် ငေးကြည့်ပါသည်။ ပြီးတော့ အခွံနွှာပြီးသွားသော ကြက်သွန်ဖြူခြင်းလေးကို စားပွဲပေါ်သို့ တင်လိုက်ကာ ခေါင်းတစ်ချက်ညိတ်လျက် ...

"အဲဒါကိုက ကြယ်စု မှားနေတာ။ ကိုယ့်ကို စိတ်အနှောင့်အယှက်ပေးတဲ့လူနဲ့ မပတ်သက်အောင် ခပ်ကင်းကင်းနေရမှာလေ။ ဥပေက္ခာတရားကို မွေးထားပေါ့ ကြယ်စုရေ။ အခုတော့ သူ လုပ်သမျှ ကိုယ်က ဒေါသထွက်နေရင် ကိုယ်ပဲ အကုသိုလ်များတာပေါ့"

သူက ကဗျာကို စိတ်လျှော့သလို တစ်ချက်ကြည့်ကာ သက်ပြင်းကို ဆောင့်ချလိုက်သည်။ ကဗျာ ဆိုသော သူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေး နှင်းကဗျာသည် နာမည်နဲ့လိုက်အောင် အေးချမ်းဖြူစင်ရှာသူလေးဖြစ်သည်။ ကဗျာသည်လည်း သူ့လိုပင် မိစုံဖစုံမရှိရှာတော့ချေ။

သို့သော် ကဗျာမှာက မိထွေးလည်းမရှိ၊ ပထွေးလည်းမရှိချေ။ အမေ မုဆိုးမကြီးနှင့် ကဗျာတို့ ညီအစ်မနှစ်ယောက်တည်း အေးချမ်းသောဘဝလေးမှာ နေထိုင်နိုင်ကြသည်။ ကဗျာ့အမေကြီးမှာ အင်မတန် အချက်အပြုတ်ကောင်းသောကြောင့် ဒီမြို့နယ်တစ်ဝိုက်မှာ ထမင်းချိုင့်ဆွဲပို့သည့် လုပ်ငန်းကို လုပ်ကိုင်သည်။ ထမင်းဆိုင် မဖွင့်ပါဘဲနှင့်ကို ထမင်းချိုင့်ဆွဲလုပ်ငန်းမှာ လက်မလည်ချေ။

ပွဲ့လင်းရာသီတွေ ရောက်လျှင်လည်း အလှူမင်္ဂလာပွဲအတွက် အိုးကြီးချက်ပေးရသည့် အလုပ်ပါ ရှိလေရာ ထိုစင်ငွေဖြင့် ကဗျာတို့မိသားစုလေးမှာ အေးအေးချမ်းချမ်း ဖူဖူလုံလုံရှိသည်။ ဘာသာတရား ကိုင်းရှိုင်းသော မိခင်ရဲ့အုပ်ထိန်းမှုအောက်မှာ နေလာသောကြောင့် ကဗျာသည် တစ်ခုခုကို ဘာသာရေးရှုထောင့်မှကြည့်ကာ အမြဲတမ်း တရားသဘောဖြင့် ဖြေတွေးတတ်သည်။ သူ့ကို အဖြေပေးတာတောင် တရားသဘောနှင့် ယှဉ်ကာတွေးပြီး အဖြေပေးခဲ့သဖြင့် အီလည်လည်ကြီး ဖြစ်ခဲ့ရဖူးသည်။ အဲဒီတုန်းက စကားကို သူ မှတ်မိလို့နေသေးသည်။





"အင်းပေါ့လေ။ ပုထုဇဉ်တွေ ဆိုတော့လည်း ပိုးဖလံမျိုးမီးကိုတိုး ပူမှန်းသိပေမယ့်လည်း မရှောင်နိုင်ဘူးလေ။ ဒါပေမဲ့ အတတ်နိုင်ဆုံးတော့ ငြိမ်းချမ်းတဲ့ မေတ္တာနဲ့ ချစ်သွားရမှာပေါ့"

သူ့မှာ ဝမ်းနည်းရတော့မှာလိုလို၊ ဝမ်းသာရတော့မှာလိုလိုကြီးပင်။ အဲဒီလို ကဗျာ ဖြစ်ပါသည်။ ကဗျာသည် မွန်းကျပ်နေသော သူ့နှလုံးသားတွေရဲ့ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည်။ အိမ်မှာ သူ အဆင်မပြေသမျှ၊ အပြင်မှာ သူ အဆင်မပြေသမျှ ကဗျာ့ထံ ရောက်သွားလျှင် သူ့စိတ်တို့ အမြဲပဲ အေးချမ်းသွားရပါသည်။ ကဗျာနှင့် သူသည် ငယ်ငယ်လေးတည်းက သူငယ်ချင်းဖြစ်သောကြောင့် သူ့အပေါ်တွင် နားအလည်နိုင်ဆုံးသူမှာလည်း ကဗျာပဲ ဖြစ်သည်။ သူ့ဘဝတွင် ကဗျာ့ကို အဆုံးရှုံးမခံနိုင်အောင် ချစ်ရပါသည်။

"နောက်ကို အပြင်သွားမယ်ဆိုရင် အဝတ်တွေ လျှော်မသွားနဲ့ပေါ့ ကြယ်စုရယ်။ ကဗျာ့ကို ပေးခဲ့လို့ ရပါတယ်။ ကဗျာ လျှော်ဖွပ်ထားပြီး မီးပူတိုက်ထားပေးမှာပေါ့ ...

နော် ... နောက်ကို ကဗျာ့ကိုပေးခဲ့ ကြားလား"

သူက လူကြီးလေးလို ပြောနေသည့် ကဗျာ့မျက်နှာလေးကို စူးနင့်စွာ ငေးမောမိသည်။ ချစ်သော ကဗျာသည် ဒါးထိ



www.burmeseclassic.com

www.burmeseclassic.com



ရှည်သော ဆံနွယ်များကို သိုးမွေးကွင်းလေးဖြင့် ရိုးရိုးလေး စုစည်းထားကာ ချည်ထည်အပွင့် ဝမ်းဆက်လေးကို မြန်မာဆန်ဆန် ချုပ်ဝတ်ထားသည်။

အသားဖြူဖြူလေးနှင့် သူ့ထက် ခေါင်း တစ်လုံးနိမ့်သော ကဗျာကို လမ်းအတူယှဉ်တွဲလျှောက်သွားတိုင်း ငုံ့ကြည့်ရတာကို သူက သဘောအကျဆုံး ဖြစ်ပါသည်။

"ဘာကြည့်နေတာလဲ၊ ပြောတာ ကြားရဲ့လား"

သူက မဖြေသဖြင့် ကဗျာက သူ့လက်မောင်းကို တွန်းကာ အော်သည်။

"ချစ်လို့ ကြည့်နေတာပေါ့ကွာ၊ မကြည့်ရဘူးလား"

သူ့အပြောကြောင့် ကဗျာ့ မျက်နှာပေါ်တွင် ရှက်ပြုံးလေး ဖြတ်ပြေးသွားသည်။

"ကြယ်စု ဒီမှာပဲ ထမင်းစားသွားနော်"

"အင်း ... မကျွေးလည်း ဗွတ်တောင်းစားရတော့မှာပဲ၊ ငါလေ ဟိုမိန်းမကြီးချက်တဲ့ ထမင်းကို ပျော့တူးမနှပ်လို့ ပြောပစ်ခဲ့တယ်"

"ဟယ် ... ကြယ်စုကတော့လေ။ အဲဒီလိုတွေ ပြိုင်ပြီးပြောမနေပါနဲ့ ကြယ်စုရယ်။ ဒီလူတစ်ယောက်ကို အဆင်မပြေဘူးဆိုရင် ဘာသိဘာသာပဲ နေလိုက်ပါ ...





သူချက်တဲ့ ထမင်းဟင်း စားလို့အဆင်မပြေရင် အိမ်မှာပဲ လာစားလိုက်၊ အဝတ်အစားတွေလည်း ဒီကိုပဲ ပို့ထား။ ညနေလာတော့ ယူပြန်သွားလို့ ရတာပဲဟာ"

သူ့အပေါ်တွင် စေတနာရှိလွန်းလှသည့် ကဗျာ့ရဲ့ မေးစေ့လေးကို သူက ဖျစ်ညှစ်ပစ်ချင်သော်လည်း ကဗျာတို့ အိမ်ခြံဝင်းထဲမှာ မသင့်တော်သောကြောင့် ဆန္ဒကို အောင့်အည်းထားလိုက်ရလေသည်။ သို့သော်လည်း လက်ဖျားလေးကိုတော့ ဖျတ်ခနဲ သွားရောက်ဖျစ်ညှစ်လိုက်ကာ ...

"မလျှော်ခိုင်းပါဘူးကွာ။ ကိုယ့်ချစ်သူလေး ပင်ပန်းနေမှာ စိုးလို့ပါ။ တော်ကြာ မရသေးဘူး ခိုင်းစားနေတယ် ဖြစ်နေဦးမယ်"

"သြော် ... ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ။ ဒါလည်း ယူတတ်ရင် ကုသိုလ်ပဲဟာ ဟုတ်ဖူးလား။ ဒီဘဝမှာ အဝတ်အစားကို ဖြူဖြူစင်စင် လျှော်ပေးရင် နောင်ဘဝမှာ အသားဖြူဖြူလေး ဖြစ်ကာပေါ့၊ ပြီးတော့ ..."

"အာ ... တော်ပါပြီ ကဗျာရာ။ ငါနဲ့ စကားပြောရင် တရားအကြောင်းတွေ ကုသိုလ်အကြောင်းတွေ ထည့်မပြောစမ်းပါနဲ့၊ နားဝင်မချိုလိုက်တာ"

"ဟင် ... အဲဒီလိုပဲ ပြောရလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ။ တကယ်ဆိုရင် ဩော် ... ကြယ်စုကို စေတနာရှိလွန်းလို့ပါ၊ ကိုယ့်ချစ်သူမို့ လုပ်ပေးချင်လို့ပါလို့ ပြောတော့ ဒီကကောင်က ညကျဖိုးလ်တွေ တက်ရုံပေါ့။ ခုတော့ ကုသိုလ်လိုချင်လို့တဲ့။ နောင်ဘဝတဲ့၊ ဟား ... ဘာတွေလဲကွာ၊ မခံစားတတ်လိုက်တာ ...

ဒီလိုဆို လမ်းထိပ်က အရူးကြီး ဦးဖိုးခေါင်ရဲ့အကျီတွေကို လျှော်ပေးပါလား ... ပြော"

သူ့ရဲ့ဘုအပြောကို ကဗျာက စိတ်မဆိုးချေ။ တခစ်ခစ်နဲ့တောင် ရယ်မောကာ သူ့လက်မောင်းကို တစ်ချက်ထုပါသည်။ ကဗျာက အဲဒီလိုလည်း ခွင့်လွှတ်နိုင်စွမ်းအားက ကြီးမားသေးသည်။ သူ့ဘဝကြီးသည် "နှင်းကဗျာ"ဟူသော ချစ်သူလေး ရှိနေသောကြောင့်သာ နေပျော်ဖို့ ကောင်းနေသေးတာ ဖြစ်ပါသည်။

"အဲဒီ ကြယ်စု တစ်ယောက်လေ သူများကို အရွဲ့တိုက်ပြောရမယ်ဆိုရင် နှစ်ယောက်မရှိဘူး။ ဒါကြောင့် အန်တီနွဲ့နဲ့ မတည့်တာ"

"စကားထဲ ထည့်ပြောမနေစမ်းပါနဲ့ကွာ"

"ဩော် ... အခုမှ သတိရတာ။ ဝင်လာတည်းက သူ့မျက်နှာကြီး စုပုပ်နေတာနဲ့ ပြောမယ့်ဟာတောင် မေ့နေတယ်၊ ကြယ်စုအတွက် Rain Coat လေးတစ်ထည် ဝယ်ထားတာလေ၊ မွေးနေ့လက်ဆောင်ပေါ့"





ရှေ့တစ်ပတ် တနင်္လာနေ့က သူ့မွေးနေ့ဖြစ်သည်။ တကယ်တော့ သူ့မွေးနေ့မှာ ကဗျာက သူ့ကို Rain Coat ကောင်းကောင်းလေး မရှိသဖြင့် ကဗျာက မုန့်ဖိုးစုကာ ဝယ်ပေးမှာကို သူက ကဗျာ ပြောပြထား၍ ကြိုသိပြီးသား ဖြစ်ပါသည်။

"ခဏလေး ... သွားယူလိုက်ဦးမယ်"

"ဩော် ... မွေးနေ့လက်ဆောင်ဆိုတာ မွေးနေ့ရောက်မှ ပေးရတယ်လေ"

"ကြိုပေးလည်း ရပါတယ်။ မိုးတွင်းကြီးပဲဟာ **တစ်ရက်** စောရတော့ တစ်ရက်အသုံးတည့်တာပေါ့ **ကြယ်စုရဲ့**။ ကဗျာ့ရှေ့မှာ တစ်ခါတည်း ဝတ်ပြသွားနော် ...

ကြည့်ချင်လို့"

ကဗျာက သူ့အနားမှထကာ အိမ်ပေါ်တက်သွားသည်။ သူသည် အဲဒီအချိန်မှပဲ စိတ်က တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားလေသည်။ မျက်လုံးဝိုင်းဝိုင်းတောက်တောက်၊ နှုတ်ခမ်းနီထွေးထွေး၊ အိမိုကောဆံပင်ပုံဆန်းလေးနှင့် ဂျပန်မလေး တစ်ယောက်ပမာ့တူသော သူတို့သင်တန်းက ကောင်မလေးကို ဖြစ်သည်။ ဒူးအတိုဘောင်းဘီတိုလေးများကို လွတ်လပ်ပေါ့ပါးစွာ ဝတ်တတ်သော ကောင်မလေးသည် သူ့ကိုမှ ဘာကြောင့် ဓာတ်ကျကာ ဖော်ရွေခင်မင်နေသလဲတော့ မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ထီးနှင့်မိုးကာကို မယူမချင်း စွတ်ပေးနေတတ်သည်မှာ ဘာယကြာချေနေတာလဲတော့ မပြောတတ်ချေ။ တကယ်တော့ သူ့ထက်စာလျှင် အဘက်ဘက်က ပိုပြည့်စုံပုံရသော၊ ရုပ်ရည်အားဖြင့်လည်း သူ့ထက် အများကြီးသာသော ကောင်မလေးဟာ သူ့ကို ဘာအကြောင်းနဲ့မှ စိတ်ဝင်စားဖို့ မရှိဟုထင်သည်။ သူ့ပုံစံဟာ အခုခေတ် ကောင်လေးတွေလို ဖက်ရှင်နေးဘဲလ်ဖြစ်သော ခပ်မိုက်မိုက်ပုံစံမျိုးလည်းမဟုတ်ပါ။ လောကကြီးကို အလိုမကျသော တွန့်ချိုးထားသည့် မျက်ခုံးတစ်စုံဖြင့် သာမန်ကောင်လေးတစ်ယောက်သာ ဖြစ်ပါသည်။

ဒါကိုမှ ...။ သူက ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းလိုက်ချိန်တွင် ကဗျာက အိတ်တစ်အိတ်ကိုကိုင်ကာ သူ့အနားသို့ ပြန်ရောက်လာသည်။

"ရော့ ... ကြည့်ပါဦး၊ ကြိုက်ရဲ့လားလို့။ ကြယ်စု အကြိုက် မိုးခိုရောင်လေးပဲ ယူလာခဲ့တယ်"

သူက အင်္ကျီကို ထုတ်ကြည့်လိုက်သည်။ မိုးခိုးရောင် Rain Coat လေးသည် တကယ်ကိုပဲ လှပါသည်။ သူက သဘောတကျဖြင့် လှည့်ပတ်ကြည့်ရှုပြီးမှ ကဗျာ့ကို ဝတ်ပြလိုက်သည်။ ကဗျာက သူ့ကို ပီတိဖြစ်သော မျက်လုံးလေးများဖြင့် ငေးကြည့်ပြီးမှ ...





"ကြယ်စုနဲ့ လိုက်တယ်နော်၊ ကြိုက်လားဟင်"

"ပြောဖို့တောင် မလိုပါဘူး ကဗျာရယ်။ ကဗျာ ငါ့မွေးနေ့ကျရင် ဘုရားသွားမယ်လေ။ မနက်စောစောပေါ့၊ နင်အားလား"

"အင်း ... အားတော့ အားမှာ မဟုတ်ဘူး ကြယ်စုရဲ့။ မနက် ငါးနာရီလောက်ကထပြီး အမေနဲ့ လုပ်ကိုင်ပေးရတာလေ။ ညီမလေးကလည်း ဆယ်တန်းဆိုတော့ စာကျက်ခိုင်းထားတာနဲ့ သိပ်မကူညီနိုင်တော့ဘူး ...

ညနေဘက် သွားမလားဟင်"

"ညနေဘက်က တွတ်တွတ်တို့နဲ့ ချိန်းထားတယ်ဟ။ ဒီကောင်တွေ ဘီယာတိုက်ခိုင်းထားတယ်"

"ကြည့်စမ်း ... ဘီယာသွားမူးကြမယ်ပေါ့လေ။ ကြယ်စုနော်"

"ဩော် ... မမူးပါဘူးကွာ။ ဘီယာဆိုတာ မူးတာမှမဟုတ်တာ။ ပြီးတော့လည်း ငါက အများကြီး တိုက်နိုင်တာမှမဟုတ်တာ။ နည်းနည်းပါးပါးပေါ့ ...

ညနေဘက်တော့ ခဏလာခဲ့ဦးမယ်လေ။ ဘာစားမလဲ ပြော၊ ဝယ်ခဲ့မယ်"

"အင်း ... ကြေးအိုး"

"ကြေးအိုး ... အိုခေ ... ဝယ်ခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ကဗျာ့ခေါင်းလေးကို အုပ်မိုးလှုပ်ယမ်းပြီး ကြင်ကြင်နာနာ စိုက်ကြည့်ကာ ပြောလိုက်သည်။ ကဗျာကလည်း နက်မှောင်ရွှန်းလဲ့နေသော မျက်ဝန်းလေးများဖြင့် သူ့ကို မော့ကြည့်ကာ ပြုံးပြပါသည်။ အဲဒီအခြေအနေလေးကပဲ သူတို့နှစ်ယောက်ရဲ့ ကြည်နူးစရာ အချိန်လေးများပဲ ဖြစ်သည်။ သူနှင့်ကဗျာသည် တခြားသမီးရည်းစားစုံတွဲတွေလို အဖြင်မှာ တွေ့ရတာမျိုး၊ လည်ပတ်ပျော်ပါးရတာမျိုး သိပ်မရှိပါ။

ကဗျာသည် သမီးအလိမ္မာလေး ဖြစ်သည့်အလျောက် တစ်နေ့ တစ်နေ့ သူ့အမေကိုသာ ကူညီလုပ်ကိုင်ပေးရင်း အချိန်ကုန်နေသူလေးဖြစ်သည်။ ပြီးတော့ ဟော့ဟော့ရမ်းရမ်းလည်း မရှိဘဲ အေးဆေးစွာ နေတတ်သူ ဖြစ်သည်။ ကျောင်းတောင်မှ Day တက်ဖို့ မစဉ်းစားဘဲ Distance တက်ဖို့သာ လျှောက်ထားသဖြင့် သူနဲ့တောင် အတော်လေး အတိုက်အခံ ဖြစ်သွားရသေးသည်။ သူကတော့ ကျောင်းတက်လျှင် သူနဲ့ ကဗျာတို့ လွတ်လွတ်လပ်လပ် ပျော်လို့ရပြီဟု တွေးထားခဲ့သမျှ အတွေးတွေကို ရေစုန်မျှောလိုက်ရသောကြောင့် ကဗျာကို မကျေနပ်ဖြစ်၍ မဆုံးတော့။ ကဗျာ့အမေကလည်း အဝေးသင်ပဲ တက်စေချင်သောကြောင့် သူ့မှာ ဘာမှမတတ်နိုင်ချေ။ သို့သော် ကြိုတိုင်းတော့ စကားမှာက ထိုးလေ့ရှိလေသည်။





"ကဗျာရေ ... ထမင်းစားတော့လေ၊ ကြယ်စုပါ တစ်ခါတည်း စားသွားလို့"

ကဗျာရဲ့အမေ အန်တီသန်းက အိမ်ပေါ်ကနေ၍ လှမ်းခေါ်သည်။ ကဗျာက အမေ ခေါ်နေပြီဟူသော ပုံစံဖြင့် သူ့ကို ပခုံးတစ်ချက် ကျုံ့ပြကာ ...

"လာ ... ထမင်းသွားစားကြမယ်"

"ဘာဟင်းချက်တာလဲ"

"ငါးကြင်းပေါင်း၊ ပဲကြာဆံဟင်းချို၊ ချဉ်ပေါင်ကြော်၊ ငရုတ်သီးကြော်၊ ဆိတ်သားလုံးကြော်လည်း ရှိတယ်။ ငါးပိရည် တို့စရာ အစုံပေါ့"

"အားပါး ... ဟင်းတွေ ကြားတာနဲ့ ဗိုက်တောင်ဆာလာပြီကွာ။ ဟင်း ... ဒီမှာပဲ တစ်သက်လုံး နေလိုက်ချင်ပြီ။ ပြန်တောင် မပြန်ချင်တော့ဘူး"

"ရှူး ... အမေ ကြားသွားလိမ့်မယ်"

ကဗျာက နှုတ်ခမ်းပေါ် လက်ညှိုးလေး ကန့်လန့်ထောက်ကာ ခပ်တိုးတိုးဆိုသည်။ သူနှင့် ကဗျာ့အကြောင်းကို ကဗျာ့အမေက သိသော်လည်း တရားဝင်တော့ ဘာမှမပြောသေးချေ။ သိသာသိစေ မမြင်စေနဲ့ဟူသော စကားအတိုင်း သူနဲ့ကဗျာတို့သည်း မျက်စိနောက်အောင် မနေကြသောကြောင့် အန်တီသန်းကလည်း သူ့ကို ကြည်ကြည်ဖြူဖြူပဲ ဆက်ဆံပါသည်။

www.burmeseclassic.com



သူသည် အန်တီသန်းကို နှုတ်ဆက်ပြီးသောအခါ ကဗျာနှင့်အတူ ထမင်းလက်ဆုံစားသည်။ ကဗျာ့မျက်နှာလေးကို ကြည့်ကာ အရသာရှိသော ထမင်းဟင်းကောင်းများကို စားရတာ လောက် သူ့ဘဝတွင် ပြည့်စုံတာ မရှိတော့ဘူးဟု ထင်ပါသည်။ အခုနက စိတ်ထဲမှာ ပူလောင်ပေါက်ကွဲခဲ့ရမှုများသည် အခုတော့ လိုက်ရှာလို့ မရတော့လောက်အောင် ကွယ်ပျောက်သွားခဲ့ပြီ ဖြစ်လေသည်။

"ထည့်စားနော် ကြယ်စု။ ငါးကြင်းပေါင်းက အရိုးနူးပါတယ်"

သူ့အပေါ်တွင် စေတနာတွေ ပိုရှာသော ကဗျာ့ကို သူက တရိုက်မက်မက် ငေးကြည့်ကာ ကဗျာနှင့် မခွဲချင်သောစိတ်တို့သည် တစ်သက်တာလုံးအတွက် ခိုင်မာလို့ လာလေသည်။

"ကဗျာ ... ငါ ကျောင်းပြီးရင် နင်နဲ့ လက်ထပ်မယ်နော်"

သူ့အပြောကြောင့် ကဗျာ့မျက်နှာလေးမှာ ပန်းနုရောင် ပြေးသွားလျက် မျက်စောင်းနုနုလေး ထိုးသော်လည်း ကဗျာက ငြင်းဟန်မပြုပါ။ ရှက်ပြုံးလေး ပြုံးနေသောကြောင့် သူ ရင်တွေ တောင် ပိုခုန်သွားပါသည်။

"နော် ... ကဗျာ၊ ဖြေဦးလေ"

"ဩော် ... ကျောင်းပြီးလို့ အလုပ်လေးတော့ ရှိဦးမှပေါ့ ကြယ်စုရဲ့"





"ဟား ... ရှုပ်မှာပေါ့ ကဗျာရဲ့။ အလုပ်က ထည့်ပြောစရာကို မလိုဘူး။ အလုပ်ကောင်းကောင်း လိုချင်လို့ကို ခုတည်းက သင်တန်းတွေ လျှောက်တက်နေတာပေါ့ ...

ဘွဲ့မရခင်တောင် အလုပ်က စောရရင် ရနေဦးမှာ။ ကဲ ... ဖြေပါဦး ကဗျာရယ်၊ နင်ရော ငါနဲ့ ခွဲနိုင်လို့လား"

"ဘယ်ခွဲနိုင်မလဲ။ အံမယ် ... ကြယ်စုသာ စိတ်မချရမှာပါနော်။ ကျောင်းတက်ရင် ကြယ်စုက ကျောင်းမှာ ကောင်မလေး ချောချောလေးတွေနဲ့ တွေ့ရမှာ၊ ခုတောင် သင်တန်းမှာ ဟော့ရှော့လေးတွေနဲ့ တွေ့နေပြီ မဟုတ်လား"

"တွေ့တာတော့ တွေ့တာပေါ့"

"ဟယ် ... ကြည့်စမ်း။ ပေါ်ပြီ ... ကြယ်စုနော်"

"ဩော် ... ပြောတာကို ဆုံးအောင် နားထောင်ဦးလေ။ တွေ့တာတော့ တွေ့နေတာပေါ့၊ တွေ့တာနဲ့ ဘာဆိုင်လဲ။ စိတ်တောင် မဝင်စားမိပါဘူး ကဗျာရယ် ...

ငါ့ရုပ်ကို နင်ကလွဲပြီး ဘယ်သူမှ မကြိုက်ဘူး။ ပူမနေနဲ့။ ခုခေတ် ကောင်မလေးတွေက ယောက်ျားလေးတွေကို ကိုရီးယားဒီဇိုင်းမှ ကြိုက်ကြတာ"

"အံမယ် ... ကြယ်စုက ညိုချောပါနော်။ မလှဘူး ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီတစ်ခါတော့ စိတ်မထိန်းနိုင်တော့ဘဲ ကဗျာရဲ့နှာခေါင်းလေးကို ဆွဲ၍ဖျစ်ညှစ်ပစ်လိုက်လေသည်။ ကဗျာက သူ့ကို မျက်စောင်းနနလေးထိုးကာ ရယ်နေသည်။ သူသည် ကဗျာကို သိပ်ချစ်လှပါသည်။ အိမ်မှာ အဆင်မပြေလှသော သူ့ဘဝအတွက် ကဗျာ့ရဲ့ရင်ခွင်သည် အငြိမ်းချမ်းဆုံး အမောဖြေရာဖြစ်သည်။ အမြဲတစေ နူးညံ့သော အပြုံးလေးနှင့် စိတ်ကောင်းနှလုံးကောင်းရှိသော ကဗျာသည် သူ့အတွက်တော့ တကယ့်ကို အဖိုးမဖြတ်နိုင်သော ဘုရားပေးသည့် ဆုလေးပဲ ဖြစ်တော့သည်။ သူ့ဘဝတွင် ကဗျာ့ကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ချေ။

"ကဗျာရယ် … နင့်ကို ငါ အဆုံးရှုံး မခံနိုင်ဘူးဟာ"

သူ့ရင်ထဲက စကားတစ်ခွန်းက အပြင်သို့ ဖျတ်ခနဲ ကြွကျထွက်သွားလျှင် ကဗျာသည် နားလည်စာနာသော မျက်ဝန်းများဖြင့် သူ့ကို ကြည့်လာခဲ့သည်။ ပြီးတော့ တိုးသက်သော လေသံမျှဖြင့် …

"မဆုံးရှုံးရပါဘူး ကြယ်စုရယ်"

အဲဒီအပြောလေးသည် အသိစိတ်တို့ အနားယူရာ အိပ်စက်ခြင်းအထိ လိုက်ပါလာလျက် အိပ်မက်ထဲမှာတောင် ခဏ ခဏ ပြန်ကြားနေခဲ့ရလေသည်။

♥ ❧ ♥





အပြင်မှာ ရွာနေတဲ့မိုး မဟုတ်ဘူး။
ငါ့ရင်ခွင်ထဲမှာ ရွာနေတဲ့မိုး။
ငါသာ ပန်းနုလေးတစ်ပွင့် ဖြစ်ခဲ့မယ်ဆိုရင်
မင်းအတွက် –
အချိန်ကိုက်လေး ဖူးပွင့်လိုက်ချင်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၄

သက်တံသည် နူးအိနေသော ကြက်ကြော်ကို တစ်ဖဲ့ဖဲ့ကာ အချဉ်ရည်ဖြင့် တို့လိုက်ပြီးနောက် ပါးစပ်ထဲသို့ ထည့်မြုံလိုက်သည်။ ပါးစပ်ထဲမှာ ဝါးနေသော ကြက်ကြော် ကုန်သွားလျှင် လီမွန်ဖျော်ရည်ကို ပိုက်နှင့်စုပ်လိုက်သည်။ ဆိုင်ထဲမှာ ခပ်တိုးတိုး ဖွင့်ထားသော သီချင်းသံသည် သက်တံရဲ့အာရုံကို အကြီးအကျယ်ပဲ ဆွဲဆောင်ထားလေသည်။

"မင်းမျက်ဝန်းရဲ့ အကြည့်တွေထဲ ... စွဲလမ်းလွန်းလို့ ချစ်လာခဲ့ ... မင်းကို ... ရူးမတတ် ငါ ချစ်တယ် ... ည, ညမက်တဲ့ အိပ်မက်ထဲ ... ဘာကြောင့် စိုးမိုးထားတာလဲ ... မင်းနဲ့ ... ဝေးရမှာလားကွယ် ... မင်းပါ ... မင်းပါ ... ငါ့ဘဝအတွက် အရာရာဟာ မင်းလေးပါ ... မင်းကိုခွဲမသွားချင်ဘူး"





Blueberry အဖွဲ့ဆိုထားသော မင်းတစ်ယောက်တည်းသာ သီချင်းကို သက်တံက ခပ်တိုးတိုး လိုက်ညည်းနေမိသည်။ အဲဒီသီချင်းလေးကို ဆိုမိတဲ့အခိုက်တွင် သက်တံရဲ့မျက်လုံးထဲ၌ ကြယ်စုကို ဘာကြောင့် မြင်ယောင်လာသလဲတော့ မပြောတတ်ချေ။ ခုတလော့မှာ ကြယ်စုရဲ့ မျက်ဝန်းညိုလေးများကို သတိတရ ရှိနေတတ်သည်။ ကြယ်စုကို သတိတရရှိမိသော သက်တံစိတ်များသည် အေးချမ်းပါသည်။

"နွေမိုးဆောင်းတို့ ပြောင်းနေလည်း ငါ့ရဲ့အချစ်က မင်းပါပဲ ... မင်းကို ရူးမတတ် ငါ ချစ်တယ် ... မျှော်လင့်လျက် စောင့်နေတယ် ... မင်းလေး ပြောမယ့်စကားကို ကွယ် ... မုန်းတယ် မပြောလိုက်ပါနဲ့ကွယ် ... အများထက်ဦးတဲ့ အချစ်တစ်ခုတည်း ... မင်းဘေးနား အမြဲရှိနေမယ် ... မင်းကို ဆုံးရှုံးမှာ ကြောက်တယ်"

"ရှေ့တစ်ပတ်ဆို ကျောင်းတွေ ဖွင့်ပြီနော်"

"အင်း"

လမင်းရဲ့ အပြောကို အင်း တစ်လုံးသာ လိုက်မိသည်။ သက်တံသည် အပြင်ဘက်က မြင်ကွင်းကိုသာ ငေးနေမိသည်။ အပြင်ဘက်က ရာသီဥတုသည် မှိုင်းညို့နေသည်။ ခုတလော [illegible]လယ်ပြင်မှာ မုန်တိုင်းရှိနေ၍ နေ့တိုင်းလိုလို မိုးရွာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်း မသိဘဲ သက်တံသည် မိုးဖွဲလေးများကို မြင်လေတိုင်း ကြယ်စုကို သတိရတတ်သည်။ သူ့ကို မိုးရေထဲမှာ စတွေ့ခဲ့သောကြောင့်လားတော့ မပြောတတ်ပါ။ သူ့ဆံပင်တွေကို မိုးစိုနေသောပုံစံကို သက်တံရဲ့မျက်လုံးထဲမှ မထွက်ချေ။

"ကျောင်းတက်ရတော့မှာ ပျော်တယ်ဟာ၊ နင်ရော"

"ပျော်တာပေါ့"

သက်တံရဲ့ ခပ်သွက်သွက်အပြောကို လမင်းက ငါသိပါတယ် ဟူသော အထာဖြင့် ပေစောင်းစောင်းကြည့်သည်။ ကျောင်းတက်လျှင် ကြယ်စုနဲ့လည်း ကျောင်းမှာတွေ့ရတော့မည် ဟူသော အဖြစ်အပျက်သည် သက်တံကို တကယ်ပဲ ကြည်နူးစိတ်တွေ ဝင်စေပါသည်။ သက်တံ၊ လမင်းနှင့် ကြယ်စုတို့သည် တစ်မေဂျာတည်း ဖြစ်ကြသည်။ တိုက်ဆိုင်သော ကံကြမ္မာကို သက်တံက ကျေးဇူးတင်ပါသည်။

"ဟင်း ... ငါတော့ မြင်ယောင်ပါသေးတယ်"

"ဟုတ်လား ... မြင်တာလေး ပြောပါဦး ဆရာမရဲ့"

သက်တံရဲ့ အလှောင်စကားကို လမင်းက မျက်စောင်းထိုးကြည့်သည်။

"သက်တံနော် ... ငါကတော့ နင့်ကို အဲဒီကောင်လေးနဲ့ သဘောမတူဘူး"





"အလိုတော် ... နင်ပြောတဲ့ ပုံစံက တို့ကပဲ ကြိုက်နေသလိုလို ဒါမှမဟုတ် သူကပဲ ငါ့ကို ကြိုက်နေသလိုလို"

"သူက ကြိုက်ကြိုက် မကြိုက်ကြိုက် နင် မကြိုက်ဖို့ လိုတယ်"

"လမင်းရာ ... ယောက်ျားတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ကို ကြိုက်တယ်ဆိုတဲ့ အသုံးအနှုန်းမျိုး မသုံးစမ်းပါနဲ့။ တန်းမဝင်တဲ့ ခံစားမှုကြီးပါ"

"ဟော့ ... ဘာမှ ကဗျာလာမဆန်နဲ့။ တို့ကတော့ အရပ်သုံးစကားပဲ ပြောတတ်တယ်။ မြင်ရတာ အမြင်မတော် ဆင်တော်နဲ့ခလောက်ပါ သက်တံရယ်"

သက်တံသည် လမင်းကို ဘာမှ ဆက်မပြောတော့ချေ။ Blueberry ၏ သီချင်းကိုသာ ခပ်ရွရွဖြင့် လိုက်ဆိုပြလိုက်သည်။ အဲဒီအချိန်မှာပဲ သက်တံရဲ့မျက်ဝန်းများသည် အပြင်ဘက်သို့ ရောက်သွားလျက် တစ်စုံတစ်ယောက်ကို လှမ်းမြင်သွားသည်။ ကြယ်စု ...။ သူကတော့ သက်တံတို့ကို မမြင်ပါ။ သက်တံနှင့် လမင်းသည် သင်တန်းချိန်ထက် အိမ်မှစောထွက်လာကာ အင်တာနက်သွားသုံးလာကြတာ ဖြစ်သည်။ ပြီးတော့ မိုက်ဆာသဖြင့် သင်တန်းနားက ကြက်ကြော်ဆိုင်မှာ ကြက်ကြော် ဝင်စားနေကြခြင်းဖြစ်သည်။ သက်တံသည် ဒီလမ်းက သူ ဖြတ်လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာကို သိသဖြင့် အပြင်ဘက်ကိုပဲ မျက်နှာမူကာ ထိုင်နေခြင်းဖြစ်သည်။

သူ ဖြတ်သွားတာကို တွေ့လျှင် သက်တံသည် ထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။ လမင်းက သက်တံရဲ့လက်ကို လှမ်းဆွဲထားကာ ...

"ဒါက ဘယ်ကိုလဲ"

"ခဏလေးပါဟ"

"ကျွတ် ... ပြန်ထိုင်စမ်းပါဟာ။ သက်တံနော် ... နင့်ကို ငါ အန်တီနဲ့ တိုင်ပြောတော့မှာ"

"ဟာ ... ဘာလဲ"

သက်တံသည် ခြေလှမ်းကျဲသော ကြယ်စု တစ်ယောက် ဆိုင်ရှေ့က ကျော်သွားပြီမို့ရော ကိုယ်ခေါ်လည်း သူက လိုက်ထိုင်မှာ မဟုတ်သည့်အတွက် စိတ်လျှော့ကာ ခုံမှာပြန်ဝင်ထိုင်လိုက်ရသည်။ လမင်းကိုတော့ သိပ်မကြည်သလိုဖြင့် ...

"လမင်းနော် ... နင် ငါ့သူငယ်ချင်း မှုဟုတ်ဘူးလား။ အချွန်နဲ့မ,ဖို့ စိတ်ကူးမနေနဲ့၊ ငယ်စာရင်းက ဖျက်ပစ်လိုက်မယ်"

"ဖျက်ချင် ဖျက်လေ။ နင် လုပ်နေတာတွေက ဟုတ်မှ မဟုတ်တာ။ သင်တန်းမှာ စကားပြောတာ ငါ လက်ခံနိုင်





တယ်။ နင် သွားခေါ်တော့ရော ဟိုက လိုက်မှာကျနေတာပဲ။ သိက္ခာအကျမခံစမ်းပါနဲ့ သက်တံရယ်"

"ဟာ ... ကိုယ့်သူငယ်ချင်းတစ်ယောက်ကို မုန့်စားဖို့သွားခေါ်တာ သိက္ခာကျတယ်တဲ့လား။ တစ်ခါမှတောင် မကြားဖူးဘူး"

"ဘာသူငယ်ချင်းလဲ၊ ဟိုက နင့်ကို သူငယ်ချင်းလို့ သတ်မှတ်လို့လား"

"ဩော် ... ဒါ ပြောနေစရာလိုလို့လား၊ လမင်းရယ်။ နင်ဟာလေ တစ်ချက် တစ်ချက်ကျရင် သိပ်ခေါင်တာပဲ၊ သင်တန်းတစ်ခုတည်း အတူတူ တက်နေတာ သူငယ်ချင်းပဲပေါ့ ...

အဲဒီလိုကြီးတွေ တွက်မနေပါနဲ့ဟာ"

"ဟွန်း ... နင်ကတော့ ဘယ်တွက်မလဲ၊ မပြောလိုက်ချင်ဘူး"

"ကဲ ... သွားမယ်ဟာ ထတော့၊ ရွှတ် ... ရွှတ် ... ဒီမှာ ရှင်းမယ်"

သက်တံက ဝိတ်တာလေးကိုခေါ်ကာ ပိုက်ဆံရှင်းဖို့ ပြင်လျှင် လမင်းက သိနေတယ်ဟူသော ပုံစံဖြင့် တစ်ချက်မဲ့ရွဲ့ပြသည်။ သက်တံသည် လမင်း၏ အမဲ့အရွဲ့ကို သိသော်လည်း ဘာမှမပြောတော့ဘဲ မသိချင်ဟန် ဆောင်နေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်တံသည်လည်း မိန်းကလေးတို့၏ ဣန္ဒြေကို နားမလည်တာတော့ မဟုတ်။ အဲဒီဣန္ဒြေကို ထိပါးအောင် အရှက်သိက္ခာမရှိသည့် အလုပ်မျိုးကိုလည်း ဘယ်တော့မှ လုပ်လိမ့်မည် မဟုတ်ပါ။ လူတစ်ယောက်ကို ဂရုစိုက် ကြင်နာတာနှင့် အရှက်သိက္ခာသည် ဘာမှမဆိုင်ဘူးဟု ထင်ပါသည်။

နောက်များကျမှပဲ ဒါတွေကို လမင်း နားလည်အောင် ရှင်းပြပါတော့မည်။ သင်တန်းသို့ ရောက်သွားလျှင် သင်တန်းစဖို့က ဆယ်မိနစ်လောက် လိုသေးသည်။ သက်တံသည် ချောင်တစ်ချောင်မှာ ထုံးစံအတိုင်း စာငုံ့ဖတ်နေသည့်သူ့ကိုမြင်လျှင် သွားဖို့မှ စိတ်မကူးရသေး ဒေါ်လမင်းရဲ့အသံက ထွက်ပေါ်လို့လာသည်။

"သက်တံ ... နင့်ထီး သူ့ဆီမှာ မဟုတ်လား။ သူ လာပေးတာကို စောင့်နော်၊ နင် သွားစရာ မလိုဘူး"

သက်တံသည် လမင်းကို စိတ်ကုန်သလို တစ်ချက်ကြည့်လိုက်သော်လည်း ဘာမှပြန်မပြောမိတော့ချေ။ သူ့ကို တစ်ချက်ငေးကာ ကိုယ့်စာအုပ်ကိုပဲ ဖွင့်ဖတ်နေလိုက်သည်။ လမင်းပြောသလိုပင် သူ့ကို စောင့်သော်လည်း ဆရာက စာစသင်ချိန်အထိ သူက ရောက်မလာပါ။ အင်း ... ဒီပုံအတိုင်းဆို သင်တန်း





ပြီးမှပဲ စကားပြောရတော့မည် ထင်ပါရဲ့။ သက်တံ တွေးသလိုပဲ လမင်းကလည်း တွေးသည်။ သက်တံနားသို့ သင်တန်းမဆင်းခင်မှာ တိုးတိုးလေး ကပ်ပြောပြန်သည်။

"ဟဲ့ ... ညိုရှည်က ဘာအထာလဲ။ နင့်ထီးကိုတောင် ပြန်မပေးတော့ဘူးလား မသိဘူး။ ဒါပေမဲ့ နင်ကစပြီး သွားမတောင်းနဲ့နော်၊ သူ လာပြောတာကိုစောင့်ဦး သိလား။ နင်ကချည်းပဲ သွား,သွားခေါ်နေရတာ ...

ဒီတစ်ခါတော့ သူက စ,မခေါ်လို့ကို မရဘူး။ အဲဒီတော့ နင် သူ့အခေါ်ကို စောင့်နေ"

"အေးပါဟာ ... ထီးပြန်မပေးတော့လည်း ကောင်းတာပေါ့"

လမင်းက သက်တံကို မနိုင်တော့ဘူး ပုံစံဖြင့် လက်ခါပြလေသည်။ သက်တံသည် စာအုပ်တွေ၊ ပစ္စည်းတွေကို ကျောပိုးအိတ်ထဲ ထည့်နေတုန်းမှာပင် သူ့ကို မျက်လုံးထွေကာ မသိမသာ ခိုးကြည့်မိသည်။ သူက သင်တန်းမှ ကောင်လေးတစ်ယောက်နှင့် စာအုပ်တစ်အုပ်ကို လက်ညှိုးထိုးကာ ဘာတွေမှန်းမသိ ပြောဆိုနေသည်။ နောက်ပြီးတော့ ထိုကောင်လေး ပြောတာကို ခေါင်းတစ်ချက်ညိတ်ကာ ပြုံးပြီးထောက်ခံသည်။ သက်တံသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မမြင်ဖူးသော သူ့အရယ်အပြုံးလေးကို မြင်လိုက်ရလျှင် ရင်ထဲမှာ နွေးခနဲ ဖြစ်သွားသည်။

လူတစ်ကိုယ်လုံးဟာ နှင်းဆီမွေ့ရာကြီးပေါ် ပြုတ်ကျသွားသလို မွေးပျံ့ငြိမ့်ဝင်သွားပါသည်။ သူ ရယ်လိုက်သောအခါ ခါတိုင်းထက် အများကြီး ပိုကြည့်လို့ ကောင်းသွားသည်ဟုထင်သည်။

"ကဲ ... သွားမယ် အမိ၊ စောင့်မနေနဲ့နော်"

"နေပါဦး၊ ဟိုမှာ စာရှင်းနေတာလား မသိ။ ခဏလေးပါ"

"ကျွတ် ... အဲဒါကို တို့က အလိုက်တသိ စောင့်ပေးနေရမှာလား။ သူက ထီးငှားထားတဲ့သူ မဟုတ်တာ ကျနေတာပဲ။ သွားမယ် သက်တံရာ ...

မိုးကျလာလိမ့်မယ်"

အဲဒီအချိန်မှာပဲ အချိန်မှန်မိုးကလည်း တဖြောက်ဖြောက် စတင်၍ ကျနေပြီဖြစ်သည်။ သက်တံသည် စိတ်လျှော့လိုက်ကာ ကျောပိုးအိတ်ကို လွယ်လျက် ခုံမှ ထရပ်လိုက်သည်။ လမင်းနှင့်အတူတူ သင်တန်းအခန်းမှ အပြင်သို့ ထွက်မည့်ဆဲဆဲမှာပင် နောက်ပါးမှ အသံတစ်သံက ကပ်ငြိ၍ ပါလာသည်။

"ပန်းမိုးသက်တံ"





အဲဒီအသံလေးသည် သက်တံရဲ့နောက်ကျောကို စုပ်ခွက်နဲ့ စုပ်ထားလိုက်သလို နေရာမှ မရွေ့ဘဲ ချက်ချင်းရပ်တန့်သွားစေသည်။ နောက်သို့ လှည့်ကြည့်လိုက်လျှင် ထင်သည့်အတိုင်း ကြယ်စု ဖြစ်လို့နေပါသည်။ ကြယ်စုရဲ့အရပ်မှာ ခြောက်ပေလောက်ရှိမည်ထင်သည်။ အဘယ်ကြောင့်ဆိုသော် သက်တံရဲ့အရပ်မှာ ငါးပေခုနစ်လက်မ ရှိသောကြောင့် ကိုယ့်ထက် ပိုမြင့်သော သူ့အရပ်ကို မှန်း၍ရခြင်းဖြစ်သည်။ မိုးတွင်းမို့ ဒေါက်ပါသောဖိနပ်တွေကို စီးလေ့မရှိသည့် သက်တံသည် ကြိုးသိုင်းကွင်းထိုးဖိနပ်ကို စီးထားခြင်းကြောင့် သူ့ကို မျက်လုံးတော့လှန်ကာ မော့ကြည့်ရသည်။

သူကတော့ သက်တံကို ငုံ့မိုးကြည့်ပါသည်။ သူ့လက်ထဲတွင် သက်တံရဲ့ နက်ပြာစင်းထီးလေးကို ကိုင်ထားကာ သက်တံကို လှမ်းပေးနေသည်။

"ကျေးဇူးပဲ ... ရော့"_

ဩော် ... ကျေးဇူးတင်စကားလေးတော့ ပြောတတ်သားပဲ။ သက်တံသည် ထီးကို လှမ်းမယူဘဲ သူ့ကိုပြုံးပြရင်းမှ အပြင်ဘက်သို့ မေးဆတ်ပြကာ ,...

"မိုးရွာနေတယ်လေ၊ ယူရင်လည်း ယူထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... မိုးကာပါတယ်၊ ရော့"

သက်တံက သူ့ကို မျက်ခုံးပင့်ကြည့်လိုက်ပြီးလျှင် သူ ကမ်းပေးသောထီးလေးကို လှမ်းယူလိုက်သည်။ သူက အသိအမှတ်ပြုသောသဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြကာ သူ့ကျောပိုးအိတ်ထဲမှ မိုးကာအင်္ကျီကို ထုတ်ဝတ်သည်။ သက်တံသည် သူ့ရဲ့ခဲရောင်မိုးကာလေးကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ မိုးကာလေးမှာ သူနှင့် လိုက်ဖက်ပါသည်။ ဒီမိုးကာလေးကို သူ့မုန့်ဖိုးနဲ့စုပြီး ဝယ်ခဲ့တာလား။ ဒီလို တွေးမိလိုက်လျှင် သက်တံ ရင်ထဲ၌ သူ့ကို သနားသွားသည်။

"မိုးကာလေးက လှတယ်နော်၊ ဘယ်ကဝယ်တာလဲဟင်"

သက်တံရဲ့စကားကြောင့် ထွက်သွားတော့မည့်သူက လှည့်ကြည့်သည်။ ပြီးတော့မှ ...

"မွေးနေ့လက်ဆောင်ရတာ"

သက်တံသည် သူ့ကို တစ်ခုခုပြန်ပြောဖို့ ဟန်ပြင်နေတုန်းမှာပဲ သူက ထွက်ခွာသွားပြီဖြစ်သည်။ မိုးဖွဲလေးတွေအောက်မှာ မိုးကာဂျာကင်လေး ဝတ်ဆင်လျက် ထွက်ခွာသွားသော သူ့ကျောပြင်ကို ငေးကာ ကျန်ရစ်ခဲ့ရသည်။ သူကတော့ နောက်သို့ လှည့်မကြည့်စတမ်း။





"သွားမယ်လေ"

လမင်းက ပခုံးကိုတိုက်ကာ ပြောတော့မှပင် သက်တံသည် လမ်းလျှောက်ပြန်ဖို့ကို သတိရသည်။ လက်ထဲမှာရှိသော သူ ပေးခဲ့သည့်ထီးလေးကို ဖွင့်ဆောင်းလိုက်ချိန်တွင် ဒါ သူဆောင်းခဲ့သော ထီးလေးပါလားဟု တွေးကာ ရင်ထဲ၌ ကြည်နူးသွားသည်။ လမင်းကလည်း ဒါကို ရိပ်မိဟန်ဖြင့် မျက်စောင်းတစ်ချက်ချိုကာ ...

"ဟင်း ... ထီးဆောင်းရင်းနဲ့ အနံ့လေး ဘာလေး ရှူကြည့်လိုက်ဦး။ ကိုယ်သင်းရနံ့လေး ဘာလေးများ ကပ်ပါလာမလားလို့"

"လမင်းကလည်းဟာ သူ့ကိုဆိုရင် အကောင်းမြင်စိတ်မွေးစမ်းပါ"

"အောင်မာ ... ငါကပဲ စိတ်ပုပ်မကြီးလိုလို၊ အေး ... အခုတော့ သူ့ကိုထက် နင့်ကို ပိုကြည့်မရတော့ဘူး၊ နင့်ကိုက သည်းနေတာ"

"မဟုတ်ဘူးဟ၊ သူ့ပုံစံလေးက ငါ့စိတ်ထဲမှာ အရမ်းစွဲထင်နေတယ်ဟာ။ ငါ သူနဲ့ အရမ်းခင်ချင်တယ်၊ သူ့ရဲ့ best friend ဖြစ်ချင်တယ်၊ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေလို စားစားသွားသွား ရင်းရင်းနှီးနှီး ပေါင်းချင်တာဟာ၊ နင် သဘောပေါက်လား မသိဘူး"

www.burmeseclassic.com



"ပေါက်ပါတယ် ... ပေါက်ပါတယ်"

လမင်းက အငေါ်တူးသည့် လေသံဖြင့် ပြောသော်လည်း သက်တံက ဒီလောက်ကိုတော့ ခွင့်လွှတ်ပေးလိုက်ပါသည်။ သက်တံအတွက်က ရင်ဖွင့်ဖော်မှာ လမင်းတစ်ယောက်သာ ရှိသောကြောင့်ဖြစ်သည်။

"ငါကလေ သူ့အင်္ကျီလေးကို လှတယ်၊ ဘယ်ကဝယ်တာလဲလို့ မေးတော့ မွေးနေ့လက်ဆောင် ရတာတဲ့ဟ။ အင်္ကျီက ဒီနေ့မှ ဝတ်လာတဲ့ အသစ်ဆိုတော့ မွေးနေ့က ဒီနေ့နဲ့တူတယ် ...

ဒီနေ့က သူ့မွေးနေ့များလား မသိဘူးနော်"

"ကျွတ် ... အဲဒီတော့ နင်က ဘာလုပ်မလို့လဲ"

"ဩော် ... မွေးနေ့ဆိုရင် ဘတ်ဒေးပရဲဆင့်တွေ ဘာတွေပေးရမှာပေါ့"

"ဟား ... သက်တံတို့တော့ ဆေးမမီတော့ဘူးကွာ။ ဒီလောက်ကြီးတော့လည်း မလုပ်စမ်းပါနဲ့"

"ဟင်း ... ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူ့မွေးနေ့ဆိုရင်တော့ မွေးနေ့လက်ဆောင် ပေးချင်တယ်ဟာ။ သူ မသိအောင်ပေးရင် ကောင်းမလား မသိဘူးနော်"





"ကျွတ် ... စိတ်လေတယ် သက်တံရယ်။ နင့် ဒီညိုရှည်ကို ဘာများ ပစ်ကျသွားရတာလဲဟယ်။ တကယ် ... တကယ်။ နှိုင်းယှဉ်လို့တောင် မရပါဘူး ...

နင်က ကိုရီးယားမင်းသမီးလေးလို ဖွေးနုသန့်နေတာ၊ ဟိုက သာမန်ပါပဲဟယ်၊ ရုပ်မဆိုးပါဘူး၊ ချောလည်းမချောဘူး၊ စတိုင်လ်လည်း မိုက်ဘူး ...

ဘာစိတ်ဝင်စားစရာများ ရှိနေလို့လဲ"

သက်တံသည် လမင်း ပြောတာတွေကို ရုတ်တရက် ပြန်ဖြေစရာ စကားလုံး မရှိပါ။ ကြယ်စု အပေါ်မှာ ဘာကြောင့် ဒီလောက်ထိ နှောင်တွယ်သွားသလဲ ဆိုတာတော့ သက်တံကိုယ်သက်တံတောင် မသိပါချေ။ မှတ်မှတ်ရရ မိုးရေတွေစိုနေသော သူ့ပုံစံလေးကို ဘယ်လိုဖြစ်ရပါလိမ့်ဟု သနားကရုဏာသက်သွားကာနေ စတင်သည်ဟု ထင်လေသည်။

လမင်း ပြောသလိုပင် ကြယ်စုဟာ ဘာမှထူးခြားသော ကောင်လေးတစ်ယောက် မဟုတ်ပါ။ ရိုးရိုးသာမန်ကောင်လေးတစ်ယောက်သာ ဖြစ်ပါသည်။ သို့သော် အဲဒီကောင်လေးသည် အကြောမာပေမယ့် သူ့ဟာသူ အနေတည်တာကို သက်တံက သဘောကျသည်။ အနုခေတ် ကောင်လေးတွေလို ဟော့ဟော့

www.burmeseclassic.com



ရမ်းရမ်းပုံစံ မရှိဘဲ အေးအေးဆေးဆေး နေတတ်သော ပုံစံလေးကလည်း သက်တံကို တစ်မျိုးဆွဲဆောင်ပါသည်။ သက်တံလိုမိန်းကလေးက ဖော်ရွေခင်မင်တာတောင် သူက အနေတည်သေးသည်။ အင်း ... အဲဒါတွေကပဲ သူ့ကို ပိုစိတ်ဝင်စားဖို့ ကောင်းစေလားတော့ မပြောတတ်ပါ။

"အဲဒီအတွက် ငါ့မှာ အဖြေမရှိပါဘူး လမင်းရယ်။ ဒါပေမဲ့ ငါ့ရင်ထဲမှာက သူနဲ့ပတ်သက်ပြီး ဖြူဖြူစင်စင်လေးပဲရှိတယ်။ ဘာကိုမှ သိပ်ကြီးကြီးကျယ်ကျယ် မမျှော်လင့်ထားဘူး။ အဲဒါပဲ"

"ရင်ခွင်ထဲ လာဝင်ကြည့်လိုက် ... အဖြူရောင်လေးပါကွယ် ... ဟယ် ... ဟယ် ... အဲလိုမျိုးလား"

လမင်းက ချစ်သုဝေ ဆိုထားသော "အဖြူရောင်လေးပါ" သီချင်းကို ပြောင်စပ်စပ်ဖြင့် ဆိုပြသည်။ သက်တံသည် အဲဒီအတိုင်း တစ်ထပ်တည်းပဲဟု ရင်ထဲမှာ နားလည်လိုက်လေသည်။ သက်တံက သီချင်းတွေကို စွဲလမ်းတတ်သေးသည်။ အကြောင်းအရာ တစ်ခုနှင့်ကြုံလျှင် လိုက်ဖက်ညီသော သီချင်းနှင့်တွဲကာ အမြဲခံစားတတ်သည်။ သူရော သီချင်းတွေကို နှစ်သက်သလား မသိပါ။





"လေပြည်များက သယ်ဆောင်လာတဲ့ ... အညိုရောင်တိမ်တွေဟာလည်း ... ဟိုအရင်က လူမမြင်ခဲ့တဲ့ ... ရေငွေ့လေးတစ်စက်ကွယ် ...

မင်း လှမ်းကြည့်လိုက် ... အို ... ငါ့ရင်ခွင်ထဲ"

ဟုတ်တယ် အဲဒီအတိုင်းပဲ။ အခု ရွာချနေတဲ့ မိုးရေစက်လေးတွေဟာလည်း တစ်ချိန်က လူမသိ သူမသိ ဖွဲ့တည်ခဲ့ရတဲ့ ရေမှုန်ရေငွေ့လေးတွေပဲ မဟုတ်လား။ ဘယ်လိုကြီးမားမြင့်မားသော အရာမှန်သမျှ သေးငယ်သော အရာလေးတစ်ခုမှ စတင်ခဲ့ရတာပဲဖြစ်သည်။ ဒီလိုပဲ သက်တံ ရင်ထဲမှ အဖြူရောင်ကြိုးလေးကလည်း ပို၍ကြီးမားလာလိမ့်မည်ဟု မျှော်လင့်ရပါသည်။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



သူ့မွေးနေ့တွင် သူတစ်ယောက်တည်းပဲ မနက်စောစောမှာ ဘုရားတက်ခဲ့ပါသည်။ ကဗျာကလည်း သူ့အမေကိုကူရသဖြင့် မအားသောကြောင့် မလိုက်နိုင်ချေ။ မနက်စောစောမို့ ဘုရားပေါ်မှာ လူရှင်းလျက် အေးချမ်းတိတ်ဆိတ်နေသည်။ မနက်စောစောမှာ ရွှေတိဂုံစေတီတော်ကြီးကို ဦးခိုက်ပူဇော်ရတာဟာ တကယ်ပဲ စိတ်ချမ်းမြေ့ဖို့ ကောင်းလှသည်။ သူသည် မွေးနေ့ထောင့်မှာ ဆီမီးပူဇော်၊ ရေသပ္ပာယ်ပြီးနောက် ဘုရားရှိခိုးလိုက်သည်။ နောက် ဆုံးပါးသွားပြီဖြစ်သော သူ့မိခင်အတွက် ဆုတောင်းမေတ္တာပို့ပေးသည်။ အားလုံး ပြီးစီးသွားသောအခါ ဘုရားရင်ပြင်တော်ကို လက်ယာရစ်တစ်ပတ် ပတ်သည်။

အင်း ... ကိုယ့်မွေးနေ့မှာ တစ်ယောက်တည်း ဘုရားလာရတာ နည်းနည်းတော့ ရင်ထဲမှာ ဟာသည်ဟု ထင်သည်။ ချစ်သူလေးသာ အနားမှာပါလာလျှင် ဘယ်လောက်များ ပြည့်စုံလိုက်ပါမည်လဲ။ သူသည် မျှော်လင့်ခြင်းများစွာဖြင့် ကဗျာ့ကို





တမ်းတမိသည်။ သူ ကဗျာ့ကို အရမ်းချစ်ပါသည်။ အလင်းရောင်ပျောက်ဆုံး၍ တွယ်တာမဲ့သူဘဝထဲတွင် ကဗျာသည်သာ သူ့ရဲ့နောက်ဆုံးမျှော်လင့်ချက်ဖြစ်သည်။ ဒီလောကကြီးထဲမှာ သူ့ကိုချစ်မည့်သူ၊ ဂရုစိုက်ကြင်နာမည့်သူမှာလည်း ကဗျာ တစ်ယောက်သာရှိလေသည်။ သူသည် ကဗျာ့အကြောင်း တွေးရင်းမှ လမ်းလျှောက်လာတုန်းမှာပင် သူ့ဘေးမှ အတွဲတစ်တွဲက ကြည်နူးဝေဖြာနေသောမျက်နှာများဖြင့် ဖြတ်လျှောက်သွားသည်။

သူသည် အဲဒီအတွဲကို ငေးကာ ကဗျာ့ကို ပိုသတိရလာသည်။ သူနဲ့ကဗျာမှာ အပြင်မှာ တစ်ခါမှ လွတ်လွတ်လပ်လပ်မတွေ့ဖူးသေးချေ။ တစ်နေ့လောက်တော့ ကဗျာနှင့်အတူတူ စိမ်းလန်းစိုပြည်ကို သွားဦးမည်ဟု တေးထားလိုက်သည်။ အဲဒီအတွေးနှင့် လျှောက်လာစဥ်မှာပဲ ...

"ကြယ်စု"

သူ့ရဲ့နောက်ပါးမှ ခေါ်သံကြား၍ လှည့်ကြည့်လိုက်လျှင် ထင်မထားသော သူတစ်ယောက်ကို အံ့သြစွာ တွေ့လိုက်ရလေသည်။ သူသည် ဒီကောင်မလေးကို ဒီလိုနေရာမျိုးမှာ တွေ့လိမ့်မယ်လို့ တကယ်ပဲ မျှော်လင့်မထားပါ။ သူမကတော့ ကြည်လင်တောက်ပနေသည့် မျက်လုံးလေးများဖြင့် သူ့ကို ပြုံးကြည့်နေသည်။ သူက ဘာပြောရမှန်း မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားလာတာလားဟင်"

"အင်း"

"အဟင်း ... ဘုရားလာတာ တွေ့ရဲ့သားနဲ့ ဘုရားလာတာလား မေးမိပြန်ပြီ။ တစ်ယောက်တည်း တွေ့ရဲ့သားနဲ့ တစ်ယောက်တည်းလားလို့ မေးလိုက်ဦးမယ်။ တစ်ယောက်တည်းလားဟင်"

"ဟုတ်တယ် ... တစ်ယောက်တည်းပဲ"

"သြော် ... တကယ် တစ်ယောက်တည်းပဲလား။ တနင်္လာနေ့တိုင်း ဘုရားတက်တာလား"

"မဟုတ်ဘူး၊ ဒီနေ့က ကျွန်တော့်မွေးနေ့မို့လို့"

သူမရဲ့ မျက်လုံးတွေက အံ့သြဟန်ဖြင့် ရွှန်းလဲ့သွားကြသည်။

"ဟုတ်လား ... ဒီနေ့က ကြယ်စုရဲ့မွေးနေ့လားဟင်"

ပြောပြီးမှ သူက မှားသွားပြီလားဟု တွေးမိသွားသည်။ ဘာမှတော့ မဆိုင်ဘူးဟု ထင်သည်။ သူ့မွေးနေ့မို့ သူမကို မုန့်ဝယ်ကျွေးစရာတော့ လိုမည်မထင်ပါ။

"အင်း ... ဟုတ်တယ်။ ဒါကြောင့် မနက်စောစော ဘုရားတက်ဖြစ်တာပါ"





"သြော် ... သက်တံက မေမေနဲ့အတူတူ တနင်္လာနေ့မနက်တိုင်း ဘုရားတက်နေကြလေ။ မေမေက ကျားခြံသေ့ဘုရားမှာ အဓိဋ္ဌာန်ဝင်နေတာ၊ ပုတီးစိပ်နေတာပေါ့ ...

အင်း ... ကြယ်စု မွေးနေ့ဆိုတော့ ဘာကျွေးမှာလဲဟင်၊ တို့ဆိုတိုက်ဆိုင်ဆိုင် လာဆုံတာ၊ ကျွေးသင့်တယ်လို့ ထင်တယ်နော်"

ဟား ... သေရော။ သူက မျက်ခုံးမရှုံ့မိစေရန် တော်တော် သတိထားလိုက်ရသည်။ ဒီကောင်မလေးဟာ သူ့ကို ကျမှ ဘာကြောင့် ခင်မင်ပတ်သက်ချင်နေရသလဲ ဆိုတာ သူ မတွေးတတ်ချေ။ သူသည် သူမရဲ့စကားကို ဘယ်လိုတုံ့ပြန်ရမည်ဆိုတာကို ချက်ချင်း မဆုံးဖြတ်နိုင်သေး။ သူကတော့ စိတ်ထဲကအတွေးကို ရိပ်မိသည့်အလား ...

"မကျွေးချင်ဘူးလားဟင်"

စိတ်မကောင်း ဖြစ်သွားသည့် ပုံစံလေးဖြင့် မေးလျှင် သူ နည်းနည်းတော့ အားနာသွားရသည်။ ဒီကောင်မလေး ဖော်ရွေလေလေ သူ အနေရကျပ်လေသာ ဖြစ်ပါသည်။ သူသည် အနေကျပ်လျှင် လုပ်နေကြ ဖြစ်သည့်အတိုင်း မျက်ခုံးကို လက်ညှိုးနှင့်ကုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မကျွေးချင်လို့တော့ မဟုတ်ပါဘူး။ ဟို ... ပိုက်ဆံလည်း သိပ်မပါလာတော့ ဆိုင်ကောင်းကောင်းမှာ မကျွေးနိုင်မှာ စိုးလို့ပါ"

ပြောကာမှပဲ ပိုဆိုးသွားသလားတော့ မသိပါ။ သူမရဲ့ မျက်လုံးတွေမှာ အရိပ်တစ်မျိုးဖြင့် မှိုင်းညို့သွားပြီးနောက် သူ့ကိုငွေးတွေးစွာ ပြုံးပြလာခဲ့သည်။

"ရှမ်းခေါက်ဆွဲ တစ်ပွဲလောက် ဆိုရင်ရော ဖြစ်လား ဟင်"

သူ ဘာပြန်ပြောရမှန်း မသိချေ။ မဖြစ်ဘူး ပြောရမလား၊ ဖြစ်တယ် ပြောရမလား ဝေခွဲမရ ဖြစ်နေတုန်းမှာပဲ သူမက စကားထပ်ဆက်လာပြန်သည်။

"အိပ်ရာထ နောက်ကျလို့ အိမ်က ဘာမှစားမလာခဲ့ရဘူးလေ။ အဲဒါ မေမေ ပုတီးစိပ်နေတုန်း တစ်ခုခု သွားစားမလားလို့ ထွက်လာတာ။ ခုတော့ ဒကာတွေ့သွားပြီပေါ့၊ ဘုရားကဆင်းတဲ့ ဟိုဘက်လမ်းထဲမှာ ရှမ်းခေါက်ဆွဲဆိုင်ရှိတယ် ...

သက်တံ စားနေကြပါ၊ ဈေးမကြီးပါဘူး"

ဒီလောက်ပြောနေမှတော့ သူက ဘာပြန်ပြောရတော့မည်နည်း။ အစတည်းက အချိန်မရဘူးဟု ဖြေခဲ့ရမှာ ဖြစ်သည်။





ခုချိန်မှတော့ အချိန်မရပါဘူးလို့လည်း ပြော၍ရမှာ မဟုတ်တော့။ သူ့ပါးစပ်မှ စကားတချို့မှာ ဖျစ်ညှစ်ထုတ်လိုက်၍ ထွက်ကျသွားကြသည်။

"အင်း ... သွားစားမယ်လေ"

သူမရဲ့အပြုံး တောက်ပသွားပုံမှာ နံနက်ခင်းရဲ့ နေမင်းထက်တောင် သာသွားလေသည်။ အခါများစွာက လွတ်လပ်ပေါ့ပါးသော ဘောင်းဘီတိုများနှင့် တွေ့မြင်နေကြပုံစံကို ဂါဝန်အရှည်ဖြင့် တွေ့မြင်ရသောကြောင့် သူ့ မျက်လုံးထဲတွင်လည်း နည်းနည်း အပြောင်းအလဲ ဖြစ်နေသည်။ ဘုရားပေါ်သို့ ဘောင်းဘီဝတ်ခွင့်မရှိသဖြင့် ပန်းဆီရောင်တောက်တောက် ဂါဝန်ရှည်လေးနှင့် သူမပုံစံမှာ မိန်းကလေးဆန်ကာ နူးညံ့နေသည်ဟု ထင်ပါသည်။ အင်း ... လှတာတော့ တော်တော်လှတဲ့ ကောင်မလေးပဲ ဖြစ်သည်။ ဒီလိုကောင်မလေးမျိုးရဲ့နံဘေးမှာ သူ့ထက်သာတဲ့ ကောင်လေးတွေလည်း မနည်းမနော ဝန်းရံနေမှာပါပဲ။

သူမဟာ ဘာကြောင့်များ သူ့လိုလူကိုမှ ဖော်ရွေခင်မင်နေတာတဲ့လဲ။ တကယ်ကိုပဲ သူ မတွေးတတ်ပါ။ ရှမ်းခေါက်ဆွဲဆိုင်လေးသို့ရောက်လျှင် သူမကပဲ ဦးဆောင်ကာ ရှမ်းခေါက်ဆွဲမှာသည်။ ပြီးတော့ အနှစ်နှစ် အလလက ခင်မင်ခဲ့သူ ဆွေလိုမျိုး စကားတွေ ဖောင်ဖွဲ့ကာ သူ့ကို ပြောသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စုကို လှမ်းမြင်ကာစက ကြယ်စုလို့တောင် မထင်ဘူး။ စိတ်ထဲမှာ တူတယ်ပဲ ထင်နေတာ။ စတစ်အကျႌနဲ့ ပုဆိုးနဲ့ဆိုတော့ လူမှားနေတာလေ ... ဟဲ ဟဲ။ မွေးနေ့ ဝတ်စုံပေါ့၊ ဟုတ်လား"

"အင်း"

"တစ်ယောက်တည်း ဘာလို့လာတာလဲဟင်၊ မောင်နှမတွေ ဘာတွေ မရှိဘူးလား"

သူမက စပ်စုတော့ သူ့မှာ ဖြေရပြန်သည်။ ဘယ်လို ကောင်မလေးမှန်းလဲ မသိပါ။ စကားနည်းသော သူ့ကိုလည်း စကားတွေ ထွက်လာအောင် သူမက တတ်နိုင်ပါသည်။

"မောင်နှမ မရှိပါဘူး"

"သြော် ... ဟုတ်သားပဲ။ ဆောရီး ... ကြယ်စု သင်ထန်းကို ရောက်ခါစက မိတ်ဆက်စကားပြောတော့ ထည့်ပြောဖူးသွားတယ်လေ။ အမေကလည်း ဆုံးသွားပြီဆို၊ ကြာပြီလားဟင်"

"ခြောက်နှစ်လောက်တော့ ရှိပါပြီ"

"သြော် ... သားအဖနှစ်ယောက်တည်းပဲပေါ့"

"မိထွေးရှိတယ်"





သူ့ရဲ့တိုးတိတ်အေးစက်သော အသံကိုကြားလျှင် သူမက ရှမ်းခေါက်ဆွဲတွေကို တူနဲ့နယ်နေရာမှ အလန့်တကြား မော့ကြည့်သည်။ ပြီးတော့ စိတ်မကောင်းသွားသည့် အရိပ်သဏ္ဍာန်တွေ ဖြတ်ပြေးသွားတာကို တွေ့မြင်လိုက်ရပါသည်။ မိထွေးရှိတယ် ဟူသော အဖြေစကားက လေးလုံးတည်း ဖြစ်ပေမယ့် အဲဒီစကားကိုပြောသော အသံနှင့် ဌာန်ကိုတော့ သူမ ကောင်းကောင်းကြီး သဘောပေါက်ဟန်တူသည်။

"သြော်"ဟု တစ်ခွန်းတည်းသာဆိုလျက် သူ့မိသားစု အကြောင်းတွေ ဆက်မမေးတော့ပါ။ သူမအကြောင်းတွေကိုသာ ပြောပြပါသည်။

"သက်တံက ဂန္ဓမာအိမ်ရာထဲမှာ နေတာလေ၊ သက်တံနဲ့ တွဲတဲ့ တစ်ယောက်ကလည်း အဲဒီမှာပဲနေတာ"

သူက ခေါင်းတစ်ချက်ပဲ ညိတ်ပြကာ မုန့်စားနေလိုက်သည်။

"ကြယ်စုက တခြား ဘာသင်တန်းတွေ တက်သေးလဲဟင်။ ဘာဝါသနာပါတာလဲ"

"Hotel management တော့ ဝါသနာပါတယ်။ ခုလောလောဆယ်တော့ ကွန်ပျူတာနဲ့ ဒီအင်္ဂလိပ်စာသင်တန်းပဲ တက်နေတာ။ ကျောင်းဖွင့်ရင်တော့ ကျောင်းတက်မှာပါ။

www.burmeseclassic.com



ပန်းမိုးသက်တံက အင်္ဂလိပ်ရှိ တော်တော်ကောင်းတယ်နော် ...

လေယူလေသိမ်းကအစ အဆင့်မြင့်တယ်"

သူက သူမရဲ့ပညာကိုတော့ စိတ်လိုလက်ရ ချီးကျူးလိုက်လျှင် သူမ မျက်နှာလေးက တအားပြုံးသွားပါသည်။

"အဲဒါက မေမေ့ကြောင့်ပါ၊ မေမေက ငါးတန်းလောက်တည်းက Phonetic ကို စ,သင်ပေးတာလေ။ မှားရင် အရိုက်ခံရတယ်၊ အသံထွက်မှားရင်လည်း ရိုက်တာ။ စကားပြောရင် Phonetic အသံနဲ့ ပြောရတော့ အကျင့်ပါပြီး ကောင်းသွားတာပါ ...

ကြယ်စုလည်း ကြိုးစားတာပါပဲ"

"အင်း ... ကြိုးစားရတာပေါ့"

"ကောင်းပါတယ်၊ ကြိုးစားပါ ... ကြိုးစားပါ။ ဒါနဲ့ ကြယ်စုကို တစ်ခုပြောရဦးမယ် တို့ကို ပန်းမိုးသက်တံလို့ ခေါ်နေရတာ မမောဘူးလားဟင်။ သက်တံလို့ ခေါ်လည်း ရပါတယ်။ အားလုံးကလည်း သက်တံလို့ပဲ ခေါ်ကြတာပါ"

"ဟုတ် ... သက်တံ"

သူက အဲဒီလို ပြောလိုက်လျှင် သူမက သူ့ကိုပြုံးကာ ငေးကြည့်နေသည်။ အဲဒီအပြုံးတွေကို သူက ဖလှယ်ရင်ဆိုင်





ပြုံးမကြည့်ပါ။ ဘာကြောင့်မှန်းမသိဘဲ သူမမျက်ဝန်းတွေနဲ့ကို ရင်မဆိုင်ချင်၊ မကြည့်ချင်တာ ဖြစ်သည်။ ကဗျာ့မျက်နှာလေးကို ငေးဆိုလျှင် တစ်နေကုန် ထိုင်ငေးရဲသော်လည်း သူမကိုတော့ ဘာကြောင့်မှန်းသိ။ အကြည့်တွေကို လွှဲဖယ်ထားမိသည်။ သူမနှင့် အကြည့်ချင်း နှစ်စက္ကန့်ထက်တောင် ပိုမဆုံ၊ ပိုမကြည့်ခဲ့ပါ။

"ကြယ်စု သီချင်းတွေ ဘာတွေ ကြိုက်လားဟင်၊ ဘယ်သီချင်းတွေ နားထောင်လဲ"

"အင်း ... IC တစ်ဖွဲ့လုံး ကြိုက်တယ်"

"အိုကေ ... ရှေ့တစ်ပတ်ထဲမှာတောင် နာဂစ်ရန်ပုံငွေအတွက် လေးဖြူရှိုး ရှိတယ်တဲ့နော်"

"အင်း ... ကြည့်ဖြစ်မှာ မဟုတ်ပါဘူး"

သူ့စကားကြောင့် သူမက သူ့ကို တစ်ချက်မျှ ငေးကြည့်သည်။

ဘာမှတော့ ဆက်မပြောတော့ပါ။ ရှမ်းခေါက်ဆွဲကို ငုံ့စားရင် အတန်ကြာမှ စကားထပ်ဆက်သည်။

"ကြယ်စုကို တစ်ခုလောက် မေးရဦးမယ်၊ နောက်ကို လမ်းမှာတွေ့ရင်ပဲဖြစ်ဖြစ် သင်တန်းမှာ တွေ့ရင်ပဲဖြစ်ဖြစ် သက်တံကို နှုတ်ဆက်မှာလားဟင်"

"နှုတ်ဆက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... တကယ်နော်။ စတွေ့တဲ့လူက စန္ဒတ်ဆက်ကြေးနော်၊ မမြင်ချင်ဟန် ဆောင်မနေနဲ့။ ပြီးတော့ ကျောင်းရောက်ရင်လည်း ခေါ်ရမှာနော်"

ဘယ်လို ကောင်မလေးပါလိမ့်။ ကတိစကားတွေနဲ့ချည်း လိုက်ချည်နေတော့တာပါလား။ သူက ဘာမှမတတ်နိုင်သဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်ရတော့သည်။ အဲဒီပုံစံကို မြင်လျှင် သူမက လိုချင်တာရသွားသော ကလေးငယ်တစ်ယောက်လို သွားဖြူတန်းလေးများပေါ်အောင် လှစ်ခနဲ ရယ်မောလေသည်။

"ကြယ်စုမှာ ဖုန်းနံပါတ် ရှိလားဟင်"

"ဖုန်း ! အဲ ... ကျွန်တော့်မှာ ဖုန်းမရှိဘူး၊ အိမ်မှာလည်း မရှိဘူး"

"မဟုတ်ဘူးလေ၊ အိမ်နားမှာပဲဖြစ်ဖြစ် ဆက်သွယ်လို့ရတဲ့ ဖုန်း မရှိဘူးလား"

ဒါတော့ ဒီကလေးမ တစ်ဆိတ် လွန်လွန်းပြီဟု ထင်သည်။ သူ့အိမ်မှာ ဖုန်းမရှိပေမယ့် သူတို့အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်မှာတော့ ဖုန်းရှိကာ ခေါ်ပေးတတ်သည်။ သို့သော် သူက အဲဒီဖုန်းနံပါတ်ကို ဘယ်သူ့မှ ပေးလေ့ပေးထ မရှိပါ။ သူ့မှာ ရည်းစားရှိသော်လည်း သူ့ရည်းစားနဲ့သူသည် ဖုန်းတအိအိပြောရင်း ကြူနေနိုင်သောသူများ မဟုတ်ကြပါ။ ပြောရလျှင် ဘဝသမားတွေသာ ဖြစ်ပါသည်။





"အိမ်နားမှာတော့ မဟုတ်ဘူး။ နည်းနည်းတော့ ဝေးတယ်။ ဘယ်သူ့ကိုမှတောင် မပေးဖူးဘူး။ ကိုယ်တိုင်တောင် ဖုန်းနံပါတ်ကို မသိဘူး"

အဲဒီလို ပိတ်ပြောလိုက်တော့မှပင် သူမက စကားထပ်မဆက်တော့တာဖြစ်သည်။ သူကု ပြန်ချင်စောဖြင့် မြန်မြန်စားသောကြောင့် သူမထက်အရင် စားလို့ပြီးသွားသည်။ သူပြီးတာမြန်သောကြောင့် သူမကလည်း ခပ်သွက်သွက် စားပါသည်။ သူမ စားလို့ပြီးခါနီးတွင် သူက ငွေရှင်းလိုက်သောကြောင့် သူ ပြန်ချင်နေပြီ ဆိုတာကို သူမလည်း သဘောပေါက်သွားသည်။

"ခုလို မွေးနေ့မှာ ကျွေးမွေးတဲ့အတွက် ကျေးဇူးပါပဲနော်။ ဒါနဲ့ စပ်စုတယ် မထင်နဲ့နော်။ သူငယ်ချင်းတွေနဲ့ တစ်နေရာသွားတာတို့၊ မုန့်လိုက်ကျွေးတာတို့ မလုပ်ဘူးလားဟင်။ ကြယ်စုက အပေါင်းအသင်း နည်းတယ်နဲ့ တူတယ်နော်"

ဒုက္ခပါပဲ။ သူငယ်ချင်းတွေကို မုန့်လိုက်ကျွေးတယ်ဆိုရင်လည်း သူမက လိုက်စားဦးမှာလား မပြောတတ်ချေ။ သူသည် အဲဒီဘောလုံးကိုလည်း မြန်မြန်ပဲ ပုတ်ထုတ်လိုက်ရပါသည်။

"အပေါင်းအသင်းက ယောကျ်ားလေးတွေပဲ ရှိတာပါ။ ရပ်ကွက်ထဲက သူငယ်ချင်းတွေနဲ့ပဲ ပေါင်းဖြစ်တာများလို့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကိုတော့ ညနေကျမှပဲ ဘီယာနဲ့ အကင် ကျွေးမှာ ...

နံနက်စောစော ဘုရားတက်ဖို့ကတော့ ဘယ်သူ့ကိုမှ ချိန်းမရလို့လေ”

“ဪ ... ဒီလိုလား။ ဒါဆို သက်တံက မွေးနေ့ရှင်နဲ့ ဦးဦးဖျားဖျားတွေ့ပြီး စောစောစီးစီး စားရတာပေါ့နော်။ အဟင်း ... ဆုတောင်းတောင်းမပေးရသေးဘူး။ Happy Birthday နော် ကြယ်စု။ ရှေ့မွေးနေ့တွေမှာလည်း ဒီထက် မက ပျော်ရွှင်နိုင်ပါစေလို့”

“ဟုတ် ... ကျေးဇူးတင်ပါတယ်”

သူက မတ်တတ်ထရပ်တော့မှပင် သူမကလည်း ပြန်ဖို့အတွက် မတ်တတ်ထရပ်တော့တာဖြစ်သည်။

“ကြယ်စုက ဒီကနေ တစ်ခါတည်း တန်းပြန်တော့မှာလား ဟင်”

“အင်း ... ဟုတ်တယ်၊ သွားတော့မယ်လေ”

“အိုကေ ... အိုကေ။ သက်တံကတော့ ဘုရားပေါ် ပြန် တက်လိုက်ဦးမယ်။ ဆီးယူ ... နောက်မှ တွေ့မယ်နော်”

သူမက သူ့ကို လက်ပြနှုတ်ဆက်ကာ ဘုရားပေါ် သို့ ပြန်တက်သွားပါသည်။ သူသည် အနားမှာ သူမ မရှိတော့သ





ဆိုမှ သက်ပြင်းတစ်ချက်ကိုချကာ ခေါင်းကိုခါယမ်းမိသည်။ ဒီ ကောင်မလေးနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံသော သူ့ကံကြမ္မာ ကိုလည်း တစ်ဆိတ်တော့ အံ့သြပါသည်။ ထူးခြားချိတ်ဆက်တိုက် သော ကံကြမ္မာသည် ထင်မှတ်မထားပါဘဲနှင့် သူတို့နှစ်ယောက် ကို ရင်းနှီးအောင် ထပ်၍ပံ့ပိုးပေးလိုက်ပြန်သေးသည်။

ဘယ်လိုရေစက်မှန်းကို မသိပါ။ မှတ်မှတ်ရရ သူ့ မွေးနေ့ နံနက်စောစောမှာ ပန်မိုးသက်တံ ဆိုသော ကောင်မလေး နှင့် တွေ့ဆုံခဲ့ပြီး ညနေပိုင်းမှာမှ ကဗျာနှင့် တွေ့ခွင့်ရခဲ့တာက တော့ ကံကြမ္မာရဲ့မျက်နှာသာမပေးမှုတစ်ခုပဲ ဖြစ်ပါသည်။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



မိုင်တွေအများကြီးဝေးမှ
ရှင်နှင့်အောင် လွမ်းရတာ မဟုတ်ပါဘူး။
တစ်နေ့တာ မမြင်ရရင်လည်း
ဓာတ်တော်ထဲကအတိုင်း လွမ်းတာပဲ။
ကြားဖူးတယ် မဟုတ်လား ...
ကိန္နရီ ကိန္နရာတို့ အကြောင်းလေ။



## ၅

လမင်းသည် ဒဂုံစင်တာရှိ ကိုကိုညီညီ ဗြူတီဆလွန်းထံမှ ပြန်ထွက်လာသောအခါ သက်တံကို နားငြီးအောင်ပင် တဖျစ်တောက်တောက် ပြောဆိုလာသည်။ ကြာလာသောအခါ သက်တံ တစ်ယောက် နားမခံသာနိုင်တော့သဖြင့် လမင်းရဲ့ပါးစပ်ကို Cafe Aroma မှာ ပိတ်ဖို့ ဆုံးဖြတ်လိုက်ရသည်။ Aroma မှာ ကော်ဖီတိုက်တာတောင် ဒေါ်လမင်းကား ကျေနပ်ပုံ မရသေး။ နှုတ်ခမ်းတဆူဆူဖြင့် ပွစိ ပွစိ ပြောတုန်းပင်။

"ငါကဖြင့် ငါတို့ ကြည့်ဖို့လားလို့။ စိတ်ထဲက ကြည်နူး
ပီတိတွေ ဖြာနေရတာ၊ ဟင်း ... လက်စသတ်တော့ သူက
ညိုရှည်နဲ့ အပေါင်းအပါတွေအတွက် ဝယ်ပေးနေတာကိုး ...
နင့်ကို လုံးဝမကျေနပ်ဘူးနော် သက်တံ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက အလကား ဝယ်ပေးတာ မဟုတ်ပါဘူးဟာ။ သူ့အတွက် ဘတ်ဒေးပရဲဆင့် ပေးတာပါ။ ပစ္စည်းဝယ်ပေးရင်လည်း သူက ယူချင်မှ ယူမှာလေ၊ ဒါကျတော့ သူ့အတွက် အဆင်ပြေသွားတာပေါ့။ သူတင် မဟုတ်ဘူး သူ့သူငယ်ချင်းတွေပါ အဆင်ပြေသွားတာပေါ့ဟာ"

"ဟင်း ... သိတတ်နေလိုက်တာ၊ တစ်နှယ်ငင် တစ်စင်ပါနဲ့"

"လမင်း ... သူ့မှာလေ ရည်းစားတွေ ဘာတွေ မရှိဘူးနဲ့တူတယ်ဟ ... သိလား"

သက်တံရဲ့ ခပ်အုပ်အုပ်နှင့် ခပ်တိုးတိုး စကားသံကြောင့် လမင်းက မျက်လုံးကြီးဖွေကာ ကြည့်သည်။ တစ်ဆင့်တက်လာပြန်ပြီလား ဆိုသော သဘော။ သို့သော် သက်တံရဲ့ သုံးသပ်ချက်ကိုလည်း စိတ်ဝင်စားသေးသော ပုံစံဖြင့် ...

"နင်က ဘာကိုကြည့်ပြီး သုံးသပ်ရတာလဲ။ ဘုရားကို တစ်ယောက်တည်း တက်လာတာကိုကြည့်ပြီး သုံးသပ်တာ မဟုတ်လား"

"အေးလေ ... သူ့မှာသာ ကောင်မလေးရှိရင် ကောင်မလေးနဲ့အတူတူ လာမှာပေါ့"

"ဘာဆိုင်တုန်း။ ကောင်မလေးက အိမ်ကထွက်မရတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"





"နင်ကလည်း မနက်စောစော ဘုရားသွားတာတော့ ထွက်လို့ရမှာပါ"

"ထွက်လို့ရတောင် အိပ်ရာက မနိုးလို့ ဖြစ်မှာပေါ့"

"မနိုးလို့ ရမလား။ ကိုယ့်ချစ်သူတစ်ယောက်လုံးရဲ့မွေးနေ့မှာ အိပ်ရာကတော့ စောစောထပြီး ဘုရားအတူတူ တက်ပေးသင့်တာပေါ့"

"နင့်စိတ်နဲ့တော့ မနိုင်းနဲ့ပေါ့ဟာ"

သက်တံက လမင်းကို ကော်ဖီမော့ရင်းမှ မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်။

လမင်းက ပခုံးကို တစ်ချက်တွန့်ကာ ကော်ဖီကို ယူသောက်နေလေသည်။ သက်တံသည် စားပွဲပေါ်တွင် တင်ထားသော လေးဖြူရှိုးပွဲလက်မှတ် သုံးစောင်ကို ငေးကြည့်ကာ ရင်ထဲမှာ ကျေနပ်စိတ်တို့က ဖြစ်ထွန်းလို့လာသည်။ သက်တံရဲ့မွေးနေ့လက်ဆောင် အစီအစဉ်ကို သူ နှစ်သက်မည်ဟု ထင်ပါသည်။ သက်တံ အင်မတန်ကြည့်ချင်သော လေးဖြူရှိုးပွဲကို မေမေ့ရဲ့ခွင့်ပြုချက် မရသောကြောင့် သက်တံ ကြည့်ခွင့်မရချေ။ ဒီလိုပဲ လမင်းလည်းပဲ သူ့အဖေက ကြည့်ခွင့်မပေးသောကြောင့် သွားကြည့်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



သက်တံ ကြည့်ခွင့်မရသော်လည်း သူ သွားကြည့်ခြင်းဟာ သက်တံ ကြည့်ရသလိုပဲ ဖြစ်ပါသည်။ စင်ပေါ်မတက်တာ ကြာပြီဖြစ်သော လေးဖြူနှင့် ICShow ပွဲသည် ရန်ကုန်မြို့က ယောကျ်ားလေးတွေ အားခဲထားသော ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သည့်အတွက် သူလည်း တော်တော်ကြည့်ချင်နေမှာပဲဆိုတာ သက်တံသိသည်။ သက်တံရဲ့ မွေးနေ့လက်ဆောင် အစီအစဉ်ကို သူ သိခွင့်ရခဲ့လျှင် ဘယ်လိုများ ခံစားသွားရမှာပါလိမ့်။ သူ ငြင်းရင် ဘယ်လိုလုပ်မလဲ။ သက်တံလည်း လမင်းကို တစ်ချက်ကြည့်လိုက်ကာ ...

"လမင်း ဒီနေ့ သင်တန်းမှာ သူ့ကို ငါ ဒီလက်မှတ်တွေ ပေးလို့ သူက ငြင်းနေရင် နင် ဝင်ပြောပေးဦးနော်"

"ဘယ်လိုပြောပေးရမှာလဲ၊ မလိုချင် လွှင့်ပစ်လိုက်လို့ ပြောရမှာလား"

"လမင်း ... နင်ကလည်းဟာ ငါ့ကို ပါရမီဖြည့်ပေးတယ် သဘောထားစမ်းပါ"

"ဒါ ပါရမီဖြည့်ပေးတာလို့ မခေါ်ဘူး"

"ဘာလဲ ... အဓိပတိ ဖြည့်ပေးတာလား"

ပါရမီ အဓိပတိ ဘတ်စ်ကားလိုင်းနှင့် တွဲနောက်တာကို လမင်းက မျက်စောင်းတစ်ချက်ထိုးသည်။ သက်တံသည်





ခုတလော လမင်းထံက မျက်စောင်းတွေကိုသာ အများအပြား လက်ခံရရှိနေလေသည်။ အဓိကမှာ ကြယ်စု ခေါ် ညိုရှည်လေးနှင့် ပတ်သက်၍ ဖြစ်သည်။

"လာပြောမနေနဲ့ ဒီကိစ္စက ပါရမီဖြည့်ပေးတယ်လို့ သုံးနှုန်းမနေနဲ့၊ ပါရမီ ဖြည့်ပေးတယ်ဆိုတာ ကိုယ်တိုင်က လိုလိုလားလား စိတ်ဝင်စားပြီး စေတနာပါမှ ...

အခုဟာက ကျွန်ဝယ်ရာ အဆစ်ပါတယ်လို့ ခေါ်တယ် ... ဟင်း ..."

သက်တံသည် လမင်းရဲ့စကားကို လှိုက်လှိုက်လှဲလှဲ ရယ်မောမိလေသည်။

"နင်က နင့်ကိုယ်နင် ကျွန်လို့ သတ်မှတ်တယ်ပေါ့"

လမင်းက မြူးနေသော သက်တံရဲ့ပုံစံကို မျက်လုံးများ မှေးစင်းကြည့်ကာ ...

"ငါ မေးမယ်၊ အမှန်အတိုင်းဖြေစမ်း သက်တံ။ နင် ညိုရှည့်ကို Heart ထိနေပြီ မဟုတ်လား"

သက်တံ မညာချင်ပါ။ မျက်လုံးထဲတွင် ကြယ်စုရဲ့ ပုံသဏ္ဍာန်ကို ပုံဖော်ကြည့်လိုက်တိုင်း လွမ်းသလိုလို ခံစားသွားရလေ့ရှိသည်။ ပြီးတော့ သူ့ကို အမြဲတမ်းလိုလိုလည်း သတိရနေတတ်ပါသည်။ သတိရရုံနဲ့လည်း မပြီးသေး။ သိပ်ပြည့်စုံမရဘဲ



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူလတ်တန်းစားလေး သူ့အပေါ်မှာ ကရုဏာသက်မိ သလိုလိုဖြင့် ဖြည့်ဆည်းပေးချင်တာလည်း အလွန်ပဲဖြစ်သည်။

"ဟဲ့ ... ငါမေးတာ ဖြေလေ"

"ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်ဟ။ လူတစ်ယောက်ကို ခဏ ခဏ သတိရအောင် လုပ်ပေးနိုင်ရင် အဲဒီလူက ကိုယ့်ကို ချစ်လာဖို့ သိပ်မဝေးတော့ဘူးတဲ့ ...

လူတစ်ယောက်ကို ခဏ ခဏ သတိရနေပြီ ဆိုရင်လည်း အဲဒါဟာ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ဖို့လိုတဲ့ ဝေဒနာတစ်ခုပါတဲ့"

"အဲဒီတော့ ဆိုလိုချင်တာက ..."

"Heart ထိတာတွေ မထိတာတွေ ငါ မသိဘူးဟ။ သူ့ကို ငါ အမြဲတမ်းလိုလို သတိရနေတယ်။ သူ့အတွက် ကောင်းတာတွေပဲ ဖြစ်စေချင်တယ်။ သူ့အကြိုက်လေးတွေ သိထားပြီး အဲဒါလေးတွေကို ဖြည့်ဆည်းပေးချင်တယ်။ သူ စိတ်ချမ်းသာရင် ငါ ကျေနပ်ပါတယ်၊ အဲဒါပါပဲ"

"အဲဒီလောက်ပဲလား၊ ဒီထက်ပိုပြီးတော့ရော မမျှော်လင့်တော့ဘူးလား"

လမင်း တစ်ယောက် ဘာကိုဆိုလိုပြီး မေးတယ်ဆိုတာ သက်တံ သိသည်။





သက်တံ၏မျက်လုံးထဲတွင် ညိုရည်လေး၏ မျက်ဝန်း ညိုညိုလေးများကို မြင်ယောင်လာမိကာ နားထဲမှာ Blue Berry အဖွဲ့ဆိုထားသော သီချင်းလေးကိုပါ ကြားယောင်လာသလိုရှိသည်။

"မင်း မျက်ဝန်းရဲ့အကြည့်တွေထဲ ... စွဲလမ်းလွန်းလို့ ချစ်လာခဲ့ ...မင်းကို ဆုံးရှုံးမှာ ကြောက်တယ် ... ညညမက်တဲ့ အိပ်မက်ထဲ ... ဘာကြောင့် မင်း စိုးမိုးထားတာလဲ ... မင်းနဲ့ ဝေးရမှာလားကွယ် ... မင်းပါ ... မင်းပါ"

အင်း ... တကယ်တော့ လောကမှာ မျှော်ချက်မဲ့သည့် ချစ်ခြင်းကသာ အကောင်းဆုံးဖြစ်သည်ဟု စာတွေဖတ်ခဲ့သော သက်တံသည် ဟိုးအရင်တည်းက နားလည်ခဲ့ပြီးဖြစ်သည်။ သက်တံ ရင်ထဲက မေတ္တာတွေကို ကြည်စု တစ်ယောက် အသိအမှတ်ပြုပေးလျှင်ကို ကျေနပ်ပြီဖြစ်သည်။ သူ့အနေဖြင့် သက်တံကို ချစ်လာဖို့လည်း သက်တံ မမျှော်လင့်ပါ။ သူ့အပေါ်တွင်ထားရှိသော သက်တံ ရင်ထဲက တစ်စုံတစ်ရာသည် အင်မတန်ဖြူစင်မြင့်မြတ်ကြောင်း သက်တံ ဘာသာပင် သက်တံ သိပါသည်။ အဲဒီအတွက်ကြောင့် သက်တံ ရင်ထဲတွင် သူနဲ့ပတ်သက်ပြီး ပူလောင်ပြင်းပြခြင်းတွေ မရှိပါ။

ဒါကြောင့် သက်တံသည် လမင်းကို ရဲရဲပင်ကြည့်ကာ ပြန်ပြောနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ငါ သူ့ဆီက ဘာမှမမျှော်လင့်ဘူး လမင်း။ ငါ့စိတ်က သူများနဲ့မတူဘူးဆိုတာလည်း နင်သိမှာပါ။ သူ့ကို ငါ သံယောဇဉ်နဲ့ နှောင်တွယ်မိတယ် ဆိုပေမယ့် အဲဒါဟာ ဘာမျှော်လင့်ချက်နဲ့မှ မဟုတ်ဘူး ...

တခြားသူတွေလို ကိုယ့်ကို စိတ်ဝင်စားအောင်၊ ချစ်လာအောင် မိန်းကလေးသိက္ခာ အကျခံပြီး မဟုတ်တရုတ်နည်းတွေနဲ့လည်း လုပ်မှာမဟုတ်ဘူး။ ဒေးပြည့်ရုံနဲ့လေးတင် ကျေနပ်တယ်။ ငါ့စိတ်က ဒဲ့လိုမျိုး ...

သူ ငါ့ကို စိတ်ဝင်စားတာ မစားတာ ငါ ဂရုမစိုက်ဘူး။ နင် သဘောပေါက်လားတော့ မသိဘူး"

"ပေါက်တယ် ... ပေါက်တယ် ... နင့်ရင်ဘတ် နင်နိုင်ရင်ပြီးတာပဲ"

"ဘာတဲ့ ... နင့်ရင်ဘတ် နင်နိုင်ရင် ဟုတ်လား။ ဟားဟား ... လမင်းရာ၊ နင်နဲ့ငါ တစ်သက်လုံး ပေါင်းလာတာ ဒီနေ့အဖို့ နင်ပြောလိုက်တဲ့ စကားတစ်ခွန်းကို ငါ အကြိုက်ဆုံးပဲ။ ဘာလဲ ... ကိုယ့်ဓာတ် ကိုယ်နိုင်အောင်က,ဆိုတဲ့ စကားကို Modify (ပြောင်းလဲ) လုပ်လိုက်တာပေါ့၊ ဟုတ်လား"

"ရက်စ်"





"ကြိုက်တယ်ကွာ၊ ရောင်းမယ် မဟုတ်လားဟင်၊ ဝယ်ချင်လို့ပါ"

"No ... No . Not for sale"

"အဟား ... ပဲများတယ်ဟာ"

"ပဲမများဘူး။ ငါ ပြောတာ တကယ်ပြောနေတာ။ ခုတော့ လေတစ်လုံး မိုးတစ်လုံးနဲ့ ဖြူစင်မေတ္တာတွေ ပေးဆပ်မှုတွေ ဟစ်ကြွေးနေတာ။ တကယ်တမ်းမှာ နင် ခံနိုင်ရည်ရှိမှာမို့လို့လား။ ဒီမှာ သက်တံရဲ့ လူဆိုတာ တကယ်ချစ်လာရင် ပိုင်ဆိုင်ချင်တာချည်းပဲ။ ဒါက နင့်ရဲ့ first feeling နော်။ ပြီးတော့ နင့်အသက် အခုမှ ဆယ့်ရှစ်နှစ် ရှိသေးတယ်။ အချစ်ကို နားလည်နေတဲ့ ရင့်ကျက်တည်ငြိမ်တဲ့ အရွယ် မဟုတ်သေးဘူး။ Hero လုပ်မနေနဲ့"

"ခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ငါက မပူလောင်ချင်ဘူးလေ။ ဒီတော့ ကြိုးစားရမှာပေါ့"

"အေးပေါ့ ... ဒီတော့ ငါပါ ကျွန်ုဝယ်ရာ အဆစ်ပါရဦးမှာပေါ့လေ"

"ကဲ ... ဒါဆိုလည်း ကော်ဖီကို မြန်မြန်လက်စသတ်။ ဒိုးကြစို့ သင်တန်းချိန် နီးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



လမင်းက သက်တံကို မျက်စောင်းထိုးသော်လည်း ဘာမှတော့ မပြောတော့ချေ။ သက်တံသည် စာအိတ်ထဲထည့်ထားသော ရိုးပွဲလက်မှတ်သုံးစောင်ကိုကြည့်ကာ သူ့ကို ဘယ်လိုပေးရပါ့ဟု ဦးနှောက်စားသေးသည်။ သူက ယူပါ့မလားဟုလည်းတွေးကာ စိတ်ပူရသေးလေသည်။ ဖွင့်ပေးလျှင်တော့ ယူဖို့ ကိုးဆယ်ရာခိုင်နှုန်းလောက် ရှိသည်ဟု ထင်သည်။ တခြားပစ္စည်းတစ်ခုခုဆိုလျှင်တော့ဖြင့် သူက ယူမည်မထင်ပါ။ သက်တံသည် fancy ပစ္စည်းလေးတွေ၊ အရုပ်လေးတွေကို အင်မတန် နှစ်သက်သဘောကျရသူ ဖြစ်လေရာ ကိုယ် ကြိုက်မိသော ပစ္စည်းလေးတွေဆိုလျှင် သူ့ကို လက်ဆောင်ပေးချင်လှသည်။ သို့သော် လက်ခံလိမ့်မည်ဟု မထင်သောကြောင့် သက်တံရဲ့ဆန္ဒတွေကို မျိုသိပ်ထားရလေသည်။

သင်တန်းသို့ ရောက်သွားလျှင် သူက သက်တံတို့ရဲ့အရင် ကြိုရောက်နေသည်။ သို့သော် သင်တန်းဖော်တချို့နှင့် စကားပြောနေသောကြောင့် သက်တံက သွားမပေးဖြစ်သေးပါ။ သင်တန်းဆင်းတော့မှပင် သူ့အနားသို့ ရောက်သွားသည်။ နေ့ကလက်ရောင် ဇီရှိပ်စပို့ရှပ်လက်ရှည် ဝတ်ဆင်ထားသော သူ့ပုံလေးဟာ အရင်ကနဲ့မတူဘဲ မျက်နှာက တစ်မျိုးဖြစ်နေသည်ဟု သက်တံက ထင်မိသည်။ သူ့မျက်နှာဟာ သိပ်မရွှင်လန်းပါ။

"ကြယ်စ ... နေမကောင်းဘူးလားဟ"





သူက သက်တံကို အံ့ဩလို တစ်ချက်ကြည့်သည်။ ပြီးတော့မှ နှာခေါင်းကို တစ်ချက်ရှုံ့ကာ ကောင်းပါတယ်ဟုပြောသည်။

"မဟုတ်ဘူး၊ ကြယ်စ ကြည့်ရတာ တစ်မျိုးပဲ။ နေမကောင်းဘူး ထင်တယ်၊ ကိုယ့်ကိုယ်ကိုယ်ရော သိရဲ့လားဟင်"

"အင်း ... သိပါတယ်၊ နည်းနည်း မအီမသာ ဖြစ်နေလို့ပါ၊ သွားတော့မယ်"

သူက ပြောရင်းမှ လှည့်ထွက်ဖို့ပြင်လျှင် သက်တံသည် သူ့ရှေ့မှ ကပျာကယာ ပိတ်ရပ်လျက် ...

"ခဏနေပါဦး ကြယ်စရဲ့၊ ဒါလေး ယူသွားပါဦး"

သူက ဘာလဲ ဟူသော သဘောဖြင့် သက်တံလက်ထဲမှ စာအိတ်ကို ငုံ့ကြည့်သည်။ ကမ်းပေးနေသော စာအိတ်ကို ယူပါ။

"ယူလိုက်ပါ ကြယ်စ"

"ဒါ ... ဘာလဲ"

သူ့ပုံစံက စာအိတ်ကို ယူရမှာ ဗုံးတစ်လုံးလို့ ထင်သည့်အလား ရွံ့တွန့်တွန့် ဖြစ်နေတာမို့ သက်တံက ဟက်ခနဲ ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ကြည့်လိုက်လေ။ ကြယ်စု အတွက် ဘတ်ဒေးပရဲဆင့်ပါ"

"အာ ... ဘာတွေလဲ၊ ကျွန်တော် အဲဒါတွေ မလိုချင်ပါဘူး"

"မဟုတ်ဘူး ကြယ်စု၊ ယူပြီး ဖွင့်ကြည့်လိုက်ပါ။ အရင်ဖွင့်ကြည့်လိုက်ပါဦး"

သူက သက်တံ ဖွတ်ပြောတော့မှပင် စာအိတ်ကို မဖွံ့မရဲယူကာ အသာဟကြည့်သည်။ စာအိတ်က ကော်နှင့်ပိတ်မထားသောကြောင့် အသာဟကြည့်၍ ရပါသည်။ အထဲကို ကြည့်လိုက်သောအခါ သူ့စိတ် တစ်မျိုးပြောင်းသွားဟန်တူသည်။

"အဲဒါ ဘာတွေလဲ"

"ကဲ ... အဲဒီလို တစ်ခုချင်း ပြန်မေးနေမယ့်အစား အပြင်ကို သေချာထုတ်ကြည့်လိုက်ပါလား ကြယ်စုရယ်"

သက်တံကို သူက တစ်ချက်ကြည့်ကာ စာအိတ်ထဲက အရာတွေကို ထုတ်ကြည့်လိုက်လျှင်တော့ လေးဖြူရဲ့ ရှိုးပွဲလက်မှတ်တွေဆိုတာ သိသွားလေသည်။

"ဒါတွေက ..."

"အဲဒါတွေက ကြယ်စုရဲ့ဘတ်ဒေးအတွက် သက်တံရဲ့ပရဲဆင့်ပေါ့"





"ဟာ ... မလုပ်ပါနဲ့။ ကျွန်တော် မယူချင်ပါဘူး"

ဒီလို ငြင်းလိမ့်မည်ဆိုတာ ကြိုသိလေသော သက်တံက အပြုံးမပျက်ချေ။ လက်နှစ်ဖက်ကိုတောင် အသာအယာ ပိုက်ထားသေးလျက် ...

"အလကားပေးတာ မဟုတ်ပါဘူး။ ကြယ်စု အတွက် မွေးနေ့လက်ဆောင်ပါ၊ ကြယ်စု သူငယ်ချင်း နှစ်ယောက်ပါ ခေါ်သွားလို့ရပါတယ်၊ ယူပါ ကြယ်စု။ မငြင်းပါနဲ့နော်။ သွားဝယ်ကတည်းက ကြယ်စု အတွက်ပဲ သီးသန့်သွားဝယ်ထားတာမို့လို့ပါ"

"အာ ... ဒါမျိုးတွေ မလိုပါဘူးကွာ"

သူက အနေရခက်နေသည့် ပုံစံဖြင့် ညည်းညူနေလျှင် သက်တံက အသာအယာ ခေါင်းညိတ်ပြလျက် ...

"ကြယ်စုရဲ့ မွေးနေ့မှာ ရှမ်းခေါက်ဆွဲ ကျွေးထားတယ်လေ"

"ကျွတ် ... ရှမ်းခေါက်ဆွဲတစ်ပွဲဖိုးနဲ့ ဒီလက်မှတ်တစ်စောင်ရဲ့ ကွာခြားမှုနှုန်းကို မင်း သိပါတယ် သက်တံရာ"

သူ့ပါးစပ်မှ သက်တံရဲ့နာမည်ကို တ,ကာ ညည်းညည်းညူညူ ပြောဆိုက်ဟန်ကို ကြားရလျှင် သက်တံ ရင်ထဲမှာ ဘာကယ်ပဲ လှိုက်ခနဲ ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲလို မသတ်မှတ်နဲ့လေ ကြယ်စုရဲ့။ အဲဒီလို တန်ဖိုးတွေနဲ့ ပိုင်းဖြတ်လို့ ရကြေးလား။ ဒါဆို စေတနာဆိုတဲ့ စကားလုံးက မြောင်းထဲရောက်သွားမှာပေါ့။ စေတနာဆိုတာ ငွေကြေးနဲ့ တန်ဖိုးဖြတ်လို့ မရဘူး ကြယ်စုရယ် ...

ဒီမွေးနေ့လက်ဆောင်က ကြယ်စု အတွက်လည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေတဲ့ လက်ဆောင်မို့ တမင်ရွေးချယ်ခဲ့တာပါ။ အခြေအနေ အချိန်အခါ အားလုံးတိုက်ဆိုင်နေလို့ပါ။ လေးဖြူရှိုးပွဲလေ နာဂစ်ရန်ပုံငွေအတွက် ပြန်ဆိုတာဖြစ်တဲ့အတွက်ကြောင့် ကြည့်ရခဲလို့ ကြည့်စေချင်လို့ပါ ...

သက်တံတို့လည်း အရမ်းကြည့်ချင်တာပါပဲ။ ဒါပေမဲ့ အိမ်ကပေးမသွားဘူးလေ။ ဒီတော့ ဒီလက်ဆောင်ကို ကြယ်စု လက်မခံလည်း ဒီလက်မှတ်နှစ်ခွက ဆုံးသွားရုံပါပဲ။ ဘယ်သူ့ကိုမှ ပြန်ရောင်းဖို့ ပြန်ပေးဖို့ အစီအစဉ်လည်း မရှိပါဘူး ...

သက်တံရဲ့ သူငယ်ချင်းကောင်လေးတွေလည်း အားလုံး ဝယ်ပြီးသွားကြပြီ။ ယူသွားလိုက်ပါ ကြယ်စု။ ကြယ်စုရဲ့ အခင်ဆုံးသူငယ်ချင်းတွေနဲ့ သွားကြည့်လိုက်ပါ"

"ကျွတ် ... ခက်တာပဲကွာ"

သူက ခေါင်းကုတ်ကာ စိတ်ရှုပ် အကြံအိုက်နေတုန်းမှာပဲ စစ်ကျူ လမင်းကပါ ပွဲထဲဝင်ရောက်လာသည်။





"မခက်ပါဘူး။ ရှိုးရှိုးလေးပဲတွေးပါ ကြယ်စု။ ငါတို့လည်း အဲဒီပွဲကို အရမ်းကြည့်ချင်နေတာပဲ။ သိတဲ့အတိုင်း ရန်ကုန်တစ်မြို့လုံးက ယောကျ်ားလေးတွေက အဲဒီမှာစုကြမှာဆိုတော့ အိမ်က စိတ်မချဘူးလေ ...

အဲဒီတော့ ပါရမီဖြည့်ပေးတဲ့ သဘောပေါ့ဟာ။ အေးဆေးပေါ့၊ သွားကြည့်လိုက်ပါ။ နင် ပြန်ပေးလည်း ငါတို့အတွက်က ဘာမှ အသုံးမဝင်ဘူး"

"ကြယ်စု ယူသွားလိုက်တော့နော်"

သက်တံရဲ့ တိုးဖွဖွပြောသံကို သူက မျက်လုံးတစ်ချက် လှမ်းကြည့်သည်။ ပြီးတော့မှ သက်ပြင်းတစ်ချက်ကိုချကာ "ကျေးဇူးပဲ"ဟု ခပ်တိုးတိုး ပြောပါသည်။ အဲဒီအပြောကြောင့် သက်တံရဲ့နှုတ်ခမ်းတွင် အပြုံးတို့ ခိုသီးသွားကြသည်။ သက်တံသည် သူ့ကို ကျေးဇူးတင်ပါတယ်ဟု ယောင်ပြီး ပြောထွက်တော့မလို ဖြစ်တာကို အမြန်ထိန်းချုပ်ထားလိုက်ရလေသည်။ ကိုယ့်ရဲ့ မွေးနေ့လက်ဆောင်လေးကို သူ လက်ခံလိုက်ပြီဟူသော အသိသည် သက်တံကို တကယ်ပဲ ကြည်နူးဝမ်းမြောက်စေပါသည်။

"သွားတော့မယ်"

သူက နှုတ်ဆက်လျှင် သက်တံကလည်း ပြုံးပြကာ နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စု … သွားကြည့်ဖြစ်အောင် ကြည့်နော်"

"အင်းပါ"

အဲဒီ အင်းပါဟာ ဘယ်လို အင်းပါလေးမှန်းကို မသိပါ။ စိတ်မရှည်တော့သော ဆက်တောက်တောက် အင်းပါ ဖြစ်ပေမယ့် သက်တံသည် ဗွေမယူနိုင်ဘဲ အသာရယ်မောမိသည်။ သူ့ကိုလည်း ထပ်၍ စ,ချင်စိတ်ဖြင့် …

"သေချာကြည့်ခဲ့နော်။ လေးဖြူ ဘာသီချင်းတွေဆိုလဲ သေချာမှတ်ခဲ့ သိလား၊ ပြန်မေးမှာ"

သူက သက်တံကို ဖြစ်ရသေးတယ် ဟူသောပုံစံဖြင့် နှုတ်ခမ်းကို တစ်ချက်စေ့ပြကာ ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားလေသည်။ သက်တံသည် သူ့ကျောပြင်ကို ငေးကြည့်ရင်း ပခုံးလှုပ်ရယ်ကာ ကျန်ရစ်ခဲ့သည်။ သူဟာ တစ်ခါတလေတော့လည်း ကလေးလေး တစ်ယောက်လိုပဲ ချစ်ဖို့ကောင်းပါသည်။ သူ့ဘဝအကြောင်းကို ဒီ့ထက်ပိုသိခဲ့လျှင် ဒီ့ထက်နားလည်ပေးနိုင်မည်ဟု ထင်သည်။

"ကဲ … ဘယ်နေ့ရာအထိ ဆက်ကြည့်နေဦးမှာလဲ"

လမင်းက သက်တံရဲ့ပခုံးကို တိုက်ကာမေးသည်။ သူ့မျက်နှာက သက်တံအတွက် မျက်ခုံးရှုံ့ကာ စိတ်ပျက်လက်ပျက်။ ရှိပါစေ။ သူ သက်တံကို နားမလည်သေးလို့ပါ။ လမင်း





တစ်ယောက် သက်တံကို နားမလည်တာလည်း အရေးမကြီး။ ဘယ်သူမှ နားမလည်လဲ အရေးမကြီးချေ။ သက်တံ အတွက် ကြယ်စုကသာ နားလည်ပေးဖို့ လိုအပ်ပါသည်။

သက်တံသည် ကြယ်စုထံက အများကြီး မမျှော်လင့်ချေ။ သူ့ထံက ဂရုစိုက်မှု၊ ကြင်နာမှု စသဖြင့် စသဖြင့် ဘာမှ မမျှော်လင့်ပါ။ နားလည်မှုလေး တစ်ခုကိုသာ အတောင့်တဆုံး ဖြစ်ပါသည်။ သူ့အပေါ်တွင် ထားရှိသော သက်တံရဲ့ စေတနာ မေတ္တာတွေကို နားလည်ပေးလျှင် သက်တံ တစ်ယောက် အဆုံးမရှိသော ကျေနပ်ပီတိတို့ ရှိနိုင်ပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ...
ကြီးကြီးကျယ်ကျယ်တွေ
လျှောက်စဉ်းစားနေဖို့ မလိုဘူး။
တကယ်ချစ်တတ်လာပြီဆိုရင်
တိမ်တွေက ငှါဖဝါးအောက်မှာ။



## ၆

သူ့သူငယ်ချင်း တွတ်တွတ်သည် သူ့လက်ထဲက လေးဖြူရှိုးပွဲလက်မှတ်တွေကို မြင်သောအခါ ဟားခနဲ ရှေ့တက်ကာ သူ့ကိုကြည့်သည်။

သူက အပိုစကား သိပ်မပြောတတ်သူပီပီ ...

"ဘယ်လိုလဲ ... မင်း လိုက်မှာလား"

"ဟ ... လိုက်မှာပေါ့ကွ။ မေးနေစရာ လိုသေးလို့လား။ ငါ မင်းသူကိုတောင် ပြောနေတာ။ လေးဖြူရှိုး ကြည့်ချင်တယ်လို့။ မရှိ့ရှိတာ ပေါင်နှံပြီး ကြည့်ရအောင်လို့လို့ ...

ဒါ ... မင်း ဝယ်လာတာလား"

"မဟုတ်ဘူး၊ ကောင်မလေးတစ်ယောက်က ပေးလိုက်တာ"

"ဟေ ... ဘယ်သူလဲ။ ကဗျာလား"

www.burmeseclassic.com

www.burmeseclassic.com



တွတ်တွတ်က အဲဒီလို မေးလိုက်လျှင် သူက ဒီကိစ္စဟာ ကဗျာအတွက် တရားမျှတရဲ့လားဟု တွေးမိသွားသည်။ ကိုယ့်ချစ်သူပေးတာ မဟုတ်သော တခြားမိန်းကလေးတစ်ယောက်ရဲ့ မွေးနေ့လက်ဆောင်ကို လက်ခံတာဟာ တရားမျှတရဲ့လားဟု အခုမှပဲ စဉ်းစားမိတာ ဖြစ်ပါသည်။ သို့သော် ဒီလက်ဆောင်က အမှတ်တရအဖြစ် မကျန်ရှိနိုင်သော လက်ဆောင်လည်းဖြစ်သည်။ သူ ငြင်းလိုက်လျှင်လည်း အလကားဖြစ်သွားမှာကို သူက နမြောသေးလေသည်။

ဒီနေရာမှာ တခြားရုပ်ဝတ္ထုပစ္စည်း တစ်ခုခုသာဆိုလျှင် သူက လက်ခံဖြစ်မှာ မဟုတ်ပါ။

"ကဗျာ မဟုတ်ပါဘူး"

ကဗျာ မဟုတ်ပါဘူးဆိုတာနဲ့ တွတ်တွတ်က သူ့ကို ပြုံးဖြဲဖြဲ ကြည့်သည်။

"ဟဲ ဟဲ ... မင်းတောင် ဒီလိုကိစ္စမျိုးတွေ ရှိလာပြီလား"

"မဟုတ်ပါဘူးကွာ ရိုးရိုးသားသားပါ။ သင်တန်းက ကောင်မလေးတစ်ယောက်ကို ငါက ဘုရားမှာကြုံတာနဲ့ မုန့်ကျွေးခဲ့လို့ သူက အဲဒါ ပြန်ပေးတာ ...

သူတို့အိမ်က မကြည့်ရဘူးတဲ့၊ အလကား ဆုံးသွားမှာ အတူတူ ငါ့ကိုပေးလိုက်တာ"





"ဟား ... ကောင်းလိုက်တာကွာ၊ ကျေးဇူးတင်တယ်လို့ ပြောလိုက်စမ်းပါ၊ အတိုက်ပဲပေါ့ကွ။ ငါရယ် မင်းရယ် မင်းသူရယ် ...

ဒါနဲ့ ... မင်းကို ဒီလက်မှတ်တွေ ပေးတယ်ဆိုတော့ သာမန်ခင်ပုံမျိုးတော့ မဟုတ်ဘူးနဲ့ တူတယ်နော်။ ဟော့ကောင် ... မင်း ငါတို့ကိုတော့ လျှိုမထားနဲ့ကွာ။ အပြင်မှာ ဇာတ်လမ်းတွေ ဘာတွေ ဖြစ်နေရင်လဲ ပြောဦး"

"မဖြစ်ပါဘူးကွာ။ ကဗျာ တစ်ယောက်လုံးရှိတာ ဖြစ်စရာလား။ ကဗျာကလွဲလို့ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူး"

"အဟား ... ကြားရတာ မင်္ဂလာရှိပါပေတယ်။ အင်း ... ငါလည်း မင်းကို အားကျတယ်ကွာ။ ရှေ့တစ်ပတ်ထဲ ကျောင်းတက်ရတော့မှာ တကယ်ပျော်တယ် ...

မဟုတ်ရင် တစ်နေ့ တစ်နေ့ ဆိုင်မှာပဲ အချိန်ကုန်နေရတာ။ ကြာရင် အဖျော်ဆရာ အခေါ်ခံနေရတော့မှာ"

တွတ်တွတ်က သူ့မိဘရဲ့ လက်ဖက်ရည်ဆိုင်မှာ ဝင်ရောက်ကူညီပေးနေရတာ ဖြစ်သည်။ မင်းသူ ဆိုသော ကောင်ကလည်း သူနဲ့အတူ သင်တန်းတက်ဖို့ စိတ်မဝင်စားအား၊ သိမ်ကြီးဈေးက သူ့အမေရဲ့ ကုန်ခြောက်ဆိုင်မှာ ကျောင်းတွေမဖွင့်ခင်



www.burmeseclassic.com

www.burmeseclassic.com



စပ်ကြား လုပ်အားဝင်ပေးနေရသည်။ သူငယ်ချင်းသုံးယောက်ထဲတွင် သူသာ အားအားယားယားရှိလျက် သင်တန်းတွေ တက်ဖြစ်နေခြင်းဖြစ်သည်။ သူ တစ်ယောက် အဲဒီလိုသင်တန်းတွေ တက်နေတာကိုလည်း သူ့မိထွေးက ကြည့်မရချေ။ သူ့ရှေ့ရေးအတွက် သူ့အဖေက အမြော်အမြင်ရှိရှိ ထားပေးခြင်းကြောင့်သာ သူက တက်ခွင့်ရနေခြင်း ဖြစ်ပါသည်။

ဒါကြောင့်လည်း သူက သင်တန်းမှာ သူများထက်ပိုကြိုးစားသည်။ နေမကောင်း ဖြစ်နေတာတောင် သင်တန်းမပျက်ခဲ့ပါ။

"ကောင်းပါတယ်ကွာ၊ လက်ဖက်ရည် ဖျော်တတ်တာလည်း ပရော်ဖက်ရှင်နယ်ပညာ တစ်ခုပါပဲ။ မင်းတို့ဘဝအတွက် မင်းတို့က ပူစရာ မလိုဘူး"

"မင်းလည်း ထမင်းတစ်နပ်အတွက် ပူစရာ မလိုပါဘူးကွာ။ ကဗျာ ရှိနေသားပဲ ... ဟား ဟား ဟား"

တွတ်တွတ်ရဲ့ စကားက သူငယ်ချင်း အချင်းချင်းနောက်တာဖြစ်သော်လည်း သူက နည်းနည်းတော့ အောင့်သွားလေသည်။ သူ့မိထွေးကလည်း သူ့ကို အမြဲတမ်းပဲ အဲဒီလိုပေါ့ပြောနေကြဖြစ်သည်။ သူ့မိထွေးသည် သူ့ကိုဆိုလျှင် အလုပ်မလုပ်ချင်ဘဲ ပေါ်ကြော့နေသူ၊ မိန်းမထဘီနား ခိုစားချင်သူ စသဖြင့်





စရာမရှိအောင် နှိမ်ချပြောဆိုသူဖြစ်သည်။ သူ့ပတ်ဝန်းကျင်မှ ဘာလုပ်ငန်းကို ဝင်ကူညီနေကြသော တွတ်တွတ်၊ မင်းသူ၊ ကဗျာတို့နှင့် နှိုင်းယှဉ်ကာ သူ့ကို ငပျင်းတစ်ယောက်ဟု စွပ်စွဲနေသောသူ ဖြစ်လေသည်။

"အဲဒါဆို မင်းသူကို မင်းပဲ ပြောထားလိုက်တော့ကွာ။ ငါ သွားတော့မယ်၊ ကဗျာ့ဆီ ဝင်ရဦးမှာမို့လို့"

"အေး ... အေး ... မင်းသူသာ သိရင်တော့ ဝမ်းသာနေမှာကွ၊ အဲဒီနေ့ကျရင် အသွားအပြန် Taxi ခကို ငါနဲ့ မင်းသူနဲ့ ပေးမယ်ကွာ"

သူက ခေါင်းတစ်ချက်သာ ညိတ်ပြရင်း ထွက်လာသည်။ သင်တန်းကအပြန် တွတ်တွတ်ဆီ ဝင်ခဲ့ခြင်း ဖြစ်တာကြောင့် သူက အိမ်ပြန်ကာ ရေမိုးချိုး ထမင်းစားပြီးမှပဲ ကဗျာ့ သွားမှာဖြစ်သည်။ သူသည် ဒီနေ့ မြို့ထဲသို့ စာအုပ်ဝယ်စရာ သောကြောင့် ရောက်သွားသေးသဖြင့် ကဗျာ့အတွက် ရွှေပုစွန်က က်ပျောဆနွင်းမကင်း ဝယ်လာခဲ့တာကိုသွားကျွေးမှာဖြစ်သည်။ ဗျာက မြို့ထဲသိပ်မထွက်ဖြစ်သူမို့ မြို့ထဲက မုန့်လေးတွေ ဝယ်လျှင် အင်မတန် နှစ်သက်သဘောကျတတ်လေသည်။ အထူး ဖြင့် ရွှေပုစွန်က ငှက်ပျောဆနွင်းမကင်းဆိုလျှင် သိပ်ကြိုက်တတ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတစ်ဘူးကလည်း ဈေးက မသေးလှချေ။ သူ့ငွေး အတွက်တော့ ဘာမှမပြောပလောက်ပေမယ့် သူတို့အတွက်က တော့ တစ်ဘူးကို နှစ်ထောင်ကျော်က အကောင်းစားမုန့်ဖြစ်ပြီး ဈေးကြီးပါသည်။ သူ့မှာ ကဗျာ့ကို ချစ်လွန်းလို့သာ ဝယ်ကျွေး တာ ဖြစ်သည်။ သူ့ဗိုက်သူတောင် မသဒ္ဒါပါ။ သူ ဆန္ဒင်းမကင်း ဝယ်လာလျှင် ကဗျာက သူ့ကို ကော်ဖီဖျော်တိုက်သည်။ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကော်ဖီမှုံ့ရင်း ဆန္ဒင်း မကင်းလေး ခွံ့ကျွေးရသော အရသာသည် ဆာကူရာတာဝါ အထပ်နှစ်ဆယ်ရှိ ကော်ဖီဆိုင်မှ ကော်ဖီနှင့် မလဲနိုင်ပါ။

သူ့အတွက်တော့ ကဗျာ ဖျော်တိုက်သော ကော်ဖီ သည် ဘရာဇီးလ်က ကော်ဖီထက် ပိုကောင်းပါသည်။ ဘာနဲ့မှက် မလဲနိုင်ပါ။ သူသည် ကဗျာဖျော်တိုက်မည့် အငွေ့တထောင်းထောင် ထနေသော ကော်ဖီခွက်လေးကို မြင်ယောင်ကာ ခြေလှမ်းတွေကို သွက်သွက်လျှောက်လိုက်သည်။ ရာသီဥတုကလည်း ညနေစောင် လေးမှာ မိုးမရွာဘဲ မှိုင်းညို့ညို့လေး ဖြစ်သည်။ ဒီလို ခြေခင်းလက် ခင်း သာယာသော ညနေခင်းလေးတွေမှာ ကဗျာတို့အိမ်ထဲက တန်းလျားလေးမှာ ထိုင်လျက် ဟိုဟိုဒီဒီ စကားစမြည်လေးတွေ ပြောရသော အရသာလောက် ခံ့မင်ဖွယ်ကောင်းတာ မရှိတော့ပြီ





သူက အတွေးထဲမှာတင် ကြိုပျော်ထားမိကာ အိမ်ထဲ သို့ ဝင်လာခဲ့သည်။ အိမ်ထဲမှာက ထုံးစံအတိုင်း သူ့မိတ္တေးတော် မှာ ဘက်တူဘော်ဒါများဖြင့် ရှိရှိသမျှ အတင်းပေါင်းစုံကို ထိုင် တုတ်နေလေသည်။ ဧည့်ခန်းထဲမှာ စားသောက်ထားသော အချဉ် ထုပ်ခွံ၊ ငါးမုန့်ကြော်အခွံ၊ နေကြာစေ့ခွံများမှာလည်း ပွစာကြဲနေ သည်။ သူက အဲဒါတွေကို မသိကျိုးကျွံပြုလျက် ဖြတ်လျှောက်ခဲ့ လာကာ လက်ထဲက မုန့်ထုပ်ကို မီးဖိုထဲက စားပွဲပေါ်မှာ တင် ထားခဲ့ပြီးနောက် ရေတစ်ခွက်သောက်ကာ ရေချိုးဖို့ ပြင်ဆင်သည်။ ရေချိုးရင်းနဲ့ သူ့အဝတ်အစား တစ်စုံကိုပါ လျှော်လိုက်သေးသည်။ ကဗျာ့ဆီ သွားမှာမို့ သန့်ပြန့်သွားအောင် စိမ်ပြေနပြေချိုးပြီးမှ သူက အိမ်ပေါ်ပြန်တက်လာခဲ့သည်။

အဝတ်အစားကတော့ ထွေထွေထူးထူး စဉ်းစားမနေ တော့ပါ။ ကဗျာ ပုဂံသွားတုန်းက လက်ဆောင်ဝယ်လာပေးသော ပုဂံအမှတ်တရ စာတန်းပါသော တီရှပ်အဖြူတစ်ထည်နှင့် ပုဆိုး တစ်ထည်ကိုသာ သပ်သပ်ရပ်ရပ် ဝတ်ဆင်လိုက်သည်။ အင်း ... ဒီလောက်ဆို တော့်တော်သန့်သွားပြီ ထင်ပါရဲ့။ သူက မှန်ကြည့် ရင်းမှ ကိုယ့်အတွေးကိုယ် သဘောကျကာ တစ်ချက်ပြုံးမိသွားသည်။ ကဗျာ့ဆီကို လက်ဆောင်ပနာနှင့် သွားရမှာမို့ သူ နည်းနည်းမြူး နေသည်။ ဪ ... မေ့တော့မလို့။ သူက အခန်းထဲက ထွက်ခါ နီးမှ Roolon သုံးဖို့ သတိရသွားပြန်သည်။

www.burmeseclassic.com



အဲဒီ Nivea for men Rollon ဘူးလေးကိုလည်း ကဗျာကပဲ မွေးနေ့မှာ လက်ဆောင်ပေးထားခဲ့တာဖြစ်သည်။ ရေမွှေးတွေ၊ ပေါင်ဒါတွေ သိပ်သုံးလေ့သုံးထ မရှိသော သူ့ကို လူကြားထဲ သွားလာနေတာ Rollon လေးတော့ သုံးပါဟုပြောကာ လက်ဆောင်အဖြစ် အမှတ်တရ ပေးခဲ့သောကြောင့် သူက အဲဒါလေးကိုတော့ အမြတ်တနိုး သုံးဖြစ်နေသည်။ အင်း ... ကဗျာဟာ သူ့အတွက်တော့ တကယ်ကို အဖိုးတန် ချစ်သူလေးပါပဲ။ သူက အားလုံးပြီးစီးသွားလျှင် မှန့်ထုပ်တင်ထားခဲ့သော မီးဖိုချောင်ထဲရှိ စားပွဲပေါ်သို့ လျှောက်လာခဲ့သည်။ အဲဒီအချိန်မှာပဲ မြင်လိုက်ရသော မြင်ကွင်းက သူ့မျက်လုံးတွေကို ပြူးသွားစေတာ စိတ်ထဲမှာလည်း ဟာခနဲပဲ ဖြစ်သွားသည်။

"ဟာ ... ဘာဖြစ်တာလဲကွာ"

သူက မယုံနိုင်စွာဖြင့် စားပွဲနားသို့ တိုးကပ်သွားရင်း ငုံ့ကြည့်ကာ ပြောမိသည်။ ကဗျာ့အတွက် သူ ဝယ်လာခဲ့သော ရွှေပုစွန် ဆန္ဒင်းမကင်းဘူးမှာ ပွင့်နေလျက် အထဲမှ ဆန္ဒင်းမကင်းတုံးကြီးမှာ တစ်ဝက်ကျော်ကျော်လောက် မားနဲ့လှီးဖြတ်ထားခြင်း ခံထားရသည်။ တစ်စိတ်လောက်သာ ကျန်တော့သော ဖောက်လက်စ ငှက်ပျောဆန္ဒင်းမကင်းတုံးသည် သူ့အား လှောင်ပြောင်ပြုနေသလို ခံစားရလေသည်။





ဒေါသစိတ်ကြောင့် သူ့ခန္ဓာကိုယ်ထဲမှ သွေးတွေမှာ ပွက်ခနဲ ဆူသွားသည်ဟုတောင် ထင်ရလေသည်။ သူသည် မြင်လိုက်တာနှင့် ဒါ ဘယ်သူ့လက်ချက်ဆိုတာ ချက်ချင်းပဲ သဘောပေါက်သည်။ သူ့ခြေထောက်များသည် ဘယ်လိုလှမ်းလာမိမှန်း မသိဘဲ အိမ်ရှေ့သို့ ဝုန်းခနဲ ရောက်လာသည်။ သူ ထင်တာမမှားပါ။ မိန်းမတစ်သိုက်ကြားမှ ဆန္ဒင်းမကင်းပန်းကန်လေးသည် သူ့ကို အလိုမကျဘဲ ခေါ်သွားပါသည်ဟု လှမ်းတိုင်နေသလိုပဲဖြစ်သည်။ ဝုန်းခနဲ ရောက်လာသော သူ့ပုံစံကြောင့် မိန်းမတစ်သိုက်မှာ ရုတ်တရက် အရှိန်ရပ်သွားလျက် သူ့ကို ကြောင်တောင်တောင်ဖြင့် ကြည့်ကြသည်။ သူ့မိထွေးကတော့ သူ ဘာဖြစ်လာတယ်ဆိုတာကို သိနေသည့်အလား သရော်မော်ကား မျက်နှာပေးနှင့် ရှိလေသည်။

ဒေါသစိတ်သည် သူ့ဦးနှောက်ကို ဘယ်လိုတွန်းအားပေးလိုက်သလဲတော့ မသိပါ။ မိန်းမတစ်သိုက်ကြားမှ ငှက်ပျောဆန္ဒင်းမကင်းပန်းကန်သည် ပန်းကန်ပြားပျံဘဝသို့ ကူးပြောင်းသွားကာ ရွှေပုစွန် ဆန္ဒင်းမကင်းတုံးများသည် ပြတင်းပေါက်မှတစ်ဆင့် လေဟုန်စီးကာ အပြင်ဘက်သို့ လွတ်လွတ်လပ်လပ် ပျံဝဲသွားကြသည်။ ရုတ်တရက်မို့ ဟာ ... ဟင် ... အသံတွေ ညံသွားပြီးမှ သူ့မိထွေးရဲ့ ပေါက်ကွဲသံစဉ်ကြီးမှာ ပွင့်ထွက်လာသည်။

"ဟဲ့ ... အကောင်၊ နင် ဒါ ဘာလုပ်လိုက်တာလဲ"

www.burmeseclassic.com



"ခင်ဗျား မြင်တဲ့အတိုင်းပဲ"

"ဘာ ... အမယ်လေး၊ နင် မိုက်ရိုင်းလှချည်လား၊ ဟင် ... မိုက်ရိုင်းလွန်းအား ကြီးလှချည်လားဟဲ့၊ ဘယ်ဥက ပေါက်တာလဲ"

"ခင်ဗျားလို အောက်တန်းစားဥက ပေါက်တာ မဟုတ်တာ တော့ သေချာတယ်"

"ဘာ ... နင် ... နင် ...။ နင်တော့လား ... တွေ့မယ်။ နင့်အဖေ ပြန်လာမှ ကောင်းကောင်းကြီးကို တွေ့မယ်"

"ခုတွေ့လည်း ရတယ်၊ ခင်ဗျားသာ ကုန်းချောဖို့ စကား လုံးတွေ ရှာဖွေထား"

"အောင်မာ ... ငါက ကုန်းချောတယ်။ နင် မိုက်ရိုင်းထား တာကိုလည်း ထည့်ပြောဦးလေ။ ဟောဒီမှာ လူတွေငုတ် တုတ်ထိုင်နေကြတာ။ နင် မိုက်ရိုင်းတာ အားလုံးမျက်မြင် ပဲ"

"အေး ... ခင်ဗျားစိတ်ထဲက ပုပ်စပ်ထားတာလည်း ခင်ဗျား အသိဆုံးပဲ။ ခင်ဗျား ဘာလို့ ကျုပ်ပစ္စည်းကို ပိုင်စိုးပိုင်နင်း ကိုင်လဲ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲ။ ဒါ ခင်ဗျားအတွက် ဝယ်လာတာမို့ ခင်ဗျားက ကိုင်ရတာလား။ ကျုပ်ကိုမေး စမ်းပါဦးတော့လား။ ခင်ဗျား လုပ်လိုက်တဲ့ အချိုးကို





ကျုပ် မသိဘူးမထင်နဲ့။ ရတယ် ... လုပ်။ အေး ... အဲဒီ အတွက်လည်း ကျုပ်က အဲဒီလိုလုပ်တယ်။ ဘာဖြစ်ချင် လဲ။ ဘာမှလာမပြောနဲ့ မှတ်ထား"

"အောင်မယ်လေး ... အောင်မယ်လေး ... လင်ပါသားက ကျုပ်ကို ကက်ကက်လန်အောင် ပြောသွားလိုက်တာ။ ကြားကြတယ်နော် မသောင်းတင်တို့ရေ၊ ကျုပ်မှာ မုဆိုးဖို ကိုယူပြီး လင်ပါသားရဲ့ အစော်ကားကို ဒီလိုခံနေရတာ ...

အိမ်မှာ မုန့်လေးတွေ့လို့ ညှော်သည်တွေ ရောက်နေ တာနဲ့ ချပြီးတည်မိပါတယ် ညှော်သည်တွေ ရှေ့မှာတင် ကျုပ်ကို စော်ကားသွားတယ်။ မြင်တယ်နော် ... အရပ် ကတို့ရေ ... အဟီး ... ဟီး ... ကျုပ်ကိုက ကံဆိုးလွန်းပါ တယ်။ ကိုမြင့်ဝေရေ ... ရှင့်သား စော်ကားတာကို လာ ကြည့်ပါဦး ... အဟီး ဟီး"

"ကျုပ်အဖေ မသေသေးဘူး။ တ,ပြီးငိုမနေနဲ့"

"အမယ်လေး ... ငိုတာတောင် လွတ်လွတ်လပ်လပ် မငိုရ တဲ့ ဘဝပါလားတော့၊ ကျုပ်အဖြစ်ကိုက ဆိုးလွန်းဘာ ပါ"

သူက အကယ်ဒမီရှော့ အိုက်တင်တွေ ထုတ်နေသော ထွေးကို စိတ်ကုန်စွာဖြင့် တောက်တစ်ချက်ခေါက်ကာ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှ ဆင်းလာခဲ့သည်။ တစ်နေ့ တစ်နေ့ သူ အိမ်မှာနေရတာ အဲဒါတွေ စိတ်ကုန်တာ ဖြစ်သည်။ ဒီမိန်းမကြီး ကုန်းချောသဖြင့် အဖေနဲ့ သူနဲ့ကြားမှာလည်း အဆင်မပြေချေ။ သူ့ရဲ့ပျော်ရွှင်မှုကား အိမ်မှာလုံးဝကိုမရှိတာ ဖြစ်လေသည်။ ကြားထဲမှာ ကျောင်းပြီးအောင်တက်ဖို့တောင် ဘယ်လိုများ ဆက်ပြီး စခန်းသွားရမလဲတောင် မသိပါ။ ဒီမိထွေးဆိုသော မိန်းမဟာ သူ့ကို တော်တော်စိတ်ဒုက္ခပေးသော မိန်းမကြီးပဲ ဖြစ်သည်။ သူသည် အံတကြိတ်ကြိတ်၊ တနုံ့နုံ့ဖြင့် ကဗျာတို့အိမ်ဘက်သို့ လျှောက်လာခဲ့သော်လည်း ကဗျာ့ထံသို့လည်း မသွားချင်တော့ပါ။ သူ မျှော်လင့်ဖော်တောခဲ့ရသော စိတ်ကူးယဉ် အပျော်ကမ္ဘာလေး ပြိုကျပျက်စီးသွားသဖြင့် သူ့ရင်ထဲတွင် နွမ်းလျကာ ဟာနေသည်။ စိတ်လည်းတို ဒေါသလည်း ထွက်ရသည်။

ကဗျာ့အိမ် မသွားတော့လည်း တခြားသွားစရာက ဘယ်မှမရှိချေ။ သူ့အကြောင်းကို သိနေသော သူ့ခြေထောက်များသည် ကဗျာတို့အိမ်ကိုပဲ အလိုအလျှောက် သယ်ဆောင်ခေါ်လာခဲ့သည်။ ကဗျာသည် သူ့ပုံစံကို မြင်လိုက်တာနှင့် သူ ဘာဖြစ်နေတယ်ဆိုတာကို ချက်ချင်းသိလေသည်။ သူ့ကို တန်းလျားပေါ်တွင် ထိုင်ခိုင်းကာ သူ့မျက်နှာကို သေချာစွာကြည့်လျက် ...

"ကြယ်စု ဘာဖြစ်လာတာလဲဟင်"





"မပြောချင်တော့ပါဘူး ကဗျာရာ။ တကယ်ပဲကွာ၊ လူတွေကို သိပ်စိတ်ကုန်တယ်၊ အိမ်မှာလည်း နေချင်စိတ်ကိုမရှိတော့ဘူး ...

တစ်နေရာရာကို ထွက်သွားချင်စိတ်တွေ ပေါက်နေတယ်ကွာ ... ဟူး"

သူ့ရဲ့ သက်ပြင်းမောကြီးကို ကဗျာက စိတ်မသက်သာဟန်ဖြင့်ကြည့်ကာ မျက်လုံးလေး ကလယ် ကလယ်နှင့်ရှိသည်။ ဒီလိုကျပြန်တော့လည်း သူသည် ကဗျာ့ကို သနားမိသွားပြန်သည်။ သူ့အပူတွေ ဒေါသတွေကို ကဗျာ့အား မကူးစက်စေချင်ပါ။

"အဲဒီလိုတွေ မပြောပါနဲ့ ကြယ်စုရယ်။ ကြယ်စု အနားမှာ ကဗျာ တစ်ယောက်လုံး ရှိပါသေးတယ်။ ကြယ်စု ဘာဖြစ်လာတာလဲဟင်"

"မသိချင်ပါနဲ့ကွာ၊ ပြန်ပြောရင် ဒေါသထွက်ပြီး သွေးတိုးချင်တယ်၊ ကဗျာ့ကိုလည်း အပူတွေ ဒေါသတွေ မကူးစေချင်ဘူး"

"ဩော် ... မကူးပါဘူး ကြယ်စုရယ်။ ကဗျာက နေတတ်ပြီးသားပါ။ ကြယ်စု ပြောပြမှ ကဗျာက သိမှာပေါ့။ ဒါမှ မျှဝေခံစားပေးလို့ ရမှာပေါ့ ကြယ်စုရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စုမှာ ကဗျာ့ကို မပြောရင် ဘယ်သူ့ကိုသွားပြောမှာလဲ။ ဟင် ... ပြောပါဦး"

ကဗျာက သူ့ပခုံးစွန်းလေးကို ကိုင်လှုပ်ရင်းမှ ငုံ့နေသော သူ့မျက်နှာကို လိုက်ငုံ့ကြည့်ကာ ပြုံးပြုံးလေးမေးလျှင် သူသည် ကဗျာ့ကို အရမ်းချစ်သွားရပါသည်။ ကဗျာ့ရဲ့အပြုံးသည် သူ့ရင်ထဲက ဒေါသတွေကို မီးကို ရေနှင့်ငြိမ်းလိုက်သည့်ပမာ ဟုပ်ခနဲ ငြိမ်းသွားလေသည်။

တစ်ဖက်အိမ်မှ ဖွင့်ထားသော ကက်ဆက်သံမှ ပျံ့လွင့်လာသည့် "ချစ်သူ့ရင်ခွင်"သီချင်းသည် သူ့ရဲ့လက်ရှိအခြေအနေအတွက် တမင်ဖွင့်ပေးနေသလားတောင် မှတ်ရလေသည်။

"ဘဝရဲ့အမောများလည်း ပျောက်စေတယ်။ အလင်းတန်းများ ပေးစွမ်းတဲ့ ကိုယ့်လမင်းရယ် ... ဆိုးတတ် မိုက်တတ်လွန်းတဲ့ တို့ကို နားလည် ... ငြိမ်းချမ်းတဲ့အပြုံးနဲ့ ဆီးကြိုဦးကွယ့် ချစ်သူ့ရင်ခွင် ... ချစ်သူရင်ခွင် ... ရင်ခွင်ထဲ ... ဘယ် ဘယ်အရာ ဘာနဲ့မှ အစားထိုးလို့မရတယ် ငြိမ်းချမ်းဆုံး ချစ်သူ့ရင်ခွင်ထဲ"

"ကြည့် ... ပြောပါဆို မပြောဘူး၊ တွေ့လား"





"မဟုတ်ပါဘူးကွာ၊ ကဗျာ့ရဲ့အပြုံးလေးကို မြင်ရတော့ ရင်ထဲက ဒေါသတွေ အပူတွေ ပြေပျောက်သွားလို့ပါ။ ချစ်သူ့ရင်ခွင်က အေးချမ်းတယ်လေ ...

R စာနည်းက ကိုယ့်ကို စောင်းဆိုနေတဲ့ အတိုင်းပဲ"

"အင်းပါ။ ကဲ ... ဘာဖြစ်လာတာလဲဆိုတာ ပြောပြပါဆို ဒီမှာ အရမ်းသိချင်နေပြီနော်"

"ပြန်ပြောရင် တကယ်စိတ်တိုတယ်ကွာ၊ ကိုယ် ဒီနေ့မြို့ထဲကိုရောက်လို့ ကဗျာ့အတွက် ရွှေပုစွန်က ငှက်ပျောဆနွင်းမကင်း ဝယ်လာတာ၊ အဲဒါကွာ ဟိုမိန်းမကြီးပေါ့၊ သိရက်သားနဲ့ တမင်လှီးစားပစ်တယ်၊ သူ့အပေါင်းအပါတွေကိုပါ ချကျွေးထားတာ၊ စိတ်တိုလွန်းလို့ မျက်လုံးတွေကိုပြာပြီး ဘာလုပ်မိမှန်းတောင် မသိဘူး ...

သတိဝင်လာတော့ ဆနွင်းမကင်းပန်းကန်က အိမ်အောက်ရောက်နေပြီ။ အဲဒီမိန်းမကြီးဆိုတာ ဝက်ဝက်ကွဲအောင် အော်ပြီး ကျန်ခဲ့တာ။ အဖေ ပြန်လာရင်တော့ အသံက ကြားရဦးမှာ၊ မတတ်နိုင်ဘူးကွာ"

"ဟယ် ... ကြယ်စုရယ်၊ ဘာလို့ အဲဒီလို လုပ်လိုက်ရတာလဲ၊ ငှက်ပျောဆနွင်းမကင်း စားတာများ စားပါစေပေါ့။ ဘာဖြစ်သွားတာမှတ်လို့။ ဒုက္ခပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မလုပ်ရဘူးလေ။ စားတဲ့သောက်တဲ့ပစ္စည်းကို ခက်တော့တာပါပဲ"

"ဟာ ... ကဗျာမကလည်းကွာ၊ ဒီကိစ္စက စိတ်မတိုလို့ ရမလား၊ ကိုယ်ဝယ်လာတာမှန်းသိလို့ တမင်သက်သက် ကျောတာ။ ပြီးတော့ တကယ်ဆိုရင် ကိုယ့်ကိုမေးပါဦးတော့လား။ မီသလို ပိုင်သလို လုပ်တာကို အမုန်းဆုံးပဲ။ တမင်သက်သက် စိန်ခေါ်တာ။ အကြောင်းသိအောင်တော့ ပြရမှာပဲ ...

ကိုယ့်အပေါ်ကျတော့ရော သူ ဘာကောင်းလဲ။ ကဗျာ ပြောထားလို့ ကိုယ် အတတ်နိုင်ဆုံး သူနဲ့ကင်းအောင်နေတယ်။ ကောင်းတာလည်း မပြောဘူး၊ ဆိုးတာလည်း မပြောဘူး။ ဥပေက္ခာတရားနဲ့ပဲ နေတယ်၊ ဒါပေမဲ့ ကိုယ်က ရဟန္တာမဟုတ်ဘူးကွာ၊ စိတ်တိုစရာရှိရင်တော့ တိုမှာပဲ၊ ပေါက်ကွဲပစ်မှာပဲ ...

အဲဒီဆန္ဒင်းမကင်းက ကဗျာ ကြိုက်မှန်းသိလို့ ကိုယ်မှာ မစားရက် မသောက်ရက်နဲ့ ချွေတာပြီး ဝယ်လာခဲ့ရတာ၊ ကဗျာနဲ့ အတူတူစားမယ်ဆိုပြီး အတွေးထဲမှာ ပျော်ပြီး စိတ်ကူးတွေ ယဉ်လာလိုက်ရတာ။ ခုတော့ အလကားပဲကွာ။ အားလုံး သဲထဲရေသွန် ဖြစ်ကုန်ရော"





သူ့ရဲ့ ဒေါနဲ့မောနဲ့ အပြောကို ကဗျာက နားလည်သလို တစ်ချက်ပြုံးပြပါသည်။ ပြီးတော့ သူ့ပခုံးလေးကို ဖွဖွကိုင်ကာ ...

"ကြယ်စုရဲ့ စေတနာကို နားလည်ပါတယ်ကွယ်။ ဒါပေမဲ့ ဖြစ်ပြီးသွားမှတော့ ဘာတတ်နိုင်တော့မှာလဲ မဟုတ်ဘူးလား။ ပြေရာပြေကြောင်း ပြောပေါ့ ကြယ်စုရယ်၊ ခုတော့ သူ့အလွန်ကနေ ကိုယ့်အလွန် ဖြစ်တာပေါ့"

"အိုကွာ ... ဘယ်သူ့အလွန်ပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး။ ဒီမိန်းမကြီးက ပြေရာပြေကြောင်း ပြောလို့လည်း နားလည်တဲ့ မိန်းမကြီး မဟုတ်ဘူး ...

စိတ်လေပါတယ်ကွာ၊ တကယ် စိတ်ကုန်တယ်၊ ကျောင်းမြန်မြန်ဖွင့်မှ နားအေးမှာ။ သူနဲ့ ဝေးလေ ကောင်းလေပဲ"

"ဟင်း ... ကြယ်စုနော်၊ ကျောင်းမှာ ကောင်မလေးတွေကို ငမ်းချင်လို့ မဟုတ်လား"

"တွေးတောင် မတွေးမိပါဘူး ကဗျာရာ။ ဘဝကြီးက စိတ်ချမ်းသာစရာကို မရှိဘူး။ ချစ်သူနဲ့အတူတူ ကျောင်းတက်လို့ ကျောင်းမှာ ပျော်ရမလား မှတ်ပါတယ် ...



www.burmeseclassic.com

အဲဒီလို အခွင့်အရေးကလည်း မရှိ။ ဟင်း ... အတူစားဖို့ ဝယ်လာတဲ့မုန့်တောင် သူများက ဖြတ်အုပ်သွားတာ ခံရသေးတယ် ...

ကံမျှား ဆိုးလိုက်တာ။ ဓာတာနိမ့်နေတယ်နဲ့တူတယ်။ ဓာတ္တာခေါင်မိုးထိုးဦးမှပဲ”

“အင်း ... အဲဒီ ခေါင်မိုးတက်ထိုးတော့မှ ပြုတ်ကျပြီး ခြေထောက်ကျိုးနေမှာ၊ ‘ကဲပါ ... ကြယ်စုရယ်၊ အဆင်မပြေတာတွေ ဒေါသတွေကို မေ့ထားလိုက်တော့။ ဆန္ဒင်းမကောင်းမပါလည်း ဘာဖြစ်လဲ။ ကြယ်စု လာမယ်ဆိုတာသိလို့ ကဗျာလေ ကြယ်စုကြိုက်တဲ့ ထောပတ်ဘိန်းမုန့် ဝယ်ထားတယ်၊ အဲဒါစားမှာပေါ့။ အခု ကော်ဖီသွားဖျော်လိုက်မယ်။ ဘိန်းမုန့်နဲ့ ကော်ဖီနဲ့ ပိုတောင်လိုက်သေး မကြိုက်ဘူးလားပြော”

“ကြိုက်ပါတယ်၊ ဒါပေမဲ့ ကဗျာ စဉ်းစားကြည့်ပေါ့ကွာ။ ကိုယ်က ကဗျာကြိုက်မုန့်းလည်း သိလို့ စားစေချင်လို့ တခုတ်တရ ဝယ်လာတာ ...

အခု ကဗျာ မစားရတော့ ကိုယ် ဘယ်စိတ်ကောင်းပါ့မလဲ။ အဲဒါကို စိတ်တိုတာပါကွာ။ ဒီမိန်းမကြီး သက်သက်ယုတ်တာ။ အဲဒါ ကိုယ် အိမ်မှာစားဖို့ဝယ်လာတာ





မယုတ်ဘူးဆိုတာလည်း သူ သိတယ်၊ သိသိကြီးနဲ့ကွာ ... တောက်”

သူက ပြန်ပြောရင်းမှ ဒေါသတွေက တနုံ့နုံ့ထွက်လို့လာပြန်လေသည်။ ကဗျာက သူ့အဖြစ်ကို စာနာနားလည်ဟန်ဖြင့် နှစ်သိမ့်သည်။

“ကဲပါ ကြယ်စုရယ်။ ကဗျာ အဲဒီမုန့်ကို မစားရပေမယ့်လည်း စားရသလိုပဲ စိတ်ထဲမှာ ပီတိဖြစ်ရပါတယ်။ မုန့်စားခဲ့ရင်တောင် ဒီလောက် ပီတိဖြစ်ရမှာ မဟုတ်ဘူးသိလား။ ကြယ်စု ဒီလောက် စိတ်တွေကြီးနေတာ ကဗျာ့အပေါ်မှာ စားစေချင်တဲ့ စိတ်စေတနာ ဘယ်လောက်ကြီးတယ်ဆိုတာ ကဗျာ နားလည်ပါတယ် ...

ဝမ်းလည်းသာပါတယ်၊ အဲဒီတော့ ဆက်ပြီး စိတ်မတိုတော့နဲ့နော်။ ခဏလေးပဲစောင့် သိလား၊ ကဗျာ ကော်ဖီဖျော်ခဲ့မယ်၊ သတင်းစာလေးဖတ်ရင်း စောင့်နေ”

ကဗျာက သူ့ကို ချော့မော့နှစ်သိမ့်ပြီး ထွက်သွားလျှင် သူက တကယ်ပဲ စိတ်ကိုလျှော့ချပစ်လိုက်ပါသည်။ ပေါက်ကွဲသင့်သလောက်လည်း ပေါက်ကွဲခဲ့ပြီးပြီ။ ကဗျာ့ရဲ့အချော့အမော့စိတ်ဖြေစကားလေးတွေကိုလည်း နားထောင်ပြီးသွားပြီမို့ သူ့စိတ်ဆွလည်း ပြေတန်သလောက်တော့ ပြေသွားခဲ့ပြီဖြစ်သည်။ သူ

www.burmeseclassic.com



သည့် ဒေါသတွေကို လွှင့်ပစ်လိုက်ပြီးနောက် ဘာရယ်မဟုတ်ဘဲ ကဗျာ ပြောသလို သတင်းစာကို ကောက်လှန်လိုက်သည်။

ကြော်ငြာစာမျက်နှာတွေမှ လေးဖြူရဲ့ရှိုးပွဲကြော်ငြာကို တွေ့လိုက်ရလျှင် သူသည် ပန်းမိုးသက်တံ ဟူသော နာမည်ဆန်းဆန်းလေးနှင့် ကောင်မလေးကို ဖျတ်ခနဲ သတိရမိသွားသည်။ ရုပ်ရည်လေး ချောမောလှပကာ သူ့ထက်လည်း ငွေရေးကြေးရေး ပြေလည်အဆင်ပြေပုံရသော ပြည့်စုံသည့် အသိုင်းအဝန်းမှ မွေးဖွားလာဟန်တူသည့် ကောင်မလေးဟာ ဘာအဆောင်ယောင်မှ မရှိသော သူ့ကိုမှ ဘာကြောင့် ခင်မင်တွယ်တာနေရတာပါလိမ့်။ နည်းနည်းတော့ ထူးဆန်းသည်ဟု ထင်မိလေသည်။

မိန်းကလေးတစ်ယောက်အပေါ်မှာ "ငါ့ကို ကြိုက်နေတာလား"ဟူသော ခပ်ကျော့ကျော့ အတွေးမျိုးနဲ့လည်း သူ မတွေးလိုပါ။ သက်တံရဲ့ပုံစံသည် အဲဒီလို မဟုတ်အောင်လည်း ဖြူစင်ပါသည်။ သို့သော် အဲဒီထက် နက်ရှိုင်းတာကိုလည်း သူက သိနေပြန်သည်။ သူမရဲ့ပုံစံမှာ ယောက်ျားလေးတစ်ယောက်အပေါ် ကလက်တက်တက် ဣန္ဒြေပျက်ရသည့်ပုံစံမျိုးလည်း လုံးဝမတွေ့ရပါ။ နွေးထွေးစွာ ကြည့်တတ်သော မျက်ဝန်းတွေသည် တကယ့်ကိုပဲ သီးခြားအဆင့်အတန်းတစ်ခုကို ဖြစ်ပေါ်စေသည်။ အင်း ... သူမပေးတဲ့ မွေးနေ့လက်ဆောင်အကြောင်း ကဗျာ့ကို ပြောပြရင်





ကောင်းမလား။ ကဗျာ ဘယ်လိုထင်မြင်ယူဆမလဲ ဆိုတာကို သိချင်သည်။ ကဗျာသည် သူနဲ့ပတ်သက်၍ သဝန်တိုတတ်သော မိန်းကလေးတစ်ဦး မဟုတ်ပါ။ မဟုတ်သေးဘူး ... ကဗျာ သဝန်တိုတတ်လား မတိုတတ်လား ဆိုတာကို သူ မသိတာဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူ့အပေါ်တွင် သဝန်တိုစရာ အကြောင်းကိစ္စကလည်း မပေါ်ပေါက်သေးသောကြောင့် ဖြစ်သည်။ သူသည် သက်တံအကြောင်း ကဗျာ့ကို ပြောရကောင်းနိုး၊ မပြောရကောင်းနိုး စဉ်းစားနေတုန်းမှာပင် ကဗျာက ကော်ဖီနှစ်ခွက်၊ ဘိန်းမုန့်ပန်းကန်တို့ဖြင့် ပြန်လည်ရောက်ရှိလာသည်။ သူသည် ချစ်စဖွယ်ကောင်းလှသော ကဗျာ့ကို နွေးထွေးစွာ ပြုံးကြည့်ရင်းမှ ...

"ကဗျာ ... ကိုယ့်ကို သဝန်တိုလားဟင်"

သူ့ရဲ့ကောက်ကာငင်ကာ အဓိပ္ပာယ်မရှိသော စကားကြောင့် ကဗျာက အံ့သြသွားသလိုဖြစ်ပြီးမှ ရယ်ဟဟဖြင့် "ဘာလဲ" ဟု ရေရွတ်သည်။ သူသည် ပန်းကန်ထဲမှာ ညှပ်ထည့်ထားသော ဘိန်းမုန့်တစ်ဖတ်ကို ခက်ရင်းနှင့်ထိုးကာ ပါးစပ်ထဲသို့ ထည့်လိုက်သည်။

"တကယ်မေးနေတာ၊ ကိုယ့်ကို ကောင်မလေးတွေနဲ့ သဝန်တိုလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီအတိုင်းကြီးတော့ မတိုပါဘူး"

"ဘယ်အတိုင်းကြီးမှ တိုမှာလဲ"

သူ့အဖြေကို ကဗျာက တစ်ချက်ရယ်က သူ့လက်မောင်းကို ဖျတ်ခနဲရိုက်သည်။ ပြီးတော့ သူမလည်းပဲ ဘိန်းမုန့်ကို ကော်စားပါသည်။ အင်း ... သူတို့အတွက်တော့ ဒီထောပတ်ဘိန်းမုန့်ကို ဈေးဦးနတ်က ဒိုးနတ်တွေထက် ပိုမက်မောပါသည်။ ကဗျာ ကိုယ်တိုင် သုပ်ကျွေးသော မုန့်ဖတ်သုပ်ဆိုင်ပျှင် စပါကက်တီခေါက်ဆွဲနဲ့လည်း မလဲနိုင်ချေ။ တကယ်တော့ ချစ်သူကိုယ်တိုင် ပြင်ဆင်ကျွေးမွေးပြီ ဆိုကတည်းက ဘယ်အရသာနဲ့မှ နှိုင်းယှဉ်လို့ မရတော့ဘူးဆိုတာ ယောကျ်ားလေးတိုင်း အသိအမှတ်ပြုလက်ခံထားပြီးသားဖြစ်သည်။

"ကြယ်စုက သဝန်တိုအောင် လုပ်ရင်တော့ တိုမှာပေါ့။ ဥပမာ ... ကောင်မလေးတစ်ယောက်ကို အရမ်းဂရုစိုက်နေရင်တော့ တိုမှာပေါ့"

"ကိုယ်ကတော့ ဂရုမစိုက်ပါဘူး။ ကောင်မလေးတစ်ယောက်ကပဲ ဂရုလာစိုက်နေတယ် ဆိုရင်ရော"

အဲဒီမေးခွန်းကိုတော့ ကဗျာ ချက်ချင်းမဖြေနိုင်တော့ချေ။ မျက်မှောင်ကြုတ်ကာ နည်းနည်းစားသွားသည်။ သူက





ကော်ဖီကို အသာယူမော့ကာ ကဗျာ့ရဲ့အဖြေစကားကို စောင့်နေလိုက်သည်။ ကဗျာသည် ခေါင်းကိုတဆတ်ဆတ်ညိတ်ကာ ...

"အင်း ... သေချာစဉ်းစားကြည့်မယ် ဆိုရင်တော့ ကြယ်စုက ဂရုမစိုက်ဘဲ ကောင်မလေးကသာ ဂရုစိုက်နေရတယ်ဆိုရင် ဒါဟာ သိပ်တော့ သဝန်တိုစရာ မရှိဘူးလို့ ထင်တာပဲ။ ကောင်းမလေးကသာ သနားစရာ ကောင်းမှာလေ"

သူသည် ဒီတစ်ခါတော့ ပေါ်လီယာနာ့လက်သစ်မလေး ကဗျာရဲ့လက်ကလေးကို အသာဆွဲယူကာ ဖျစ်ညှစ်မိလိုက်လေသည်။ ကဗျာရဲ့စိတ်ထားလေးကို သူ အင်မတန် မြတ်နိုးသွားပါသည်။ ကဗျာသည် သူမကို သူ သိပ်ချစ်မိမှန်း သိသော်လည်း အဲဒီအတွက် အနိုင်မယူခဲ့ချေ။ ချစ်မှန်းသိ၍ ဆိုးနွဲ့ဗိုလ်ကျခြင်း သုံးဝမရှိ။ သူ့အပေါ်တွင် အမြဲနားလည်ဖြည့်ဆည်းပေးတတ်သော ချစ်သူတစ်ယောက်ကို ရှားရှားပါးပါး ရထားရုံမျှဖြင့် သူ့ရင်ခွင်ခါးသည် အပြီးတိုင် ပိတ်သွားခဲ့ပြီးဖြစ်လေသည်။

"ကဗျာက တကယ် သဝန်မတိုတတ်ဘူးကိုး"

သူ့ရဲ့မှတ်ချက်ကို ကဗျာက အသာပဲ ပြုံးနေခဲ့သည်။ ာက်ခံသည်ဟူသော အပြုံးမျိုး။ သူက ကဗျာ့ရဲ့လက်ကလေးကို ခပ်တင်းတင်းဆုပ်ကိုင်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းတော့ သဝန်တိုကွာ ... သိလား"

"အဟင်း ... ဟင်း၊ အဲဒီ ကြယ်စု တစ်ယောက်ဟာလေ"

ကဗျာက သူ့ကို ချစ်စနိုးဖြစ်သွားဟန်ဖြင့် လွတ်နေသော လက်တစ်ဖက်က သူ့နှာခေါင်းကို လာဆွဲလိမ်သည်၊ ယောကျ်ားလေးတွေဟာ မိန်းကလေးတွေ သဝန်တိုတတ်တာကို သဘောမကျတတ်ဘူး ဆိုပေမယ့် လူရှိန်အောင် သဝန်တိုတာမျိုးလောက်ကိုတော့လည်း တိတ်တဆိတ်တော့ မျှော်လင့်တတ်ကြပါသေးသည်။

♥ ❧ ♥





ငါက –
မင်း မသိတဲ့ မြတ်နိုးမှုတွေနဲ့
အချစ်ဆိုတာ –
တောင့်တဖို့ လွယ်သလောက်
ပိုင်ဆိုင်ဖို့ –
ခဲယဉ်းတတ်ပါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၇

သက်တံသည် ကန်တင်းမှာ ထိုင်နေသော်လည်း စိတ်တို့က ကန်တင်းမှာမရှိပါ။ လက်ကနာရီကို ငုံ့ကြည့်ကာ လည်ပင်းက ညောင်ရေအိုးလို ရှည်ရှည်ပြီး ထွက်လာသည်။ Class ပြီးသွားပြီမို့ ကျောင်းသားတွေ တဖွဲဖွဲ ထွက်လာကာ ကန်တင်းတစ်ခုလုံးက စားပွဲတွေ ပြည့်လုမတတ် ဖြစ်လာပြီ။ သူက တော့ အခုထိ ထွက်မလာသေး။ ဘာဖြစ်လို့ပါလိမ့်။ စားပွဲတစ်လုံးမှာ နှစ်ယောက်တည်း ထိုင်စားနေသော သက်တံတို့ထံသို့ ကျောင်းသူနှစ်ယောက်က ဝင်ထိုင်ဖို့ပြင်သည်။

"သူငယ်ချင်း ဒီမှာ လူလာမှာ၊ စိတ်မရှိနဲ့နော်"

"ဩော် ... ဆောရီး"





ကောင်မလေးနှစ်ယောက်က လှည့်ထွက်သွားသည်။ လမင်းက ထမင်းကြော်ကို တစ်ဇွန်းခပ်ဝါးရင်းမှ ...

"ဒီကို ဘယ်သူလာမှာမို့လို့လဲ"

သက်တံက သိရက်သားနဲ့ မေးနေတယ် ဟူသော အကြည့်မျိုးဖြင့် ကြည့်လိုက်လျှင် လမင်းက ပခုံးကို တစ်ချက်တွန့်သည်။ လမင်းသည် သက်တံကို ရှူးရှူးစိုက်စိုက်ကြည့်ကာ ...

"ကန်တင်းလာတော့ရော ဒီဆိုင်ထဲကို သူတို့က တန်းတန်းမတ်မတ် ဝင်လာမယ်လို့ ထင်နေလို့လား။ ငါတော့ မထင်ဘူးနော်"

"ငါတော့ ထင်နေတယ်။ ဟော ... ပြောရင်း ဆိုရင်း ... ဟိုမှာ"

သက်တံသည် လမ်းမဘက်သို့ မျက်နှာမူလျက် ထိုင်နေသည်ဖြစ်လေရာ သူငယ်ချင်းနှစ်ယောက်နှင့် စကားပြောရင်း ကန်တင်းဘက်သို့ ဝေ့ဝဲကြည့်နေသော ကြယ်စုကိုလှမ်းမြင်လို့ သွားရသည်။ ကံကောင်းထောက်မစွာပင် ကြယ်စုကလည်း သက်တံကို မြင်သွားပါသည်။ သက်တံသည် ပိုပြီးမြင်သာထင်သာရှိသွားအောင် ကြယ်စုကို လက်လှမ်းပြကာ လှမ်းခေါ်လိုက်သည်။ သက်တံ ခေါ်တာကို ကြယ်စုတင် မဟုတ်ဘဲ သူ့ရဲ့ သူငယ်ချင်းနှစ်ယောက်ကပါ မြင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်တံက ပြုံးပြကာ "လာ" ဟူသော သဘောဖြင့် လက်ယပ်ခေါ်လိုက်သည်။ ဒီတော့မှ သူတို့သုံးယောက်က ဆိုင်ထဲသို့ ကွက်ကြည့် ကွက်ကြည့်ဖြင့် ဝင်လာခဲ့သည်။ သက်တံသည် အနီးနားရောက်လာသော သူ့ကို အားပါးတရ ပြုံးပြလိုက်သည်။ ကြယ်စုသည် ဆံပင်ကေအသစ်နှင့် ပိုကြည့်ကောင်းနေသည်ဟု ထင်သည်။ ဆံပင်တွေကို ဂျယ်လ်ဖြင့် ထောင်ထားသောကြောင့် သူ့ပုံစံက လန်းနေသည်။ **Step** တံဆိပ် စပို့ရှပ်အနီနှင့် အဖြူအစင်းကို ဂျင်း(န်)အရှည်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသည်။ သက်တံသည်လည်း ဒီနေ့မှ အနီရောင်စပို့ရှပ်အကျပ်လေးကို နို့နှစ်ရောင်စကတ်အရှည်တစ်ထည်ဖြင့် မိန်းကလေးဆန်ဆန် ဝတ်ထားခဲ့ပါသည်။

"ဒီမှာ လာထိုင်လေ ကြယ်စု။ တခြားစားပွဲတွေက မအားတော့ဘူး"

"အားနာစရာကြီး။ သက်တံတို့ စားနေတာ မဟုတ်လား"

"သြော် ... အားနာစရာ မဟုတ်ဘူး။ သက်တံတို့ စားနေတဲ့အထဲက ကျွေးရမှာမှ မဟုတ်တာ။ ဟင်း ... ဟင်း ... ကျောင်းမှာကတော့ ထမင်းစားချိန် လူကျပ်တာ ထုံးစံပဲလေ၊ ဒီလိုပဲ ထိုင်ကြရတာပါပဲ"





သက်တံက သွက်သွက်လက်လက် ပြောဆိုလိုက်လျှင် သူက ခေါင်းတစ်ချက်ညိတ်သည်။ သူ့သူငယ်ချင်းတွေက သက်တံကို ကွက်ကြည့် ကွက်ကြည့်ဖြင့် အကဲခတ်နေကြတာ တွေ့သဖြင့် သက်တံကပဲ စတင်ပြုံးပြလိုက်သည်။ ဒီတော့မှ သူက မိတ်ဆက်ပေးဖို့ သတိရသွားဟန်ဖြင့် ...

"ဟေ့ကောင်တွေ ... ဒါ ငါတို့ ဆရာမော်လီသင်တန်းက သူငယ်ချင်းပေါ့။ လေးဖြူရှိုးပွဲကို စပွန်ဆာပေးတဲ့ တစ်ယောက်ပေါ့ကွာ။ ပန်းမိုးသက်တံလို့ ခေါ်တယ် ...

သက်တံ ... ဒါ ကျွန်တော့်သူငယ်ချင်းတွေပါ။ သူက တွဘ်တွတ်တဲ့၊ သူက မင်းသူပါ"

"ဟုတ် ... ဟုတ်ကဲ့။ သက်တံက ပန်းမိုးသက်တံပါ။ ရင်းရင်းနှီးနှီး သက်တံလို့ပဲ ခေါ်ပါ။ ဒါကတော့ သက်တံရဲ့ သူငယ်ချင်း လမင်းဖြူတဲ့"

လမင်းကလည်း အပြုံးတစ်ခုနှင့် အားလုံးကို ဝေ့ဝဲကြည့်ကာ ပြုံးပြသည်။ သူ့သူငယ်ချင်း နှစ်ယောက်ထဲမှ သွက်လက်ပုံရသော တွတ်တွတ်ဆိုသူက သက်တံကို အားပါးတရပြုံးပြကာ ...

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ သက်တံကို ဒီကောင်ပြောကတည်းက တွေ့ချင်နေတာ။ ကြယ်စုကို လေးဖြူရှိုးပွဲ



www.burmeseclassic.com

www.burmeseclassic.com



သက်မှတ်ပေးတဲ့ စိတ်ကူးကို ကျွန်တော်တို့က သဘောကျနေတာဗျ။ ကျွန်တော်တို့ပါ အချောင်ကြည့်ရလို့လေ၊ ဟဲ ဟဲ ... ကျေးဇူးတင်တယ်ဗျာ၊ တကယ်ပါ”

အဲဒီအပြောကို သက်တံက လွင့်လွင့်လေးပြုံးကာ ...

“ရပါတယ်၊ အဲဒီပွဲကို သက်တံတို့ကလည်း အရမ်းကြည့်ချင်နေတာလေ၊ ကိုယ် မကြည့်ရပေမယ့် ကြည့်ချင်တဲ့သူတွေကို လက်ဆောင်ပေးလိုက်ရတော့ ကုသိုလ်လည်းရတာပေါ့ ...

“ကဲ ... စားရင်း ပြောကြမယ်လေ၊ ကြယ်စု ဘာစားမှာလဲ၊ တစ်ခုခုမှာလေ၊ တွတ်တွတ် ... မင်းသူ မှာကြနော်”

သူတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ထမင်းကြော်တစ်ပွဲစီ မှာကြသည်။ သက်တံက စားလက်စ ထမင်းပေါင်းကို ဆက်စားရင်းမှ ကြယ်စုကို တစ်ချက်ငဲ့ကြည့်ဖြစ်သည်။ ပြောစရာစကား မရှိသလို ရေခွေးကြမ်းငုံ့နေသော ကြယ်စုကို တစ်ချက်ပြုံးကာ ကြည့်ရင်းမှ ...

“ကြယ်စု ... လေးဖြူ ရှိုးပွဲက ကောင်းလားဟင်”

“အင်း ... ကောင်းတာပေါ့”

“အဲဒီပွဲကို အခု ဒီသုံးယောက်လုံး သွားကြည့်ကြတာလား”





ဒီမေးခွန်းကိုတော့ ကြယ်စုက မဖြေဘဲ တွတ်တွတ်ကပဲ ဝင်ဖြေပါသည်။

“ဟုတ်တယ် ... ကျွန်တော်တို့ သုံးယောက်စလုံး သွားကြည့်တာ။ ရင်းရင်းနှီးနှီး ပေါင်းတာလည်း ဒီသုံးယောက်တည်းပဲ ရှိတာ။ သုံးယောက် အကိုက်ပဲ၊ လက်မှတ်နဲ့”

“သြော် ... တော်သေးတာပေါ့။ သက်တံက လူများရှိနေဦးမလားလို့။ လက်မှတ်လိုနေရင် မကောင်းဘူးလေ”

“ဟဲ ဟဲ ... ကောင်းပါတယ်၊ အကိုက်ပါပဲ”

အဲဒီအချိန်မှာပဲ မှာထားသော စားစရာတွေ ရောက်လာ၍ သူတို့ကို စားဖို့ သက်တံက ပြောရသည်။ သက်တံတို့က စားပြီးသွားသောကြောင့် စပါကလင်ပုလင်းတွေကို ပိုက်နှင့်စုပ်ကာ သောက်နေသည်။

သက်တံသည် ထမင်းကြော်ကို ဇွန်းခက်ရင်းနှင့် သေသေသပ်သပ် စားနေသော ကြယ်စုကို ငေးကာ မေးခွန်းတစ်ခု ထပ်ထုတ်လိုက်သည်။

“ကျောင်းတက်နေရပြီ ဆိုတော့ ကြယ်စု သင်တန်းကို weekend ပြောင်းလိုက်လားဟင်”

“ဟုတ်တယ် ... ကျွန်တော် ပြောင်းလိုက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား။ သူက မေးရင် မေးခွန်းကိုပဲ ဖြေသည်။ သက်တံနဲ့ ပတ်သက်သော မေးခွန်းတွေက ဆက်ပြီးပါမလာတော့ပေ။ သို့သော် သက်တံသည် အဲဒါကိုလည်း ဖွဲမယူတတ်ပါ။

"သက်တံတို့လည်း ပြောင်းလိုက်တာပဲ။ ဒါနဲ့ ကြယ်စုတို့ သူငယ်ချင်းတစ်တွေက ကျောင်းကားနဲ့ လာကြတာလား"

"အင်း ... ဟုတ်တယ်"

"သက်တံတို့လည်း ကျောင်းကားစီးမလို့ပဲ။ အခုလောလော ဆယ်တော့ လမင်းတို့အိမ်က လိုက်ပို့ပေးနေတာ"

သူ့က သြော် ဟူသော ပုံစံမျိုးဖြင့် ခေါင်းတစ်ချက် ညိတ်ပြသည်။ သူ့ကြည့်ရတာ သက်တံတို့ရှေ့မှာမို့ စားရသောက်ရတာ နည်းနည်း အနေခက်နေပုံရှိသည်။ သတိဆွဲ၍ ထမင်းစားနေပုံကို သက်တံသည် သဘောကျစိတ်ဖြင့် ပြုံးငေးနေရင်းမှ ခြေထောက်ကို တစ်ယောက်ယောက်က ဒုတ်ခနဲ လာတိုက်တော့မှ အကြည့်တို့ကို ရုပ်သိမ်းဖို့ သတိရသည်။ သက်တံရဲ့ခြေထောက်ကို လာတိုက်တာက လမင်းဖြစ်သည်။

သူ့ ထမင်းစားရ ခက်နေတာကိုသိသော လမင်းက သက်တံကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ သွားစို့ဟု အချက်ပြသည်။ သက်တံသည်လည်း သူ့ကို အနေမခက်စေချင်ပါ။ ထို့





ကြောင့် အနားမှာ ရောက်လာသော စားပွဲထိုးလေးကို လှမ်းခေါ်ကာ ကျသင့်ငွေကို တွက်ခိုင်းလိုက်သည်။

တစ်ချိန်လုံး ငြိမ်သက်စွာ စားနေသောသူသည် ဒီတော့မှ လှုပ်လှုပ်ရှားရှား ထဖြစ်လျက် ...

"ဟိုဒင်း ... ကျွန်တော်တို့အတွက် မရှင်းနဲ့နော်"

သက်တံသည် သူ့ကိုပြုံးကာ စိုက်ကြည့်လိုက်သည်။ သူ့ရင်ထဲက ခံစားချက်ကို သက်တံ နားလည်ပါသည်။ သက်တံသည် ကိုယ့်အတွက်ကြောင့် သူ့မှာ ဝန်ထုပ်ဝန်ပိုး ဖြစ်မှာကိုလည်း မလိုလားပါ။

ထို့ကြောင့် စားပွဲထိုးလေးကို အသာငဲ့ကြည့်လျက် ...

"အစ်မတို့နှစ်ယောက် စားတာကိုပဲ တွက်ပေးပါ"

"ထမင်းကြော် တစ်ထောင်၊ ထမင်းပေါင်း ထောင့်နှစ်ရာ၊ စပါကလင်နှစ်လုံး ခြောက်ရာ၊ နှစ်ထောင့်ရှစ်ရာ အစ်မ"

သက်တံက တစ်ထောင်တန်သုံးရွက်ကို ထုတ်ပေးလိုက်သည်။ စားပွဲထိုးလေးက ပြန်အမ်းဖို့ ငွေသွားယူနေချိန်တွင် သက်တံက သူ့ကို စကားထပ်စလိုက်သည်။

"ကြယ်စုက ကွာလဖိုင်းဝင်ချင်လို့နဲ့တူတယ်၊ အရမ်းကြိုးစားတယ်နော်၊ ဆရာ ပြန်လုပ်ချင်လို့လား၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မဟုတ်ပါဘူး။ ကြိုးကတော့ ကြိုးစားရတာပေါ့ဗျာ။ ကိုယ်က သူများတွေလို တောင့်တင်းတဲ့ အသိုင်းဝန်းကမှ မဟုတ်တာ။ ဒီတော့ ကြိုးစားဖို့ နည်းလမ်းတစ်ခုပဲ ရှိတာပေါ့"

သက်တံ့တောင် ဘာမှ ပြန်မပြောရသေး။ ပါးစပ်ပြင်တုန်း ရှိနေစဉ်မှာပဲ လမင်းရဲ့အသံကြီးက ဖောက်ထွက်လာသည်။

"ဟား ဟား ... ကြယ်စုတို့ကတော့ ပိုတယ်ဟာ။ ဒီနေ့မှ ကျောင်းဖွင့်တာ တစ်ရက်ပဲ ရှိပါသေးတယ် ကြယ်စုရဲ့။ ပြီးတော့ first year က အေးဆေးပါ ...

လွှင်ယမ်းသဘာဝ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး ခံစားစမ်းပါ"

သူက လမင်းရဲ့စကားကို ဘာမှပြန်မပြောဘဲ အသာပြုံးနေပါသည်။ သူက မပြောပေမယ့် တွတ်တွတ်ကတော့ ဝင်ပြောသည်။

"ဟုတ်တယ် ... ကျွန်တော်တို့လည်း ဒီကောင့်ကို အဲဒါပြောနေတာ။ သူက အဲလိုမဟုတ်ဘူး၊ တစ်ခုခုဆို Plan ကြီးတွေချပြီး စီမံကိန်းကြီးနဲ့၊ ခုလည်း ကျောင်းတက်တာ တစ်ရက်ပဲ ရှိသေးတယ်၊ တအားကို ကြိုးစားပြနေပြီ"





"ကြိုးစားမှ ဒိုးပြားရမှာလေ"

ဒါကိုတော့ သူက သူ့သူငယ်ချင်းကို ငဲ့ကြည့်ပြီး ခပ်ပြုံးပြုံး ပြန်ပြောတာဖြစ်သည်။ အဲဒီလိုလေး ငဲ့ကြည့်ပြီး ပြောတာဟာ သူတို့ယောကျ်ားလေးအချင်းချင်း ရိုးရိုးပြောတာဖြစ်ပေမယ့် သက်တံသည် ကြားထဲကနေ၍ အဲဒီအပြောလေးကို နှစ်ခြိုက်ကြည့်နူးမိသွားသည်။ ဒါကြောင့် သူ့ကို နောက်ချင်စိတ်ဖြင့် ...

"ဘာလဲ ... ရဲလေးရဲ့ ရင်ခုန်သံစကားလေးတစ်ခွန်းသီချင်းထဲကလို မင်းအသိုင်းဝန်းက ကြည့်ပြီ ဟော ... လိုနေတာ ဒိုးပြားတွေပါ ဆိုသလို ဖြစ်နေလို့လား"

သူက ရုတ်တရက် ပြန်မဖြေနိုင်ချေ။ ရယ်ကျဲကျဲဖြင့် တအီးအီး တအဲအဲ ဖြစ်နေသည်။ အဲဒီမှုံစံသည် တစ်စုံတစ်ရာကို နှမိတ်ပြသည့်အလား သက်တံ့ ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ သူ့မှာ ရည်းစားရှိသလား။ အဲဒီမေးခွန်းသည် သက်တံကို အတွေးတွေ အများကြီး ပွားစေပါသည်။

"ဒိုးပြားတွေကတော့ မင်း အသိုင်းဝန်းက မကြည့်လည်း လိုနေတာပါပဲဗျာ။ ကျွန်တော်တို့လို မျက်နှာမွဲလေးတွေကို ခင်ချင်တဲ့ ကောင်မလေးတွေက ရှားပါတယ်။ ဒါကြောင့် သက်တံတို့၊ လမင်းတို့ ခင်တာကို အရမ်းဝမ်းသာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကိုတော့ မင်းသူ ဆိုသည့် တစ်ယောက်က ဝင်ပြောတာ ဖြစ်သည်။ သက်တံသည် အဲဒီစကားကို ခေါင်းတစ်ချက်ညိတ်ကာ ထောက်ခံလိုက်ရင်း ...

"သက်တံတို့က အဲဒီလို ခွဲခြားတတ်တဲ့စိတ်မျိုး မရှိပါဘူး။ ပြီးတော့ ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်တယ်။ သက်တံတို့နဲ့ခင်ရင် သိပ်အားမနာနဲ့။ သက်တံတို့ကလည်း သိပ်အားမနာတတ်ဘူး"

"ဟုတ်ကဲ့ ... ဟဲ ... ဟဲ"

"အိုကေ ... ဆီးယူလေ၊ နောက်နေ့မှ တွေ့မယ်နော်၊ ကဲ အားလုံးပဲ ခွင့်ပြုပါဦး"

"ဟုတ် ... ဟုတ်ကဲ့"

သက်တံက သူ့ကိုတော့ သီးသန့်နှုတ်ဆက်သည်သဘောဖြင့် တစ်ချက်ကြည့်လိုက်လျှင် သူက မော့ကြည့်ကာ နည်းနည်းပြုံးလျက် ခေါင်းညိတ်ပြသည်။ သက်တံသည် အဲဒီအပြုံးလေးကိုပဲ အမှတ်တရ သိမ်းဆည်းကာ ထွက်လာခဲ့ပါသည်။ ဗိုက်လေးသွားပြီမို့ ခပ်ဖြည်းဖြည်း လျှောက်လာရင်းမှ လမင်းကို ခပ်တိုးတိုး မေးမိသည်။

"လမင်း ... သူ့မှာ ရည်းစားရှိတယ်လို့ ထင်လား"

"နင်က အဲဒီလို ထင်နေလို့လား"





လမင်းက သက်တံကို မဆိုင်းမတွဘဲ ချက်ချင်း မေးခွန်းပြန်ထုတ်သည်။ သက်တံသည် ရှေ့တူရူကို စူးစိုက်ငေးနေရင်းမှ သူ့မျက်နှာကို ပြန်လည်ပုံဖော်မိနေသည်။ သူ့မျက်လုံးထဲမှာ ဖျတ်ခနဲ တွေ့လိုက်ရသော အရိပ်လေးတစ်မျိုးသည် သက်တံကို အတွေးတစ်ခု ပေးဝေပါသည်။

"အင်း ... ရည်းစားမရှိတောင်မှ သူ ကြိုက်နေတဲ့ ကောင်မလေးတစ်ယောက်တော့ ရှိမယ်ထင်တာပဲ"

"အေး ... အဲဒါ နင် မဟုတ်ဘူး ဆိုတာတော့ သိတယ် မဟုတ်လား"

လမင်းရဲ့စကားမှာ မှန်လွန်းသောကြောင့် အွတ်ခနဲ တောင် ဖြစ်သွားရလေသည်။ သို့သော် သက်တံမှာ မချိသွားပြီတော့ ရယ်နိုင်သေးသည်ဟု ပြောရမည်။ သက်တံသည် ဆံပင်တွေကို သပ်တင်လိုက်ရင်းမှ ပင့်သက်တစ်ချက်ကို ရှိုက်ကာ ကောင်းကင်ကြီးကို မော့ကြည့်မိသည်။ ကောင်းကင်မှာ သက်တံ မရှိပါ။ မိုးတွေတော့ အုံ့နေသည်။ သက်တံသည် မိုးရေတွေ စိုနေသော ကောင်လေးတစ်ယောက်နှင့် စတွေ့ခဲ့သော နေ့ရက်လေးကို ပြန်သတိရမိသွားသည်။

မောင်သိန်းဇော် ရေးဖွဲ့သော ကဗျာလေးတစ်ပိုင်းတစ်စကို နှုတ်မှ အသာရွတ်ဆိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်တံလေးခမျာ သနားစရာ ... နတ်သမီးလေးအပြုံးကြောင့် ခါးကုန်းသွားရရှာ"

သက်တံကတော့ ခါးမကုန်းပါ။ သက်တံရဲ့ အကြင်နာတွေကသာ သူ့အပေါ်သို့ ညွတ်ကျနေခဲ့တာ ဖြစ်ပါသည်။

♥ ❧ ♥





အိပ်မက်ထဲမှာတော့ –
ချစ်ပါတယ်လို့
တဖွဖွ ဝန်ခံထားခဲ့မိတာ
မျှော်လင့်ချက်ဆိုတဲ့
သံလိုက်ခါတ်က
ရွှေအိုရောင်လေးလိုပဲ
တလက်လက်တောက်ပနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဟိုမှာ သက်တံ လာနေတယ်"

မင်းသူက သူ့အနားသို့ ခပ်တိုးတိုး ကပ်ပြောသည်။ သူက စာအုပ်ကို ငုံ့ဖတ်နေရာမှ မော့ကြည့်မလို ဖြစ်ပြီးမှ မကြည့်မိတော့ချေ။ ကလပ်စ်တစ်ခု လွှတ်ထားချိန်မို့ သူတို့သူငယ်ချင်းသုံးယောက်မှာ ကော်ရစ်တာအပြင်ဘက်သို့ထွက်၍ စကားပြောနေကြတာဖြစ်သည်။ တွတ်တွတ်နဲ့ မင်းသူကတော့ ကော်ရစ်တာရှိ ကောင်လေးတို့ရဲ့ ထုံးစံအတိုင်း ဟိုဘက် ဒီဘက်ကလာသော အလှပဂေးတွေကို ငေးမောနေသည်။

သူသည် ရှေ့မှာလာရပ်လိုက်သော ခြေထောက်တစ်စုံကို စတင်သတိထားမိသည်။ ဖြူနုသော ခြေဖမိုးများကြောင့် စီးထားသည့် အစိမ်းနုရောင်ဖိနပ်လေးမှာ ပိုမို၀ံ့ကြွားလှပနေသည်။





မြင်တာနဲ့တင်ကို ဈေးကြီးမှန်း သိသာစေသော ဖိနပ်လေးဖြစ်မှာပါပဲ။ သူ့စိတ်ထဲက ထင်ထားသော ဈေးနှုန်းထက်တောင် ကြီးနိုင်မည်။ တစ်နေ့က ကဗျာနဲ့အတူတူ မဂ္ဂဇင်းဖတ်ရင်းမှ ဖိနပ်လေးတစ်ရန်ကို လှတယ်ပြောမိတော့ ကဗျာက ဘယ်လောက်ထင်လဲလို့ မေးသည်။ သူက ရှစ်ထောင်ဟု ပြောသောအခါ ကဗျာက ရယ်မော၍ သုံးသောင်းဟု ဖြေလျှင် သူ့ ပခုံးတွန့်ခဲ့မိတာကို မှတ်မိသေးသည်။ အင်း ... ဒီလိုဖိနပ်မျိုးလေး တစ်ရန်လောက် ကဗျာ့ကို ဝယ်ပေးချင်လိုက်တာ။

"ကြယ်စု"

ခေါ်သံကြောင့် သူက မော့ကြည့်ဖြစ်သည်။ သူ့ရဲ့ရှေ့မှာ မွေးပျံ့သပ်ရပ်စွာ ပြုံးနေသော သက်တံကို တွေ့ရသည်။ သက်တံသည် အစိမ်းနုရောင်ပါးပါးပျော့ပျော့ အစလေးတစ်စကို လှပစွာ ချုပ်ထားသည့် အင်္ကျီကို ဝတ်ဆင်ထားသည်။ စကတ်အရှည်အနက်ရောင်ဖြင့်။ အင်္ကျီနဲ့ဖိနပ်အရောင် Match ဖြစ်အောင် တမင်တိုက်ထားပုံရသည်။ ရွှေညိုရောင်ဆံနွယ်များဖြင့် ကျောင်းတက်တော့မှ ပိုလှလာသူ သက်တံသည် သူတို့မေဂျာ၏ ကွင်းန်ဖြစ်သည်။ အဲဒီ ကွင်း(န်)သည် ကျန်တဲ့လူတွေကို လူမထင်ဘဲ သူတစ်ယောက်ကိုမှ ဖွေးထူးခြားခြား ခင်တွယ်နေတာကတော့ သူ့အတွက် တစ်မျိုးကျဉ်းကျပ်ရပါသည်။



www.burmeseclassic.com

သူမနဲ့သိကျွမ်းရသော အချိန်တွေ ကြာလာလေလေ သူမရဲ့ဂရုစိုက်မှုတွေဟာ သူတစ်ယောက်တည်းအတွက် ဆိုတာ ပို၍သိသာထင်ရှားလာလေ ဖြစ်သည်။ သူမက သူ့များမျက်ခ်ီ နောက်စရာဖြစ်အောင်၊ မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေပျက်အောင်လည်း သည်းသည်းလှုပ် ဂရုစိုက်နေတာတော့ မဟုတ်ပါ။ သို့သော် ဘယ်အရာက သူမရဲ့ဂရုစိုက်ခြင်းကို ဖော်ပြနေသလဲတော့ မသိချေ။ တစ်ခုခုကတော့ အကြီးအကျယ်ကို ဖော်ပြနေသည်။ သူကတော့ ဆုမနဲ့ မျက်လုံးချင်းဆုံအောင်တောင် သေချာကြည့်ဖူးခဲ့သူ မဟုတ်ပါ။

နေ့တော့ သူမ ခေါ်သောကြောင့် ခေါင်းငုံ့ထားရာမှ ခေါင်းမော့ကာ ကြည့်ဖြစ်ခဲ့ရပြီဖြစ်သည်။

"ဘာစာအုပ်တွေ ဖတ်နေတာလဲ"

"ကွန်ပျူတာနဲ့ ပတ်သက်တဲ့ဟာပါ"

သူက သူမများ ငှားဦးမလားဟု တွေးကာ စိတ်ပူသွားသည်။ သို့သော် သူမက သူ့စာအုပ်ကို ကြည့်တောင်မကြည့်ပါ။ အဲဒီအတွက် သူမကို စိတ်ထဲမှာ နည်းနည်းတော့ အားနာသွားပါသည်။

"ကန်တင်းမှာ လက်ဖက်ရည်သွားသောက်မလို့၊ လိုက်သောက်ပါဦးလား၊ တွတ်တွတ်တို့ရော"





တွတ်တွတ်က ပါးစပ်မှာဖို့ ပြင်တုန်းမှာပဲ သူက အလျင်အမြန် ဝင်ပိတ်လိုက်ရသည်။

"တော်ပြီ သက်တံ၊ ကျေးဇူးပဲ။ ကျွန်တော်တို့ သောက်ပြီးပါပြီ"

"ဟုတ်လား ... ဒါဆို ဘာမှာဦးမလဲ"

"ရတယ်၊ မမှာတော့ပါဘူး"

"အိုခေ ... ဒါဖြင့်ရင် လစ်လိုက်ဦးမယ်နော်"

သူမက မျက်စိလေးတစ်ဖက်ကို ချစ်စဖွယ် မှိတ်ပြလျက် ခပ်သွက်သွက်ရှပြာကာ သူငယ်ချင်းနဲ့အတူ ထွက်သွားသည်။ သက်တံ ထွက်သွားတော့မှပင် သူ့မှာ အသက်ကို ဝဝရှူရဲတော့တာ ဖြစ်လေသည်။ မင်းသူက သူ့ကို တံတောင်ဖြင့်တွက်ကာ မကျေမနပ်ဟန်ဖြင့် ...

"ဟေ့ကောင် ... ဘာကိစ္စနဲ့ သောက်ပြီးပါပြီလို့ ညာလိုက်ရတာလဲ။ ခုနတည်းက မင်းကို ပြောနေတာလေ၊ လက်ဖက်ရည် သွားသောက်ရအောင်လို့ ...

ခွီးတဲ့မှပဲကွာ၊ မသောက်တော့မှပဲ ပိုသောက်ချင်လာတယ်။ သွားသောက်မယ်ကွာ ... လာခဲ့"

"ဟာ ... မလုပ်စမ်းပါနဲ့ကွာ၊ နေစမ်းပါ မင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



"ဘာမင်းကလည်းလဲ၊ မင်း မရှိဘူးနော် ပေ့ာကောင်"

မင်းသူက သူ့ကို အဲဒီလိုပြောလျှင် သူက စာအုပ်ကို ပိတ်ကာ ဟက်ခနဲ ရယ်မိသည်။

"ဒီစကားက ငါ့ကို ပြောရမယ့် စကားလားကွ"

"ဟုတ်တယ်။ မင်းကို ပြောရမယ့် စကားပဲ။ မင်း ဘာဖြစ်လို့ သက်တံကို ရှောင်ချင်နေရတာလဲ။ ဒီလိုကိစ္စမျိုးကြုံတာ တစ်ခါ နှစ်ခါလည်း မကတော့ဘူး ...

ငါတို့က ကြားတည်းက သက်တံကို မျက်နှာပူတယ်ကွာ"

"ဘာပူစရာရှိလဲကွာ။ သူ ကျွေးတာစားမှ မျက်နှာပူရမှာကို"

"ဘာဆိုင်လဲကွာ။ ကျောင်းသူ ကျောင်းသား အချင်းချင်း ဒီလိုပဲ သွားကြ စားကြတာပဲ၊ ငါတို့လည်း လက်ဖက်ရည် တစ်ခွက်လောက်တော့ တိုက်နိုင်ပါတယ် ...

အဲဒီလောက်ကြီးလည်း ရှောင်စရာ မလိုပါဘူးကွာ။ တစ်ဖက် မိန်းကလေးကို အားနာဖို့ ကောင်းပါတယ်။ သက်တံက ခပ်ကဲကဲ ခပ်ရဲရဲ မိန်းကလေးမျိုးလည်း မဟုတ်ပါဘူး။ မိန်းကလေး အပေါင်းအသင်း တစ်ယောက်အနေနဲ့ ခင်ဖို့ ကောင်းပါတယ် ...

ဘာအထာမှ မရှိဘူး၊ ပွင့်ပွင့်လင်းလင်းပဲ"





အဲဒါကိုတော့ သူ လက်ခံပါသည်။ သို့သော် သူ့စိတ်မှာ ဘာကိုဟန့်တားချင်မှန်း မသိ ဟန့်တားနေမိသည်။ သက်တံနှင့် ယံပေါင်းကြီးဖော်တွေလို အစစအရာရာ တိုင်တိုင်ပင်ပင် ပွင့်ပွင့်လင်းလင်း ရင်းနှီးသွားရမှာမျိုးကို သူ မလိုလားပါ။ သူ့ကိုကြည့်လျှင် အရိပ်တစ်မျိုး ယှက်ဖြာနေသော သက်တံရဲ့ အကြည့်တွေနှင့် သူ မပတ်သက်ချင်ပါ။

"မင်းက ဘာလို့ သက်တံနဲ့ မပတ်သက်ချင်ရတာလဲကွ"

သူ့ရင်ထဲက စကားကို တွတ်တွတ်က ကြားသွားသည့်အလား မေးခွန်းထုတ်သည်။

"မင်းတို့လည်း သိမှာပါကွာ"

"မသိပါဘူးကွာ"

သူက တမင်ဂျစ်တိုက်ဖြေသော မင်းသူကို မျက်လုံးဝင့်ကြည့်လိုက်သည်။ မင်းသူက သူ့ကို ပခုံးတစ်ချက် တွန့်ပြတာ ...

"ငါတို့အမြင်မှာတော့ သက်တံက မင်းအတွက် ရှော့မရှိပါဘူးကွာ။ မင်းအပေါ်မှာ သူ သူများထက် ပိုတယ်ဆိုတာ သိသာပါတယ်၊ ဒါပေမဲ့ ဒီကိစ္စက အေးဆေးပါကွာ"

"ငါ့အတွက်တော့ မအေးဆေးဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူက အပြောရင်းနဲ့မှ ကဗျာ့ရဲ့မျက်နှာလေးကို မျက်လုံးထဲမှာ ပြန်မြင်ယောင်လာမိသည်။ တစ်နေ့ တစ်နေ့ အိမ်ထဲမှာပဲ အနေများကာ သူ့ကို စိတ်ချလက်ချ ယုံကြည်ထားသော ကဗျာ့ရဲ့ ကွယ်ရာမှာ မိန်းကလေးတစ်ယောက်နဲ့ အရှောတဝင် ခင်မင်ပတ်သက်တာမျိုး သူ မဖြစ်ချင်ပေ။

"သူနဲ့ အရမ်းခင်မင် ပတ်သက်လိုက်ရင် သူ့အပေါ်မှာ မျှော်လင့်ချက်တွေ ပေးတာမျိုး ဖြစ်သွားမှာစိုးတယ် ...

အဲဒီလို ဖြစ်မှာကို ငါ အကြောက်ဆုံးပဲ။ ဒါကြောင့် တမင် ကင်းအောင်ကို 'နေတာပါကွာ"

"အဲဒီလိုတော့ မဖြစ်ပါဘူးကွာ။ လူတစ်ယောက်အပေါ်မှာ ရှိးသားတယ်ဆိုရင် ဒါ သိသာတာပဲလေ။ ဒီအတိုင်းကြီးတော့ မကောင်းပါဘူးကွာ ...

သူ့ပုံစံက မင်းကို deep ဖြစ်တယ် ဆိုပေမယ့် တို့ကိုလည်း တကယ်ခင်တယ် ဆိုတာ သိသာပါတယ်။ တက္ကသိုလ် တက်နေတာပဲကွာ ယောကျာ်းလေး မိန်းကလေး ဖော်ဖော်ရွေရွေ ခင်မင်တာ ပြဿနာမဟုတ်ပါဘူး

ငါကတော့ သဏ်တံကို ခင်တယ်၊ သူ့လို ကွင်း(န်) တစ်ယောက်က မာနမကြီး အထာမကိုင်တတ်တဲ့ စိတ်ဓာတ်ကိုပဲ ငါက သဘောကျနေတာ"





"အေးကွာ ... သက်တံက စိတ်နေ စိတ်ထားကတော့ တကယ်ထူးခြားတဲ့ မိန်းကလေး တစ်ယောက်လို့ ပြောရမှာပဲ။ သူ့ကို တွေ့တဲ့ကောင်တွေဆို တကယ့်ကောင်တွေချည်းပဲ' ...

ဒါတောင် တို့ မသိတဲ့ အပြင်က ဂရိတ်တွေရှိချင်ရှိဦးမှာ ...

ဒါကိုမှ သူက ဘာမဟုတ်တဲ့ တို့ကောင်ကြီးကို သံယောဇဉ် ဖြစ်တယ်ဆိုတော့ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မသိနိုင်ကြည်ရေ လို့ပဲ အော်မေးလိုက်ချင်တော့တယ်"

"ငါ တစ်ခုစဉ်းစားမိတယ်ကွ။ အကြံပေးတာပါ"

တွတ်တွတ်က အလေးအနက် ပြောလာလျှင် သူက အသာငုံကြည့်ဖြစ်သည်။

"မင်းမှာ ရည်းစားရှိတယ် ဆိုတာကို သူ သိသွားရင်ကော"

အဲဒီအပြောကြောင့် သူ နည်းနည်းတွေဝေသွားသည်။ သက်တံဟာ သူ့မှာ ရည်းစားရှိမှန်း မသိပါ။ ဒါကြောင့်လည်း သူ့အပေါ်မှာ ဂရုစိုက်တဲ့ မျက်ဝန်းတွေနဲ့ နွေးထွေးနေသလားတော့ မပြောတတ်ချေ။ တကယ်ဆိုလျှင် သူက သက်တံကို အဲဒီလိုမဖြစ်စေချင်ပါ။ သူ့ကို ဂရုလည်းမစိုက်စေချင်။ အသိအမှတ်လည်းမပြု

www.burmeseclassic.com



စေချင်။ သက်တံသည် သူ့ကို စတွေ့တည်းက ဂရုစိုက်ခဲ့သူ ဖြစ်သည်။

မိုးမိမှာစိုး၍ သူ ဖျားမှာ နာမှာ။ သင်တန်းမှာ စာတွေ မလိုက်နိုင်မှာကို စိုးရိမ်တတ်ပုံမှာ တမင် over လုပ်ပြခြင်းမဟုတ် ဆိုသည်မှာ မြင်ရုံနဲ့သိသာစေပါသည်။ ပြောရလျှင် ကစ်ခါတလေ သက်တံ ကြည့်တတ်သော မျက်ဝန်းတွေလိုမျိုး ကာတောင် သူ့ကို မကြည့်ဘူးပါ။ သက်တံသည် အမှုအရာ ဖြင့် မိန်းကလေးတစ်ယောက်ရဲ့ ကူရြွေသိက္ခာကို လုံးဝအကျ ကြောင်း သိသာစေသော်လည်း မျက်ဝန်းတွေကတော့ တကယ့် မော်ဝင်နေသည့် မျက်ဝန်းများဖြစ်သည်။

သူ့ချစ်သူ မဟုတ်သော မိန်းကလေးတစ်ယောက် အဲဒီလို မျက်ဝန်းမျိုးနဲ့ ကြည့်တာကို သူ တကယ်ပဲ မခံနိုင် ဘူး။

အင်း ... တွတ်တွတ် ပြောသလို သူ့မှာ ချစ်သူရှိတယ် ဆိုတာကို သိသွားလျှင် အဲဒီမျက်ဝန်းတွေရဲ့ အရောင်တွေဟာ ပြောင်းများ ပြောင်းလဲသွားမလား။ ပြောင်းလဲသွားမည်လို့တော့ သူ ထင်သည်။

"အင်း ... ငါ့မှာ ကဗျာ ရှိတယ်ဆိုတာ သူ သိသွားရင် နည်းနည်းတော့ တန်းသွားမလားပဲ"





သူ့ရဲ့တွေးဆဆ အဲပြောကို မင်းသူက ထောက်ခံ သည်။

"အေးလေ ... ငါလည်း သက်တံကို ကိုယ်ချင်းစာ နားလည်တယ်၊ မင်းအနေအထားကိုလည်း နားလည်တယ်။ မင်းကိုလည်း ငါ ချီးကျူးပါတယ် ...

တော်ရုံ ယောကျ်ားလေးဟာ သက်တံလို မိန်းကလေးကို ရှောင်သွားမှာတော့ မဟုတ်ဘူးကွ။ ဟုတ်ပါတယ် ကွာ ...

မင်းမှာ ကဗျာရှိကြောင်း သက်တံကို တနည်းနည်းနဲ့ အသိပေးလိုက်ရင်လည်း ဆိုးတော့ မဆိုးပါဘူး ...

ဘာလို့လဲဆိုတော့ သက်တံက ဖြူစင်တယ်လေ ကွာ။ အဲဒီလို ဖြူစင်တဲ့သူတစ်ယောက်ကို အချိန်တွေလွန်မှ ပိုခံစားသွားရမှာမျိုးလည်း မဖြစ်စေချင်ဘူး။ စောစော စီးစီးသိထားတော့ သူလည်း တစ်မျိုးစဉ်းစားရင် စဉ်းစား မှာပေါ့"

"ဟုတ်တယ် ... မင်းသူ ပြောတာမှန်တယ်။ ဒီတော့ ဒီက ရှေ့လျှောက် မင်း သက်တံကို ဘာမှရှောင်နေစရာ မလို ဘူး။ သူငယ်ချင်းလို ရင်းရင်းနှီးနှီးပေါ်င်း ...



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင်း ဆိုရင်း သူ့အကြောင်း ကိုယ့်အကြောင်း ဖလှယ်ရင်းကနေ မင်းမှာ ကုဗျာရှိတယ်ဆိုတာ သက်တံကို အသိပေးလိုက်”

အဲဒီလို ပေးသိလိုက်ချိန်တွင် သက်တံ တစ်ယောက် ဘယ်လိုဖြစ်ပျက် ပြောင်းလဲသွားမလဲ ဆိုတာကိုတော့ သူ တကယ်ပဲ သိချင်ပါသည်။ အစဉ်သဖြင့် ဆိုသလို သူ့အပေါ်တွင် နွေးထွေးနေသော မျက်ဝန်းလေးမှာ တကယ်ပဲ အရောင်တွေ ပြောင်းလဲသွားမှာတဲ့လား။ သူ့အပေါ်မှာ သာမန်လူတစ်ယောက်လိုပဲ ပြောင်းလဲခံစား ဆက်ဆံလာမည်ဆိုလျှင်တော့ သူ တကယ်ပဲကျေနပ်ရမှာဖြစ်သည်။

“အင်း ... ကောင်းတော့ ကောင်းမှာပါနော်”

“ဟင်း ... အခုမှ သွေးကြောင်ပြနေပြီ။ တဲ့ကြီး သွားပြောမှာတော့ မဟုတ်ဘူးပေါ့ကွာ၊ ချက်ချင်းကြီးတော့ ဘယ်ပြောဦးမလဲ ...

ဒါကြောင့် ဇလိုက်ဇရောနေလို့ ပြောတာ။ ခင်ခင်မင်မင်ရှိတော့ ပြောရတာ ပိုလွယ်တာပေါ့။ ငါတို့က စ, ပေးပါ့မယ်ကွာ။ မင်းက အလိုက်သင့်လေး နေရာယူရုံပါပဲ။ ဒီမှာ ဟော့ကောင်၊ အဲဒါကိုတော့ ပူမနေနဲ့။ ဒီလိုစကားမျိုး



ဆိုတာ ဆွဲစိရတော့ လွယ်တယ်။ မင်းသာ သူ့ကို သူငယ်ချင်းတစ်ယောက်လို ကောင်းကောင်းမွန်မွန်နဲ့ သတ်သတ်မှတ်မှတ် ဆက်ဆံ”

“ဟင်း ... အေးပါကွာ”

သူ စိတ်ရှုပ်ဗွာဖြင့် သက်ပြင်းတစ်ချက်ချကာ ကတိပေးလိုက်ရသည်။

အဲဒီအချိန်မှာပဲ ကန့်တင်းသွားသော သက်တံမှာ ပြန်ရောက်လာသည်။ သက်တံသည် သူ့ရှေ့သို့ အထုပ်တစ်ထုပ်ကို ဝှေ့ဝဲပြလျက် ကမ်းပေးရင်း ...

“ကန့်တင်းမှာလေ မြေပဲပြုတ်သည်ကြီး လာရောင်းနေတာတွေ့လို့ ဝယ်လာတာ၊ ဖိုးထွစ်နေ့က ကြယ်စုံ ဝယ်စားနေတာတွေ့လို့ ကြိုက်မှာပဲ ဆိုပြီးတော့လေ ... ရော့”

ကဗျာတောင် သူ မြေပဲပြုတ်ကြိုက်တာကို မသိပါ။ သူသည် တွတ်တွတ်နဲ့ မင်းသူကို မကြည့်မိအောင် သတိထားကာ သူမလက်ထဲမှ မြေပဲပြုတ်ကို လှမ်းယူလိုက်မိသည်။ ချက်ချင်းယူမည်ဟု ထင်မထားသော သက်တံမှာ သူ့အပြုအမူကြောင့် အံ့ဩဝမ်းသာသွားဟန်တူသည်။ နှစ်နှစ်ခြိုက်ခြိုက်ကို ပြုံးရယ်ပြရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ပူတုန်းလေး စားလိုက်နော်။ တွတ်တွတ်တို့ရော စားနော်။ အများကြီး ပိုဝယ်လာခဲ့တယ်"

"ကျေးဇူးပါ ခင်ဗျာ"

တွတ်တွတ်ရဲ့ ပြောင်စပ်စပ် အပြောကို သူမက သဘောကျသလိုဖြင့် တစ်ချက်ရယ်ကာ သူ့ကို သွားတော့မယ်မှူသော ပုံစံဖြင့် ခေါင်းတစ်ချက်ဆတ်ကာ နှုတ်ဆက်ပြီး ဆက်လျှောက်သွားသည်။

သူသည် လက်ထဲက မြေပဲပြုတ်ထုပ်ကို တွေတွေကြီး ငေးကြည့်နေတုန်းမှာပဲ တွတ်တွတ်နဲ့ မင်းသူက သူ့လက်ထဲက မြေပဲပြုတ်တွေကို အလျှိုလျှို နှိုက်ကြသည်။

"ကံဇာတာတွေများ ကွာတယ်ကွာ။ အားကျတယ် မင်းသူရေ၊ တို့လည်း ဒီလိုဂရုစိုက်မယ့် ကောင်မလေးတစ်ယောက်လောက် ရှာရအောင်"

"ဟုတ်တယ် ... ဒီအချိန်ကစပြီး ရှာပြီ။ ဟေ့ကောင် ... စားလေကွာ၊ မြေပဲတွေက ချိုတယ်ကွ။ စေတနာတွေ အရမ်းပါလို့နဲ့တူတယ်"

သူသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို အသာယမ်းမိသည်။ သက်တံ့သည် ကြီးကြီးကျယ်ကျယ်တွေနဲ့ သူ့ကို ဂရု စိုက်နေခြင်း မဟုတ်ပါ။ သို့သော် အဲဒီလို ဘာမဟုတ်သော





အသေးအမွှားလေးတွေကအစ သိနေခြင်းဟာ ဇွဲဇွဲစပ်စပ်ကို ဂရုစိုက်တတ်သူဆိုတာ ပေါ်လွင်နေတာဖြစ်သည်။ သူသည် ကဗျာရဲ့ မျက်နှာလေးကို ပြေးမြင်မိလျှင် စားနေသော မြေပဲပြုတ်ဟာ လည်ချောင်းထဲမှာ မျိုတောင်မကျခဲ့ပါ။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့သူနဲ့ ...
အချစ်ခံရတဲ့လူ ...
ထပ်တူမကျနိုင်တာ မဆန်းပါဘူး။
ဒီတော့ ...
မင်းမှာ ချစ်သူရှိတယ် ဆိုတာလည်း
ဘာဆန်းတဲ့ကိစ္စ ဟုတ်တော့မှာလဲ။



တကယ်တမ်းကျတော့ အဖြစ်အပျက်က သူတို့တမင်ရည်ရွယ်ပြီး အကွက်ဆင် ပြောစရာတောင် မလိုပဲ အစီအစဉ်တကျဖြစ်သွားခဲ့ပါသည်။ အကြောင်းမှာ ကဗျာ တစ်ယောက် အူအတက်ရောင်တဲ့ ဝေဒနာကြောင့် ဆေးရုံတက်ရသောကြောင့် ဖြစ်သည်။ ကဗျာတို့မှာက သားအမိသုံးယောက်တည်း ရှိသည့်အပြင် ဆွေမျိုးဉာတိကလည်း နည်းလေရာ သူက ကဗျာ့အမေရော၊ ကဗျာ့ကိုရော သနားသောကြောင့် ဆေးရုံသွားစောင့်ပေးခဲ့သည်။ ကဗျာ့ညီမလေးကလည်း ဆယ်တန်းစာမေးပွဲ ရှိတာကြောင့် ကဗျာ့ကိုအချိန်ပြည့် မစောင့်နိုင်။ ကဗျာ့မိခင်ကြီးကလည်း ထမင်းချိုင့်ဆွဲလုပ်ငန်းကို မျက်နှာလွှဲခဲ့ပစ် လုပ်ထား၍ မရလေရာ သူက ကျောင်းပျက်၍ အဲဒီတာဝန်ကို ယူလိုက်ပါသည်။

သူက မနက်ဆိုလျှင် ရှစ်နာရီလောက် ရောက်သွားကာ ကဗျာ့ကို တစ်နေကုန် စောင့်ပေးရသည်။ ညနေငါးနာရီ



www.burmeseclassic.com

www.burmeseclassic.com



လောက်မှ ကဗျာ့အမေက ရောက်လာသည်။ အဲဒီတော့မှ လူချင်းလဲကာ သူက အိမ်ပြန်နားရသည်။ ညအိပ်စောင့်ဖို့ကတော့ မသင့်တော်၍ သူက စောင့်မပေးဖြစ်ပါ။ ဒီနေ့ဟာ ဆေးရုံတက်သည့် သုံးရက်မြောက်နေ့ ဖြစ်သည့်အတွက် ကဗျာ့ ဝေဒနာမှာ တော်တော်သက်သာသွားပြီဟု ပြော၍ရမည်။ နောက်နှစ်ရက် သုံးရက်လောက်နေလျှင် ဆေးရုံမှ ဆင်းခွင့်ရတော့မှာ ဖြစ်ပါသည်။ ကဗျာသည် ရောဂါကြောင့် မျက်နှာလေး ချောင်ကျသွားကာ မစားနိုင် မသောက်နိုင်သဖြင့် ပိန်သွားသည်။ သူက အလုပ်ပင်ပန်းသော ချစ်သူလေးကို သနားစွာဖြင့် တတ်စွမ်းသမျှ ပြုစုပေးခဲ့ပါသည်။

ကဗျာက သူ့ရဲ့အကြင်နာတွေကို ဝမ်းသာဝမ်းနည်း ခံစားချက်ရှိသော မျက်နှာဖြင့် ...

"ကြယ်စုရယ် ... ကြယ်စုလည်း ကဗျာ့ကြောင့် ကျောင်းတွေပျက် စာတွေပျက်ကုန်ပြီနော်။ မနက်ဖြန်တစ်ရက်တော့ ကျောင်းသွားချင် သွားလိုက်ပါလားဟင် ...

ကဗျာလည်း သက်တော့ သက်သာနေပါပြီ။ ဒီမှာ ဆရာမတွေလည်း ရှိနေတာပဲလေ၊ နော် ... ကြယ်စု ကျောင်းသွားလိုက်ပါလား"

"အာ ... မသွားပါဘူးကွာ။ ရပါတယ် ကျောင်းက"





"ဟင် ... စာတွေ လွတ်ကုန်မှာပေါ့ ကြယ်စုရဲ့"

"လွတ်လည်း ရပါတယ်။ ဟိုကောင်တွေ ရှိနေတာပဲ ကဗျာရယ်။ ပူစရာမလိုပါဘူး။ ကဗျာ နေကောင်းဖို့ပဲ အရေးကြီးတာပါ"

"ကဗျာ နေကောင်းနေပါပြီ"

နေကောင်းနေပါပြီဟု ပြောသော မျက်နှာလေးက နွမ်းလျလျ။ သူက ကဗျာ့ရဲ့လက်ကလေးကို အားပေးသလို တစ်ချက်ဖျစ်ညှစ်ကာ ...

"အဲဒါကြောင့် ကဗျာ့ကို ပြောတာပေါ့။ မပေါ့နဲ့ ... ကျန်းမာရေးကို ဂရုစိုက်ပါလို့ ဆိုတာကို။ နောက်ကို ကျန်းမာရေးကို ဂရုစိုက်ပါကွာ ...

အခုလိုဖြစ်တော့ ဘယ်လောက် စိတ်ဆင်းရဲရလဲ။ ကဗျာက ပေတာကို"

သူက ဆူဆူပူပူ ပြောတာကို ကဗျာက ကြည်နူးသည့် အပြုံးလေးနှင့် နားထောင်နေသည်။

"ကဗျာက ကြယ်စုကို ပြန်သနားနေတာပါ။ ကဗျာ့ကို တစ်နေကုန် စောင့်ရတာ ကြယ်စု ပင်ပန်းမှာပေါ့။ ကျေးဇူးတင်ပါတယ် ကြယ်စုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဘာကျေးဇူးတင်တာလဲ။ အဲဒီ ကျေးဇူးဆိုတဲ့ စကားကြီးကို မပြောစမ်းပါနဲ့ ကဗျာရာ။ နားထဲ ခါးလိုက်တာ။ ခံစားလို့ကို မရဘူး။ ကိုယ်က ကဗျာ့ကို ဆေးရုံ စောင့်ပေးရတာကို ပျော်နေတာ ... ဟဲ ဟဲ"

"ဟင် ... ဆေးရုံစောင့်ရတာကို ပျော်တယ်။ ဒါဆို ဆေးရုံ တက်နေရတာကိုပါ ပျော်တာပေါ့ ... ဟုတ်လား"

"အာ ... အဲဒီလိုတော့ မဟုတ်ဘူးလေကွာ။ အဲဒီလိုကြီး တော့ သွားတွက်လို့ ဘယ်ရမလဲ။ ကိုယ်နဲ့ ကဗျာက နှစ်ယောက်တည်း သိပ်မတွေ့ရဘူး မဟုတ်လား။ အခုဟာ ကတော့ ကဗျာ့ကို ကိုယ်က ပြုစုစောင့်ရှောက်လို့ ရတယ် လေ ...

ကဗျာနဲ့အတူတူ တစ်နေကုန် နေရတာ ပျော်စရာ ကောင်းတာပေါ့။ အကောင်းဘက်ကနေ တွေးတာပါ ကဗျာရယ်"

သူက ကဗျာ့ရဲ့နဖူးစပ်မှ ဆံစလေးများကို ကြင်နာစွာ သပ်တင်ရင်း ပြောလိုက်လျှင် ကဗျာက ကြည်နူးစွာ ပြုံးလို့ နေပါသည်။ အဲဒီအချိန်မှာပဲ ကဗျာ့ရဲ့မျက်လုံးတွေက သူ့ကိုကြည့် နေရာမှ သူ့ရဲ့နောက်ဘက်သို့ကျော်ကာ အကြည့်တို့ ရောက်သွား သည်။ ကဗျာ့ရဲ့ပုံစံကို ကြည့်လိုက်တာနှင့် တစ်ခုခု ထူးခြားသွား





ပြီဆိုတာ သိသောကြောင့် သူက လည်ပင်းလိမ်ကာ လှည့်ကြည့် လိုက်သည်။

ဟင်ခနဲ မြည်တမ်းသံသည် သူ့စိတ်ထဲမှာသာ တ, မိသွားလျက် အပြင်ဘက်သို့ ထွက်မလာပါ။ သူ တွေ့လိုက်ရသည် က တွတ်တွတ်၊ မင်းသူတို့နှင့်အတူ သက်တံနဲ့ လမင်းကိုပါ မြင် ရခြင်းဖြစ်သည်။

လမင်း ပါလာတာကတော့ သိပ်မထူးဆန်းပါ။ လမင်းသည် သက်တံကြောင့်သာ သူတို့ကို ခင်မင်ပတ်သက်ရ သည်ဆိုတာကို သူတို့အားလုံး အလိုလို သိကြပါသည်။ သူ အံ့သြတာက သက်တံ တစ်ယောက် ဒီနေရာအထိ ရောက်လာခြင်း ကြောင့်ဖြစ်သည်။

အမှန်အတိုင်း ဝန်ခံရလျှင် သက်တံကို ဒီနေရာထိ ရောက်လာလိမ့်မည်ဟု သူ မထင်ပါ။ သူ ကျောင်းမတက်တာကို တွတ်တွတ်တို့နဲ့ မေးမြန်းပြောဆိုတယ်ဆိုတာတော့ တွတ်တွတ်က ပြန်ပြောပြထား၍ သူ သိပြီးသားဖြစ်သည်။ အဲဒီတုန်းက တွတ်တွတ် ပြန်ပြောသော စကားတို့ကို သူ မှတ်မိသည်။

"သူက မေးတော့ ငါလည်း တစ်ခါတည်း ဖြေလိုက်တယ် ကွာ။ သူ့ကောင်မလေး ဆေးရုံတက်နေလို့ နေ့ခင်းအက် တွေ သွားစောင့်ပေးနေရတယ်လို့။ အဲဒီတော့ သူ့မျက်နှ



www.burmeseclassic.com

www.burmeseclassic.com



က နည်းနည်းတော့ တစ်မျိုးဖြစ်သွားတယ်ကွ။ နည်းနည်း အံ့ဩတဲ့ပုံပေါ့။ သူ့ကြည့်ရတာ မင်းကို ရည်းစားရှိပုံမ ဘူးလို့ ထင်ထားတဲ့ပုံပဲ။ ဒါပေမဲ့ သက်တံ့ပဲကွာ၊ သိတယ် မှလား အေးဆေးပေါ့ ...

ကဗျာက ဘာဖြစ်တာလဲ၊ ဘယ်မှာလဲပေါ့၊ ငါလည်း သူ မေးတာထက် ပိုပြီးပြောပြခဲ့တယ်။ မင်းတို့က အရမ်း ချစ်ကြတာပေါ့။ ဘဝအတွက်လည်း ရည်ရွယ်ထားတယ် ပေါ့။ မင်းအကြောင်းတွေပါ ပြောပြပစ်ခဲ့တယ်။ အိမ်မှာ အဆင်မပြေတဲ့ မင်းအတွက် ကဗျာက အရမ်းနားလည်ပေး တဲ့ ချစ်သူပါပေါ့။ သူကတော့ ပြုံးပြုံးလေးနဲ့ နားထောင် နေတာပဲ”

အခုလည်း သူမက ပြုံးပြုံးလေးပဲ ရောက်လာတာ ဖြစ်သည်။ တွတ်တွတ်ကတော့ သူ့ကို အဓိပ္ပာယ်ပါပါ ကြည့်ရင်း မှ ...

“ကြယ်စုရေ ... သက်တံ့တို့ကပါ မင်းရဲ့လူနာကို သတင်း မေးချင်တယ်ဆိုတာနဲ့ ငါလည်း အားနာပြီး ခေါ်လာတာ ကွာ။ ကဗျာရေ ... ဒါ ငါတို့ကျောင်းက သူငယ်ချင်းတွေ ဘယ်လိုလဲ နေကောင်းလား”

ကဗျာသည်လည်း သူ့လိုပင် အံ့ဩနေဟန်ရှိသည်။





“အင်း ... သက်သာပါတယ်။ ညည့်သည်တွေကို ထိုင်ခိုင်း ဦးလေ ကြယ်စု”

ကဗျာ ပြောတော့မှပင် သူက သတိဝင်ကာ သက်တံ့ တို့ကို နှုတ်ဆက်ဖို့ ထိုင်ရာမှ ထရသည်။ သူထိုင်နေသော ခုံတန်း လေးကို ညွှန်ပြရင်းမှ ...

“ထိုင်ဦးလေ သက်တံ့၊ လမင်းရော ထိုင်ပါ”

“ရပါတယ် ... ရတယ်”

လမင်းက ဖြေသည်။ သက်တံ့က လက်ထဲက ကြွပ်ကြွပ်အိတ်ကို စားပွဲပေါ် လှမ်းတင်ပေးလျှင် သူသည် ဟာကယ့် ကိုပဲ အားနာသွားရသည်။

“သက်တံ့ ... အဲဒါတွေ မလိုပါဘူး။ မလုပ်ပါနဲ့ အားနာ စရာဗျာ”

သူမက ရောက်ကတည်းက ပြုံးထားသော အပြုံး တစ်ခုကို နှုတ်ခမ်းထက်မှ အနုထိ မချသေးပါ။

“အားနာစရာ မလိုပါဘူး ကြယ်စုရယ်။ ကြယ်စု ကောင်မ လေးဟာ သက်တံ့တို့ရဲ့ သူငယ်ချင်းပဲပေါ့။ သူ့အတွက် အဆင်ပြေမယ် ထင်တာလေးတွေ ရွေးဝယ်လာတာပေါ့”

“ဟုတ် ... ကျေးဇူးပါပဲ သက်တံ့”



www.burmeseclassic.com

www.burmeseclassic.com



သူက သက်တံတို့ကို ဘယ်လိုခေါ်ခဲ့ရမှန်း မသိချေ။ ဘာစကားပြောလို့ ပြောရမှန်းလည်း မသိ။ ကဗျာသည်လည်း ခုတင်ပေါ်မှာနေ၍ သက်တံကို ငေးမောနေတာကို သူ သတိထားမိသည်။ မြင်လိုက်တာနဲ့ကို ကြွယ်ဝသော အဆင့်အတန်းတစ်ခုကမှန်း သိသာစေသော သွင်ပြင်ဟန်ပန်နှင့် သက်တံသည် ဘာမှထူးထူးခြားခြား တောက်တောက်ပပကြီး ဝတ်စားဆင်ယင်ထားခြင်းလည်း မရှိပါ။ ချော့ကလက်ရောင် ဘလောက်(စ်)ကျပ်ကျပ်တစ်ထည်ကို အနက်ရောင်စကိုင်လ်(လ်)ပန့်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသည်။ သို့သော် သက်တံမှာ ဘာကြောင့်မှန်းမသိဘဲ ဘယ်နားကမှန်းမသိ အရောင်အဝါတစ်မျိုး ထွက်နေတတ်သည်။

လမင်းကတော့ သက်တံထက်မိုပြီး ပြင်ဆင်လေ့ရှိသည်။ သူသည်လည်း ပြည့်စုံသော အသိုင်းဝန်းကမို့ တောက်ပသော ကိုယ်ရောင်ကိုယ်ဝါ ရှိသည်။ ကဗျာသည် လမင်းနဲ့ သက်တံကို သူ့သူငယ်ချင်းများအဖြစ် အခုမှ တွေ့ရသည့်အတွက် မျက်လုံးကလယ် ကလယ်ဖြင့် ဘယ်လိုနှုတ်ဆက်ရမှန်းမသိ ဖြစ်နေပုံရသည်။ အထူးသဖြင့် ပုံစံသွင်ပြင် ဟန်ပန်တွေက ကွာတတ်သောကြောင့် လမင်းကို သိပ်အကဲမခတ်ဘဲ သက်တံကိုသာ ကွက်ကြည့်ကွက်ကြည့် ဖြစ်နေလေသည်။ လမင်းပုံစံက ဘာသိဘာသာဖြ





ပြီး သက်တံကတော့ ဖော်ရွေလှိုက်လှဲသောအပြုံးကို ရောက်ကတည်းက ဆင်ယင်ထားသူ ဖြစ်သည်။

အခုလည်း သူတို့ကသာ ကြောင်တောင်တောင်ဖြစ်နေသော်လည်း သက်တံကတော့ မကြောင်ချေ။ ကဗျာ့ကို ပြုံးပြီး ငုံ့မိုးကြည့်ကာ ...

"ဘယ်လိုနေလဲ၊ သက်သာရဲ့လားဟင်"

"ဟုတ် ... သက်သာပါတယ်"

"အူအတက်ရောင်တာနော်၊ အရင်ကလည်း ဖြစ်ဖူးတယ် မဟုတ်လား"

သူမရဲ့ဆရာဝန်လိုအမေးကို ကဗျာက မျက်လုံးဝိုင်းကာ ခေါင်းညိတ်ပြရင်း ...

"ဟုတ် ... ဟုတ်ကဲ့။ ဖြစ်ဖူးတယ်"

"အင်း ... အဲဒီရောဂါက အဲဒီလိုပဲ ခဏ ခဏ ဒုက္ခပေးတတ်တယ်၊ အူအတက်ကို ဖြတ်ထုတ်ထားလိုက်ရင်တော့ ပြဿနာမရှိတော့ဘူး။ မဟုတ်လို့ကတော့ မဆင်ခြင်လိုက်တာနဲ့ ချက်ချင်းဖြစ်တော့တာပဲ။ ဂရုစိုက်နော် သိလား"

"ဟုတ် ... ဟုတ်ကဲ့"

"အိုကေ ... ကောင်းသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သက်တံနဲ့ ကဗျာတို့အချင်းချင်း အပြန်ပြန် အလှန်လှန် ပြောနေတာကို သူက ငေးနေတုန်းမှာပဲ မင်းသူရဲ့အသံက ဖောက်ထွက်လာသည်။

"ဟော့ကောင် ... မင်းက ကဗျာနဲ့ သက်တံကို မိတ်လည်း မဆက်ပေးဘူးကွာ။ မိတ်ဆက်ပေးလိုက်ဦးလေ။ ဒီကောင် တော့ ..."

"ကဗျာ ... ဒါ ကျောင်းက သူငယ်ချင်းတွေလေ၊ အင်္ဂလိပ်စာသင်တန်းမှာလည်း အတူတူတက်တဲ့သူတွေပေါ့။ ဒါက ပန်းမိုးသက်တံတဲ့ ...

သူကတော့ လမင်းဖြူ ...

သက်တံတို့ ဒါကတော့ ကျွန်တော့်ရဲ့ ဟင်း ... ဟင်း ... ကဗျာလို့ ခေါ်ပါတယ်"

သက်တံရဲ့မျက်နှာက ဘာမှပြောင်းလဲခြင်း မရှိချေ။ ပြုံးမြဲသာပြုံးလျက် ခေါင်းတစ်ချက်ညိတ်ကာ ...

"ဟုတ် ... တွေ့ရတာ ဝမ်းသာပါတယ်လို့တော့ မပြောတော့ဘူးနော်။ ဝမ်းမသာလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလိုနေရာမှာ တွေ့ရတာ စိတ်မကောင်းပါဘူး။ လိုတဲ့ အကူအညီရှိရင် ပြောလေ ကြယ်စု။ သက်တံရဲ့ဦးလေးက ဒီဆေးရုံရဲ့ ဆေးရုံအုပ်ပါ။ သက်တံ ဦးကိုတော့ ပြောပြ





ထားပြီးပါပြီ။ လိုအပ်တာ မှန်သမျှ ဦးကို ပြောလို့လည်း ရတယ်။ ဦးက သဘောကောင်းပါတယ်"

"ဟုတ် ... ကျေးဇူးပဲ သက်တံ"

"ဘယ်တော့လောက် ဆင်းရမယ်လို့ ပြောလဲ"

"အင်း ... နောက် နှစ်ရက် သုံးရက်လောက်နေရင်တော့ ဆင်းရမယ် ပြောတာပဲ"

"သြော် ... သြော် ...။ ဒီကြားထဲ ကြယ်စု သင်တန်းလည်း လာမတက်နိုင်ဘူးနော်၊ ဒီမှာ သက်တံ ဖိုတိုကော်ပီကူးလာတယ်၊ ကြည့်တော့ ကြည့်ထားလိုက်ဦး။ နားမလည်တာရှိရင် သက်တံကို မေးလို့ရပါတယ်"

သူက သက်တံ ကမ်းပေးသော ဖိုတိုစာရွက်များကို အားနာစွာဖြင့် လှမ်းယူထားလိုက်သည်။ ကဗျာ အကဲခတ်နေတာကို သိသောကြောင့် သိပ်ငြင်းဆန်ပြမနေတော့ဘဲ အသာအယာပဲ ယူထားလိုက်တာဖြစ်သည်။ ဘယ်သူကမှ ဘာမှမပြော၊ ဘယ်လိုမှ ကြည့်ပါဘဲနဲ့ကို ဒီလူ ဒီလူတွေကြားမှာ သူ အနေရကျပ်လာသည်။ အထူးသဖြင့် သက်တံရဲ့ရှေ့ရောက်တိုင်းမှာ သူ အမြဲ အနေကျပ်တတ်သည်။ ဘာကြောင့်မှန်းတော့ မသိပါ။ အခုလည်း သက်တံတို့ လမင်းတို့ရှေ့မှာ သူ စိတ်ကျဉ်းကျပ်လာလေသည်။ စကားတွေ ပြောရမှန်းလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကြားထဲတွင် အခြေအနေတစ်မျိုးက ခြုံလွှမ်းနေရာ အားလုံးသော သူတို့သည် သက်တံ့ရဲ့အရောင်အဝါတို့ကို မကျော်နိုင်သလို ဖြစ်နေသည်။

"ကဲ ... ကဗျာလည်း နားချင်ရောပေါ့။ နေမကောင်းရင် မလှုပ်ချင်တာ ထုံးစံပါပဲ၊ သက်တံ့တို့ ပြန်တော့မယ်လေ"

သူမက အလိုက်သိစွာ ဆိုပါသည်။ လမင်းကလည်း သူ့ကို ပြန်တော့မှပင် နှုတ်ဆက်သည်။

"ဟုတ်ကဲ့ ... ခုလိုသတင်းလာမေးတာ ကျေးဇူးပဲ သက်တံ့"

"ရပါတယ်၊ ကဗျာ့ကိုသာ ဂရုစိုက်လိုက်ပါ။ ကဗျာရေ ... ဘာမှအားမငယ်နဲ့နော်။ နေကောင်းသွားမှာပါ၊ လိုတဲ့အကူအညီရှိရင်လည်း ပြောနော် ...

ကဲ ... ခွင့်ပြုဦး"

"ဟုတ် ... ကျေးဇူးတင်ပါတယ် သက်တံ့"

"အိုကေ ... နောက်မှ တွေ့ကြတာပေါ့၊ သွားမယ်နော်"

"ဟေ့ကောင် ... ငါတို့လည်း သွားတော့မယ်ကွာ။ ကဗျ ရေ သွားပြီနော်"

သူ့သူငယ်ချင်းတွေကလည်း နှုတ်ဆက်ကာ ပြ သွားကြသည်။ သူတို့အားလုံး ပြန်သွားတော့မှပင် သူသ တစ်မှုဟုတ်ချင်း လွတ်မြောက်သွားသူလို ခံစားသွားရသည်။





ဘာလုပ်ရမှန်း မသိသော့ကြောင့် သက်တံ့ ယူလာသော ကြွပ်ကြွပ်အိတ်ထုပ်ကို ယောင်ယမ်းပြီး ဖွင့်ကြည့်မိသည်။ Sprite ဘူးကြီးတစ်ဘူး၊ အိုဗာတင်းတစ်ပုလင်းနှင့် ပန်းသီးများ ဖြစ်သည်။ ပန်းသီးတွေက နီရဲလုံးဝန်းနေသော တံဆိပ်ကပ်ပန်းသီးများဖြစ်ကာ ဆယ်လုံးလောက်ရှိမည်ထင်သည်။ သူက သက်ပြင်းတစ်ချက်ကို ကျိတ်ရှိုက်ကာ အထုပ်ကို ဘေးဖယ်ထားလိုက်သည်။

ကဗျာ သူ့ကို အရိုးခံမျက်ဝန်းများဖြင့် ငေးကြည့်ကာ ...

"ကြယ်စု သူငယ်ချင်းတွေလားဟင်၊ ချောလိုက်တာနော်"

အဲ့ဒီအပြောကြောင့် သူက မျက်ခုံးရှုံ့ကာ မသက်မသာ ရယ်မိသည်။ ဘာပြန်ပြောလို့ ပြောရမှန်းလဲ မသိချေ။ ကဗျာကတော့ ရိုးရိုးသားသားပုံစံလေးဖြင့် ...

"ကြယ်စုကို အော်တော်ခင်ပုံရတယ်။ သဘောလည်း ကောင်းကြတယ်နော်၊ သက်တံ့ဆိုတဲ့ တစ်ယောက်က ပို သဘောကောင်းတဲ့ပုံပဲ။ မုန့်တွေလည်း အများကြီးဝယ်လာတယ်နဲ့တူတယ်။ အားနာစရာကြီး ကြယ်စုရယ်။ ကဗျာ့နို့လည်း မခင်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ပြောသွားပြီးပြီပဲ။ ကိုယ့် ကောင်မလေးဟာ သူတို့ သူငယ်ချင်းပဲပေါ့တဲ့"

အဲဒီအပြောကြောင့် ကဗျာက ငြိမ်းချမ်းစွာပြုံးသည်။ သူ့ကိုကျေနပ်သော မျက်လုံးများဖြင့် မော့ကြည့်ကာ ...

"ကြယ်စုက ကျောင်းမှာ ကြွားထားလို့လားဟင်"

အဲဒီမေးခွန်းကြောင့် သူ့ရင်ထဲတွင် နင့်ခနဲဖြစ်သွားသည်။ ဘယ်လိုမိန်းကလေးမျိုးမဆို ကိုယ့်ချစ်သူနဲ့ ပတ်သက်လာလျှင်တော့ တစ်ခုခုမှာ ဂုဏ်ယူချင်စမြဲ ဖြစ်ပါလိမ့်မည်။ သူသည် ခုချိန်မှာ ဘာကောင်မှ မဟုတ်သော်လည်း ကဗျာသည် သူနဲ့ပတ်သက်လာလျှင် ဂုဏ်ယူချင်ရှာပေလိမ့်မည်။

"အင်း ... တမင်တော့ ကြွားမထားပါဘူး"

သူ့ရဲ့ဝိနည်းလွတ်သောအဖြေကို ကဗျာတစ်ယောက် ကျေနပ်သွားဟန်တူပါသည်။ ငြိမ်းချမ်းသော အပြုံးလေးနှင့်ခေါင်းကိုဆတ်ကာ ...

"ကဗျာ နေကောင်းတော့မှပဲ ကြယ်စု သူငယ်ချင်းတွေကို အိမ်မှာ ရွှေတောင်ခေါက်ဆွဲ လုပ်ကျွေးဦးမယ်။ တစ်ရက်လောက် ဖိတ်ပြီးတော့လေ။ အိမ်မှာ ပျော်ပျော်ပါးပါးပေါ့၊ မကောင်းဘူးလားဟင်"





"အင်း ... ကောင်းပါတယ် ကဗျာရယ်။ ခုလောလောဆယ်တော့ နေကောင်းအောင် နေပါဦး၊ အလုပ်လုပ်ဖို့လည်း စိတ်မကူးပါသေးနဲ့ဦးနော်၊ အစားအသောက်ကိုလည်း အထူးတလည် ဆင်ခြင်ပါခင်ဗျ၊ ဟုတ်ပြီလား"

"အင်းပါ ... ကြယ်စု ပူစုလို့ ကဗျာ့ဝေဒနာက လုံးဝပျောက်သွားပြီ"

ကဗျာက သူ့ကို ချစ်စဖွယ်ပြောသည်။ သူသည် ခုတင်ထက်မှာ လဲလျောင်းနေသော ကဗျာနှင့် ထဏ်မြက်စွာချော မောလှပသည့် သက်တံတို့ကို မနှိုင်းယှဉ်ကောင်းသော်လည်း နှိုင်းယှဉ်ကြည့်မိသည်။ သူ့ချစ်သူလေးကိုလည်း သက်တံလိုပဲ တောက်ပဝင့်ကြွားစွာ လှပစေချင်ပါသည်။ အဲဒီလိုပဲ အဖိုးတန် အဝတ်အစားလေးတွေ၊ ဖိနပ်လေးတွေ ဆင်ယင်ပေးချင်သည်။ သို့သော် သူ့မှာ ပန်းသီးတောင် ဝယ်မကျွေးနိုင်ပါ။ ဒါကြောင့် သူသည် ကျောင်းမြန်မြန်ပြီးကာ အလုပ်မြန်မြန် လုပ်ချင်တာဖြစ်သည်။ သူ့ကိုယ်ပိုင်ဝင်ငွေကို အသုံးစွဲချင်ဆုံး ဖြစ်ပါသည်။

"ကြယ်စု ပန်းသီးစားမလား"

ကဗျာက လှမ်းပြောသောအခါ သူက ယောင်ယမ်းပြီး ပန်းသီးတွေကို ကြည့်ဖြစ်သွားသည်။ အိတ်ထဲမှ ပန်းသီးနီနီရဲရဲများသည် သူ့ကို လှောင်ပြောင်သရော်နေသလိုပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မန်းသီးတွေလိုပင် တောက်ပရွှန်းလက်သော မျက်ဝန်းတစ်စုံ ပြေးမြင်မိလျှင်တော့ သူ့နှုတ်ဖျားမှ စကားသံတစ်ခု ထွက်ကျသွားသည်။

"မစားတော့ပါဘူး ကဗျာရယ်"

ကဗျာက သူ့ကို တစ်မျိုးသော မျက်ဝန်းလေးများဖြင့် ငေးကြည့်နေခဲ့သည်။

♥ ♥





ကောင်းကင်ရဲ့လက်ဆောင်က မိုးတိမ်
ပင်လယ်ရဲ့လက်ဆောင်က ရေလှိုင်း
နံနက်ခင်းရဲ့လက်ဆောင်က နေ့သစ်
ကိုယ့်ရဲ့လက်ဆောင်က အချစ်။

www.burmeseclassic.com

www.burmeseclassic.com



## ၉

"နင် ဘယ်လိုမှ မခံစားရဘူး ! ဟုတ်လား သက်တံ"

သက်တံက ခေါင်းကို တစ်ချက်ညိတ်ပြလိုက်လျှင် လမင်းက ငါ မယုံဘူးဟူသော စကားကို မဆိုင်းမတွ ပြောသည်။ သက်တံသည် တစ်ချက်ပြုံးကာ လမင်းရဲ့မေးဖျားလေးကို ဆွဲယူ ဖျစ်ညှစ်ပစ်လိုက်လျက် ...

"ယုံစမ်းပါဟာ။ သစ်(ဖ်)မန်းနဲ့ သစ်(ဖ်)မန်း ဘာညာစရာ ရှိလဲ"

"ညာတာတော့ မဟုတ်ဘူးလေ၊ ဒါပေမဲ့ ဘယ်လိုပြောမလဲ။ နင့်ရင်ထဲမှာရှိတဲ့ လူတစ်ယောက်မှာ ရည်းစားရှိတယ်ဆိုတဲ့ အဖြစ်က နည်းနည်းတော့ ထိချင်စရာကောင်းတယ်မဟုတ် လား။ နည်းနည်းတော့ ထိမှာပါဟာ၊ မညာပါနဲ့။ အများ





ကြီး မဟုတ်ဘူး ဆိုတာကို ငါ လက်ခံတယ်။ အသည်း တွေ ဘာတွေ ကွဲတဲ့အထိတော့ မဟုတ်ဘူးပေါ့ ...

ဒါပေမဲ့ နင် နည်းနည်းတော့ ခံစားရတယ် မဟုတ်လား၊ အမှန်အတိုင်းပြော"

သက်တံသည် လမင်းရဲ့စကားကြောင့် နည်းနည်း ငြိမ်ကျသွားသည်။ မျက်လုံးထဲတွင် ကြယ်စုရဲ့ချစ်သူ ဆိုသော ကဗျာဆိုသည့် ကောင်မလေးရဲ့ပုံစံကို ပြန်မြင်ယောင်ပြီးလာသည်။ ကဗျာသည် ဘာမှသိပ်ထူးခြားမှု မရှိသော ခပ်ရိုးရိုး သာမန်ကောင် မလေးတစ်ယောက်သာဖြစ်သည်။ အချောစား အလှစား စာရင်း ထဲမှာလည်း မပါပါ။ မျက်နှာလေးက အေးချမ်းသောသွင်ပြင်လေး ရှိသည်။ ဒီ့ထက်ပိုပြီး ဘာမှမထူးခြားတော့။

ကြယ်စုကရော ဘာထူးခြားတာမှတ်လို့။ ပြောရလျှင် ကြယ်စုနဲ့ ကဗျာမှာ လိုက်ဖက်တောင်လိုက်ဖက်ပါသည်။ နှစ်ယောက် စလုံး ရိုးရိုးလေးတွေနှင့် ထူးမခြားနားပုံစံလေးတွေပင်။ သက်တံ သည် ကြယ်စုတစ်ယောက် ကျောင်းမလာနိုင်သည်မှာ သူ့ကောင် မလေးကို လူနာစောင့် လုပ်ပေးနေရ၍ဟု သိလိုက်စဉ်က နည်းနည်း တော့ အံ့ဩသွားကာ ရင်ထဲမှာလည်း ဟာသွားသလို ဖြစ်တာကို တော့ ဝန်ခံပါသည်။ သို့သော် ဒီလိုအခြေအနေတွေကို မျှော်လင့် ပြီးသား ဖြစ်တာမို့ ဘာမှတော့ ထွေထွေထူးထူး သိပ်မခံစားရပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စုနဲ့ပတ်သက်၍ သက်တံ ရင်ထဲတွင်ရှိသော တစ်စုံတစ်ရာသည် အေးမြသန့်စင်ပါသည်။

"ငါ အမှန်အတိုင်း ပြောတာပါဟာ၊ သိသိချင်းတော့ ရင်ထဲမှာ နည်းနည်းဟာသွားတာကို ဝန်ခံပါတယ်။ ဒါပေမဲ့ ခဏပဲ။ ဘာမှမဖြစ်ဘူး။ ငါ့ရင်ထဲမှာ သူနဲ့ပတ်သက်တဲ့ ခံစားချက်က အရမ်းမြင့်တယ်ဟ။ ငါ့စိတ်ထဲမှာ သဘောကျတဲ့ လူတစ်ယောက်က ရင်ထဲမှာ တဖြည်းဖြည်းနဲ့ နေရာဝင်ယူလာတာကို ငါ ကျေကျေနပ်နပ် လက်ခံတယ်။ နားလည်ပေးတယ် ...

ကဗျာဆန်ဆန် ပြောရရင်တော့ဟာ အချစ်ဆိုတာ ယောက်ျားလေးကလည်း စ,ဖြစ်နိုင်သလို မိန်းကလေးကလည်း စ,ဖြစ်နိုင်တာပဲ။ ငါ့ရင်ထဲမှာ သူ့အတွက်ဖြစ်လာပြီး သူ့ကိုပဲ သီးသန့်ခံစားတာလေ။ သူ ရည်းစားရှိတာလည်း ငါ နားလည်နိုင်ပါတယ်။ ကဗျာကိုလည်း ခင့်တယ်၊ သနားလည်း သနားတယ်။ သူ့ခမျာ Day တောင် မတက်နိုင်ရှာဘူးနော်။ Day သာတက်ရရင် သူတို့နှစ်ယောက် ဘယ်လောက် ပျော်ရမလဲ"

"ဟူး ... ဒီတစ်ခါတော့ ငါ နှင့်ကို တကယ် အရှုံးပေးလိုက်ပြီ သက်တံရေ။ နှင့်ရင်ထဲမှာရှိတဲ့ ကြယ်စုအတွက် ချစ်





ခြင်းတရားဟာ ဒီလောက်တောင် မြင့်နေလိမ့်မယ်လို့ ငါ တကယ်မထင်ခဲ့တာ"

"ကြည့်စမ်း ... ခွေးစုတ်မ"

သက်တံက မာန်မဲလျှင် လမင်းက တဟားဟား နှင့် အော်ရယ်သည်။

"ဟုတ်တယ်လေ၊ များသောအားဖြင့်တော့ ဒီလူတွေက အချစ်ကို ရှုံးရှုံးမူးမူး ပိုခံစားတတ်ကြတာ မဟုတ်လား။ အဲဒီအချိန်မှာ အသည်းတွေကွဲ အူတွေတို၊ ဟိုကောင်မလေးကိုမုန်း၊ ကိုရီးယားကားတွေထဲမှာဆိုရင် လိုက်ပြီးမကောင်းကြံကြသေးတာ ...

ငါက နှင့်ကို အဲဒီလိုမျိုးတွေ တန်းစီပြီး ဖြစ်လာမယ် ထင်နေတာ ...

ဒါကြောင့် နင် သွားလေရာ တကောက်ကောက် လိုက်ထိန်းပြီး နေရတာပေါ့"

"အမယ်လေး လမင်းရယ်။ နင် ငါ့ကို တော်တော်အဆိုးမြင်ထားတာပဲ"

"အဆိုးမြင်ထားတာ မဟုတ်ဘူးဟ၊ Love is Blind လို့ ဆိုရိုးစကားရှိတယ် မဟုတ်လား။ ငါက နှင့်မျက်လုံးတွေ ကန်းသွားမယ် ထင်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သက်တံသည် လမင်းရဲ့အပြောကို ကြိုက်တိုက်တိုက်ဖြင့် မျက်စောင်းထိုးမိလေသည်။ လမင်းက တစ်ခုခုကို တွေးတောသလိုဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ငါက နင့်ကို ဒီလောက်ကြီး ခံနိုင်ရည်ရှိလိမ့်မယ်လို့ မထင်ဘာ။ ခုတော့ နင့်ရင်ထဲက အချစ်ကို ငါ ကိုယ်တိုင်တောင် အသိအမှတ်ပြုရပါပြီ သက်တံရယ်။ နင့်အချစ်က တကယ်ကို အေးချမ်းပါတယ်။ နင် ကိုယ်တိုင်အတွက်လည်း အေးချမ်းတယ်၊ သူများအတွက်လည်း အေးချမ်းတယ်"

သက်တံသည် အဲဒီစကားကို ပြုံးပြုံးလေးပဲ ထောက်ခံလိုက်ပါသည်။

"ကြယ်စုက ကဗျာ့ကိုတော့ တော်တော်ချစ်ပုံပဲနော်"

"အင်း ... ကဗျာကလည်း ချစ်ပုံပါပဲ။ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတယ်လို့ ငါ ထင်တယ်"

"မင်းသူ ပြောပြတာကတော့ ကြယ်စုက အိမ်နဲ့သိပ်အဆင်မပြေဘူးလို့ ပြောတယ်။ မိထွေးနဲ့ဆို လုံးဝမတည့်ဘူး။ အမြဲပြဿနာတက်နေတာတဲ့။ သူ့အတွက် ထွက်ပေါက်က ကဗျာတစ်ယောက်တည်းပဲ ရှိတယ် ပြောတာပဲ ...





ကဗျာက ကြယ်စုကို အရမ်းဂရုစိုက်ပြီး ဖြည့်ဆည်းတတ်တယ်တဲ့။ ကဗျာတို့ကလည်း အဖေမရှိတော့ဘူးလို့ပြောတယ်။ ကဗျာ့အမေက ထမင်းချိုင့်ဆွဲပို့တဲ့ အလုပ်ကို လုပ်တယ်တဲ့။ ချောင်ချောင်လည်လည်တော့ ရှိပါတယ်။ သူ့အမေကိုငဲ့ပြီး Day မတက်တာလို့ ပြောတယ်"

"ဪ ... သူတို့ဘဝတွေလည်း ရုန်းကန်ကြရတာပဲနော်"

"ဟုတ်တယ်၊ တကယ့်ဘဝသမားစစ်စစ်တွေတော့ မဟုတ်ဘူးပေါ့ဟာ၊ ဒါပေမဲ့ တို့ထက်စာရင်တော့ သူတို့မှာအေးအေးချမ်းချမ်း ပြည့်ပြည့်စုံစုံ မရှိဘူးပေါ့။ တို့ကတော့ ပညာကို အေးအေးဆေးဆေး သင်ခွင့်ရတယ်။ ကိုယ်ဖြစ်ချင်တဲ့ ဝါသနာကို ငြိမ်းငြိမ်းချမ်းချမ်း အကောင်အထည်ဖော်ခွင့်ရတယ် ...

ကံကောင်းတယ် ပြောရမှာပေါ့ဟာ"

"အင်း ... ကံကောင်းတယ် ဆိုလို့ ငါ ပြောဦးမယ်။ ဖေဖေက ငါ့ကို ကားဝယ်ပေးတော့မယ်တဲ့ဟ။ ငါ့အသက်က ရှေ့လဆိုရင် ဆယ့်ရှစ်နှစ်ပြည့်ပြီဆိုတော့ လိုင်စင်လည်း ရတော့မယ်လေ။ အဲဒါ တို့ဘာသာ သွားရတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ကောင်းတာပေါ့။ အတော်ပဲ ရှေ့နှစ်လောက် ဆိုရင် ကိုကြီးကလည်း ပြန်ရောက်လာတော့မယ်ဆိုတော့ အိမ်ကကားကလည်း အားမှာ မဟုတ်တော့ဘူး ... နင်ရော ဘယ်လိုလဲ၊ တော်တော်မောင်းတတ်နေပြီ လား"

"အင်း ... မဆိုးပါဘူး။ ပါကင်တွေတော့ သိပ်မကျွမ်း သေးဘူးဟ"

"ဩော် ... ပါကင်ကတော့ ဒီလိုပါပဲ။ နောက်မှ ကျွမ်းတဲ့ ဟာပဲ"

"ငါ မင်္ဂလာဒုံကခြံလေးကို မေမေနဲ့ စမ်းစမ်းပြီး မောင်း ကြည့်နေတာ။ တစ်ရက်လောက် နင်နဲ့အတူတူ သွားမယ် လေ။ ကဗျာ နေကောင်းသွားရင်လည်း သူတို့အားလုံးကို ခြံကိုခေါ်သွားရအောင်။ ဟိုမှာ ဘာဘီကျူး လုပ်စားကြမယ်။ မကောင်းဘူးလား"

"ကောင်းပါတယ်၊ ကောင်းပါတယ် သက်တံရယ်။ နင်မလဲ အရင်က ကြယ်စုအတွက်။ ခုတော့ ကဗျာအတွက်ပါ စဉ်းစားပေးနေရပြီပေါ့ ... ဟုတ်လား"

"ဩော် ... ငါက ကြယ်စု စိတ်ချမ်းသာတာကို မြင်ချင် တဲ့သူလေ။ သူတို့နှစ်ယောက်ကို ကွဲကွာစေချင်တဲ့စိတ်မျိုး





လည်း ငါ့ဆီမှာ လုံးဝမရှိပါဘူး။ သူတို့အဆင်ပြေရင် ဝမ်းသာရမှာပေါ့ဟာ"

လမင်းသည် သက်တံကို နားလည်လွန်းအားကြီး သဖြင့် နားမလည်နိုင်အောင် ဖြစ်ရလေသည်။ သက်တံရဲ့နှလုံး သားဟာ ဒီလောက်ကြီးထိ ပေးဆပ်နိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မ လား။ အချစ်ဆိုတာကို ပိုင်ဆိုင်ခြင်းဟု အဓိပ္ပာယ်ဖွင့်ကြလျှင် ...

အဲဒီအဓိပ္ပာယ်သည် သက်တံအတွက်တော့ လုံးဝမှား နေမည်ဟု ထင်ပါသည်။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



သက်တံသည် ကော်ရစ်တာထောင့်ကို ချိုးကွေ့သွားသော ကြယ်စုကို မြင်လိုက်လျှင် နောက်နေ၍ အပြေးလိုက်ခေါ်မိသည်။

"ကြယ်စု ... ဟိတ် ... ရှတ် ... ရှတ်"

ကြယ်စုက မကြားသေး။ ခြေလှမ်းရဲ့အရှိန်ကိုထပ်မြှင့်ပြီး နောက်တစ်ခေါက် ထပ်အော်တော့မှပင် ကျေးဇူးရှင်လေးက လှည့်ကြည့်တော်မူလေသည်။ သက်တံသည် အမောတကော အရှိန်များကို ရပ်တန့်ပစ်ရင်းမှ ...

"အမယ်လေး ... အော်လိုက်ရတာ။ ဘာတွေများ တွေးပြီး လျှောက်နေတုန်း၊ ဘယ်သွားမလို့လဲဟင်"

နေ့ခင်း ထမင်းစားချိန်မို့ သူ ကန်တင်းသွားမယ်ဆိုတာ သိသိကြီးနှင့် သက်တံက မေးလိုက်တာဖြစ်သည်။

"ထမင်းသွားစားမလို့လေ"





"ဩော် ... ဒါဆို သက်တံလည်း လိုက်ခဲ့မယ်လေ။ သက်တံလည်း ဗိုက်ဆာနေတာ၊ ကဲ ... သွားစို့"

သူက ခေါင်းတစ်ချက်ညိတ်ကာ ဘာမှမပြောတော့ပေ။ သက်တံသည် သူ့ဘေးမှ အသာလိုက်လျှောက်လာရင်းမှ ...

"တွတ်တွတ်တို့ မင်းသူတို့ မလာကြဘူးလား"

"အင်း ... တွတ်တွတ်က မနက်ကလာတယ်။ နေ့ခင်းဘက် ကိစ္စတစ်ခုရှိလို့ ပြန်သွားတာ။ မင်းသူကတော့ ဟသ်ာတ သွားတယ်။ သက်တံရော လမင်း မပါဘူးလား"

"ဟုတ်တယ်၊ လမင်းလည်း မလာဘူး၊ ညှို့သည်တွေ ရောက်နေလို့တဲ့၊ အဲဒါ သက်တံဘာသာ ကားနဲ့လာတာ။ ဟိုဟာလေ ... အပြန်ကျရင် ကြယ်စု သက်တံကားနဲ့လိုက်ခဲ့ပါလားဟင်။ လမ်းကြုံတာပဲ"

"ရပါတယ် သက်တံ။ ကျွန်တော် ဘတ်(စ်)နဲ့ပဲ ပြန်ပါ့မယ်"

သူ ဒီလိုငြင်းလိမ့်မယ်ဆိုတာ သက်တံက ကြိုသိပြီးဖြစ်သည်။ သက်တံသည် သူ့မျက်နှာကို ဝမ်းနည်းစွာ မော့ကြည့်မိသည်။ သူနဲ့ပတ်သက်၍ ရင်ထဲမှာ မျှော်လင့်ခြင်းကင်းသည်ဟု ဆိုပေမယ့် အဲဒီ မျှော်လင့်ခြင်းကင်းသော ကိုယ့်စေတနာတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူ နားမလည်တာ၊ ရှောင်ဖယ်ချင်တာကိုတော့ တကယ်ပဲ စိတ်မကောင်းဖြစ်ရပါသည်။ သက်တံသည် သူ့ကို pressure မပေးချင်သောကြောင့် ကိုယ်ကားနှင့်လိုက်ခဲ့ဖို့ ထပ်မခေါ်တော့ပါ။ ကန်တင်းသို့ရောက်လျှင် ထမင်းမှာစားကြရင်းမှ သက်တံက အိတ်ထဲမှနေ၍ အထုပ်တစ်ထုပ်ကိုယူကာ သူ့ရှေ့သို့ချပေးလိုက်သည်။

သူက သက်တံကို နားမလည်သော မျက်ဝန်းများဖြင့် မော့ကြည့်ကာ ...

"ဒါ ဘာတွေလဲ"

"ဖွင့်ကြည့်လေ၊ ကြယ်စု ကြိုက်မှာပါ"

သူက City mart အိတ်လေးကိုဖြေကာ ကြည့်လိုက်လျှင် အထဲမှ ထွက်လာတာက မျိုးကြီးရဲ့ Live show VCD တစ်ခွေနှင့် ဟန်ထွန်းရဲ့ ရှိနေမယ် VCD တို့ဖြစ်သည်။ သက်တံသည် သူ့မျက်လုံးတွေကို သေချာစွာ အကဲခတ်နေခဲ့သောကြောင့် အဲဒီအခွေတွေကို မြင်လိုက်ရလျှင် သူ့မျက်လုံးတွေ လက်ခနဲဖြစ်သွားတာကို ကောင်းကောင်းကြီး သတိထားမိလိုက်ပါသည်။ သို့သော် အဲဒီမျက်လုံးလေး တောက်ပသွားပုံမှာ ခဏလေးသာဖြစ်သည်။

"ကျွန်တော်က ဒါကို ဘာလုပ်ရမှာလဲ"





"နားထောင်ရမှာပေါ့ ကြယ်စုရယ်။ ကြယ်စုက တစ်ခါတစ်ခါကျတော့ မလိုအပ်တဲ့ စကားတွေ သိပ်မေးတာပဲ။ အဲဒီ အဆိုတော်တွေကို ကြယ်စု ကြိုက်တယ် မဟုတ်လား"

"အင်း ... ကြိုက်ပါတယ်။ ကျွန်တော့်ကို ငှားတာလား။ ကျွန်တော် တွတ်တွတ်ဆီက ငှားနားထောင်ပြီးပါပြီ"

သက်တံက နှာခေါင်းတစ်ချက် မရှုံ့မိအောင် တော်တော် ထိန်းသိမ်းထားလိုက်ရသည်။

"အဲဒီအခွေတွေ ကြယ်စုဆီမှာရှိလား"

"မရှိဘူး၊ ကျွန်တော် ဝယ်တော့ ဝယ်မလို့ပဲ။ အဲဒီအခွေတွေ ရောင်းတဲ့ဘက် မရောက်သေးလို့။ ဒီလို Original ခွေတော့ မဝယ်နိုင်ပါဘူး။ တစ်ထောင်ဖိုးသုံးခွေ Copy ပေါ့။ အဲဒါ ဝယ်မယ် ဝယ်မယ်နဲ့ မြို့ထဲမရောက်တာနဲ့ မဝယ်ဖြစ်သေးတာ။ ဒီနှစ်ခွေလုံး ကျွန်တော် အရမ်းကြိုက်တာ"

သူ အဲဒီလို စိတ်လိုလက်ရ ပြောပြနေတာကို သက်တံသည် ကြည်ကြည်နူးနူး နားထောင်ရင်းမှ ပြုံးလိုက်ရင်း...

"ဒီအခွေတွေက ကြယ်စု အတွက်ပဲလေ"

"အာ ...' မဟုတ်တာ။ သက်တံကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်ရှမှာလဲ။ ကြယ်စု ကြိုက်တယ် မဟုတ်လား။ ကြယ်စု ကြိုက်တယ်ဆိုတာ သိရတဲ့အတွက် လက်ဆောင်ပေးတာပါ။ မငြင်းပါနဲ့ ကြယ်စုရယ် ...

ကြယ်စု အဲဒီလို ငြင်းလိုက်ရင် သက်တံ အရှမ်းဝမ်းနည်းတယ်။ ဘာဖြစ်လို့ သက်တံ စေတနာတွေကို နားမလည်ရတာလဲဟင်"

ကြယ်စုသည် သက်တံရဲ့ စိတ်မကောင်းသလိုပြောသော အပြောတို့ကို နားထောင်ရသောအခါ စိတ်နည်းနည်းညစ်သွားလေသည်။ အခြေအနေဟာ သူတို့ထင်သလိုလည်း မဟုတ်ခဲ့ပါလား။

သက်တံသည် အင်မတန် နားလည်ရခက်သော မိန်း ကလေးဖြစ်သည်။ သူနဲ့ ကဗျာအကြောင်းကို သိသော်လည်း ဘယ်လိုမှနေဟန်လည်း မတူပါ။ ကဗျာကိုဆိုလည်း တကယ့်စိတ်ရင်းအမှန်ဖြင့် ရင်းနှီးဖော်ရွေသူ ဖြစ်သည်။ သူတို့နဲ့တွေ့လျှင်လည်း ကဗျာအကြောင်းတွေ တခုတ်တရ မေးတတ်သည်။ ကဗျာဆေးရုံက ဆင်းပြီးတော့လည်း ကဗျာ့အိမ်ကို သတင်းသွားမေးခဲ့သေးသည်။

ဒါပေမဲ့ သူ့အပေါ်မှာ ဂရုစိုက်မှုကလည်း အရင်ကထက် လျော့နည်းမသွားချေ။ သူ ဘာလိုအပ်သလဲ၊ အမြဲဖြည့်ဆည်း





ပေးဖို့ အဆင်သင့်ရှိနေသော သက်တံရဲ့ စိတ်နေစိတ်ထားတို့ကို သူ တကယ်ပဲ လိုက်မမီနိုင်အောင် ရှိရလေသည်။

"ကျွန်တော် သက်တံရဲ့စေတနာတွေကို နားလည်ပါတယ်။ ဒါပေမဲ့ အားနာလို့ပါ"

"ဘာအားနာစရာရှိလဲ ကြယ်စုရယ်။ ခင်မင်တဲ့ သူငယ်ချင်းအချင်းချင်း အမှတ်တရ လက်ဆောင်ပေးတာလေ။ ပြီးတော့ အရှမ်းတန်ဖိုးကြီးတဲ့ ပစ္စည်းမျိုးတွေလည်း မဟုတ်ပါဘူး။ သက်တံအတွက်လည်း ဝယ်ပြီးသားပါ။ သက်တံအတွက် ဝယ်ရင်း ကြယ်စု ကြိုက်တယ်ဆိုတာ သတိရတာနဲ့ တစ်ခါတည်း ဝယ်ခဲ့တာ ...

ဘာလို့ မယူချင်တာလဲဟင်"

သူက သက်တံရဲ့အမေးကို မဖြေဘဲ သက်ပြင်းတစ်ချက်ချသည်။

ပြီးတော့ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်သော ပုံစံဖြင့် သက်တံကို ခပ်စူးစူးစိုက်ကြည့်ကာ ...

"ကျွန်တော် သက်တံကို စကားတစ်ခွန်းလောက် လေးလေးနက်နက် ပြောချင်တယ်"

သူ့အသံက ပိရိကာ တိကျပြတ်သားနေသည်။ သက်တံသည် သူ့ပုံစံနှင့်အသံကို စိတ်ဝင်စားကာ မျက်တောင်တေ



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် တဖျပ်ဖျပ် ခတ်မိသည်။ သူ့မျက်နှာပေါ်တွင် သက်တံအတွက် တစ်ခါမှ မမြင်ဖူးသော လေးနက်ခြင်းတို့ ရှိနေသည်။ သက်တံသည် သူ ဘာများပြောမလဲ ဟူသော အတွေးဖြင့် ရင်တွေ တဒိတ်ဒိတ်တောင် ခုန်လာလေသည်။

(ရည်းစားစကား မပြောဘူး ဆိုတာကိုတော့ လုံးဝယုံပါသည်။)

"ကျွန်တော့်စကားဟာ သက်တံကို စော်ပျားသလို ဖြစ်သွားရင် တောင်းပန်ပါတယ် သက်တံ။ ခွင့်လွှတ်ပါလို့တော့ မပြောချင်ပါဘူး။ ခွင့်လွှတ်တာ မလွှတ်တာတော့ သက်တံ သဘောပါပဲ"

ဘုရားရေ ... ဘာတွေပါလိမ့်။ သက်တံ ခြေဖျားလက်ဖျားတွေတောင် အေးစက်လာချင်ပါသည်။ သူကလည်း ချက်ချင်းကြီး ...

"ကျွန်တော့်အပေါ်မှာရှိတဲ့ သက်တံရဲ့ ဂရုစိုက်မှုတွေကို ရုပ်သိမ်းပေးပါ သက်တံ"

"ဘယ်လို ကြယ်စု"

သက်တံက နားမလည်လွန်းအားကြီးသဖြင့် သူ့ကို အံ့သြတကြီး ပြန်မေးမိသည်။ သူက ဆုံးဖြတ်ချက် မပြောင်းလဲသော မျက်နှာဖြင့် ခေါင်းကိုတောင် တစ်ချက်ဆတ်လိုက်သေးကာ ...





"သက်တံဟာ ကျွန်တော့်အပေါ်မှာ စေတနာကောင်းရှိတဲ့ သူတစ်ယောက်ဆိုတာ ကျွန်တော် လက်ခံပါတယ်။ နားလည်းလည်တယ်။ ဒါပေမဲ့ အဲဒီအရာတွေကို ကျွန်တော် မလိုချင်ပါဘူး သက်တံ။ ကိုယ်ကဘယ်လောက်ပဲ စေတနာထားထား၊ တစ်ဖက်က အဲဒီစေတနာတွေ၊ ဂရုစိုက်မှုတွေကို မလိုချင်ဘူးဆိုရင် ရတဲ့သူအတွက်က ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်တတ်တယ်ဆိုတာ သက်တံလည်း သဘောပေါက်မှာပါ"

သက်တံသည် သူ့စကားတွေကို ရူးစိုက်နားထောင်ရင်းမှ သူ ဘာကိုဆိုလိုတယ်ဆိုတာကို တဖြည်းဖြည်း နားလည်သိမြင်လို့လာလျှင် ရင်ထဲမှာ တော်တော်ကြီး ထိခိုက်ကြေကွဲသွားပါသည်။

သူ့ကို တစ်ခုခုပြောဖို့ ကြိုးစားသော်လည်း စကားလုံးတို့က နှုတ်ဖျားမှ ထွက်မလာချေ။ ရင်ထဲမှာ ဆို့နင့်စွာဖြင့် သူ့ကို ဘာစကားမှ မပြောနိုင်ပါ။

"ကျွန်တော့်ကို ဂရုမစိုက်ပါနဲ့တော့ သက်တံ၊ တွတ်တွတ်တို့ မင်းသူတို့ကို ခင်သလောက်ပဲ သာမန်ခင်ရင် ရပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သက်တံ ကျွန်တော့်အပေါ်မှာ အများကြီးကောင်းတယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ စေတနာဆိုတာ အခန့်မသင့်ရင် ဝေဒနာ ဖြစ်တတ်တယ်လေ။ သက်တံ နားလည်မှာပါ"

သက်တံသည် သူ့မျက်နှာကို ကြေကွဲစွာ ကြည့်မိသည်။ သူ့ပုံစံက ဒီစကားကို ပြောလိုက်မိသည့်အတွက်လည်း နောင်တရပုံမပေါ်ပါ။

သက်တံက စိတ်ဆိုးနာကြည်းမှုပေါက်ကွဲသွား၍လည်း သူက ဘယ်နဲ့မှ နေမှာမဟုတ်။ သူ့ကို မခေါ် မပြောတော့ဘဲ အဆက်အဆံ မလုပ်တော့လျှင်တောင် သဘောကျမည့်အနေအထားမှာရှိသည်။

ဘုရားရေ ... သက်တံဟာ သူ့အတွက် ဒီလောက်တောင် အနှောင့်အယှက်ကြီး ဖြစ်နေပြီတဲ့လား။ သက်တံကိုယ်သက်တံတော့ သူ့ကို ဘာ pressure မှ မပေးမိ၊ ဘာဝန်ထုပ်ဝန်ပိုးမှ မပေးမိဘူးလို့ ထင်ခဲ့တာဖြစ်သည်။

သူ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာကြောက်၍ အထူးတလည် ဆင်ခြင်ထားသည့်ကြားမှ သူက ဒီလိုစကားမျိုး ပြောလာခဲ့ပြီဆိုတော့ သူဟာ သက်တံနဲ့အပတ်အသက်ကို မလုပ်ချင်တော့ဘူးဆိုတာ သိသာထင်ရှားစေပါသည်။ အဲဒီအသိကြောင့်





သက်တံသည် ဘယ်လောက်ပဲ နေတတ်သော နှလုံးသားကို ပိုင်ဆိုင်ထားပါစေ ရင်ထဲမှာ တအားကြေကွဲရပါသည်။ ဒီစကားမျိုးကို လက်ခံရသော တခြားမိန်းကလေးတစ်ယောက်ဆိုလျှင် ဘယ်လိုခံစားရမလဲတော့ မသိ။ သက်တံကတော့ သူ့ကို စိတ်မဆိုး၊ စိတ်မနာ၊ အပြစ်မတင်ရက်ပါ။

"ကြယ်စု အတွက် သက်တံက ခလုတ်တစ်ခု ဖြစ်နေလို့လားဟင်"

"သက်တံက ခလုတ် မဟုတ်ပါဘူး၊ သက်တံရဲ့ဂရုစိုက်မှုတွေနဲ့ စေတနာတွေကသာ ခလုတ်တစ်ခု ဖြစ်နေတာပါ။ ခလုတ် ဆိုတာထက် ကျွန်တော့်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေတယ် သက်တံ။ ကျွန်တော် အဲဒီအရာတွေကို မခံစားချင်တော့ဘူး။ နားလည်ပေးပါ"

သူ့စကားတွေက ပြောလေဆိုးလေပါလား။ သက်တံရင်ထဲတွင် နာကျင်လာသည်။

"ကြယ်စုရှေ့ကို သက်တံ ရောက်မလာရင် ကြယ်စု စိတ်ချမ်းသာရမယ်ပေါ့နော်"

"အဲဒီလိုလည်း မဟုတ်ဘူး သက်တံ။ အဲဒီလို ပြောတယ်ဆိုတာကိုက သက်တံ ကျွန်တော့်ကို အလေးအနက် ထားနေလို့ပဲ။ ကျွန်တော်က အဲဒါမျိုးကို မဖြစ်စေချင်တာပါ...



www.burmeseclassic.com

www.burmeseclassic.com



သဇ္ဇာ်တံလည်း သက်တံဘာသာ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်၊ တကူးတကကြီး လုပ်နေစရာကို မလိုတာပါ။ သက်တံ စိတ်ထဲမှာကို ကျွန်တော် ရှိမနေစေချင်တာပါ ...

ကျွန်တော့်ကို သတိမရစေချင်တာပါ။ ဘိန်းမုန့်သည် တွေ့လို့ ကျွန်တော် ကြိုက်တတ်မှန်းသိလို့ ဝယ်လာတာမျိုး၊ ကျွန်တော်ကြိုက်တတ်တဲ့ CD တွေ ဝယ်ပေးတာမျိုး စသဖြင့်ပေါ့လေ။ ဂရုစိုက်မှုအားလုံးရော စိတ်ထဲကစေတနာတွေကိုရော အားလုံးကို ပယ်ဖျက်ပေးပါ သက်တံ”

မလွန်လွန်းဘူးလား ကြယ်စုရယ်။ စိတ်ထဲမှာရှိတာတောင် ပယ်ဖျက်ပေးရဦးမယ်ဆိုတဲ့ တောင်းဆိုမှုက တစ်ဆိတ်တော့ လွန်လွန်းတယ်လို့ မထင်ဘူးလား။ သက်တံသည် အဲဒီမေးခွန်းကို ရင်ထဲမှာသာ အကြိမ်ကြိမ် မေးနေမိသော်လည်း တကယ်တမ်းမှာ ပါးစပ်ကတော့ ထုတ်မမေးမိတော့ချေ။ သူ့စကားတွေဟာ မိန်းကလေးတစ်ယောက်အဖို့ ရက်စက်တတ်မည်ဆိုလျှင် အဲဒီယောက်ျားလေးရှေ့မှာ နောက်တစ်ခါ မျက်နှာမပြရဲတဲ့ အဖြစ်မျိုးပင်။ သို့သော် သူကလည်း သက်တံ တစ်ယောက် အဲဒီလိုမျိုးဖြစ်မယ့် မိန်းကလေး မဟုတ်ဘူး ဆိုတာ သိသလို သက်တံကလည်း ကိုယ့်ကို တမင်ချိုးတာ မဟုတ်မှန်း နားလည်သည်။





နှစ်ယောက်သားဟာ တစ်ယောက်စိတ် တစ်ယောက် သိရဲ့သားနဲ့ ဘာမှမဆိုင်ဘဲ ပေးနေကြတာကိုတော့ သက်တံ တကယ်ပဲ ရင်နာလေသည်။ သူဟာ သက်တံထံက ချစ်ခြင်းကို မဆိုထားနှင့် ရိုးရိုးသားသား စေတနာမျိုးကိုတောင် လက်ခံမရယူလိုပါတဲ့။ သူဟာ သက်တံကို ဖြစ်နိုင်လျှင် လုံးဝမပတ်သက်ချင်ကြောင်း ထင်ရှားခဲ့ပြီဖြစ်သည်။ သူ စိတ်ချမ်းသာမည်ဆိုလျှင် အဲဒီဆန္ဒကိုလည်း သက်တံ ဖြည့်ဆည်းပေးနိုင်ပါသည်။

“ရပါတယ် ကြယ်စု၊ ရှင့်သဘောအတိုင်းပါပဲ”

သက်တံက အဲဒီစကားကို သူ့မျက်နှာအား မကြည့်ဘဲပြောတာဖြစ်သည်။ အဲဒီလို ပြောလိုက်သောကြောင့် သူ့မျက်နှာ ဘယ်လိုပြောင်းလဲသွားသလဲ ဆိုတာတော့ သက်တံ မသိပါ။ သက်တံရဲ့အကြည့်တွေသည် သူ ဝတ်ထားသောအင်္ကျီရဲ့ ဘယ်ဘက်အိတ်ကပ်နားသို့ ရောက်နေသည်။ သူ့အင်္ကျီအိတ်ကပ်မှာ D2 တံဆိပ်ကို ကပ်ထားသည်။ သူသည် များသောအားဖြင့် Step စပို့ရှပ်များနှင့် D2 ရှပ်အင်္ကျီလေးများကို သပ်သပ်ရပ်ရပ် ရွေးချယ်ဝတ်ဆင်တတ်တာကို သတိပြုမိသည်။ သူ့ဟာနဲ့သူတော့ သပ်သပ်ရပ်ရပ် ဝတ်တတ်ပါသည်။

ရုတ်တရက် သူက ထရပ်လိုက်သည်။

“ကျေးဇူးပဲ သက်တံ၊ ကျွန်တော် သွားတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



သွားပေါ့။ တားပိုင်ခွင့်မှ မရှိတာ။ သက်တံသည် သူ့ကို ဘာမှပြန်မပြောမိဘဲ သူ မယူသွားခဲ့သော အထုပ်လေးကို သာ တွေတွေကြီး စိုက်ကြည့်ရင်း ကျန်ခဲ့သည်။ အထုပ်ထဲမှ CD ခွေများသည် သက်တံကို စိတ်မကောင်းစွာနှင့် ကြည့်နေမည်ထင် သည်။ အဲဒီအချိန်မှာပဲ ဆိုင်ထဲက ဖွင့်ထားသော သီချင်းသံက တိုက်ဆိုင်စွာဖြင့် လွင့်ပျံ့လာသည်။ ယုန်လေးရယ် သက်တံကို စောင်းဆိုနေတာလား။

"မင်းဘက်က စိတ်ဝင်စားအောင် ငါ ဘာမှမလုပ်ခဲ့ဘူး ... မင်းနဲ့ဓာတ်လမ်းတွေဖြစ်အောင် ငါ ဘာမှမရှုပ်ခဲ့ဘူး ... ငါ့စိတ်ပျော်ရာကို ငါနေခဲ့ ဒါကိုပဲ မင်းကလေး စိတ်ဝင် စားခဲ့ ... မင်း ကြိုက်သလို ထင်ရင်မှားမယ် ... အားလုံးရဲ့ အဆုံးသတ်မှာ ငါ့ရဲ့စိတ်တွေက မင်းဘက်ကို ပါလာမယ် လို့ မင်းရင်မှာ သေချာမျှော်လင့်ထားလား ... နောက်ဆုံး ရဲ့အဆုံးသတ်မှာ အရှုံးများနဲ့ ရင်ဆိုင်ရရင် မင်း ခံနိုင်ဦး မလား ... မင်း သေချာ စဉ်းစား ... ငါ့အကြောင်းလည်း မတွေးပါနဲ့ ... ငါ့ကြောင့်လည်း မဆွေးပါနဲ့"

သီချင်းက ရင်ဘတ်ကို တည့်တည့်ပိတ်မှန်သော ကြောင့် သက်တံသည် ခေါင်းကို ခါယမ်းပစ်လိုက်သည်။ စိတ် ချပါ ကြယ်စုရယ်၊ ကျွန်မ ရှင့်ကြောင့် မဆွေးတာတော့ သေချာ





ပါတယ်။ ဒါပေမဲ့ မဆွေးဖို့ကိုတော့ ရှင့်ကို သတိရနေမှ ဖြစ်မယ်။ သတိရနေခွင့်တော့ ပေးပါ ကြယ်စုရယ်။ အချစ်အတွက် ကံမ ကောင်းခဲ့သူတစ်ယောက်အဖို့ သတိရခြင်းကိုတော့ ကန့်သတ်ချုပ် ချယ်မထားပါနဲ့။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တစ်စင်းရဲ့ ခပ်ပါးပါးလေးငိုချင်း
မှောင်လွန်းတဲ့ ညတွေထဲ
သူ မနေချင်ဘူးတဲ့
ကြွေကျလိုက်လေ
ဒီမှာ ရင်ဖွင့်ထားပါတယ်။



## ၁၀

"ဟဲ့ ... သက်တံ အပြင်ဘက် ကော်ရစ်တာမှာ တွတ်တွတ်တို့ ရောက်နေတယ် သိလား၊ ကြယ်စုလည်း ပါတယ်"

"အင်း ... ဟုတ်လား"

လမင်းရဲ့သတင်းစကားကို သက်တံက ခေါင်းညိတ်လိုက်မိသော်လည်း လှည့်မကြည့်ဖြစ်ချေ။ သက်တံသည် တစ်နေ့ကကိစ္စအား လမင်းကို ပြန်မပြောပြခဲ့ပါ။ ရှက်တာလည်း မဟုတ်၊ တမင်လျှို့ထားခြင်းလည်း မဟုတ်ဘဲ လမင်း တစ်ယောက် ကြယ်စုကို မုန်းသွားမှာမျိုး၊ တစ်ခုခု သွားပြောပစ်မှာ စိုးတာကြောင့် ပြန်မပြောပြခဲ့ခြင်း ဖြစ်ပါသည်။ သူနဲ့ အဲဒီစကားတွေ ပြောပြီးကတည်းက သက်တံသည် ကြယ်စုကို စကားသိပ်မပြောဖြစ်တော့ပါ။ ဂရုစိုက်တဲ့ အပြုအမူများဆိုတာဝေး။ ကိုယ့်စေတနာတွေကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



လက်မခံလိုပါဘူး၊ သူ့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်ပါသည်ဟူသော စကားသည် သက်တံကို ပြန်တွေးတိုင်း ဝမ်းနည်းကြေကွဲစေပါသည်။

ဒီအတွက်ကြောင့် သက်တံ သူ့ကို သူ့စိတ်တိုင်းကျ နေပေးလိုက်တာဖြစ်သည်။

"ကျားသားမိုးကြိုး ... တို့အတန်းရှေ့ကို လာရပ်နေကြတာပါလား။ အင်း ... ထင်တော့ မထင်ကောင်းပါဘူး၊ ဒါ့ပေမဲ့ တစ်မျိုးပဲနော်"

"ထူးခြားတဲ့ကိစ္စတော့ ဟုတ်မယ် မထင်ပါဘူးဟာ"

သက်တံက လမင်းကို ခပ်တိုးတိုး ပြန်ပြောကာ ဆရာ စာသင်နေတာကို အာရုံပြန်စိုက်ထားလိုက်သည်။ သိပ်မကြာခင်မှာပဲ ဆရာ စာသင်တာ ပြီးဆုံးသွားသဖြင့် ဆရာက Class လွှတ်ပေးလိုက်သည်။ Class ပြီးသွား၍ အတန်းအပြင်သို့ ထွက်လာလျှင် တွတ်တွတ်က သက်တံကို ဆီးကြိုပြုံးပြကာ ...

"သက်တံတို့ Class ပြီးသွားပြီ မဟုတ်လား"

"အင်း ... ပြီးပြီ။ အိမ်ပြန်မလို့လေ၊ ဘာဖြစ်လို့လဲ"

သက်တံက သူ့ကို လုံးဝမကြည့်မိအောင်နေကာ တွတ်တွတ်ကိုပဲ ဦးတည်ကာ မေးမြန်းလိုက်သည်။ တွတ်တွတ်က တဟားဟားရယ်ရင်းမှ ...





"ဟိုဟာလေ ... ဒီနေ့ အတန်းလည်း စောပြီးတော့ မြို့ထဲမှာ ရုပ်ရှင်ဝင်ကြည့်မလားလို့ပါ။ သူငယ်ချင်းတွေ အတူတူ တစ်ခါမှ ရုပ်ရှင်မကြည့်ဖူးဘူး မဟုတ်လား ...

တင်ထားတဲ့ကားကလည်း တော်တော်ရယ်ရတယ် ပြောတယ်၊ အဲဒါ ကြည့်မလားလို့၊ သက်တံတို့ကို လာခေါ်တာပါ၊ ဟိုဒင်း ... ကျွန်တော် ပြမှာနော်၊ အမှတ်တရပေါ့၊ ဟဲ ... ဟဲ ... သက်တံလို လေးဖြူရှိုးပွဲကို စပွန်ဆာ မပေးနိုင်ပေမယ့် ရုပ်ရှင်လောက်တော့ ပြနိုင်ပါတယ်လေ ... အဲဒါ"

တွတ်တွတ်က ဆက်မပြောတော့ဘဲ မေးခွန်းပါသည့် မျက်လုံးမျိုးဖြင့် သက်တံကို ကြည့်သည်။ သက်တံက မဖြေခင်မှာပဲ လမင်းက ဝင်မေးသည်။

"ရုပ်ရှင် ဘာကားလဲ၊ ဟော့ရှော့လား"

"ဟုတ်တယ် ဟော့ရှော့။ အရမ်း ရယ်ရတယ်လို့ ပြောတယ်"

လမင်းက အဲဒီရုပ်ရှင်ကို အတပ်ကြည့်တော့မည်ဆိုတာကို သက်တံ သိလိုက်သည်။ ထို့ကြောင့် သူ မပြောခင်မှာပဲ ရှေ့ကပိတ်ကာ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တွတ်တွတ်တို့ပဲ သွားကြည့်လိုက်လေ၊ သက်တံတို့ သွားစရာရှိသေးလို့ အိမ်ကိုပဲ တန်းပြန်မှာ"

"ဩော် ... ဟုတ်လား။ ဒါဖြင့်ရင် မနက်ဖြန်မှ ကြည့်မလား"

"ရပါတယ်၊ မကြည့်တော့ပါဘူး။ သက်တံက ရုပ်ရှင်တွေဘာတွေလဲ သိပ်ဝါသနာမပါလို့ပါ"

"ဩော်"

တွတ်တွတ်က ဩော် တစ်လုံးဖြင့် ဆက်မပြောတော့ပါ။ ဒီလောက်ဆို သူလည်း သဘောပေါက်သွားလောက်ပြီဖြစ်သည်။ သက်တံသည် ကြယ်စုကို မကြည့်ဖြစ်အောင် ထိန်းထားရင်းမှ အားလုံးကို ခေ့ဝဲန့တ်ဆက်သည့်အနေဖြင့် သွားတော့မယ်နော်ဟု ပြောကာ ထွက်လာခဲ့သည်။ လမင်းသည် ကြယ်စုရဲ့မျက်နှာကို အကဲဘာခတ်ခတ်ဖြင့် ရှိနေရာမှ ကားပေါ်ရောက်လျှင်တော့ မအောင့်နိုင်တော့သည့်ပုံစံဖြင့် မေးမြန်းလေသည်။ သူ ဒီလိုမေးလာတော့မည် ဆိုတာကိုလည်း သက်တံက ကြိုသိပြီးဖြစ်သည်။

"သက်တံ ... နင် ကြယ်စုကို ရှောင်နေတာလား၊ ရှော်ထားတာလား"





"တစ်ခုမှ မဟုတ်ပါဘူး။ ဒီလိုပါပဲဟာ"

"ဘာ ဒီလိုပါပဲလဲ။ နင် တစ်ခုခုတော့ ဖြစ်နေပါတယ်။ နင် ဘယ်မှသွားစရာ မရှိဘဲနဲ့ ဘာဖြစ်လို့ ညာလိုက်ရတာလဲ။ အဲဒီ ဟော့ရှော့ကားကို သွားကြည့်ဖို့ နင်နဲ့ငါတောင် ပြောထားကြသေးတယ် မဟုတ်လား ...

အခု သွားရင် တစ်အုပ်စုလိုက်ကြီး သွားရမှာ၊ ကြယ်စုလည်းပါတယ်။ ပုံမှန်အတိုင်းဆို ပျော်စရာကြီးပေါ့၊ ဒါကို နင် ငြင်းပစ်လိုက်တာ အကြောင်းတစ်ခုခုတော့ ရှိရမယ်ဟာ"

သက်တံသည် ကားမောင်းရင်းမှ ဃက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ပစ်လိုက်သည်။ မှတ်သုန်လေတိုက်ခတ်လာသဖြင့် မိုးရနံ့ပါသောလေအေးက ကားထဲသို့ စိမ့်ဝင်ရောက်လာသည်။ မကြာခင် မိုးရွာတော့မည်။ ဒီလို မိုးရေတွေထဲမှာ ကောင်လေးတစ်ယောက်ကို သက်တံ စတွေ့ခဲ့ရသည်။ အဲဒီကောင်လေးက အရမ်း အသည်းမာပါသည်။

"အကြောင်းကတော့ သူနဲ့ သိပ်မပတ်သက်ချင်တော့လို့ပါဟာ။ ကင်းကင်းနေတာပဲ ကောင်းမယ်ထင်လို့ပါ။ သူကလည်း ငါတို့ကို သိပ်ခင်တဲ့ပုံ မပေါ်ဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



တွတ်တွတ်တို့ မင်းသူတို့ကအောင် သူ့ထက်စာရင် ဖော်ရွေခင်မင်သေးတယ်။ ဒါကြောင့် သူ့ကိုလည်း စိတ်အနှောင့်အယှက် မပေးချင်တော့တာနဲ့ ကင်းကင်းပဲနေဖို့ ဆုံးဖြတ်ထားလိုက်တာပါ”

လမင်းက သက်တံကို မယုံသင်္ကာဟန်ဖြင့် မျက်လုံးတစ်ချက် စွေကြည့်သည်။

မိုးဖွဲတွေက စတင်ကျလာခဲ့ပြီဖြစ်သည်။

“နင် သေချာဆုံးဖြတ်ထားပြီပေါ့၊ ဟုတ်လား”

“အင်း ... သေချာဆုံးဖြတ်ထားတာပါ”

“ဒါဆိုလည်း ကောင်းပါတယ်ဟာ။ နင်ကသာ သံယောဇဉ်ထားနေတာပါ။ ကြယ်စုက သူငယ်ချင်းအဖြစ်နဲ့တောင် သိပ်ပတ်သက်ချင်တာမှ မဟုတ်တာ။ သူ့ရဲ့စိတ်ဓာတ်ကို ချီးတော့ချီးကျူးပါတယ်။ ဒါပေမဲ့လည်း ကိုယ့်သူငယ်ချင်းဘက်ကတော့ စိတ်တိုတာပေါ့ဟာ။ သူက ဘာမှလဲ မဟုတ်ဘဲနဲ့”

“ပြောမနေပါနဲ့တော့ဟာ”

သက်တံက ဆက်မတွေးချင်တော့စွာဖြင့် လီဗာကို အရှိန်မြှင့်ကာ ခပ်သွက်သွက်မောင်းလာခဲ့သည်။ မိုးက သိပ်သည်းကြီးမည်းကြီး ရွာတာလည်း မဟုတ်။ ဖွဲဖွဲစိပ်စိပ်လေးတွေ ကျနေတာဖြစ်သည်။ သက်တံသည် မိုးဖွဲတွေကြားမှာ မျက်နှာတစ်ခုကို ပြေးမြင်သောအခါ ဘယ်လောက်ပဲ မေ့ထားပါသည်ပြောပြော ရင်ထဲမှာ နာကျင်ရလေသည်။ ဒီလောက် ဘောင်လွတ်အောင်နေတာကိုတောင် သူက လက်မခံနိုင်ဟူသော အသိသည် သက်တံရဲ့တစ်ကိုယ်လုံးကို ဆူးတွေလိုပင် နှိပ်စက်သည်။ သက်တံသည် တနုံ့နုံ့ဖြစ်လာသောစိတ်ဖြင့် လီဗာကို ဖိနင်းပစ်လိုက်ပြန်သည်။





“ဟဲ့ ... သက်တံ၊ ဖြေးဖြေးဦးလေ”

“ရပါတယ်”

“ဟင် ... ရပါတယ် လုပ်မနေနဲ့။ လမ်းတွေက ချော်နေတာ၊ စလစ်ဖြစ်မယ်”

“မဖြစ်ပါဘူးဟာ၊ နင့်ကို အရင်ချပေးမယ်နော်။ ညနေလောက်မှပဲ ငါ တစ်ခေါက်လာခေါ်တော့မယ်”

“အေးပါ”

အဲဒီအချိန်မှာပဲ သက်တံရဲ့ဖုန်းမြည်သံက ထွက်ပေါ်လာသည်။ သက်တံသည် ကိုယ့်ဘေးမှာချထားသော အိတ်ထဲမှ ဖုန်းကို လှမ်းနှိုက်လိုက်သည်။ အသံသာကြားနေရသော်လည်း ဖုန်းက အရေးထဲကျမှ ဘယ်ချောင်ကပ်နေသလဲမသိချေ။ သက်တံ



www.burmeseclassic.com

www.burmeseclassic.com



က ကျွတ်ခနဲ စုတ်သပ်ကာ အိတ်ကိုဖြဲပစ်လျက် ခေါင်းငုံ့ရင်း မွှေနှောက်ရှာကြည့်လိုက်သည်။ ဟော်ာ ... တွေ့ပြီ။ သက်တံက ဖုန်းကို ကောက်ယူကာ ဖုန်းထူးသည့်ခလုတ်လေးကို နှိပ်တုန်းမှာပဲ လမင်းရဲ့အောက်သံကျယ်က နားထဲသို့ ပြေးဝင်လာသည်။

"ဟဲ့ ... သက်တံ ... ကလေး ... ကလေး ... ကားရှေ့မှာ ဖြတ်ပြေးပြီ"

အရှိန်သိပ်မသေးလှသော သက်တံရဲ့ကားသည် မိုးရေထဲမှာ ဘောလုံးထွက်ကန်နေသော ကလေးဆီသို့ ပြေးဝင်တော့မိမလို ဖြစ်သွားသည်။ သက်တံသည် အဲဒီကလေးကို တိုက်မိမှာစိုးသည့်စိတ်ဖြင့် ကားကို ညာဘက်သို့ ဆွဲချကွေ့ပစ်လိုက်သည်။ အဲဒီအချိန်မှာပဲ သက်တံ ထင်မထားသော အဖြစ်အပျက်တစ်ခုက ဖြစ်သွားသည်။ အကွေ့မှာ စလစ်ဖြစ်သွားသော သက်တံရဲ့ကား ဦးခေါင်းသည် ရှေ့တူရူမှလာနေသော စက်ဘီးတစ်စီးထံ တည့်တည့် ပြေးဝင်သွားလျှင် သက်တံရဲ့မျက်လုံးတွေ ပြာခနဲ ဖြစ်သွားသည်။

ကလပ်နဲ့ ဘရိတ်ကို တစ်ပြိုင်နက် နင်းသော်လည်း ဘယ်လိုမှ အချိန်မမီနိုင်တော့ချေ။ သက်တံရဲ့နားထဲတွင် ကားနဲ့ စက်ဘီး တိုက်မိသံသည် မိုးခြိမ်းသံကြီးလိုပင် ကျယ်လောင်စွာ မြည်ဟည်းပေါက်ကွဲသွားသည်။ ဘရိတ်ဆောင့်အုပ်လိုက်သည့်



အရှိန်ကြောင့် သက်တံရဲ့နဖူးသည် ကားစင်တီရာတိုင်နှင့် ပြင်းထန်စွာ ဆောင့်မိလျက် ခေါင်းတစ်ခုလုံး မူးဝေနောက်ကျိသွားသော်လည်း သက်တံ သတိမလစ်ချင်သေး။ စက်ဘီးနဲ့လူ အသက်ရှင်ရဲ့လား ဘာဖြစ်သွားလဲဟူသော အတွေးတွေဖြင့် သက်တံသည် ကားပေါ်မှ အားပြုဆင်းလိုက်သည်။ သို့သော် သွေးအိုင်ထဲမှာလဲ နေသောလူကိုမြင်လျှင် သက်တံ နှလုံးကို လေဟပ်သွားကာ ခနဲ လဲကျသွားတာကိုပဲ နောက်ဆုံး မှတ်မိလိုက်ပါသည်။

♥ ♥

www.burmeseclassic.com



ဒီနေ့ သူ့စိတ်တွေ လေးနေသည်မှာ ဘာကြောင့် တော့ မပြောတတ်ပါ။ သက်တံတို့က ရုပ်ရှင်မကြည့်သဖြင့် ရေထဲ ပွတ်တို့ ဖွတ်ခေါ်သောကြောင့်သာ ပါလာရသော်လည်း မိမိ စိတ်က ရုပ်ရှင်ထဲမှာ လုံးဝမပါ,ပါ။ သူများတွေ တဝါးဝါးတဟား ဟားနှင့် ဗိုက်နှိပ်ရယ်နေသော ဟော့ရှော့ရုပ်ရှင်ကားသည် သူ့ အတွက်တော့ ဘာမှရယ်စရာမရှိသလို ဖြစ်နေသည်။ သူ့စိတ်တွေ ဘာဖြစ်နေတယ်ဆိုတာ သူ့ကိုယ်သူလည်း တကယ်မသိပါ။ သက်တံနဲ့ ပတ်သက်ပြီး သူ့ရင်ထဲမှာ နည်းနည်းတော့ မကောင်း ချေ။ သို့သော် မတတ်နိုင်တော့ချေ။ ဒီလိုမှမပြောခဲ့လျှင် သက်တံ အတွက်ရော၊ သူ့အတွက်ရော မကောင်းနိုင်ဟု သူ ထင်သည်။

သူ ပြောလိုက်သောကြောင့် သက်တံက သူနဲ့ခပ် ကင်းကင်း နေပေးခဲ့သည်။ သူ့ကို ကြည့်တောင် မကြည့်တော့ ဒါလည်း သဘာဝမကျဟု သူက ထင်သည်။ ဒါပေမဲ့ အဲဒါကို





တစ်ဖက်က မကျေနပ်ဘူးလား ဆိုတော့လည်း ကျေနပ်သလိုပင်။ မဟုတ်လျှင် သက်တံရဲ့အကြည့်တစ်ချက်နဲ့ ဆုံလိုက်လေတိုင်း သူ ရင်မောရသည်။ တခြား ဘာမှထူးထူးခြားခြား မရှိပါဘဲနှင့်ကို သက်တံရဲ့မျက်ဝန်းတွေသည် ကြည့်လိုက်တာနှင့် အဓိပ္ပာယ်တွေ ပြည့်နေတတ်သည်။ တောက်ပရွှန်းလဲ့ကာ အသက်ဝင်လွန်းသည်။ အဲဒီအကြည့်တွေသည် သူ့အတွက်တော့ တကယ်ကိုပဲ ဝန်ထုပ် ဝန်ပိုး ဖြစ်စေပါသည်။

ရုပ်ရှင်ရုံကအပြန်တွင် သူငယ်ချင်းတွေက စိတ်မပါ လက်မပါ ဖြစ်နေသော သူ့ကို မေးမြန်းသည်။

"ဟော့ကောင် ... မင်းနဲ့ သက်တံ ဘာဖြစ်ထားကြတာ လဲ"

"ဘာမှ မဖြစ်ပါဘူးကွာ၊ သူနဲ့ ငါက ဘာဖြစ်ရမှာလဲ"

"မသိဘူးလေကွာ၊ ခါတိုင်းဆို သက်တံက အရမ်းဖော်ရွေ တာပါ။ တစ်ခုခုဆို ပြုံးပြီးသွက်နေတာပဲ။ မင်းကိုဆိုလည်း အမြဲဂရုစိုက်နေတာ၊ အခု ရုပ်ရှင်တောင် မကြည့်နိုင်ဘူးဆို တော့ ဘာများဖြစ်ထားတာလဲလို့ပေါ့"

"ဘာမှမဖြစ်ပါဘူး၊ သူ ပြောသွားသားပဲ၊ မအားလို့တဲ့"

"အင်း ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ။ မင်းကို သံသယဖြစ်လိုက်ပြီနဲ့ တူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကြောင့် သူ့ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ မျက်လုံးထဲတွင် သက်တံရဲ့ကရုဏာကြီးသော မျက်ဝန်းလေးကို ပြန်မြင်ယောင်လာသော်လည်း ဘာမှမဖြစ်နိုင်တော့သည့်ဘဝတွေမို့ သူက မေ့ပစ်ထားလိုက်ပါသည်။ သို့သော် စိတ်တွေကတော့ သိပ်ရှုပ်နေသည်။ ထို့ကြောင့် အိမ်ပြန်ရောက်လျှင်တော့ ကဗျာ့ဆီ သွားဖို့ စိတ်ကူးထားလိုက်သည်။ ကဗျာ့ကို သူ ခံစားနေရတာတွေကို ဖွင့်ဟတိုင်ပင်ချင်သည်။ သူ လုပ်လိုက်တာမှာလားမှန်လား ဆိုတာကိုတော့ သူ ဝေခွဲမရနိုင်သေး။

ဒီနေ့တော့ ကဗျာ့ကို အားလုံးဖွင့်ပြောကာ တိုင်ပင်ဖို့ ဆုံးဖြတ်ထားလိုက်သည်။ ကဗျာကသာ နှစ်သိမ့်လိုက်လျှင်တော့ သူ ခံတော်တော်နေသာထိုင်သာ ရှိသွားမည်ဟု ထင်သည်။ အဲဒီအတွေးဖြင့် သူ့ရင်ထဲတွင် လန်းဆန်းလာသည်။ ဒါတောင် ကဗျာရဲ့အပြုံးလေးနှင့် ကဗျာ့အသံလေးကို မကြားရသေး။ သူက အဲဒီစိတ်နဲ့ ပျော်မြူးသွားကာ ကဗျာ ကြိုက်တတ်သော ရွှေပုစွန်ရောင် ပျောဆန္ဒင်းမကင်းတစ်ဘူးကို ဝင်ဝယ်လိုက်သည်။ အရင်တစ်ခါက ကဗျာ့အတွက် ဝယ်လာသော်လည်း ကဗျာ့ကို မကျွေးလိုက်ရဘဲ သူ့မိထွေး စားပစ်သောကြောင့် ပြဿနာတက်ခဲ့ရတာကို မှတ်မိသေးသည်။ အင်း ... ဒီတစ်ခါတော့ ပါးစပ်ကပြောထားမှုကို ဖြစ်တော့မယ်။ သူက မုန့်ဝယ်ပြီး ပိုက်ဆံရှင်းကာ အအဲမ်းရွှေ





စောင့်နေတုန်းမှာပဲ သူ့ဘေးက ကောင်လေးတစ်ယောက်က ဖုန်းကိုနှိပ်ကာ စကားပြောနေတာကို မကြားချင်လည်း ကြားနေရသည်။

"ဟေး ... သဲသဲ၊ ကိုယ်ပါ၊ အင်း ... ဒီမှာ ရွှေပုစွန်ထဲ ရောက်နေလို့။ အဲဒါ သဲ ဘာစားမှာလဲ။ ဟိုတစ်ခါစားတာ ဘာ ... ဩော် ... အင်း ... အင်း ... ပြင်သစ်ကိတ်၊ ဟုတ်ပြီ။ အဲဒါ ဝယ်ခဲ့မယ်နော်၊ စောင့်နေ ကြားလား၊ ကော်ဖီ ဖျော်ထားနော် ...

အိုကေ ... ဘိုင့် ဘိုင်"

ကောင်လေးက ဖုန်းပိတ်ကာ ကောင်မလေးမှာသော ပြင်သစ်ကိတ် ဝယ်နေလျှင် သူသည် ကောင်လေးကို နည်းနည်းတော့ အားကျသွားသည်။ သူ့မှာလည်း အဲဒီလို ဟန်းဒ်ဖုန်းလေး တစ်လုံးလောက်ရှိရင် သိပ်ကောင်းမှာပဲ။ သူ့မှာရှိနေရုံနဲ့လည်း မပြီးသေးချေ။ ကဗျာ့မှာလည်း ရှိဖို့လိုအပ်သေးသည်။ အဲဒါဆို သတိရတိုင်း စကားစမြည်လေးတွေ လှမ်းပြောလို့ ရနိုင်မည်။ ခုလိုပဲ ဘာစားမလဲ၊ မြို့ထဲရောက်နေလို့ ဆိုတာလေးတွေ လှမ်းမေးလို့ ရနိုင်မည်။ အင်း ... ချမ်းသာကြွယ်ဝတဲ့ဘဝ မဟုတ်တောင် လူတန်းစေ့လေး ပြည့်စုံတဲ့ဘဝကိုတော့ သူ ရောက်ချင်ပါသေးသည်။ ကဗျာရေ ... ကြိုးစားပါ့မယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ထဲမှ တိုးတိုးလေးပြောမိပြီး သူငယ်ချင်းတွေနဲ့အတူတူ ဘတ်(စ်)ကားစီးကာ ပြန်လာခဲ့သည်။ မှတ်တိုင်မှာ ဆင်းပြီးနောက် တွတ်တွတ်က လက်ဖက်ရည်သောက်ဖို့ ခေါ်တာတောင် မသောက်တော့။ ကဗျာဆီ သွားဦးမှာ ဟူသောအကြောင်းပြချက်ဖြင့် သူက အိမ်သို့တန်းပြန်လာခဲ့သည်။ မိုးရွာပြီးစ ညနေခင်းသည် ဆွတ်ပျံ့ဖွယ်ကောင်းအောင်ပင် မှိုင်းညို့အေးစိမ့်နေသည်။ ဒီအချိန်မှာ ရေမိုးချိုးပြီး ချစ်သူနဲ့အတူတူ ကော်ဖီပူပူလေး သောက်ခွင့်ရရင် ဘယ်လောက်များ ကျေနပ်စရာကောင်းမှာပါလိမ့်။ သူ့လက်ထဲမှာသာ ဖုန်းရှိလျှင် ကဗျာ့ကို ကော်ဖီဖျော်ထားဟု ဖုန်းဆက်ပြောမှာ သေချာပါသည်။

သူသည် အတွေးနှင့်အတူ အိမ်ပေါ်သို့ တက်လာခဲ့သည်။ အိမ်ရှေ့ဧည့်ခန်းထဲတွင် သူ့မိထွေးက မီးပူတိုက်နေရင်းမှ သူ ဝင်လာတာမြင်လျှင် မျက်လုံးတစ်ချက် လှန်ကြည့်သည်။ သူက လက်ထဲက ရွှေပုစွန်အိတ်ကို မြင်သာအောင် မြှောက်ပြကာ ...

“ဒါ ကျွန်တော် လက်ဆောင်ပေးဖို့ ဝယ်လာတာ”

သူက ပြောပြောဆိုဆိုဖြင့် မီးဖိုထဲသို့ ဖြတ်သွားဖို့ ဟန်ပြင်လိုက်လျှင် သူ့မိထွေးဆီက အသံထွက်လာသည်။

“အဲဒါ နင့်ရည်းစားအတွက်လား”





သူက စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသော်လည်း မိထွေးရဲ့လေသံက မှန်တန်းလေသံမို့ စိတ်ကိုလျှော့ကာ “ဟုတ်တယ်”ဟူ၍ တစ်ခွန်းတည်းသာ ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

“နင့် ရည်းစား ကားတိုက်ခံရလို့ သေပြီ”

လျှောက်နေသည့် သူ့ခြေလှမ်းများသည် ရုတ်တရက် တုံ့ခနဲဖြစ်သွားကာ မိထွေးကို ချာခနဲ လှည့်ကြည့်မိသည်။ အရင်တစ်ခေါက်က ကိစ္စကို မကျေနပ်သဖြင့် တမင်ရန်စသည်ဟုထင်ကာ ရန်လိုသော အကြည့်တို့ကို ဘာစကားမှ မပြောရပါသေးဘဲနှင့် မိထွေးက သဘောပေါက်သည်။ မီးပူကို ဆောင့်ချကာ ...

“ငါ့ကို ပြူးပြဲပြီး လာကြည့်မနေနဲ့။ ငါ တကယ်ပြောနေတာ”

အဲဒီစကားသည် သူ့နှလုံးသားကို အက်ဆစ်နဲ့လှမ်းပက်သလို ဖြစ်သွားသည်။ မိထွေးကို လှမ်းကြည့်သော သူ့မျက်လုံးများမှာ မေးကျဉ်းသွားလျက် နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်လာသည်။ ရုတ်တရက် မိထွေးအနားသို့ ဘယ်လိုရောက်သွားမှန်းကို မသိလိုက်။

“ခင်ဗျား ... ခင်ဗျားကို ဘယ်သူက ပြောတာလဲ၊ မဟုတ်တာတွေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အကောင်၊ ဒါ နောက်စရာကိစ္စ မဟုတ်ဘူး။ အကောင်းပြောနေတာ၊ နင် မယုံရင် ဒီရပ်ကွက်ထဲက ကြိုက်တဲ့လူကို သွားမေး ... ကြားလား။ ငါ့ကိုလာပြီးတော့ ပေါက်လား ဟိန်းလား လုပ်မနေနဲ့ ....

နင်းကဗျာ ဆိုတဲ့ ကောင်မလေး ကားတိုက်ခံရလို့ ပွဲချင်းပြီးသေတာ"

သူ့လက်ထဲမှ မုန့်ထုပ်သည် အောက်သို့ ဖုတ်ခနဲ ပြုတ်ကျသွားသည်။ သူ့နားထဲတွင် သူ့မိထွေး ပြောလိုက်သော နောက်ဆုံးစကားမှာ ပဲ့တင်ပြီး ကျန်ရစ်ခဲ့သည်။ ကဗျာ သေပြီတဲ့။ ကားတိုက်ခံရတယ်တဲ့။ ဟင့်အင်း ... လုံးဝမဖြစ်နိုင်ဘူးဟု သူ ထင်သည်။ မနေ့က မနက်ကတင် သူ ကျောင်းမသွားခင် ကဗျာ နဲ့အတူတူ ဈေးထိပ်ကမုန့်ဟင်းခါး သွားစားခဲ့ကြသေးသည်။ အိမ်ထဲက အိမ်အပြင်တောင် သိပ်မထွက်သော ကဗျာ့ကို ဘယ်ကကားက ပွဲချင်းပြီး တိုက်သတ်လိုက်ရတာတဲ့လဲ။ သူ လုံးဝမယုံချေ။ ကဗျာ တစ်ယောက် သေဆုံးသွားပြီဆိုတာ သူ ဘယ်နည်းနဲ့မှ မယုံနိုင်သေးပါ။

ကဗျာနဲ့အတူတူ ဆန်နွင်းမကင်း စားရဦးမည်။ ကဗျာ ဖျော်တိုက်သော ကော်ဖီကို သောက်ရဦးမည်။ သူရင်ထဲမှာ မွန်းကျပ်နေတာတွေကို ကဗျာ့အား ရင်ဖွင့်ပြရဦးမည်။ ကဗျာ သေ





ဆုံးသွားပြီဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာတဲ့လဲ။ သူသည် ရှုံးသွပ်ယောက်ယက်ခတ်သော နှလုံးသားဖြင့် ဖိနပ်တောင် မစီးနိုင်တော့ဘဲ ကဗျာတို့အိမ်သို့ ပြေးထွက်လာခဲ့သည်။ မိုးရွာထားသဖြင့် ဗွက်အိုင်တွေကို နင်းဖြတ်ပြေးလာခဲ့သော်လည်း ရေတွေ နင်းရ ဘယ် မထင်ဘဲ မီးခဲတွေကို နင်းလာရသလိုပဲ ဖြစ်သည်။

ကဗျာရေ ... နင် တကယ်ရှိနေပေးပါဦး။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းရဲ့လမင်း

ငါ့ကမ္ဘာမှာ အပြီးတိုင် ပြိုကျသွားပြီ

ဘဝဆိုတာ ...

ရစရာမရှိအောင် စုတ်ပြတ်သတ်သွားတယ်။



၁၁

"ခွမ်း"

ရေအိုးရိုက်ခွဲလိုက်သံသည် သူ့နားထဲသို့ အကျည်းတန်ဆုံးအသံအဖြစ် ဖြတ်သန်းဝင်ရောက်သွားသည်။ ကဗျာ့ရဲ့ရုပ်အလောင်းကို မီးသင်္ဂြိုဟ်စက်ရှိရာသို့ ယူဆောင်ရန်အတွက် တွန်းလှည်းကို စတွန်းသောအသံသည် သူ့နှလုံးသားကို ကြိတ်လှီးနေသလိုပဲ ဖြစ်သည်။ ကဗျာ့ရဲ့အမေက တက်မတတ် ချက်မတတ် အော်ငိုကာနေသည်။

"အမယ်လေး ... အဖြစ်ဆိုးလိုက်တဲ့ ငါ့သမီးလေးရယ်၊ ငါ့သမီးလေးကျမှ ဒီလိုအဖြစ်ဆိုးမျိုး ဘာကြောင့် ကြုံရတာလဲ။ အမေကို လုပ်ကျွေးတဲ့ သမီးလေးပါ။ သမီးအလိမ္မာသူတော်ကောင်းမလေးပါ။ ဘာကြောင့် ဒီလို ရက်ရက်စက်စက် လုပ်ကြရတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... အမေ့အတွက် မုန့်သွားဝယ်ရင်း ဖြစ်ရတာတဲ့။ အမယ်လေး ... သမီးရေ ... အမေ ဘယ်လိုဖြေသိမ့်ရတော့မှာလဲ ... သမီးရေ ... သမီးလေးရေ”

ကဗျာ့အမေရဲ့ တမ်းတငိုသံသည် သူ့ရင်ကို အတိုင်းမသိ ပူလောင်ကျွမ်းရှစေသည်။ ကဗျာ သေဆုံးသွားခဲ့ပြီဆိုတာကို သူ ဘယ်လိုမှ မယုံကြည်နိုင်ပါ။ သူ့မျက်စိနှင့် တပ်အပ်တွေ့တာတောင် သူ မယုံနိုင်သေး။ သေခြင်းတရားဟာ အဲဒီလောက်လျင်မြန်ရက်စက်ရသတဲ့လား။ သူ ဘယ်လိုမှ လက်သင့်မခံနိုင်အောင် ဖြစ်ရသည်။ ဖြစ်နိုင်လျှင် ကဗျာ့ရဲ့အမေလိုပဲ အော်ဟစ်ပေါက်ကွဲကာ ငိုပစ်ချင်လှသည်။ သူ့ရင်ထဲတွင် တင်းကျပ်ပိတ်ဆို့ကာ မွှတ်ဟာနေပါသည်။

အဲဒီအချိန်မှာပဲ သူ့မြင်ကွင်းရှေ့သို့ တစ်စုံတစ်ယောက်ဟာ ခမ်းနားလှပသော လွမ်းသူ့ပန်းခွေကြီးကို လာချသည်။ လွမ်းသူ့ပန်းခွေမှာ ရေးထားသောနာမည်ကို မြင်လျှင် သူက အဲဒီပန်းခွေကြီးကို ဆွဲယူလွှင့်ပစ်ကာ စိတ်ရှိလက်ရှိ ဖျက်ဆီးပစ်လိုက်လေသည်။ လူတွေအားလုံးက ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ သူ့ကို ဆွဲသူကဆွဲ၊ တားသူကတားနှင့် ဘယ်သူတွေမှန်းလဲ သူ မသိတော့ပါ။ အခုချိန်တွင် ပန်းမိုးသက်တံ ဟူသောနာမည်ကို သူ မကြားချင်ဆုံးပဲဖြစ်သည်။ သူ အင်မတန်ချစ်သော





ကဗျာ့ကို ကားနဲ့တိုက်ခဲ့သူမှာ သက်တံ ဖြစ်သည်တဲ့။ ကံကြမ္မာဟာ အဲဒီလောက် ရက်စက်ဟတ်တယ်ဆိုတာ အခုမှပဲ သူသိတော့တာ ဖြစ်သည်။

“ကဲ ... အားလုံး နောက်ဆုတ်ပါ ခင်ဗျာ။ ဖယ်ကြပါ။ အထဲကို သွင်းတော့မှာပါ”

မီးသင်္ဂြိုဟ်စက်ထဲ ထည့်တော့မှာမို့ အားလုံးက နောက်ဆုတ်ပေးလိုက်ကြရသည်။ ကဗျာ့အမေသည် ကဗျာ့ကိုတ, ရင်း သတိလစ်ကာ လဲကျသွားသည်။ ကဗျာ့ညီမလေးကလည်း အမေကိုပွေ့ကာ လှုးလိမ့်ရင်း ငိုသည်။ သွားပြီ ... မိသားစုတစ်ခုအတွက် ဘယ်လိုမှ အစားထိုးမရသော ဆုံးရှုံးမှုကြီးဖြစ်သည်။ လူတစ်ယောက်ရဲ့ပေါ့ဆမှုကြောင့် တစ်ခဏ အဖြစ်အပျက်လေးအတွင်းမှာ တစ်သက်တာ ဖြေမဆည်နိုင်တော့မည့် ဝမ်းနည်းမှုကြီး ရာဇဝင်တွင်ရတော့မည်။

မီးသင်္ဂြိုဟ်သည့် အခန်းတံခါးက ချိုင်းခနဲ ပိတ်သွားသံသည် ကဗျာ့ကို သူနဲ့ အဝေးဆုံးသို့ ပို့လိုက်သည့် အသံလိုပဲ ဖြစ်သည်။

ကဗျာရေ ... မင်း ဘယ်မှာလဲ။ သူသည် ကဗျာ့ဝိညာဉ်ကို တွေ့လိုတွေ့ငြား ဖြင့် လိုက်လံရှာဖွေမိသည်။ သူ့မျက်ဝန်းမှ မျက်ရည်တွေက ဗိုးဗိုးပေါက်ပေါက် ကျဆင်းလာသည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးက နာကျင်လွန်းသောဒဏ်ရာကို မခံစားနိုင်သောကြောင့် နံရံကို သူ့ခေါင်းနှင့် ပြေးဆောင့်ပစ်လိုက်သည်။

"ဟာ ... ဟော့ကောင် ကြယ်စု၊ စိတ်ကို ထိန်းစမ်းပါကွာ"

"ကြယ်စုရာ ... စိတ်လျှော့စမ်းပါကွာ၊ ငါတို့လည်း မင်းလိုပဲ ကဗျာ့အတွက် ကြေကွဲရပါတယ်။ ဒါပေမဲ့ တရားနဲ့ ဖြေစမ်းပါကွာ၊ ဖြေပါ"

"မဖြေနိုင်ဘူးကွာ၊ ဘာမှ လာဖြေခိုင်းမနေနဲ့။ တရားနဲ့ ဖြေနိုင်းရအောင် ကဗျာက ကံကုန်နေ့စေ့လို့ သေတာ မဟုတ်ဘူး။ ရောဂါကြောင့် သေတာမဟုတ်ဘူး ...

မိန်းမတစ်ယောက်ရဲ့ ပေါ့ဆမှုကြောင့် သေရတာ။ လူတစ်ယောက်လုံး ပွဲချင်းပြီး သေသွားရအောင် ဘယ်လို မောင်းလာရတာတဲ့လဲ ... တောက်"

သူက နံရံကို လက်သီးနဲ့ ထိုးမိသည်။ အဲဒီအချိန်မှာပဲ နောက်ပါးကနေ၍ သူ့နာမည်ကို ခေါ်လိုက်သံ ကြားရသည်။ လှည့်ကြည့်လိုက်သောအခါ ယာဉ်တိုက်မှုမှာ အတူပါဝင်ခဲ့သော လမင်း ဖြစ်သည်။

"ကျွန်မ စိတ်မကောင်းပါဘူး ကြယ်စု။ ဖြစ်ခဲ့တဲ့ ကိစ္စတွေအားလုံးကို တောင်းပန်ပါတယ်။ သက် ... သက်တံလည်း အရမ်းကို ကြေကွဲဝမ်းနည်း ..."





"ဆက်မပြောနဲ့"

သူက လက်ညှိုးတစ်ချောင်းထိုးကာ ဟိန်းထွက်သွားအောင် အော်လိုက်လျှင် လမင်းတောင် ဆတ်ခနဲ တုန်သွားရလေသည်။ သူက လမင်း မျက်နှာကို စေ့စေ့ကြည့်ကာ ...

"ခင်ဗျားသူငယ်ချင်းကို ပြောလိုက် လမင်း။ နောက်ကို တောင်းပန်တယ်ဆိုတဲ့ စကားကို ဘယ်တော့မှ ထပ်မသုံးနဲ့လို့။ လူတစ်ယောက်လုံး သေသွားတဲ့ကိစ္စမှာ တောင်းပန်တယ်ဆိုတဲ့ စကားလုံးလေးနဲ့ ကျေအေးပေးလို့ ရလားဆိုတာ စဉ်းစား ...

ဒီနေရာမှာ ခင်ဗျားညီမ၊ ခင်ဗျားချစ်သူသာဆို ဘယ်လိုခံစားရမလဲ၊ ကိုယ်ချင်းစာကြည့် ... တောက်"

"ကျွန်မ ကိုယ်ချင်းစာပါတယ် ကြယ်စု၊ အရမ်းကို ကိုယ်ချင်းစာ နားလည်ပါတယ်၊ ဒါပေမဲ့ သက်တံက တမင်ဝင်တိုက်ခဲ့တာမှ မဟုတ်တာ ...

ကလေးတစ်ယောက်ကို ရှောင်ရင်း မတော်တဆ ဖြစ်သွားရတာပါ။ အဲဒီအတွက်လည်း သက်တံကိုယ်တိုင် ဘယ်လိုမှ မဖြေနိုင်အောင် ဝမ်းနည်းနေရတာပါ ...

သူ ဘယ်လိုမှ လာလို့မရလို့သာ အထဲမှာ နေခဲ့ရတာပါ။ သူလည်း အင်မတန် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရတာပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"လာမပြောနဲ့ ... ဘာမှလာမပြောနဲ့ဗျာ။ သူ့နာမည်ကို ကြားလည်း မကြားချင်ဘူး၊ တွေ့လည်း မတွေ့ချင်ဘူးလို့ ပြောလိုက်။ အခု ဒီမှာ ကြည့်စမ်း။ သူတစ်ယောက်ရဲ့ပေါ့ဆမှုကြောင့် မိသားစုတစ်ခု ဘယ်လိုပြိုကွဲသွားခဲ့လဲ။ သူ့အမေ မုဆိုးမနဲ့ သူ့ညီမလေး ဘယ်လောက်ခံစားရမလဲ။ လူတစ်ယောက်လုံး ဆုံးရှုံးသွားတဲ့ ဒီဆုံးရှုံးမှုကို ခင်ဗျားတို့ ဘာနဲ့ တောင်းပန်မှာလဲ။ ငွေတွေအပုံလိုက်ပေးပြီး တောင်းပန်လို့ရမလား။ ပြော"

လမင်းသည် ကြယ်စုကို စိတ်ကုန်သလိုနှင့် စူးစိုက်ကြည့်ကာ ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ကိုယ်က ကာယကံရှင် မဟုတ်ပါဘဲနှင့် သက်တံအစား ကြားထဲက ရှုံးချင်သလိုတောင် ဖြစ်ရလေသည်။ သက်တံသည် အခုလောလောဆယ်တွင် ယာဉ်တိုက်မှုကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၄(က) လူသေမှုနှင့် တရားစွဲဆိုခြင်း ခံထားရကာ အချုပ်ကျနေသည်။ လူသေမှုဖြစ်သောကြောင့် အာမခံလုံးဝမရပါ။ သက်တံ၏ မိဘနှစ်ပါးလုံးမှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ တော်တော့်ကို အပူကြီးနေကြသည်။

တစ်ဖက်ကလည်း လူတစ်ယောက်လုံး သေသွားရသည့်အတွက် အစားထိုးမရသည့် ဆုံးရှုံးမှုကြောင့် ဖြေမဆည်နိုင်





သော ပူဆွေးမှု ရှိရသလို တစ်ဖက်ကလည်း ငယ်ငယ်ရွယ်ရွယ် သမီးပျိုလေး ထောင်တန်းအကျခံနေရသည့်အတွက် ရတက်မအေးနိုင်ချေ။ ဒီကြားထဲမှာ လမင်း တစ်ယောက် မချိအောင် ခံစားရတာက သက်တံ အတွက်ပဲ ဖြစ်သည်။ သက်တံသည် သံတိုင်တွေနောက်မှာ ရောက်နေတာတောင် ကိုယ့်အတွက် တစ်စက်လေးမှ စိတ်မပူ သောကမရောက်။ သူမ စိတ်ပူနေသည်မှာ ကဗျာ့မိသားစုနှင့် ကြယ်စုအတွက်သာဖြစ်သည်။

မိဘတွေကို အဆင်ပြေ အောင်လုပ်ပေးဖို့ တတွတ်တွတ်နှင့် မှာကြားနေသည်မှာ သက်တံ ရဲ့အမေဆိုလျှင် သူ့သမီးအတွက် တကယ်ကို ရင်ကွဲပက်လက်ပင်။

"မေမေ ... သက်တံအတွက် ဘာမှစိတ်မပူပါနဲ့နော်။ သက်တံ အဆင်ပြေအောင် နေနိုင်တယ်။ ကဗျာ့အမေအတွက်သာ အဆင်ပြေအောင် လုပ်ပေးလိုက်ပါ မေမေ။ အားလုံး အစစအရာရာ သူတို့စိတ်တိုင်းကျ လိုက်လျောလိုက်ပါနော်၊ မေမေနော် ...။ သူတို့တောင်းဆိုသမျှ အားလုံးဖြစ်အောင် လုပ်ပေးပါ မေမေရယ်"

"သက်တံရယ် ... ကိုယ့်အတွက် ကိုယ်လည်း ပူစမ်းပါဦး။ ညည်းကြောင့် ငါ့ရင်တွေ ကွဲရတော့မယ်။ ငါ့သမီးလေးကို ဒီပုံနဲ့မြင်ရတာ ဘယ်လောက် စိတ်ဆင်းရဲရတယ်မှတ်လဲ"

www.burmeseclassic.com



"သက်တံအတွက်က ပူစရာ မလိုပါဘူး မေမေ။ ဖြစ်သင့်တာ ဖြစ်သွားပါလိမ့်မယ်။ ကိုယ့်အပြစ်ကိုယ် သက်တံခံရပါတယ်။ အခုက,က ကဗျာ့မိသားစုအတွက်ပါ။ သက်တံစိတ်ချပါရစေနော် ...

လမင်း ! နင်လည်း ငါ့ကိုကူညီပါဟာ။ ကြယ်စုကို ငါ့ကိုယ်စား တောင်းပန်ပေးပါ။ ငါ တမင်လုပ်တာ မဟုတ်ဘူးဆိုတာကိုတော့ သူ သိမှာပါနော်"

လမင်းမှာ သက်တံ အပြောကြောင့် မချိအောင်ပင် စိတ်ညစ်ရလေသည်။ သက်တံရဲ့ပုံစံမှာ သူ သေဒဏ်ကျသွားလည်း အရေးမကြီး။ ကြယ်စု တစ်ယောက် သူ့ကို မုန်းမသွားဖို့သာ အရေးကြီးနေသည့်ပုံဖြစ်သည်။ အခန်းထဲက ထွက်မရ၍သာ အောင့်အည်းနေရသော်လည်း ဖြစ်နိုင်လျှင် ကြယ်စုရှေ့မှာ ဒူးတောင်သွားထောက်မည့်ပုံ ပေါ်လေသည်။ လမင်းသည် သက်တံရဲ့ဆန္ဒအတိုင်း ကဗျာရဲ့ရုံးအခန်းအနားကို သွားခဲ့ပြီးနောက် သက်တံဆီသို့ သွားတွေ့လျှင် သက်တံက အမောတကောမျက်နှာဖြင့် ...

"ဘယ့် ... ဘယ်လိုလဲဟင် လမင်း။ ကြယ်စုနဲ့တွေ့ရဲ့လား၊ အဆင်ပြေရဲ့လား"





"ဟင်း ... ဘာအဆင်ပြေရမှာလဲဟာ။ နင်ပေးတဲ့ လွမ်းသူ့ပန်းခွေကို လွှင့်ပစ်လိုက်တာ၊ ငါ့ကိုဆိုတာလည်း လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောတာ။ ငါကပါ ကြားထဲက မဆိုမဆိုင်။ နင့်ဆိုတာတော့ ပြောစရာတောင် မလိုတော့ဘူး"

သက်တံသည် မျက်နှာလေး ညှိုးကျ အိုစာသွားကာ...

"သူ ငါ့ကို တော်တော်မုန်းသွားမှာပဲနော်"

"အဲဒါတွေ တွေးမနေစမ်းပါနဲ့ သက်တံရယ်၊ နင့်အတွက်ပဲ နင်ပူစမ်းပါ"

"ငါ့အတွက်က ဘာပူစရာလိုလဲဟာ၊ ငါ့ကြောင့် လူတစ်ယောက်လုံးတောင် သေသွားပြီးမှတော့ ငါက ဘာကိုပူနေရဦးမှာလဲ။ လမင်းရယ် ... ငါလေ တကယ်ကို စိတ်ဆင်းရဲရတယ်ဟာ။ ငါ့ကြောင့် လူတစ်ယောက် သေသွားတယ်ဆိုတဲ့ အဖြစ်ကြီးက ညတိုင်း အိပ်မက်ဆိုးတွေ မက်တယ်။ အိပ်လို့လည်း မရဘူး ...

ပြီးတော့ ငါ့ကြောင့် သေသွားတဲ့သူက ကြယ်စုချစ်တဲ့ မိန်းကလေး ဖြစ်နေတယ်။ ကံကြမ္မာက ဘာလို့ ဒီလောက်တောင် ရက်စက်ရတာလဲဟင်။ ကြယ်စုအတွက်ရော ကဗျာ့အတွက်ရော ခံစားရလွန်းလို့ ရှုံးတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းက ကဗျာ့ကို ဝင်မတိုက်ဘဲ အုတ်တံတိုင်းကို ဝင်တိုက်ပြီး ငါပဲ သေသွားရမှာ။ ခုတော့ ...”

“ဂျွတ် ... အဲဒီလိုမတွေးစမ်းပါနဲ့ သက်တံရာ။ နင်လည်း တမင်လုပ်ခဲ့တာမှ မဟုတ်တာ။ ကဗျာမှန်းလည်း နင်သိခဲ့တာ မဟုတ်ဘူး။ သွေးတွေမြင်ပြီး နင် မေ့လဲသွားတဲ့ အထိတောင် တိုက်မိခဲ့တဲ့သူဆိုတာ ကဗျာမှန်း နင်သိလို့လား ...

နင့်ကြောင့် လူတစ်ယောက် သေသွားရတာ မှန်တယ်။ ဒါပေမဲ့ နင့်ကိုယ်နင် အဲဒီလောက်ကြီး ရက်ရက်စက်စက် တွေးမနေနဲ့။ ရှေ့ဆက်ပြီး နင် ရင်ဆိုင်ရမှာတွေ အများကြီး ရှိသေးတယ်။ အားတင်းထားဦး”

“ငါ့အတွက်က ဘာပဲဖြစ်ဖြစ်ပါဟာ။ ငါ စိတ်မကောင်းတာ ကဗျာ့အတွက်ပါ။ ပြီးတော့ သူ့မိသားစု။ သူတို့အတွက် အရမ်းစိတ်ပူတယ်။ ငါ့ရဲ့အမှားတစ်ခုကြောင့် မိသားစုတစ်ခုလုံး ဖရိုဖရဲ ဖြစ်သွားရပြီနော်။ အဲဒီအတွေးဟာ ငါ့ကို တစ်သက်လုံး အမြဲနှိပ်စက်နေတော့မှာ ...

သူတို့ ဘယ်လိုနေကြလဲဟင်”

“ဒီလိုပဲပေါ့ဟာ။ နင့်ကို အပြစ်မြင် အပြစ်ဖို့နေတာထက် သူတို့သမီးလေး ဆုံးရှုံးသွားတာကိုပဲ၊ ဖြေမဆည်နိုင် ခံစား





နေကြတာပါ။ ဘယ်သူကတော့ လူတစ်ယောက်ကို ကားနဲ့ အကြောင်းမဲ့ တိုက်သတ်မှာလဲဟာ။ ဒီလိုပြဿနာတွေ ဘယ်သူက ဖြစ်ချင်မှာလဲ။ သူ့မိသားစုက ဘာမှသိပ်မပြောပါဘူး။ နင့်အဖေနဲ့ အမေကလည်း အစစအရာရာ လိုလေသေးမရှိ လိုက်လုပ်ပေးကြတာပါ ...

ကဗျာ့အမေကလည်း နဂိုတည်းက တရားသမားဆိုတော့ ဖြေတော့ ဖြေတာပေါ့လေ။ ရိုင်းပျတာမျိုး မရှိပါဘူး။ တစ်ဖက်ကလည်း ငယ်ငယ်ရွယ်ရွယ် မိန်းကလေး အချုပ်ထဲဝင်နေရတာ မဟုတ်လား။ ပြီးတော့ သူ့သမီးကိုလည်း လူမမာသတင်းလာမေးဖူးတာ သူ သိနေတာပဲ။ အားလုံးက နားလည်ကြပါတယ်ဟာ။ တစ်ခွတ်ထိုး တဇောက်ကန်းသမားကတော့ ကြယ်စု တစ်ယောက်တည်းပဲပေါ့လေ”

သက်တံသည် မျက်လုံးထဲတွင် ကြယ်စုရဲ့ပုံရိပ်တို့ ...ို မြင်ယောင်လာမိသည်။ နဂိုကမှ သက်တံနှင့် ပတ်သက်လာ ...ျှင် စိမ်းရောင်သမ်းနေသော မျက်လုံးများသည် အခုချိန်မှာတော့ ...င်မတန်ကို နာကြည်းစက်ဆုပ်သော မျက်လုံးများအဖြစ်သို့ ...သွင်ပြောင်းလဲသွားမည်ဟု ထင်သည်။ သူ့အပေါ်မှာ သိသာ ...င့်ရှားသော အချစ်တို့ကို မဆိုထားဘိ။ မဆိုစလောက်သော ...ကြင်နာလေး၊ ဂရုစိုက်မှုလေးတွေ ထားခဲ့တာတောင် ကင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်းနေဖို့ ရက်စက်စွာ ပြောထွက်ခဲ့သော နှုတ်ခမ်းများသည် ခုချိန်မှာတော့ ဘယ်လောက်ထိ ရက်စက်သော စကားလုံးများနှင့် သက်တံကို ကိုင်ပေါက်မှာပါလိမ့်။

သို့သော် သူ့ကို သက်တံ တွေ့ချင်ပါသေးသည်။ ကိုယ်တိုင်ကိုယ်ကျ ဝန်ချတောင်းပန်ချင်သေးပါသည်။

"ငါ့ကို ကဗျာတို့ဘက်က တရားစွဲထားတာပေါ့နော်"

"အဲဒီသဘောတော့ မဟုတ်ဘူးနဲ့တူတယ်။ ဒါတော့ ငါ သေချာမပြောတတ်ဘူး။ ရက်လည်ပြီးမှပဲ အဲ့ဒီကိစ္စတွေ ဆွေးနွေးလို့ရမှာ။ နင့်အမေတို့ ကြိုးစားကြမှာပါဟာ။ ဘာမှမပူပါနဲ့"

"မပူပါဘူးဟာ။ ငါ ကဗျာ့အတွက် စိတ်မကောင်းတာ တစ်ခုပဲ ရှိတာပါ"

လမင်းသည် သက်တံရဲ့လက်ဖျားလေးတွေကို ဆွဲယူဖျစ်ညှစ်ရင်းမှ ...

"အားတင်းထားနော် သက်တံ"

သက်တံသည် အံကိုတင်းတင်းကြိတ်ကာ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ တွေ့ကြုံလာရသော အဖြစ်အပျက်တွေသည် ထင်မထားတာတွေချည်း ဆက်တိုက်ဖြစ်ကာ သက်တံသည် အလစ်မှာ ချောင်ခိုတိုက်ခိုက်ခြင်း ခံရသူလို မရှုမလှအနေး





နိမ့်ရှုံးလျက်ရှိသည်။ ကားအက်ဆီးဒင့်တစ်ခုဖြစ်ကာ ကိုယ့်ကြောင့် လူတစ်ယောက် သေသွားသည်။ အဲဒီလူဟာ တခြားသူလည်း မဟုတ်။ သက်တံရဲ့ အရေးထားရဆုံး လူတစ်ယောက်ရဲ့ချစ်သူ ဖြစ်နေသည်။

အဲဒီအတွက် သက်တံဟာ သူ့အပေါ်မှာ တစ်သက်လုံးဆပ်လို့ ကျေနိုင်မည် မထင်သော အကြွေးတစ်ခု တင်ခဲ့ပြီဆိုတာ ကိုယ့်ဘာသာကိုယ်ပဲ သိလေသည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



သက်တံသည် ယာဉ်တိုက်မှုနှင့် ပတ်သက်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၀၄(က)ဖြင့် တရားရုံးမှ တရားစွဲဆိုခြင်းခံခဲ့ရပါသည်။ သက်တံကြောင့် ကဗျာတစ်ယောက်လုံး အသက်ဆုံးရှုံးသွားခဲ့ရသော်လည်း သက်တံရဲ့မိဘတွေရဲ့ ကြိုးပမ်းမှုနှင့် ကဗျာမိခင်တို့၏ ကျေအေးပေးမှုတို့ကြောင့် နောက်ဆုံးတွင် တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ–၄၉၄ အရ အမှုကိုရုပ်သိမ်းခွင့်ပေးလိုက်လေသည်။ အမှုရုပ်သိမ်းခွင့်ရသွားသောကြောင့် သက်တံ ထောင်မကျခဲ့ပါ။ အဲဒီအတွက် အမှုကိစ္စတွေ အားလုံးပြီးစီးသွားသည့် နောက်တစ်နေ့တွင် သက်တံက ကဗျာ့မိခင်ကြီးကို သွားရောက်ကန်တော့ခဲ့ပါသည်။

မျက်ရည်လည်ရွှဲ ဖြစ်နေသော သက်တံကို ကဗျာ့အမေကတောင် ပြန်နှစ်သိမ့်လိုက်သေးသည်။

"ကျေအေးပေးလို့ ကျေးဇူးတင်စရာ မလိုပါဘူးကွယ်။ အဲဒီအတွက် ဘာမှလဲ မမျှော်လင့်ပါဘူး။ အဒေါ်မကျေ





အေးပေးလို့ သမီး ထောင်ကျသွားရင်ရော အဒေါ်သမီးက အသက်ပြန်ရှင်လာမှာမှ မဟုတ်တော့တာ။ တစ်ယောက်ဆုံးရှုံးသွားပြီးမှတော့ ကျန်တဲ့နောက်တစ်ယောက်ကိုလည်း အညွန့်ကျိုးကျသွားမှာ မလိုလားတော့ပါဘူး ...

သူ့ကံပေါ့ကွယ်။ နောက်ဆုံးတော့လည်း ကံစီမံရာအတိုင်းပါပဲ။ ဘာမှမတတ်နိုင်တော့ဘူးလေ။ သေခြင်းတရားကိုပဲ ပိုပြီးနှလုံးသွင်း ဆင်ခြင်မိပါတော့တယ်။ ကိုယ်က အရင်သေမယ်ထင်ပေမယ့် သူက အရင်သေသွားပြတယ်။ ဪ ... မျက်စိတစ်မှိတ်အတွင်း ဖြစ်ပျက်တတ်တဲ့ သေခြင်းတရားပါလားနော် ...

ကဲ ... သမီး ... ထ ... ထ။ ရှေ့ဆက်ပြီးတော့သာ ကောင်းမှုကုသိုလ်များများလုပ်ပြီး ကဗျာ့အတွက် အမျှအတန်း ဝေပေးပါကွယ်။ တခြားတော့ ဘာမှမလိုချင်ပါဘူး။ သူက အမေ့အပေါ် သိပ်သိတတ်တဲ့ သမီးလေးဆိုတော့ ခုလောက်ဆို ကောင်းရာမွန်ရာမှာ ကောင်းကောင်းမွန်မွန် ရှိနေမှာပါ"

သက်တံသည် ကဗျာ့မိခင်ကြီးက ဤသို့ပြောသော အခါမှာ ပို၍တောင် ဝမ်းနည်းပက်လက် စိတ်ဆင်းရဲရပါသည်။ အပြစ်မပြောဘဲ ခွင့်လွှတ်သည်းခံခြင်းဟာ သက်တံကို ပို၍နေစရာ



www.burmeseclassic.com

www.burmeseclassic.com



နေရာမရှိ ဖြစ်စေသည်။ နင်ပဲဆော ဆဲဆိုပြောသွတ်လျှင်တောင် ဒီလောက် ခံစားရမည် မထင်ပါ။ ခံစားရလွန်းသဖြင့် သက်တံ ရင်ထဲတွင် မွန်းကျပ်ပိတ်လှောင်နေသည်။ ကျောင်းလည်းတက်ချင်စိတ် မရှိတော့ပါ။ ဆက်တက်ဖို့လည်း စိတ်ကူးမရှိတော့။ သက်တံသည် ဒီမြေမှာကို ဆက်မနေချင်တော့တာဖြစ်သည်။ အရင်တုန်းကလည်း သက်တံအဒေါ်ရှိသော နိုင်ငံခြားမှာ ကျောင်းတက်ရင်း အလုပ်လုပ်ဖို့ စဉ်းစားထားပြီးသား ဖြစ်နေလေရာ အဲဒီအကြံအစည်ကိုပဲ အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

၉

လမင်းက သက်တံသွားမှာကို စိတ်မကောင်းဖြစ်နေသော်လည်း စိတ်ဓာတ်တွေ ဖရိုဖရဲဖြစ်ကာ ပုံလုံချင်နေသာ သက်တံကို မတားတော့ချေ။

"အင်းလေ ... နင့်ကို ငါ နားလည်ပါတယ်။ ဒီနေရာမှာ နင်လည်း ဘယ်ဆက်နေချင်တော့မလဲ။ သွားချင်လည်း သွားပေါ့ဟာ။ နင် မပြောနဲ့ ငါတောင် ကြားထဲက စိတ်ဆင်းရဲလိုက်တာလေ။ နင့်ကို ငါ ကိုယ်ချင်းစာပါတယ် ...

ငါကိုယ်တိုင် အဲဒီအချိန်တုန်းက ရှိနေတုန်းပဲဆိုတော့ အဖြစ်အပျက်တွေက မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်းကြီး ပြန်မြင်လာရင် သိပ်ကြောက်ပြီး သိပ်စိတ်ဆင်းရဲရ





တာပဲ။ နင် ဆိုတာ ဘယ်ပြောဖွယ် ရှိတော့မလဲနော်။ အင်း ... အဲဒီနေ့က တို့တွေ တွတ်တွတ်နဲ့ ရုပ်ရှင်သွားကြည့်ခဲ့ရင် ဒီလိုဖြစ်မှာတောင် မဟုတ်ဘူးနော်"

သက်တံသည် အပြင်ဘက်သို့ တွေတွေကြီး ငေးကြည့်နေမိသည်။ မျက်လုံးထဲတွင် မိုးဖွဲထဲက မျက်ဝန်းစိမ်းစိမ်း တစ်စုံနှင့် မိုးသည်းအောက်က စက်ဘီးတစ်စင်းကို ပြန်မြင်ယောင်လာလျှင် ရူးသွားချင်လှပါသည်။

"ငါက ဘယ်ကိစ္စမဆို ကြယ်စုအတွက် စဉ်းစားပေးခဲ့တာပါ။ ဒါပေမဲ့ ငါ စဉ်းစားပေးခဲ့တာတွေဟာ ကောင်းဖို့ဖြစ်မလာဘဲ ဆိုးဖို့တွေချည်း ဖြစ်လာတာကတော့ ငါ့ရဲ့ဝဋ်ကြွေးတစ်ခုပဲပေါ့ဟယ်"

"နင် သူ့ကို သွားမတွေ့တော့ဘူးလားဟင်။ သူလည်း ကျောင်းသိပ်မတက်ဘူးဟ၊ နေမကောင်း ဖြစ်နေတယ်လို့ ပြောတယ်။ တွတ်တွတ်တို့ ပြောတာတော့ ကျောက်ကပ်ရောဂါ ဆိုလားပဲ"

"ဟုတ်လား"

သက်တံ ရင်ထဲတွင် စိုးရိမ်စိတ်တို့ ပြင်းထန်သွားသည်။ သူ မိုးမိ၍ နာစေးချောင်းဆိုး ဖြစ်မှာကိုတောင် စိုးရိမ်ကြီးတတ်သော သက်တံသည် သူ ဒီလိုဖြစ်နေတယ်ဆိုတာ ကြားသော



www.burmeseclassic.com

www.burmeseclassic.com



အခါ တကယ်ပဲ စိတ်ထိခိုက်ရပါသည်။ သူ ဘယ်လောက်များခံစားနေရရှာမလဲ။ တွေးကြည့်ရုံနဲ့တင် သက်တံ အသည်းပျက်ရပါသည်။

"အင်း ... သူ့ဘဝကလည်း သနားစရာတစ်မျိုးပေါ့ဟာ။ မိထွေးနဲ့က အဆင်မပြေတော့ အိမ်မှာ သိုးမည်းလိုပေါ့။ သူ့ရင်ဖွင့်ဖော်က ကဗျာပဲလေ။ ချစ်သူဆိုလည်းဟုတ်၊ သူငယ်ချင်းဆိုလည်းဟုတ် ဆိုတော့ သူ အရမ်းခံစားရတာပေါ့ဟာ ..."

အဲဒီနေ့က သူက မြို့ထဲကနေ ကဗျာအတွက် မှန်တောင်ဝယ်လာတာတဲ့။ ကဗျာကို ကျွေးဖို့ပေါ့လေ။ ဒါပေမဲ့ သူ့မုန့်ကို ကဗျာ စားမသွားနိုင်ရှာဘူး။ ကြားရတာတွေက စိတ်မချမ်းသာစရာတွေပါဟာ"

"ကြယ်စုရယ် ... ဖြစ်မှ ဖြစ်ရလေ"

သက်တံသည် စိတ်ဆင်းရဲကြီးစွာဖြင့် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။ ကားအက်ဆီးဒင့်အမှုပြီးသွားတည်းက သက်တံက အိမ်ထဲကအိမ်ပြင် မထွက်ခဲ့တာကြာပြီဖြစ်သည်။ ကြယ်စုကိုလည်း အခုချိန်ထိ မတွေ့ခဲ့ရသေးပါ။ သက်တံသွားခါနီးမှပင် နှုတ်ဆက်ရင်း တစ်ခါတည်း တောင်းပန်ထားဖို့ စိတ်ကူးခဲ့သော သက်တံရဲ့ နှုတ်ဆက်မည့်နေ့သည် တစ်နေ့မှာတော့ အမှန်တကယ်ပဲ ရောက်ရှိလို့ လာခဲ့ပါသည်။





သက်တံသည် နိုင်ငံခြားသို့ မထွက်ခွာခင် တစ်ပတ်လောက်မှာ သူ့အိမ်သို့ လူမမာမေးသော ဓာတ်စာများနှင့်အတူ ရောက်ရှိလို့သွားခဲ့သည်။ အကြောင်းမှာ သူ နေမကောင်းသောကြောင့် ဖြစ်ပါသည်။ သက်တံသည် သူ့ကိုမြင်သော အခိုက်အတန့်၌ ပါးစပ်ကို လက်နှင့်မအုပ်မိအောင် အတော်ကြီးထိန်းသိမ်းထားလိုက်ရသည်။ သူ့ကို မတွေ့ရသော ငါးလကျော်လောက်အတွင်းမှာ သူဟာ ဒီလောက်ကြီး ပိန်ကျသွားရသတဲ့လား။ ပြီးတော့ သူ့မျက်နှာကလည်း ခပ်အမ်းအမ်း။ လုံးဝ ကျန်းမာရေးမကောင်းသော လူတစ်ယောက်ပုံစံဖြင့် စိတ်မချမ်းသာစရာတွေ့ရသည်။

"မင်း ဘာလာလုပ်တာလဲ"

လူကသာ နေမကောင်းဖြစ်ပြီး ယဲ့ယဲ့ကျန်တော့မယ့် အသံတွေကတော့ အေးစက်ကာ မာကျောလျက်ရှိသည်။ သက်တံသည် မျက်ရည်တွေ ရစ်ဝဲလာတာကို အမြန်ပုတ်ခတ်ပစ်ရင်း ...

"ကြယ်စု နေမကောင်းဘူးလားဟင်"

သူ့မျက်လုံးတွေက ငိုနေသောကြောင့် မို့အစ်နေသော မျိုးမဟုတ်ပါ။ သက်တံသည် သူ့ခြေထောက်တွေကိုပါ ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



တာကြား ငုံ့ကြည့်လိုက်မိသည်။ အို ... ခြေထောက်တွေလည်း ယောင်နေပါလား။

"ကျွတ် ... မင်း ထွက်သွားစမ်း ပန်းမိုးသက်တံ့။ မင်း ဒီအိမ်ကို လာစရာ ဘာအကြောင်းမှ မရှိဘူး"

"ကြွယ်စုရှယ် ... သက်တံ တောင်းပန်ပါတယ်။ ကဗျာ အတွက်ရော"

"အာ ... တိုက်စမ်းပါ။ ဘာအခုမှ လာတောင်းပန်နေတာလဲ။ လူတစ်ယောက်လုံး သေသွားတဲ့ကိစ္စကို တောင်းပန်တယ်ဆိုတဲ့ စကားလေးနဲ့ လွယ်လွယ်ပြီးသွားမယ်လို့ မင်း ထင်နေလား။ မင်းကြောင့် ဘဝတွေ ဘယ်လောက် စုတ်ပြတ်သွားတယ်လို့ထင်လဲ။ ဟင် ... ကဗျာ သေသွားတယ်။ ကဗျာ့အမေနဲ့ ညီမလေး ဘယ်လောက် ကြေကွဲ စိတ်ဆင်းရဲရမလဲ။ သူတို့အတွက် ဘာနဲ့ အစားပြန်ထိုးမှာလဲ။ ငါ့အတွက်ရော ဘာနဲ့အစားထိုးမှာလဲ။ ငါ့ဘဝကြီးလည်း ရစရာမရှိအောင် စုတ်ပြတ်သွားခဲ့ပြီ။ မင်းကြောင့် ဘဝလေးခု ပျက်စီးသွားတယ်ဆိုတာ မင်း သိလား ... သွားစမ်း ... သွား ... မင်းမျက်နှာကို ငါ မကြည့်ချင်ဘူး"





"မ ... မကြည့်ရပါဘူး ကြွယ်စုရယ်၊ သက်တံ ဒီမြေကနေ ထွက်သွားတော့မှာပါ။ ဒါကြောင့် ကြွယ်စုကို လာနှုတ်ဆက်ရင်း တောင်းပန်တာပါ ...

ကြွယ်စု နေမကောင်းဘူးလားဟင်။ ကြွယ်စုကို ကြည့်ရတာ ..."

"ကျွတ် ... မေးမနေစမ်းပါနဲ့။ ငါဘာသာ သေသေ မင်းနဲ့ဘာမှမဆိုင်ဘူး...

ရော့ ... မင်း ပစ္စည်းတွေလည်း ပြန်ယူသွား ... ထွက်သွား"

သူက သက်တံယူလာသော ပစ္စည်းတွေကို ပစ်ပေါက်ရိုက်ခွဲကာ အော်ဟစ်နေသည်မှာ အရူးတစ်ယောက်လိုပဲ ဖြစ်သည်။ အဲဒီ ဆူညံသံတွေကြောင့် ထင်သည်။ သူ့မိထွေးဟု ယူဆရသော မိန်းမတစ်ယောက်က နောက်ထဲကနေ၍ ပြေးထွက်လာသည်။

"ဟဲ့ ... ဘာကိစ္စ ဆူညံအော်ဟစ်နေရတာလဲ။ ဟင် ... ကြည့်စမ်း။ ဒီမှာလည်း ဟောဟစ်ပုလင်းတွေ ကွဲကုန်ပြီ"

ထိုမိန်းမက နှမြောတသဟန်ဖြင့် ပြောလေသည်။ သူက ပန်းသီးတွေကို လိုက်ကောက်နေသော ထိုမိန်းမကို စူးစူး ဝါးဝါးကြည့်လျက် အဲဒီမိန်းမ လက်ထဲမှ ပန်းသီးတွေကို ပုတ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်လိုက်သည်။ ကြည့်စမ်း … သူ အရမ်းကို ပေါက်ကွဲနေပါလား။ သူ့မိထွေးက သူ့အပြုအမူကြောင့် ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်သွားကာ …

"ဟဲ့ … သေနာလေးရဲ့၊ နင် မိုက်ရိုင်းလှချည်လား။ နင်တော့ သွေးပွက်ပွက်အန်ပြီးတော့ကို သေဦးမှာ"

"ခင့်ဗျားပါးစပ်ကို ပိတ်ထား"

"မပိတ်ဘူး။ ငါ ပြောစရာရှိတာတော့ ပြောရမှာပဲ။ ဟိတ်ကောင်မလေး … နင် ဘာမှဆက်ပြောမနေနဲ့တော့။ ဒီကောင်လည်း သူ့စရိတ်နဲ့သူ သွားတော့မှာ။ သူ့ကျောက်ကပ်က သုံးမရအောင် ပျက်စီးနေပြီ။ သေဖို့ပဲ ရှိတော့တာ"

"ဟင်"

အဲဒီစကားသည် သက်တံရဲ့နားထဲသို့ မိုးကြိုးပစ်ချလိုက်သလို မြည်ဟည်းသွားသည်။ သူ့မျက်နှာကို ထိတ်လန့်တကြားကြည့်လိုက်လျှင် သူက သက်တံကို ရှုံးရှုံးရဲရဲ စိုက်ကြည့်ကာ အိမ်ပေါ်မှ ရုတ်တရက် ပြေးဆင်းသွားသည်။ သို့သော် သူကပဲ နမော်နမဲ့နိုင်လို့ ခလုတ်တိုက်တာလား၊ နေမကောင်းလို့ပဲ အားနည်းနေတာလားတော့ မပြောတတ်ချေ။ အိမ်ပေါ်ကအဆင်းလှေကားပေါ်မှ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားသည်။ အဲဒီမြင်





ကွင်းသည် သက်တံရဲ့နှလုံးသားကို လက်ကြမ်းကြီးဖြင့် ဆွဲဆုပ်ယူလိုက်သလို ကြမ်းတမ်းစွာ မွှေယှက်သွားသည်။

"ကြယ်စု"

သက်တံသည် အာရုံခါင်ခြစ်အော်ကာ သူ့အနားသို့ ဘယ်လိုရောက်သွားမှန်းကို မသိချေ။ မြေပြင်ပေါ်မှာ ပုံလဲကျနေသော ကြယ်စုကို ဆွဲယူပွေ့ဖက်ကာ ရင်ခွင်ထဲရောက်လာသော သူ့မျက်နှာကို လှုပ်ယမ်းလျက် ခေါ်မိခဲ့သည်။ ကြယ်စုကား သတိမရတော့။

"ကြယ်စု … ကြယ်စုရေ … သတိထားပါဦး"

သက်တံရဲ့မျက်ရည်များသည် ကြယ်စုရဲ့မျက်နှာပေါ်သို့ ပိုးပိုးပေါက်ပေါက် ကျဆင်းသွားသည်။ ရောဂါဝေဒနာတစ်ခုရဲ့ အပြင်းအထန် ထိုးနှက်မှုကြောင့် နဂိုပုံသဏ္ဌာန်မရှိတော့သည့် ကြယ်စုသည် သက်တံရဲ့ရင်ခွင်ထဲမှာ ငြိမ်သက်နေသည်။ ဒီလူငယ်လေးကို အချစ်ထက်ပိုသည့် မြင့်မြတ်နှလုံးသားဖြင့် သက်တံ ဆေးဆပ်ခဲ့သော်လည်း သက်တံရဲ့စေတနာတွေဟာ သူ့အတွက် ဆာဒနာတွေချည်းပဲ ဖြစ်နေသည်မှာ ဘာကြောင့်ပါလိမ့်။ ကြယ်စုရယ် … ရှင် သက်တံကို ကမ္ဘာဆုံးတဲ့အထိ မုန်းနိုင်ပါတယ်။ ဒါပေမဲ့ လောကကြီးကိုတော့ အရှုံးပေးပြီး ထွက်မသွားပါနဲ့ဦး။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စုရယ် ... ရှင့်ကိုလေ သက်တံ ...။ ကြယ်စု ... ထပါဦး"

သက်တံသည် ပါးစပ်ကနေ ဗလုံးဗထွေးဖြင့် ဘာတွေ ပြောမိလို့ ပြောမိမှန်းလဲ မသိတော့။ မေ့မြောနေသော သူ့ပုံစံကို ကြည့်ကာ နှလုံးသားတစ်ခုလုံးကို မီးပုံထဲ ပစ်ချခံထားရသူလို ဖျပ်ဖျပ်လူး နာကျင်နေမိသည်။ သက်တံသည် နောက်တော့မှ သတိရကာ တုန်တုန်ယင်ယင်ဖြင့် အိတ်ထဲကဖုန်းကိုထုတ်ကာ မေမေ့ဆီကို လှမ်းဆက်လိုက်သည်။ မေမေသည် သက်တံရဲ့ ငိုရှိုက်တုန်ယင်နေသော အသံကို နားထောင်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ သက်တံသည် မေမေ မေးတာတွေကို ဘာမှမဖြေနိုင်တော့ဘဲ တစ်ခွန်းတည်းသာ ဆိုမိသည်။

"မေမေ ... (......)လမ်းထဲက အိမ်နံပါတ်(၁၈)ကို လာခဲ့ပါ။ အခုချက်ချင်းပါ မေမေ။ အရမ်းအရေးကြီးနေလို့ပါ ... နော်။ မြန်မြန်လာခဲ့ပါ မေမေ"

"ဟဲ့ ... သက်တံ ... သမီး ... ဘာဖြစ် ... ဟယ်လို ... ဟယ်လို"

သက်တံသည် ဖုန်းကို ဆက်မပြောနိုင်တော့။ ကြယ်စုကိုသာ အရူးတစ်ယောက်လို သွေးရူးတမ်းရူး ခေါ်နေမိတုန်းပင်။





ဖြစ်နိုင်လျှင် ကြယ်စု ခံစားနေရသော ရောဂါဝေဒနာတွေကို လွှဲပြောင်းယူလို့ရလျှင် ယူလိုက်ချင်ပါသည်။ ကြယ်စုရယ် ... ဒီလောက်အထိ ဖြစ်လာရအောင် ရှင် ပေတေခံခဲ့ရသလား။ သူ့ရောဂါအကြောင်းကို စောစောစီးစီး သိခွင့်မရခဲ့သော သက်တံသည် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင်ပင် စိတ်ဆိုးမိပါသည်။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"မေမေရယ် ... သက်တံဘဝမှာလေ ဒီတစ်ကြိမ်ပဲ အကြီးအကျယ် တောင်းဆိုဖူးတာပါ။ သက်တံကို နားလည်ပေးပါ မေမေရယ်။ သက်တံကြောင့် သူတို့ဘဝတွေ ဒီလိုဖြစ်သွားရတာပါ။ သူ့ကို သက်တံ အကြွေးတင်နေတယ် မေမေ။ သက်တံကြောင့် သူ့ချစ်သူ ဆုံးသွားရတာပါ။ ခု သူလည်း ကျောက်ကပ်အစားမထိုးရင် အခြေအနေက ဘယ်လိုမှ မကောင်းလာနိုင်ဘူး မေမေ ...

သူ့အတွက် သက်တံ ကျောက်ကပ်တစ်ခြမ်း လှူချင်တယ်။ သူ အသက်ရှင်ရအောင် လုပ်ပေးချင်တယ်။ အဲဒီအတွက် ကူညီပေးပါ မေမေရယ် ... နော်"

သက်တံသည် ကြယ်စုရဲ့ကိစ္စနဲ့ ပတ်သက်ပြီး တာကယ့်ကို သွေးရူးတမ်းရူး ဖြစ်နေသည်။ ကြယ်စု တစ်ယောက်





ကျောက်ကပ်ယိုယွင်းနေသည်မှာ တော်တော်ကြာခဲ့ပြီဖြစ်သည်။ ဘယ်သူကမှလဲ ဂရုမစိုက်၊ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုမစိုက်၊ စနစ်တကျလည်း ဆေးဝါးကုသမှု မခံယူသောကြောင့် သူ့ရောဂါဟာ တဖြည်းဖြည်း ဆိုးလာလျက် ကျောက်ကပ်ပျက်စီးနေသည့် အခြေအနေသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

မေမေက သက်တံရဲ့အခြေအနေကို စိတ်ရှုပ်သလို ဖြင့်ကြည့်ကာ ...

"သက်တံရေ ... မေမေ့ကိုလည်း ညည်း သနားပါဦး။ ညည်းရဲ့အက်ဆီးဒင့်ကိစ္စအတွက် မေမေတို့ ဘယ်လောက် ငွေကုန်လူပန်း ဖြစ်ခဲ့ရလဲ။ ဟော ... အခု အားလုံးပြီးစီးသွားလို့ စိတ်ဒုံးဒုံးချရမယ်မှ မကြာသေးဘူး။ တစ်စခန်းက ထ,လာပြန်ပြီ ...

ဒီကိစ္စက ရော့ ... အင့် ... ဆိုပြီး လွယ်လွယ်လေးနဲ့ ပြီးသွားမယ့်ကိစ္စမျိုးလည်း မဟုတ်ဘူး။ ညည်းခန္ဓာကိုယ်ထဲက ကျောက်ကပ်တစ်ခြမ်းကို သူ့ကို ထုတ်ပေးရမယ့်ကိစ္စ။ ဘယ်လောက် အန္တရာယ်ကြီးတယ် မှတ်လဲ။ ပြီးတော့ ဒီကောင်လေးက ညည်းနဲ့ရော ဘာဆိုင်လို့လဲ။ သူ့ရည်းစားက ညည်းကြောင့် သေသွားရလည်း တမင်ဝင်တိုက်ခဲ့တာမှ မဟုတ်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကပ်အစားထိုးဖို့ဆိုတာ ဒီမှာလည်း အဆင်ပြေတာ မဟုတ်ဘူး။ အိန္ဒိယထိ သွားလုပ်ရမှာ၊ ငွေတွေကုန်၊ လူတွေလည်းပင်ပန်း၊ အထူးသဖြင့် ညည်းခန္ဓာကိုယ်ထဲက ကျောက်ကပ်တစ်ခြမ်းကို ထုတ်ပေးမယ့်ကိစ္စကို ညည်းအဖေက ခွင့်ပြုမယ် ထင်သလား။ မဖြစ်နိုင်ပါဘူး သက်တံရယ်။ သူ့မိဘတွေတောင် မထုတ်နိုင်တဲ့ကိစ္စမှာ ကိုယ်က ဘာတတ်နိုင်မှာတဲ့လဲ။ သဗ္ဗာဝါတစ်ခု ကံတစ်ခုပေါ့ ...

ရှေ့တစ်ပတ်ထဲမှာ ညည်း အေးအေးဆေးဆေး ထွက်သွားဖို့သာ စဉ်းစားထားပါတော့"

မေမေက စကားကို အပြတ်ပြောလိုက်လျှင် သက်တံက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာရင်း ခေါင်းကို သွက်သွက်ခါအောင် ယမ်းမိသည်။ ဟင့်အင်း ... ဒီလိုနည်းနဲ့တော့ သက်တံ သူ့ကို အဆုံးရှုံးမခံနိုင်ပါ။ ဒီကိစ္စကို လွယ်လွယ်နဲ့လည်း အလျှော့မပေးချင်သေးပါ။

"မေမေရယ် ... လူတစ်ယောက်လုံး အသက်အန္တရာယ်နဲ့ တွေ့နေတဲ့ကိစ္စကို ဒီလိုပဲ လျစ်လျူရှုထားတော့မှာလား။ သူက သက်တံ အရှမ်းကို သံယောဇဉ်ရှိရတဲ့ လူတစ်ယောက်ပါ။ သူ့ကို ကယ်တင်ချင်တယ်၊ အသက်ရှင်စေချင်တယ်။





ဘယ်လောက်ပဲကုန်ကုန် အဲဒီငွေတွေကို သက်တံ အလုပ်လုပ်ပြီး ပြန်ရှာပေးမှာပါ။ ကျေးဇူးပြုပြီး သက်တံကို ကူညီပါ မေမေရယ် ... နော်၊ သက်တံ တောင်းပန်ပါတယ်"

မေမေက သက်တံရဲ့ မျက်ရည်လည်ရွဲပုံစံကို အံ့သြတကြီး စိုက်ကြည့်ကာ ...

"သက်တံ အဲဒီကောင်လေးနဲ့ ညည်းနဲ့က ဘာများပတ်သက်နေတာမို့လို့ ညည်းက ဒီလောက်တောင် ပူဆွေးသောက ရောက်နေရတာလဲ။ သူက သေသွားတဲ့ကောင်မလေးရဲ့ ရည်းစားမဟုတ်လား"

"ဟုတ်ပါတယ်။ သူက ကဗျာ့ချစ်သူပါ။ ဒီကမ္ဘာပေါ်မှာ သူ အချစ်ဆုံးနဲ့ တန်ဖိုးအထားရဆုံးက ကဗျာပါ။ ကဗျာသာ သူ့မျှော်လင့်ချက်ပါ။ သူ့အတွက် မရှိမဖြစ် လိုအပ်တဲ့ သူတစ်ယောက်ကို သက်တံက သတ်လိုက်မိတာပါ မေမေ ...

အဲဒီအတွက် သက်တံမှာ တာဝန်ရှိပါတယ်။ သူ့အပေါ်မှာ အကြွေးရှိပါတယ်။ အဲဒီအကြွေးကို သက်တံ ဆပ်ပါရစေနော်"

"မဖြစ်နိုင်ပါဘူး သက်တံရယ်။ ကိုယ်နဲ့ဘာမှမဆိုင်တဲ့ လူတစ်ယောက်အပေါ်မှာ အဲဒီလောက်ကြီး စေတနာတွေ ပြိုမနေစမ်းပါနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စက လွယ်လွယ်လေး မဟုတ်ဘူး။ အလုပ်တွေအများကြီး ရှုပ်တဲ့ကိစ္စ။ ငါမိတ်ဆွေ အန်တီနဲ့တစ်ယောက် ကျောက်ကပ်အစားထိုးကုတာ ဘယ်လောက် လူပင်ပန်း စိတ်ပင်ပန်းပြီး ငွေတွေကုန်လဲဆိုတာ ညည်းလည်း သိသားပဲ။ ဒီကြားထဲ လှူထားတဲ့ Donor (အလှူရှင်)ရဲ့ ကျန်းမာရေးကိုလည်း စောင့်ကြည့်ရတာ အလုပ်တစ်လုပ် ...

တော်ပြီ သက်တံ။ နင့်အတွက်နဲ့ ငါလည်း စိတ်ဆင်းရဲခဲ့ရတာ သေမတတ်ဘဲ။ သူများအတွက်ပဲ စေတနာပိုမနေနဲ့။ ကိုယ့်အမေအတွက်လည်း ထည့်စဉ်းစားဦးဟဲ့ သိရဲ့လား။ နောက်ထပ် ငါ့ကို ဘာမှလာမပြောနဲ့တော့

မေမေက စကားကို အကုန်ပြောကာ စိတ်ဆိုးမာန်ဆိုးဖြင့် ထထွက်သွားလေသည်။ သက်တံသည် မျှော်လင့်ချက်မဲ့သော ရှေ့ရေးကိုတွေးကာ ကြယ်စုအတွက် ရင်ထဲမှာ စိုးရိမ်စိတ်က ငယ်ထိပ်သို့ ဆောင့်တက်လာသည်။ တစ်ခု စဉ်းစားမိသည်မှာ သက်တံတို့ဘက်က အစအဆုံး တာဝန်ယူကာ ကျောက်ကပ်လှူပါမည် ဆိုလျှင်တောင် ကြယ်စုက လက်ခံဖို့ မသေချာနိုင်ချေ။ ကြယ်စုကို နားလည်အောင် ပြောပြနိုင်ဖို့က အရေးကြီးသေးသည်။ သူကသာ လက်ခံမည်ဆိုလျှင် သက်တံ ဘာကိုမှ တွေဝေတွန့်ဆုတ်နေမည် မဟုတ်တော့ပါ။





အဲဒီအတွက် သက်တံသည် ကြယ်စုနှင့် နောက်တစ်ကြိမ်တွေ့ဖို့ လိုအပ်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သိမြင်လိုက်လေသည်။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



သက်တံသည် ကားတံခါးကို မှီရင်းနဲ့မှ သူထွက်လာမည့်လမ်းကို ခဏခဏလှည့်ကြည့်ရသည်။ သူ့အိမ်သို့သွားသောအခါ သူနဲ့မတွေ့ရပါ။ ဆေးရုံသွားတယ်ဆို၍ ဆေးရုံကို မေးမြန်းကာ လိုက်လာခဲ့ခြင်းဖြစ်သည်။ သက်တံမှာ အချိန်သိပ်မကျန်တော့ချေ။ နောက်ငါးရက်လောက်နေလျှင် သက်တံ နိုင်ငံခြားသို့ ထွက်ရတော့မည်ဖြစ်သည်။ ဒီအတောအတွင်းမှာ သူနဲ့ သက်တံ့ အကြေအလည် ဆွေးနွေးကာ ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မည် ဖြစ်သည်။ သူကသာ လက်ခံမည်ဆိုပါက သက်တံသည် ဘာကိုမှ မမှုတော့ဘဲ ဘာမဆို ဆုံးရှုံးခံရဲပါသည်။

သက်တံသည် ညောင်းလာ၍ လည်ပင်းတစ်ချက်ချိုးကာ စောင်းငဲ့လိုက်လျှင် ဆေးရုံဝင်းတံခါးနားတောင် ရောက်နေပြီဖြစ်သော သူ့ကို လှမ်းတွေ့လိုက်ရသည်။ ဘယ်လိုလုပ်များ





အဲဒီနားကို ရောက်သွားတာပါလိမ့်။ သက်တံသည် သူ့ပုံစံလေးကို အဝေးက လှမ်းမြင်ရသောအခါ ရင်ထဲမှာ တကယ်ပဲ နင့်သွားရသည်။ ဒီလောက် နေမကောင်းဖြစ်နေတာတောင် သူ့မှာအဖော်တစ်ယောက်တလေ ပါမလာ။ သက်တံသည် ဝေ့ဝဲလာသော မျက်ရည်စများနဲ့အတူ သူ့အနားသို့ တိုးကပ်သွားမိသည်။

"ကြယ်စု"

တိုးညင်းသောခေါ်သံ ဖြစ်ပေမယ့် သူက ကြားပါသည်။ လှည့်ကြည့်လိုက်လို့ သက်တံကို မြင်သွားလျှင် သူ့မျက်နှာက ချက်ချင်း အေးစက်တင်းမာသွားသည်။ ပြီးတော့ ချက်ချင်းပဲ ပြန်လှည့်သွားပါသည်။ သက်တံသည် ကြယ်စုရဲ့လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲထားလိုက်သည်။ သူက အံ့အားသင့်သော မျက်ဝန်းများဖြင့် လှည့်ကြည့်လျှင် ...

"ခဏလေးပါ ကြယ်စု၊ ကြယ်စုနဲ့ တို့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

"မင်းနဲ့ငါ့ကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး"

သူက သက်တံရဲ့လက်ကို ဆောင့်တွန်းလွှတ်ကာ ထွက်သွားဖို့ပြင်သည်။ သက်တံသည် သူ့ရှေ့မှ ဖျတ်ခနဲ ပိတ်ရပ်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စု ... ဒီလို ကလေးမဆန်ပါနဲ့။ ကြယ်စုကို တို့ စကားအကောင်း ပြောမလို့ပါ။ ကြယ်စုရဲ့ရောဂါနဲ့ပတ်သက်ပြီး အေးအေးဆေးဆေး ပြောချင်တာပါ ...

သက်တံနဲ့ ခဏလိုက်ခဲ့ပါ။ သက်တံ ကြယ်စုကို ပြန်လိုက်ပို့ပါ့မယ်"

"မလိုပါဘူးကွာ။ မင်းလမ်း မင်းသွားစမ်းပါ။ မင်းနဲ့ ငါ ဘယ်တုန်းကမှ မပတ်သက်ခဲ့ဖူးပါဘူး။ ဘာမှလဲ မဆိုင်ဘူး ... သွားတော့"

"ကြယ်စု ... ရှင် ဒီလိုခေါင်းမာမနေစမ်းပါနဲ့။ ရှင့်အနားမှာ ကဗျာ မရှိတော့ပေမယ့် သက်တံ ရှိပါသေးတယ်။ သက်တံက ရှင့်ရဲ့အနီးဆုံးနေရာမှာ အမြဲရှိနေမယ့်သူပါ။ ကျေးဇူးပြုပြီး သက်တံနဲ့ အေးအေးဆေးဆေး စကားပြောကြရအောင်ပါ ကြယ်စုရယ် ... နော်"

"ပန်းမိုးသက်တံ ... မင်း သွားတော့။ ဘာဖြစ်လို့ မင်း ငါတို့ကို ဒီလောက်ထိ ဒုက္ခပေးနေရတာလဲ ... ဟင်။ မင်းကြောင့် ငါ့ဘဝကြီး ဘယ်လောက်စုတ်ပြတ်သတ် ဖရိုဖရဲဖြစ်သွားတယ် ထင်လဲ။ ငါ သေသွားလည်း အရေးမကြီးဘူး ...





မင်းမျက်နှာကိုတော့ လုံးဝမမြင်ချင်ရတော့တာ အသေအချာပဲ ...

ဖယ်တော့ကွာ။ မင်း သွားတော့"

သက်တံသည် သူ့ရဲ့ရက်စက်စိမ်းကားသော စကားတွေကြောင့် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာရင်းမှ ...

"ကြယ်စု ... သက်တံကို ကြိုက်သလိုပြောပါ။ ဒါပေမဲ့ သက်တံ ပြောတာလေးတွေကိုတော့ သည်းခံပြီး နားထောင်ပေးပါ ကြယ်စုရယ်။ ကြယ်စု အတွက် သက်တံရဲ့ကျောက်ကပ်တစ်ခြမ်းကို လှူဖို့ ဆုံးဖြတ်ထားပြီးသားပါ ...

အဲဒီအတွက် ကြယ်စုနဲ့ အေးအေးဆေးဆေး စကားပြောချင်တာပါ။ သက်တံမှာ အချိန်သိပ်မရတော့ဘူး ကြယ်စုရယ်။ သက်တံကို နားလည်ပေးပါ ...

နော် ... သက်တံရဲ့ကားနဲ့ လိုက်ခဲ့ပါ"

သက်တံက ခံစားချက်တွေ တနင့်တပိုးဖြင့် ပြောနေသော်လည်း ကြယ်စုကတော့ သက်တံရဲ့စကားတွေကို ဘယ့်နယ်မှတောင် နေဟန်မတူပါ။ သရော်မော်ကားပြုံးလျက် ...

"ဘာ ... ငါ့ချစ်သူတစ်ယောက်လုံးကို သေစေခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ ကျောက်ကပ်တစ်ခြမ်းနဲ့ ငါက အသက်ဆက်ရှင်ရမယ် ... ဟုတ်လား ...။ ဟား ... ဟား ...



www.burmeseclassic.com

www.burmeseclassic.com



မင်းခိုင်းတိုင်း လုပ်မယ်မျှား ထင်နေလား။ သွားစမ်းပါ သက်တံရာ။ ဘာမှလာ အရှုးထမနေစမ်းပါနဲ့။ ဖယ်တော့ကွာ ... သွား"

"ကြယ်စု ... ရှင် အဲဒီလို ခေါင်းမာမနေပါနဲ့"

"ငါ ခေါင်းမာတာ မဟုတ်ဘူး။ မင်းနဲ့ကို မပတ်သက်ချင်တာ၊ ရှင်းလား။ ကဲ ... ဖယ်တော့ကွာ"

သူက ရုတ်တရက် တွန်းဖယ်ကာ ပလက်ဖောင်းပေါ်မှနေ အောက်သို့ဆင်းဖို့ ဟန်ပြင်သည်။ သို့သော် သူ တွန်းဖယ်လိုက်ပုံက ဝမ်းနည်းစိတ်ဖြင့် ငေးကြောင်နေသော သက်တံကို ခပ်ကြမ်းကြမ်း တွန်းဖယ်လိုက်ခြင်းကြောင့် သက်တံဟာ ပလက်ဖောင်းပေါ်ကနေ၍ နောက်သို့ ပက်လက်လှန်ကာ ပြုတ်ကျတော့မလို ဖြစ်သွားသည်။ အဲဒီအချိန်မှာပဲ သူက သက်တံကို လှမ်း၍ပြန်ဖမ်းအဆွဲ အားအင်သိပ်မရှိရှာသော သူဟာ သက်တံကို ဆွဲလိုက်သော အရှိန်ကြောင့် သူကတော့ ပလက်ဖောင်းပေါ်မှ ကားလမ်းပေါ်သို့ လဲကျသွားကာ အပြင်းမောင်းလာသော ကားတစ်စီးသည် သူ့ထံသို့ ...။

သက်တံသည် အဲဒီမြင်ကွင်းကိုကြည့်လျက် အော်တောင် မအော်လိုက်နိုင်ပါ။

♥ ❧ ♥





ဘယ်လိုမိုးတွေလဲ —
အငြိုးတကြီးနဲ့ သဲသဲမဲမဲရွာချဆဲ
မင်းပေးခဲ့တဲ့ အမုန်းတွေက —
တစ်သက်စာအတွက်
လက်ဆောင်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စုရဲ့အမုန်းတွေသည် သက်တံအပေါ်မှာ ဘယ်လောက်တောင်များ ကြီးမားခဲ့သလဲ ဆိုပါလျှင် သူ သတိလည်လာတုန်း ပြောသွားသော စကားမှာ အောက်ပါအတိုင်းဖြစ်သည်။

"မင်းကို စေတနာရှိလွန်းလို့ ကယ်လိုက်တယ် ထင်မနေနဲ့ သက်တံ။ ကဗျာမရှိတဲ့ လောကမှာရော၊ မင်းရှိနေတဲ့ လောကမှာရော မနေချင်လို့"

"ကြယ်စု ... ရှင် အဲဒီလို မပြောပါနဲ့၊ သက်တံ အပေါ်မှာ အမုန်းတွေ ရှိခဲ့ရင် ကျေပေးခဲ့ပါ ကြယ်စုရယ် ...

သက်တံကို ခွင့်လွှတ်တယ်လို့ ပြောခဲ့ပါနော်။ သက်တံလေ ရှင့်ကို ... အဟင့် ... ဟင့် ..."

သူက သက်တံကို နောက်ဆုံးအကြိမ်ဖြင့် တစ်ချက်ကြည့်ကာ တိုးတိုးလေး ပြောသွားခဲ့ပါသည်။





"ငါ မင်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"ကြယ်စု"

သက်တံရဲ့အော်သံကျယ်ကြီးသည် အခန်းထဲတွင် ပဲ့တင်ထပ်၍ ပျံ့နှံ့သွားသည်။

သူကတော့ ဝေဒနာဆိုးတွေမှ လွတ်မြောက်သွား၍ ကျေနပ်သွားသည့်အလား အားလုံးကို နှုတ်ဆက်ချန်ထားရစ်ခဲ့ဟာတောင် ပြုံးပြုံးလေးဟု ထင်ရပါသည်။ သက်တံသည် ဖြေမဆည်နိုင်သော နှလုံးသားဖြင့် သူ့ရင်ဘတ်ပေါ်မှာ မျက်နှာအပ်လျက်ငိုကြွေးမိသည်။ သူ သက်တံကို အပြစ်ပေး စီရင်သွားပုံမှာ တစ်သက်လုံး နာလန်မထူအောင် ဆိုးဝါးပြင်းထန်လွန်းပါသည်။

"ရက်စက်လိုက်တာ ကြယ်စုရယ်"


သက်တံကို သေသည်အထိ ခွင့်မလွှတ်ခဲ့သော ယောကျ်ားတစ်ယောက်အတွက် သက်တံကတော့ သည်းထန်စွာ ငိုကြွေးတုန်းပင်။ လောကမှာ ကိုယ်က မြင့်မြတ်စွာ ချစ်ရသလောက် အမုန်းတွေချည်း လက်ခံရရှိတတ်သော ချစ်ခြင်းမျိုးလည်း ရှိတတ်ကြောင်း ဘဝကြီးနဲ့ ရင်းနှီးကာ သိခဲ့ရပြီတည်း။

သူကတော့ ကဗျာရှိသောအရပ်မှာ ပျော်နေတော့မည်။ သက်တံမှာသာ ... ...။

www.burmeseclassic.com



သုမြတ်မွန်မွန်
20-10-08.
12:39(A:M)



# စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မမဆု

မင်္ဂလာပါရှင့် ... မမဆု ညီမလေးကို မမဆုရဲ့ပရိသတ်တစ်ဦးအဖြစ် အသိအမှတ်ပြုပေးပါနော်။ မမဆုရဲ့ ထွက်သမျှစာအုပ်တွေကို အဝေးတစ်နေရာမှာ ဖတ်ရှုအားပေးနေတဲ့ ပရိသတ်ပါ။ 'မမဆု'ငယ်ငယ်လေးနဲ့ အောင်မြင်တဲ့စာရေးဆရာမတစ်ယောက်ဖြစ်ရတာ ဂုဏ်ယူမိပါတယ်။ မမဆုရဲ့မျက်နှာဖူးဖူးလေးတွေကို အရမ်းချစ်တယ်။ ဆက်လက်အောင်မြင်နိုင်ပါစေလို့ ဆုတောင်းရင်း ...

မမဆုရဲ့ ပရိသတ်
ညီမလေး

ထားထားနွယ်
ဘီလူးကျွန်း၊ ချောင်းဆုံမြို့၊
မုရစ်ကြီး၊ ခြသော့နှစ်ကောင်အနီး။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မဆုမြတ်လို့ပဲ ခေါ်ပါရစေနော်။ သခင် မဆုမြတ်ရဲ့စာအုပ်ကို ဖတ်ကြည့်လိုက်တော့ နှလုံးသားနဲ့ခံစားပြီးရေးတာလား တော့မသိဘူး အရမ်းဖတ်လို့ကောင်းတယ်။ အဲဒီကစပြီး မဆုမြတ်ရဲ့စာအုပ်တွေကို အဆက်မပြတ်ဖတ်မိခဲ့တယ်။ စာအုပ်တွေထဲမှာတော့ အနှမ်းဆက်တိုင်းဝတ္ထုကို သခင်အကြိုက်ဆုံးပဲ။ မဆုမြတ်ပျော်ရွှင်စွာနဲ့ ဝတ္ထုတွေအများကြီး ရေးနိုင်ပါစေလို့ ဆုတောင်းလျှက် ...

မဆုမြတ်ရဲ့ထာဝရပရိသတ်
သခင်မွန်း

သခင်မွန်း(ခ)မိုး
အမှတ်(၁၆)၊ ရွှေမြိုင်သီရိ(၇)လမ်း၊
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

အားပေးလေးစားစွာနဲ့ စာရေးလိုက်ပါတယ်။ မရဲ့စာအုပ်တွေကိုတော့ ထွက်တိုင်းမှာထားပါတယ်။ စာအုပ်ဆိုင်ကို မသွားဖြစ်ပေမဲ့ မောင်လေးကိုသွားငှားခိုင်းတိုင်း မလေးအကြိုက်ဆုံး မမဆုမြတ်မွန်ရဲ့စာအုပ်နဲ့ ဗျူး ရဲ့စာအုပ်ကို အမြဲဖယ်ထားပေးပါတယ် ... ။ မရဲ့စာအုပ်လေးကိုဖတ်ပြီးတဲ့အချိန်မှာ ငြိမ်းချမ်းတဲ့ ခံစားမှုမျိုးဖြစ်စေတယ်။ ဆက်လက်အားပေးသွားမှာပါ။ လူတွေအားလုံးဖြူစင်မှုတွေနဲ့ ငြိမ်းချမ်းစွာချစ်နိုင်ကြပါစေလို့ ဆုတောင်းရင်း 'မ'တစ်ယောက် စာပေလောကမှာ ထာဝရ လျှမ်းလျှမ်းတောက်အောင်မြင်ပါစေ ... ။

မရဲ့ပရိသတ်
မိုးသီတာစိုး(ခ)မလေး
သိမ်ဆိပ်၊ ဘုတာလမ်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ခင်မင်ရင်းနှီးစွာနဲ့ မဆုလို့ပဲ ခေါ်မယ်နော်။ တို့နာမည်က မနှောဖြူပါ။ မဆုရဲ့စာဖတ်ပရိသတ်တစ်ဦးပေါ့။ မဆုရဲ့စာအုပ်တွေအားလုံးထဲမှာလည်း 'အနမ်းဆက်တိုင်း'ကို အနှစ်သက်ဆုံးပဲ။ အနမ်းဆက်တိုင်းကိုဖတ်ပြီးနောက်ပိုင်း အရမ်းကြိုက်သွားလို့ မဆုစာအုပ်ဆို အပေါင်းရောအသစ်ပါ တို့အကုန်လိုလိုရှာဖတ်တယ်။

မဆုရဲ့ထာဝရ ပရိသတ်

မနှောဖြူ။

အိမ်နံပါတ်(၄၀၇)၊
ထန်းတောကြီးလမ်း၊
ရိုင်ဂနိုင်း(မြောက်ပိုင်း)၊
ပဲခူးမြို့။

## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော်က မ,ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မ,ရေးတဲ့ဇာတ်လမ်းထဲကို မ,ကိုယ်တိုင်ခံစားပြီးရေးတာလား။ မ,က အသက်ငယ်ပြီး တော်တော်လေးကို တော်တာပဲဗျာ။ မ,ရေးတဲ့ဝတ္ထုတွေ ကျွန်တော်ဖတ်ရသလောက်တော့ မကောင်းတာမရှိသလောက်ပါပဲ။ မ,စာရေးတဲ့အခါလည်း တော်တယ်။ ရုပ်ရည်ကလည်း ချောပါတယ်။ ကျွန်တော်တို့အောင်ပန်းရောက်ရင် လာလည်ပါလားဗျာ။ မ,ဒီ့ထက်မက အောင်မြင်ကျော်ကြားပြီး အောင်မြင်သထက်အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မ,ရဲ့စာဖတ်ပရိသတ်

အယ်စိုင်းနောင်

အယ်စိုင်းနောင်
မြို့ပေါင်းရပ်ကွက်၊
အောင်ပန်းရပ်ကွက်၊ ရှမ်း/တ

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော် ခင်မင်စွာနဲ့ မမွန်လို့ခေါ်ပါရစေ။ ကျွန်တော်ဟာ မမွန်ရဲ့ထွက်ရှိပြီးစာအုပ်တွေ အကုန်ဖတ်ပြီးပါပြီ။ နောက်ထပ် ထွက်ရှိမဲ့စာအုပ်တွေကို မျှော်လင့်လျက်ပါ။ မမွန်ရဲ့စာအုပ်တွေ ထဲမှာ ကျွန်တော် ခရေစီအဖြစ်ခဲ့ဆုံးစာအုပ်ရှိခဲ့ပါတယ်။ အဲဒါက အနမ်းဆက်တိုင်း၊ ချစ်သူတို့ရဲ့အခမ်းနားဆုံးအရာတွေ ဖြစ်ပါ တယ်။ မမွန်ရဲ့စာအုပ်တွေတိုင်းဟာ အရမ်းပဲဆွဲဆောင်မှုရှိတယ်။ အရမ်းလည်းကြိုက်မိတယ်သိလား။ မမွန်ရဲ့စာပေလောကခရီး မှာ အောင်မြင်ခြင်းများစွာဖြင့် လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန် ကောင်းတောင်းပေးလျက် ...

မမွန်ရဲ့ ထာဝရပရိသတ်တစ်ဦး

ပိုင်စိုးမောင်
အမှတ်(၁၅၉)၊
နယ်မြေ(၂)၊ အေးစေတီရပ်ကွက်၊
မြစ်ကြီးနားမြို့။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မမဆု

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ မမဆုလို့ခေါ်ပါရစေ။ မမဆုရဲ့စာအုပ်မှန်သမျှ သမီးဖတ်ဖြစ်ပါတယ်။ 'ပန်းတစ်ပွင့်၏ မှုပိုင်ရာသီဥတု'စာအုပ်ထဲ မင်းသားရဲ့စရိုက်ကလေးကြိုက်တယ်။ မမဆု နောက်ရေးမဲ့စာအုပ်တွေမှာ ကောင်လေးက မိုက်ကန်း ကန်း ချစ်ကန်ကန်ပုံစံလေးတွေ ရေးပေးစေချင်ပါတယ်။

မမဆုရဲ့ ထာဝရပရိသတ်
လင်း

ကြယ်စင်လင်း
အမှတ်(၁)ရပ်ကွက်၊
ကညင်ချောင်းလမ်း၊ သာပေါင်းမြို့နယ်၊
ဧရာဝတီတိုင်း။

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ခင်မင်မှုနဲ့ မမဆုမြတ်လို့ပဲ ခေါ်မယ်နော်။ ညီမလေးက မနဲ့ပရိသတ်တစ်ဦးပါ။ မရဲ့ထွက်သမျှစာအုပ်တိုင်းကို ဖတ်ဖြစ်ပါတယ်။ 'နူးညံ့ခြင်းပြိုင်ပွဲ'စာအုပ်ကို အကြိုက်ဆုံးပါပဲ။ မ,ရဲ့စာအုပ်တွေက ဆွဲဆောင်မှုရှိတယ်။ မမဆုမြတ်တစ်ယောက် အောင်မြင်ကျော်ကြားသော စာရေးဆရာမတစ်ယောက် ဖြစ်ပါစေလို့ ...

ဆုတောင်းပေးနေမဲ့

ညီမလေး ခင်လပြည့်သူ

Apple စတိုး
Fancy and Stationery
မြင်စိုင်းခန်းမ အနောက်ဘက်၊
အ.ထ.က (၁) ကျောင်း၊ တောင်ဘက်လမ်း၊
ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။

## စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်

မမဆု

လင်းလင်းစာရေးလိုက်ပါတယ်။ မမဆုရဲ့ 'ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု'ကိုဖတ်ရဖို့ စာအုပ်ဆိုင် လင်းလင်းညီမလေးကလည်း မမဆုရဲ့အသည်းစွဲ ပရိသတ်တစ်ဦး၊ လေးနာမည်ကတော့ 'အကဲလေး'ဆို မမဆုသိမယ်ထင်တယ်။ သင်ဇာဝင့်ကျော်လေ။ မကြာခင် မမဆုရဲ့ဝတ္ထုဇာတ်လမ်းတွေနဲ့ ဇာတ်ကားရိုက်တော့မှာ။ ဆက်လက်ထွက်ရှိမည့်စာအုပ်များကိုစောင့်စားရင်း အမြဲထာဝရအားပေးနေဦးမည့် ရင်ခုန်သံတွေမရပ်သေးသရွေ့ မမဆုနဲ့အတူ ရင်ခုန်နေမယ့် ထာဝရပရိသတ် ...

မမဆုရဲ့

နေလင်းပိုင်(ခ)လမင်းချစ်သူ

V ; ညီမလေး

သင်ဇာဝင့်ကျော်(ခ)ယွန်း

နေလင်းပိုင်
ကိုကောင်းလေး + မကုလားမ
ပျဉ်တပ်ရပ်ကွက်၊ သစ္စာလမ်း၊
ရမည်းသင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

မမမွန်

ခင်မင်သမှုနဲ့ "မမမွန်"လို့ပဲ ခေါ်မယ်နော်။ ညီမက "မမမွန်"ရဲ့ ပရိသတ်တစ်ယောက်ပါ။ "မမမွန်"ရဲ့စာအုပ်တွေဆိုရင် အကုန်ကြိုက်ပါတယ်။ ဒါပေမဲ့ "အကြင်နာများကောင်းကင်ယံသို့ လွင့်တင်ထားသည်"ကို ပိုပြီးတော့ကြိုက်တယ်။ "မမမွန်"ရဲ့ စာအုပ်တွေဆိုရင် ညားတာရော၊ မညားတာရော အကုန်ဖတ်တယ်။ "မမမွန်"တစ်ယောက် အောင်မြင်မှုတွေ သရဖူဆောင်းပြီး အပြီးပန်းတွေ ဝေဆာစွာပွင့်ဖူးနိုင်ပါစေလို့ ဆုတောင်းရင်း ...

"မမမွန်"ရဲ့ ထာဝရ ပရိသတ်
မေမြတ်အောင်

မေမြတ်အောင်
C/O ဦးဝင်းသန်း + ဒေါ်ရှိမာ
အမှတ်(၂၉၀)၊ (၅)လမ်း။
သုံးပင်ကွင်း (၁)ရပ်ကွက်၊ ဟသ်ာတမြို့၊
ဧရာဝတီတိုင်း။

## စေတနာစာပေ ၏

မင်္ဂလာပါ မဆုမြတ်

မမလို့ပဲခေါ်ပါရစေ။ ချစ်ခင်ရှိသေစွာဖြင့် မိတ်ဆက်စာကို ပထမဆုံးအကြိမ် ရေးသားခြင်းပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ညီမလေးက ဝတ္ထုဆိုရင် မဖတ်ပါဘူး။ မမရဲ့ 'ရင်ခွင်ဆီသို့လေကူးထစ်များ' စာအုပ်ကိုဖတ်မိပြီး အရင်က ဝတ္ထုမဖတ်ဖြစ်တဲ့ညီမ အခုတော့ မမရဲ့ဝတ္ထုစာအုပ်ကို အမြဲငှားနိုင်းရတယ်။ မမရေးတဲ့စာအုပ်မှန်သမျှကြိုက်တယ်။ မမ ဒီ့ထက်မကစာအုပ်တွေ များများထွက်ပါစေလို့ ဆုတောင်းလိုက်ပါတယ် ... ။ မမ ထာဝရအောင်မြင်ပါစေ။

မမရဲ့ထာဝရပရိသတ် ...

မကျော့ကျော့ကေနိုင်
ကျေးလက်ဆေးခန်းရှေ့၊
ညောင်လွှန်။ တပ်ကုန်းမြို့နယ်၊

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏

မဆုမြတ်မွန်မွန်

ကျွန်တော် မမွန်လို့ ခေါ်ခွင့်ပြုပေးပါလို့ ပြောပါရစေ။ ကျွန်တော်ဟာ မမွန်ရဲ့ ပရိသတ်တစ်ဦးပါ။ မမွန်ရဲ့စာအုပ်တွေက ဇာတ်လမ်းဇာတ်ကွက်တွေ အရမ်းကောင်းတယ်။ မမွန်စာအုပ်ကောက်ကိုင်လိုက်တာနဲ့ လက်ထဲက မျဉ်းရှင် တစ်မျိုးကြီးဟာသလိုဖြစ်သွားတယ်။ မမွန်စာအုပ်တွေ အကုန်ကောင်းပါတယ်။ မမွန် အောင်မြင်မှာပါ။ မမွန် အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ မမွန် လောကအလယ်မှာ သောက်ဝေးလို့ အောင်တိုင်းကြံ ကြံတိုင်းအောင်မြင်ပါစေလို့ ဆုတောင်းလိုပါတယ်။

သဲတောပြင်(ခ)သဲအောင်(ခ)သဲသဲ
သောင်ပင်ဇောက်ရပ်ကွက်၊

# စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

မမြတ်

မမြတ်ရဲ့ဝတ္ထုအားလုံးကို ကျွန်တော်အရမ်းကြိုက်ပါတယ် မမြတ်ရဲ့ဝတ္ထုတွေကို ရှယ်ရှင်နိုက်ရင် အောင်မြင်မယ်လို့ထင်တယ် စကားအသုံးအနှုန်းတွေကြားမှာ English လိုများများထည့်ပေးပါလား ဝတ္ထုထဲမှာ ရေလည်တော်ကီလ်ကောင်းတယ် ဆယ်ကျော်သက်အရွယ်ဝတ္ထုလေးတွေရေးပေးပါလား ကမ္ဘာကြီးတည်တံ့နေသရွေ့ မမြတ်အရေးအသားတွေ တည်တံ့နေပါစေ …

မမြတ်ကို လေးစားတဲ့
စူးရှုထက်မြက်
မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့
ကနေ ပြည့်နယ်။

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

ဆု

အနုပညာကို နကန်းတစ်လုံးနားမလည်ဘဲ ပရိသတ်ကို စော်ကားနေတဲ့စာအုပ်တွေကြားထဲက quality စာအုပ်တစ်အုပ် မထင်မှတ်ဘဲ ဖတ်လိုက်ရတယ်လေ။ အစ်မရဲ့စာအုပ်လေးတစ်အုပ်ပဲဆိုပါစို့။ ရေရေလည်လည်လေးစားသွားမိတယ်။ စာဖတ်သူကို စာအုပ်နဲ့မျက်နှာ မခွာချင်လောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိတယ်ဗျာ။ မော်ဆန်လွန်းလှတဲ့ အစ်မရဲ့အနုပညာကို အသိအမှတ်မပြုဘဲ မနေနိုင်တော့ပါဘူး။ ပြီးပြည့်စုံတဲ့အောင်မြင်ခြင်းများစွာနဲ့အတူ ပျော်ရွှင်နိုင်ပါစေ။ လေးစားစွာဖြင့် အစ်မရဲ့ပရိသတ်အသစ်တစ်ဦး ...

မင်းသန့်

မင်းသန့် (မေမေဓာတ်ပုံဆိုင်)
ဥဿာမြို့သစ်၊ ပဲခူးမြို့။
ရပ်ကွက်ကြီး(၇)ပင်စီ၊
သမိန်ဗရမ်းလမ်း၊ ရ.ယ.က ရုံးအနီး။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆု

ခင်မင်စွာ စာရေးလိုက်ပါတယ် စာအုပ်တွေထွက်တုန်းက မဖတ်ဖြစ်ပေမဲ့ စဖတ်တဲ့စာအုပ်ကစပြီး အကုန်လုံးရှာဖတ်ဖြစ်ပါတယ်၊ အကြိုက်ဆုံးကတော့ "မျက်နက်ဝန်းပါပဲ" ကျွန်တော်အားလပ်ချိန်တိုင်းရဲ့ အဖော်ဟာ မဆုရဲ့စာအုပ်တွေပါပဲ စာအုပ်တိုင်းကို ပဟေဠိဝှက်ပေးပါလား ဓာတ်သိမ်းမှာ ညားမညားပေါ့ ပရိသတ်အဖြစ် လက်ခံပေးရင်ပဲ ကျေနပ်လှျက်

မောင်လေး

ရန်
ခိုင်ဝန်းကွင်း၊ ရှမ်းစုရပ်
ဆင်ဖြူကျောင်း
မော်လမြိုင်

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

အစ်မရဲ့ အုပ်(၃၀)မြောက် "နေမဝင်ချယ်ရီ"က ဘယ်တော့လောက်စွဲမှာလဲ ပြီးတော့ အဆင့်မြင့်ရည်းစားစကားက ဆန်းပြားခမ်းနားတယ်နော်-နွေဦးရာဦးပုံပြင်လေးတစ်ပုဒ်လောက်ရေးပေးပါဦး၊ ဘာပဲပြောပြော ဝို့ကတော့ မဆုမြတ်ရဲ့ အနိုင်အမာပရိသတ်ဆိုတာ လုံးဝယုံကြည်ထားပါနော်

အစဉ်လေးစားအားပေးခင်မင်လျှက်

ဇင်လေး

ဇင်လေး
အမှတ်(၇)၊ ရတနာလမ်း
ရေမိုးကုန်းရပ်ကွက်
မော်လမြိုင်

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

"လသုံးစင်းနှင့် ကခုန်ခြင်း" ဝတ္ထုကိုဖတ်ပြီးကတည်းက မဆုမြတ်ရဲ့ဝတ္ထုတွေကို မလွှတ်တမ်းအားပေးဖြစ်တယ် မဆုမြတ်ရဲ့ဝတ္ထုတွေက ဇာတ်အိမ်နိုင်ရုံတင်မကဘူး ခေါင်းစဉ်ပေးတာလည်း ကောင်းတယ် လသုံးစင်းနှင့်ကခုန်ခြင်းဝတ္ထုမှာ ဇာတ်လိုက်ကောင်လေးရဲ့အဒေါ်သုံးယောက်ကို လသုံးစင်းနှင့် တင်စားထားတာ တကယ်ထိမိတယ် မဆုမြတ်နှင့်အတူ စာပေလောကမှာ အဆိတ်အတောက်ကင်းစင်တဲ့ စာပေများ ဆက်လက်ရှင်သန်တိုးတက်နိုင်ပါစေ။

စန်းယုထွေး

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ

၏

## အမှတ်တရ အဝိ အစဉ်

မမဆုမြတ်မွန်မွန်ရှင်

မမဆုမြတ်မွန်မွန်ကို ခင်မင်ရင်းနှီးစွာနဲ့ မမမွန်လို့ခေါ်ပါရစေ။ မမမွန်ဝတ္ထုတွေကို သမီးက အရမ်းကြိုက်တယ်။ မမရဲ့ဝတ္ထုတွေက အရမ်းဖတ်လို့ကောင်းတယ်။ မမမွန်ဝတ္ထုရေးတာ အရမ်းတော်တာပဲ။ မမမွန်အောင်မြင်တဲ့ စာရေးဆရာမကြီးဖြစ်အောင် ကြိုးစားနော်၊ မမမွန်ကို အမြဲအားပေးနေမယ်။

မမမွန်ရဲ့ ထာဝရပရိသတ်

ညီမလေး

မြူးပွင့်ဖြိုး

အိမ်အမှတ်(၂၈၅)၊ မှော်ကန်(၁၅)လမ်း၊

ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။

BURMESE CLASSIC .com

www.burmeseclassic.com